၄

စိရံ တိဋ္ဌတု သဒ္ဓမ္မော

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော

# ဉာဏာစာရီ မဟာထေရ်

စီရင်ရေးသားအပ်သော

# ကဝိဗန္ဓကီ တရားတော်ကြီး

အုပ်ရေ (၂၀၀၀)

## ရဟန်းခံ-ရှင်ပြု အလှူမင်္ဂလာပွဲ၏

## ဓမ္မဒါန

---

အမိ ဒေါ်မြမြ၊ ဒေါ်ဒေါ်မြ

ဒေါက်တာဒေါ်မြသိန်းတို့ကို အမှူးထား၍

ဗိုလ်မှူးသူရအောင်ဗေ ဇနီးဒေါ်ခင်ခင်အေး

ညီ၊ အစ်ကို မောင်နှမ သား၊ သမီး၊ မြေး

တစုတို့၏ကောင်းမှု။

---

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုသည့်အမှတ် (၁၆၇၄)

နိုင်ငံတော် ကမ္မဋ္ဌာနာ စရိယ

ဉာဏာစာရီ မဟာထေရ် ဆရာတော်ဘုရားကြီး၏ပုံ



သက်တော် (၆၇) သိက္ခာတော်(၄၈)

# နိဒါန်း အာဘောဂ ထားရှိပုံ

(က) ဉာဏစာရီ မဟာထေရ်သည်၊ မြတ်စွာဘုရား၏ တရားတော်များကို မကွယ်စေလို ဖေါ်ထုတ်ချင်သည်၊ဖေါ်လဲဖေါ်ထုတ် နေပါပေသည်။ ဤမျှမကသေး ရှေးရှေးက ပညာရှင်ကြီးများ အမွေပေးထားခဲ့သော (တေးကဗျာ) များကိုပင်မပျောက်စေလိုပါ။(ကမ္ဗောဇနဝိနိမုတ္တာ ဓမ္မာ နာမနတ္ထိ။) ပါဠိအရ၊ ဘယ်ဟာမဆို။ ယောနိသောမနသိကာရ၊ ထားတတ်လျှင် ကမ္ဗောဇန်းပင် ဖြစ်ခဲ့ရပါသည်။ သို့ကြောင့် တေးကဗျာကို ကမ္ဗောဇန်းဖြစ်အောင် သုံးနှုံးဟောပြနေသည်မှာ ၁၃၀၀-ပြည့်နှစ်က ယခု ၁၃၂၈-ခုနှစ်ကုန်ခါနီးအထိ ကိုးကြား ကိုးကြား ခြားညှပ်၍ ပျော်အောင်မှတ်မိအောင် ပြသနေပါသည်။ (မီးပုံကြီးအတွင်းမှ ကြာမျိုးငါးပါးပေါ်တာလို) အမိုက်ပုံထဲမှ ပတ္တမြားထွက်ထာလို၊ အသုဘ မသာလောင်းမှ သမထ ဝိဇ္ဇာ အဘိညာဉ်၊ သမာပတ်စျာန် ထွက်လာတာလို တေးကဗျာမှ ဝိပဿနာတရားယူပြပုံ ဟောပြပုံ နမူနာများ မကွယ်မပျောက် စာတစောင်လောက် အဖြစ်ဖြင့် (နမူနာ) ကျန်ရစ်ခဲ့အောင်ဟာစုဆောင်းရေးသားပြီး ပုံနှိပ်ဖြန့်ဖြူးပါသည်။

## ရှေးရှေးက လူပဉ္စတို့အရယူနည်း

ဆန်ပွတ်ရင်း သီချင်းဆိုသံကိုကြား၍ ၂-ဦးသား ပစ္စေ

ကဗုဒ္ဓါဖြစ်ရ။တေးကဗျာသံကြားရ၍တရားရသော မထေရ်
ပန်းခူး သီချင်း ဆိုသံကြောင့် ရဟန္တာဖြစ်သော မထေရ်။
ဉာဏစာဂီရေး(ကဝိလက္ခဏာ ဒီပနီသုံးတွဲ)၌ရှင်း။ ဦးဘရှိန်-
ဓဒါ သန်းကြည်၊ သစ္စာ ၄-ပါး၌ရှင်း။ ကြည့်ကြပါလေ။
ယှူပြပုံသိမြင်ကြရပါမည်။

| မသိ<br>သမုဒယသစ္စာ | တပတ်ပတ်<br>ဒုက္ခသစ္စာ | သိမှ<br>မဂ္ဂသစ္စာ | အပြီးပြတ်သည်<br>နိရောဓသစ္စာ |
|---|---|---|---|
| မသိလျှင်<br>သမုဒယသစ္စာ | တွယ်<br>ဒုက္ခသစ္စာ | သိလျှင်<br>မဂ္ဂသစ္စာ | ပြယ်သည်<br>နိရောဓသစ္စာ |
| တွယ်လျှင်လည်း<br>သမုဒယသစ္စာ | ဘေး<br>ဒုက္ခသစ္စာ | ပြယ်လျှင်<br>မဂ္ဂသစ္စာ | ဧသည်<br>နိရောဓသစ္စာ |
| ဖြစ်ချင်<br>သမုဒယသစ္စာ | ဖြစ်<br>ဒုက္ခသစ္စာ | မဖြစ်ချင်<br>မဂ္ဂသစ္စာ | မဖြစ်<br>နိရောဓသစ္စာ |
| မသိသူ<br>သမုဒယသစ္စာ | ကျော်သွား<br>ဒုက္ခသစ္စာ | သိသူ<br>မဂ္ဂသစ္စာ | ဖေါ်စား<br>နိရောဓသစ္စာ |
| ရှိ.<br>သမုဒယသစ္စာ | မီးလောင်<br>ဒုက္ခသစ္စာ | ရေဖြန်း<br>မဂ္ဂသစ္စာ | ချုပ်ငြိမ်း<br>နိရောဓသစ္စာ |
| အမှိုက်<br>သမုဒယသစ္စာ | ရှိ.<br>ဒုက္ခသစ္စာ | မီးလောင်<br>မဂ္ဂသစ္စာ | ပြာကျငြိမ်း<br>နိရောဓသစ္စာ |

| ဤဘက် ဒုက္ခသစ္စာ | မဂ္ဂသစ္စာ/ | ဟိုဘက် နိရောဓသစ္စာ |
|---|---|---|

သမုဒယသစ္စာ လှိုင်းတွေ

ယခုအကျဉ်းပြ သံလွန်းစမြင်၍ သစ္စာ ၄-ပါးကိုပြရာ၌ ရှေးရှေးက ကဝိ, ကဝိန်, သုခမိန်ကြီး ထားခဲ့သော အမွေ ကြီးများကို မပျောက် မပျက် ရအောင် ဝိပဿနာ ဖြစ် အောင်ယူပုံ ယူနည်းနှင့်တကွ ပြနေပါသည်။ယခုစာစောင် ၌လည်း၊ရှေးဧရှေးက ကဝိ,ကဝိန်,သုခမိန်ကြီးတို့၏။ လက်ရာ တွေကို မပျောက် မပျက်ရအောင်နှင့် ဝိပဿနာအထိ ယူပုံ ယူနည်းပါပြသော စာစောင်ဖြစ်၍ လူတိုင်း တာဝန်ရှိကြ သည်အတိုင်း ထိမ်းကြ သိမ်းကြစေလိုကြောင်း ရှေမောင်း ခပ်တီးပါသတည်း။

(အရှင်ဝိရိယဗလ) အမှုဆောင် ဂ-မိုင်၊ရန်ကုန်မြို့။

နိဒါန်းပြီး၏။ ။



## မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်ပုံ

(ခ) ထဲ့ ရှိ ရှာ တွေ့ ရှု ပို့ ရောက် ဤပုံစံ၌ ဒါနပြုတုန်းက ပုံစံ ခ ခ ခ ခ ခ ခ ခ ဆုတောင်း ပတ္ထနာပြု သည့်မှာ ဤဒါနကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ကို ရရပါလို၏ ဘုရားဟု။ ဆုတောင်းသည်၊ လူက ဆုတောင်းသည့် အတိုင်း၊ ဒါနကလဲ မဂ် ဖိုလ် နိဗ္ဗာန်ကို ပေးစွမ်း နိုင်သော ခန္ဓာကိုယ်ကြီးကို ပေးသည်။ ၎င်းခန္ဓာကိုယ်ထဲ၌ မဂ် ဖိုလ် နိဗ္ဗာန်သို့ ပို့ပေးမည့် ဓါတ်တရားများကို အပြည့်ပင် ထဲ့ပေးသည်။ဒါနကြောင့်ထဲ့ပေး၍ရတာဓါတ်။ခန္ဓာ၌ရှိနေတာဓါတ်၊ရှာရမှာလဲဓါတ်၊ ရှုရမှာလဲဓါတ်၊ ပို့ပေးမှာကလဲ ဓါတ်၊ ရောက်ရာဌာနကလဲဓါတ်ပါဘဲ။ သို့မို့ကြောင့် ဓါတ် ကိုသာရှုကြရမည်။ ။[ဓါတ်ရှု ဒိဋ္ဌိကွာပြီး မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရောတဲ့။] အဲဒါလမ်းစဉ်ပါဘဲ။

## (ဂ) လမ်းစဉ် တက်စဉ် ကျင့်စဉ်စစ်ဆေးပြပုံ

၁ ၂ ၃ ၄ ၅
ဓါတ်၊ ရုပ်နာမ်၊ လက္ခဏာ၊ သစ္စာ၊ ဝိသုဒ္ဓိ၊
၆ ၇ ၈ ၉
ဉာဏ်စဉ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်

ကိုနိဗ္ဗာန်ရယ် ခင်ဗျား ထံ သို့ (၁၁)ဘုံ သား တွေဟာရောက် ချင်နေကြတယ်။ဘာကိုရမှရောက်မှာလဲ၊ နိဗ္ဗာန်ဆိုတာ ဖိုလ် ကိုရမှရောက်မှာပါတဲ့။X ကိုဖိုလ်ရယ် ခင်ဗျားထံကော ဘာ ကို ရမှရောက်မှာလဲ မဂ်ရမှရောက်မှာတဲ့။X ကိုယ်မဂ်ရယ်

ခင်ဗျားထံကော ဘာကိုရမှ ရောက်မှာလဲ၊ ဉာဏ်စဉ်ရမှ ရောက်မှာတဲ့။X ကိုဉာဏ်စဉ်ရယ် ခင်ဗျားထံကော ဘာကိုရမှ ရောက်မှာလဲ။ဝိသုဒ္ဓိ၇-ပါးရမှရောက်မှာတဲ့။X ကိုဝိသုဒ္ဓိရယ် ခင်ဗျားထံကော ဘာကိုရမှရောက်မှာလဲ သစ္စာ ၄-ပါးရမှ ရောက်မှာတဲ့။X ကိုသစ္စာရယ် ခင်ဗျားထံကော ဘာကိုရမှ ရောက်မှာလဲ၊ လက္ခဏာရေး ၃-ပါးကိုရမှ ရောက်မှာတဲ့။X ကိုလက္ခဏာရယ် ခင်ဗျားထံကောဘာကိုရမှ ရောက်မှာလဲ ရုပ်နာမ်ကိုရမှ ရောက်မှာတဲ့။X ကိုရုပ်နာမ်ရယ် ခင်ဗျားထံ ကော ဘာကိုရမှရောက်မှာလဲ၊မူလပင်ရင်းအခြေခံဖြစ်သော ဓါတ်တရား သဘောတရားကိုရမှ ရောက်မှာတဲ့။ [ဒီပုံဆို တော့ ဓါတ်က ရုပ်နာမ်ပို့ ရုပ်နာမ်ကလက္ခဏာရေး ၃ ပါးပို့ လက္ခဏာရေး ၃-ပါးက သစ္စာ ၄-ပါးပို့၊ သစ္စာ ၄-ပါးက ဝိသုဒ္ဓိပို့၊ ဝိသုဒ္ဓိက ဉာဏ်စဉ်ပို့၊ ဉာဏ်စဉ်က မဂ်ပို့၊ မဂ်ကဖိုလ်ပို့ ဖိုလ်က နိဗ္ဗာန်ပို့ရောက်ပုံပါဘဲ။]

## (ဃ) မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်ပုံ

[၁။၂။၃။၄။၅။၆။၇။၈။၉] တစ်သတိနှင့်ကျင့်ကြံ အားထုတ်သော် နှစ်ရုပ်နာမ်ကိုရမည်။ ၂-ရုပ်နာမ်ကို အားထုတ်သော်၊(၃)လက္ခဏာရေး ၃-ပါးကိုရမည်။၃-လက္ခဏာရေး ၃-ပါးကို အားထုတ်သော် (၄)သစ္စာကိုရမည်။၄-သစ္စာကို အားထုတ်သော် (၅)အပါယ်ခန္ဓာငါးပါးပြုတ်မည်။ (၆) အာရုံ ၆-ပါးခမ်းခြောက်မည်။(၇)ဝိသုဒ္ဓိ ၇-ပါး ဆိုက်လာ

မည်(၈)မဂ္ဂင် ၈-ပါးရလာမည်။(၉)လောကုတ္တရာတရားရ
မည်နိဗ္ဗာန်ရောက်ပုံ အကျင့်ပါဘဲ။

(၁) | ၁။၂။၃။၄။၅။၆။၇။၈။၉။၁၀ | မဟာနက္ကမပယ်ပုံ သတ်ပုံ
| ၁။၂။၃။၄။၅။၆။၇။၈။၉။၁၀ | ငြိမ်းပုံချုပ်ပုံပါဘဲ။ တစ်

ကိုတစ်နဲ့သတ်ဟူရာ၌ဓါတ်တလုံးနဲ့ ဒိဋ္ဌိကိုသတ်၊နိဗ္ဗာန်ရောက်
ရော။(၂)ရုပ်နာမ် ၂-ပါးနဲ့ အဝိဇ္ဇာ တဏှာလဲ သတ် နိဗ္ဗာန်
ရောက်ရော။ (၃)လက္ခဏာရေး ၃-ပါးနဲ့ လောဘမီး၊ ဒေါ
သမီး၊ မောဟမီး ၃-ပါးကိုသတ်၊ နိဗ္ဗာန်ရောက်ရော။ (၄)
ဓါတ် ၄-ပါးနဲ့ အပါယ် ၄-ပါးသတ် နိဗ္ဗာန်ရောက်ရော။
(၅)ခန္ဓာ ၅-ပါးတရားနှင့်(အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိ ဝိစိ။)
ငါးပါးကိုသတ် နိဗ္ဗာန်ရောက်ရော။ (၆)အာရုံခြောက်ပါး
ကို ဓါတ်၆-ပါးနဲ့သတ် နိဗ္ဗာန်ရောက်ရော။(၇)ဝိသုဒ္ဓိ၇-ပါး
နှင့်ဝိညာဏဋ္ဌိတိ ၇-ပါးကိုသတ်နိဗ္ဗာန်ရောက်ရော။(၈)မဂ္ဂင်
၈-ပါးနဲ့ ရုပ်ပြစ် ၈-ပါးကိုသတ်၊ နိဗ္ဗာန်ရောက်ရော။(၉)
လောကုတ္တရာ ၉-ပါးနဲ့သတ္တဝါသဘုံကိုးဝကိုသတ်ပါနိဗ္ဗာန်
ရရော။(၁၀)ဝိပဿနာဉာဏ်၁၀-ပါးနဲ့ကိလေသာ ၁၀-ပါး
ကိုသတ်ပါ။နိဗ္ဗာန်ရရော။အဲဒါလူပြိန်းတွေဘို့ အကျန်းရှင်း
ပြတာပါ။ အကျယ်တွေကိုတော့ ဝိနည်းငါးကျမ်း၊သုတ် ၃-
ကျမ်း၊အဘိဓမ္မာ ၇-ကျမ်း၊ ပိဋကတ် ၃-သွယ်၊ နိကာယ်ငါး
ဖြာ၊ အင်္ဂါ ၉-တန်၊ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)ရှိနေတာမို့
တိုင်းပြည်အားလုံးကသိပြီးမို့မချဲ့တော့ပါဘူး။ စာမတတ်

ပေမတက်တဲ့ လူပြိန်းတွေ ကျင့်ဘို့ ကြံတို့ အကျဉ်းချုပ်ကို သာပြသနေပါတယ်၊ ဘုရားရှင်ကြီး၏ လက်ထက်တော်တုန်းက ၁၆-တိုင်းသားတွေ၊ ၁၆-ပြည်သားတွေဟာ စာမတတ်ကြပါ၊ ပေမတတ်ကြပါ။ ဒါပေမဲ့ ဘုရားကလက်ဦးတရားဟောပြသဖြင့် အကျင့်နည်းရ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရသွားကြတာ ဝိနည်းမဟာဝါပါဠိတော်၌ ပါရှိနေပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

# ကပိဗန္ဓကီ၊ တရားတော်ကြီး

## ဝိပဿနာဆိုတာ ဒါမျိုးပါဘဲ

၁၃၂၈–ခုနှစ်၊ နတ်တော်လဆုပ် ၃–ရက်နေ့၊
ရန်ကုန်မြို့၊ ၈–မိုင်၌ရေးသည်။

၁။ ရှေးရှေး ပေါရိတို့၏ စကားပုံမှာ [တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက် ပြွှိအက်မြင့်မိုရ်၊ မီးကိုမပူ၊ ချမ်းမြှဟူ၏] ရှိးရာရှိးရာဓမ္မတာမှာ (၁) တောင်ထိပ်ကြာပေါက်မရှိနိုင်။ (၂) အနောက်နေထွက်လဲမရှိနိုင်။ (၃) ပြွှိအက်မြင့်မိုရ်လဲမရှိနိုင်။ (၄) မီးကိုမပူ၊ ချမ်းမြှဟူ၏လဲမဖြစ်နိုင်ပါ။ ။သို့ပေမဲ့ ဝိပဿနာပုဒ်၌ရှေးကရှိနေသော (ဝိ) သဒ္ဒါဟာ အသင်္ချေမက၊ အနန္တမကသော အနက်များကိုဟောနိုင်လေသဖြင့် ဥပမာ(ဝိရုဒ္ဓ)ဆန့်ကျင်သောဝိပဿနာဖြစ်၍လာသော်သူကမဲလျှင်ငါကဖြူရတော့မည်အရာရာတိုင်းဆန့်ကျင်ဘက်ဖြစ်ရတော့၏။ ဥပမာ (ဝိသေသ) ထူးဆန်းသော ဝိပဿနာဖြစ်၍လာသော်၊ ပုထုဇဥ်မှထူးပြီး အရိယာဖြစ်ရ၏။ လောကီမှထူးပြီးလောကုတ္တရာဖြစ်ရ၏။ ဤပုံမရေနိုင်အောင်ခြွင်္ဘိုဖြစ်လာသည်။ ဥပမာ (ဝိဂတ)ကင်းသောဝိပဿနာဟူဆိုလျှင် လောကီမှ အရာရာတိုင်း ကင်းရှင်းပြီးလောကုတ္တရာ၌ အရာရာတိုင်း ထူးနေပြန်သည်။ [ဥပသဂ္ဂါ

နိပါတာစ၊ ပစ္စယာစ၊ ဣမေတယော၊ နေကော၊ နေကတ္တ၊ ဝိသယာ၊ ဣတိနေရုတ္တိကာဖြဲ့] ဟူသောဂါထာအရ ဝိပဿနာတရားဟာ ခွဲလို့မဆုံး၊ ဖြန့်လို့မဆုံး၊ ဟောလို့မဆုံး၊ ပြောလို့မဆုံးပါ။

## ဝိပဿနာထဲက (၀) ပုဒ်ကြောင့်ဆန့်ကျင်ဘက်ယူရပုံမှာ

အာဋ္ဌာဝက ကိလေသာကြောင့် ငရဲကျမည်၊ ဝိပဿနာကြောင့် နိဗ္ဗာန်ရသည်။

အင်္ဂုလိမာလ ကိလေသာကြောင့်ငရဲကျမည်၊ ဝိပဿနာကြောင့်၊ နိဗ္ဗာန်ရသည်။

ကာဠီယက္ခိနီ၊ ကိလေသာကြောင့်ငရဲကျမည် ဝိပဿနာကြောင့် နိဗ္ဗာန်ရသည်။

ခိုးသား ၉၀၀-တို့ ကိလေသာကြောင့် ငရဲ ကျမည် ဝိပဿနာကြောင့် နိဗ္ဗာန်ရသည်။

ခိုးသား ၇၀၀-တို့ ကိလေသာကြောင့် ငရဲ ကျမည် ဝိပဿနာကြောင့် နိဗ္ဗာန်ရသည်။

ခိုးသား ငါးရာတို့ ကိလေသာကြောင့် ငရဲ ကျမည် ဝိပဿနာကြောင့် နိဗ္ဗာန်ရသည်။

တမ္ဗဒါဌိ ခိုးသူ သတ်မှူးကြီး ကိလေသာကြောင့် ငရဲ ကျမည် ဝိပဿနာကြောင့် နိဗ္ဗာန်ရသည်။

တံငါ မုဆိုးတွေလဲ ကိလေသာကြောင့် ငရဲ ကျမည် ဝိပဿနာကြောင့် နိဗ္ဗာန်ရသည်။

## ကြွေးတရားလှည့်မိ၊ ပေးစရာမရှိဘိ

၂။ [လင်္ကာ] ဒွေးခါမှာ၊ ချေးကာလှည့်မိတဲ့၊ ကြွေးတရာ၊ ပေးစရာ မရှိတာကြောင့်၊ လေးခါတိတိသာပ၊ သူကြီးကခေါ်။ ။မစ္စတာဇမောင်မှိုင်း၏ကာဗျာပါတဲ့။ဒွေးခါထံမှ ချေးကာလှည့်မိတဲ့ ကြွေးတရာ ပြည့်ပြည့်ကို ပေးစရာ မရှိခဲ့သော်။ လေးခါဘိတိ အပါယ်သူကြီးက ခေါ်ခေါ်ပြီး တောင်းနေပါပြီ။ အပါယ်သူကြီးက (လောဘ) ကို လွှတ်ပြီးတောင်းတယ်။ ကြွေးဆပ်နိုင်လျှင်ဆပ်ကြတော့၊ မဆပ်နိုင်လျှင် ပြိတ္တာ ထောင်မှာ ချတော့မည် မလွှဲပါဘူး။ ။အပါယ်သူကြီးက (ဒေါသ) ကို လွှတ်ပြီး တောင်းတယ်။ ကြွေးဆပ်နိုင် ဆပ်ကြတော့တဲ့။ မဆပ်နိုင်လျှင် ငရဲထောင်မှာ ချတော့မည် မလွှဲပါဘူးတဲ့။ ။အပါယ် သူကြီးက (မောဟ) ကို လွှတ်ပြီး တောင်းတယ်၊ ကြွေးဆပ်နိုင်လျှင် ဆပ်ကြတော့တဲ့ မဆပ်နိုင်လျှင် တိရစ္ဆာန်ဘုံထောင်၊ အသုရကာယ်ဘုံထောင်၌ချတော့မည် မလွှဲဘူးတဲ့။ ။(ဒွေးခါ) ဆိုတာ တခြားကို မထင်ကြပါနဲ့ (အဝိဇ္ဇာတဏှာ ဝသေန ဒွေးမူလာနှိ) ပါတဲ့။ ၃၁-ဘုံမှာဖြင့် ဗြဟ္မာကြီးတွေရော၊ နတ်ကြီးတွေရော၊ လူတွေရော အားလုံးသတ္တဝါ တွေဟာ (အဝိဇ္ဇာနှင့်တဏှာ) ဆိုတဲ့ သူဌေး ၂-ဦးထံ၌ ကြွေးယူပြီး သုံးစွဲနေကြရပါတယ်။ အချို့ကား ဒါနပြုပြီးကြွေးဆပ်နိုင်ကြသဖြင့် လူ့ပြည်အိမ်၌ နေခွင့်ထိုင်ခွင့်ရကြသည်။ အချို့မှာ သီလပြုပြီး ကြွေးဆပ်နိုင်ကြသဖြင့် နတ်ပြည် ခြောက်

ထပ်အိမ်၌ နေခွင့်ရကြသည်။ အချို့မှာ သမထ၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန်စသော ပုညကုသလ ပြုပြီး ကြွေးဆပ်နိုင်ကြသဖြင့် ဗြဟ္မာ ၂၀-အိမ်၌ နေထိုင်ခွင့် ရကြသည်။ အချို့သော အရိယာ မျိုးကတော့ ဝိပဿနာပြုပြီး ကြွေးတွေကို အရင်းရော အတိုးရော ပေးဆပ် နိုင်ကြ၍ (အဏနော) ကြွေးကင်းသော (အရိယော) ကြွေးမတင်သဖြင့် ဖြူစင်သော မြင့်မြတ်သောဆိုတဲ့ (အရိယာ) ဘွဲ့ကြီးနှင့် ကြွေးကင်း ဘေးကင်း ချောင်းကြီးမကမြောက်၍ လောကုတ္တရာနယ်၌ အိမ်ပိုင်နှင့်အခြေခိုင်ခိုင်၊ မှိုင်မှိုင်ဆိုင်ဆိုင်နေသွားကြရသည်။ ဒုဂ္ဂတိ၊ သုဂတိ၊ ဒွိဟိတ်၊ တိဟိတ်၊ ပုထုဇဉ် ၄ စုသားတို့ကား အကြွေးကိုအတိုးသာ ဆပ်နိုင်ကြ၍ အိမ်ငှါးနဲ့ နေကြရပါတယ်။ အရိယာ ၁၂-မျိုး၊ ၈-မျိုးသာ အတိုးရော အရင်းရောကြေအောင်ဆပ်နိုင်၍ အိမ်ပိုင်နေကြရပါသည်။ ဓါတ်ရှုပြီး အတိုး အရင်း၊ ကြွေး ကြေအောင် ဆပ်ကြပါလေ။

၃။ [ဗလောင်ဆန်သူကို၊ မောင်ပြန်လို့ မသနားဘူးလား (ကိုပေါ်၍) မြောက်ကဘယန်း၊ တောင်ခံလို့ခြားပါတဲ့။ညောင်ကန်ကို မောင်ပြန်လို့သွားမှာဖြင့်(ကိုပေါ်ရယ်) အမှားကြီးရယ်တဲ့ မှားလိမ့်မတော်] (မစ္စတာမောင်မှိုင်းရေးကဗျာ)။ ။ငါတို့ မြတ်စွာ ဘုရားကြီးဟာ သတ္တဝါမြင်ရတွေ၊ မမြင်ရတွေအပေါ်၌ မိဘမျှကသော မေတ္တာ၊ ဂရုဏာတော်ကြီးရှိနေပါ၍ (တိဏ္ဏော တာရေယျံ) ငါကူး

မြောက်သလိုကူးမြောက်စေမယ်တဲ့။ (မုဥ္စတ္တာမောစေယျံ) ငါလွတ်မြောက်သလို လွတ်မြောက်စေမယ်တဲ့။ (ဗုဒ္ဓေါ ဗောဓေယျံ) ငါသိသလို သိစေမယ်တဲ့။ တိုတိုပြောရလျှင် ဓမ္မတာတရားနှင့် နေနေပြီးလာခဲ့ရာမှ သာသနာတရားနှင့် နေစေမယ်ဟု အကြံနဲ့အစိနဲ့ ဟိုရှေးရှေးက ၇-သင်္ချေမှာပွင့် သွားကြသော ဗြဟ္မာဒေဝအစရှိသော မြတ်စွာဘုရားကြီး ပေါင်း (၁၂၅၁၁၀) ထို့နောက်မှာ ၉-သင်္ချေ၌ ပွင့်သွား ကြသော ပေါရာဏဂေါတမအစရှိသော မြတ်စွာဘုရားကြီး ပေါင်းက (၃၈၇၀၀၀) ၎င်းနောက် ၄-သင်္ချေမှာပွင့်သွား ကြသော ဒီပင်္ကရာအစရှိသောဘုရားကြီးပေါင်း (၁၂)ဆူ။ ၎င်းနောက် ကမ္ဘာတသိန်း အတွင်းမှာ ပွင့်သွားကြသော ပဒုမုတ္တရစသော ဘုရားကြီးပေါင်း (၁၇) ဆူ၊ စုစုပေါင်း သော် ဘုရားပေါင်း(၅၁၂၀၂၈) ဆူတို့ထံ၌ ပါရမီဖြည့်ကျင့် ပြီး၍ဘုရားဖြစ်လာတော့။ သတ္တဝါတွေကို ဓမ္မတာတရားနှင့် နေကြရာမှ သာသနာတရားနှင့်နေရအောင် မနေမနားဘဲ အပြေးသွားပြီး ဝိပဿနာတရားကိုဟောနေပါတယ်။ အဲဒီ တော့ ငါတို့ကိုကယ်ဆယ်ချင်တဲ့ မြတ်စွာဘုရားဟာ ငါတို့က အကယ်မခံ၊ အဆယ်မခံဘဲနေကြသဖြင့် ဗလောင်ဆန်၍နေ ရပါပြီ။ (မောင်ပြန်လို့ မသနားတော့ဘူးလားတဲ့ခင်ဗျ) မေးနေပါတယ် မင်းတို့ဟာ (အကုသိုလ်ရော၊ ကိလေသာ ရော ပေါများလို့ ကိုပေါ်တွေပါဘဲနော်) မြောင်ကဘယန် တောင်ခံလို့ခြားပါတဲ့ဆိုရာ၌ မင်းတို့ဟာ ဘယ်ကသိလ်ဘဲ

ပြုပြု၊ အဝိဇ္ဇာဆိုတဲ့ မြောင်ကဘယန်နဲ့၊ ဒိဋ္ဌိ တဏှာ ဆိုတဲ့ တောင်ခံပြီးခြားခြားနေပါတယ်။ သို့ပါလျက်နှင့် (ညောင်ကန်ကို မောင်ပြန်သွားရင်လှ) ဟူရာ၌ ညောင်ကန်ရွာနဲ့တူတဲ့ (၃၁) ဘုံဆီသို့ မောင်တို့ဟာ ပြန်ပြန်သွားသွားနေခဲ့လျှင်ဖြင့် အမှားကြီး မှားမှားပြီး ကိုးရိုးကားယားနှင့်) အပါယ်ငရဲ၊ ဒယ်အလဲလဲမှာ ထယ်လဲနှင့် မဟာဒုက္ခကို မုချပင်ခံစားကြရတော့မှာတကားဟု သတိပေးနေပါတယ်။

၄။ [ (၁) ရာဂမွန်စိတ်ရှိကူးပါလို့၊ ဒိဋ္ဌိရှုးကျို ၂-လီ။ (၂) သည်းချေမှာပျက်လို့ရှူးကြူတယ်၊ ထူးတဲ့သညီ။ (၃) အမျက်ကြီးရင်လှ၊ ပျက်စီးလိမ့်ပြောကြသည်။ ကောမို့တဲ့ထိုအရှူး။ (၄) ဆန်းပြားလို့ခက်ပုံ၊ ဖမ်းခါးလှင်ယက္ခုပ၊ မောဟုမှာသူရာဘက်ပါလို့၊ ဗျသနာ ပြကာမြွက်လိုက်မယ်ကွယ် ထွေးယှက်ရှစ်ရှူး။ ] သတင်းစာထဲမှကူးယူသည်။ ။

[ ပုထုဇ္ဇနော ဥမ္မတ္တကော ] ပါဠိအရ ၃၁-ဘုံမှာရှိနေကြတဲ့ ပုထုဇဉ်တွေဟာအားလုံးအရှူးချည်းဘဲတဲ့။ ၎င်းအရှူးမှာလဲ ရှစ်ပါးတောင်မှကွဲပြားခြားနားရှိနေပါသေးတယ်။ ၅၅၀ အပါအဝင် ဒရိမုခဇာတ်တော်မှပြသည်ကား-။

ကာမမုတ္တကော၊ လောဘဝသံဂတော၊
ဒေါသမုတ္တကော၊ ဒေါသာသံဂတော။
ဒိဋ္ဌိမုတ္တကော၊ ဝိပ္ပလ္လာသံဂတော။
မောဟမုတ္တကော၊ အညာဏဝသံဂတော။
ယက္ခမုတ္တကော၊ ယက္ခဝသံဂတော။
ပိတ္တမုတ္တကော၊ ပိတ္တဝသံဂတော။
သုရာမုတ္တကော၊ ပါနဝသံဂတော။
ဗျသနမုတ္တကော၊ သောကဝသံဂတော။

ဒရိမုခဇာတ် နံပါတ် ၂၃၀။ ကြောင်းရေ ၂၇၃ ပါရှိသည် ရာဂမုတ္တကာ၊ ရာဂရှူးဟာ လောဘ၏ အလိုသို့သာ လိုက်လိုက်နေရသည်×ဒေါသရှူး အမျက်ထွက် ရှူးတွေဟာ ဒေါသ၏အလိုသို့ လိုက်လိုက်နေကြရသည်။ ဒိဋ္ဌိရှူးတွေဟာ ဝိပ္ပလ္လာသ၊ ဖောက်ပြန်ခြင်း အလိုသို့ လိုက်နေကြရသည်× မောဟရှူးတွေဟာ မသိခြင်းမိစ္ဆာဉာဏ်သို့လိုက်နေကြသည် ဘီလူးဖမ်းသဖြင့် ရှူးနှမ်းတဲ့ လူတွေဟာ ဘီလူး၏အလိုသို့ လိုက်နေကြရသည်×သည်းခြေ ရှူးများဟာ သည်းခြေ၏ အလိုသို့လိုက်နေကြရသည်×အရက်ရှူးများဟာ သေအရက် အလိုသို့ လိုက်နေကြရသည်×ဥစ္စာပျက် ရှူးသမား တွေဟာ။ သောက၏အလိုသို့ လိုက်နေကြရသည်။ အဲဒါ အရှူး ၈-ပါး ပါဘဲ။ ဒီလို အရှူးရှစ်ပါးနဲ့ ပြသားတော့ ၃၁-ဘုံ မှာပြင့် ပုထုဇဉ်ဖြစ်မှာတော့မှာလဲ အရှူး ၈-ပါးထဲက မလွတ်ကြသေး ပါ။ နတ်တွေလဲ အရှူးရှစ်ပါးထဲက မလွတ်ကြသေးပါ။ လူတွေရော အပါယ် ၄-ဘုံသားတွေရော အရှူး ၈-ပါးထဲက မလွတ်ကြသေးပါဘူး။ လွတ်အောင်ဟာ [ဝိပဿနာတရား

ဆေးကိုစားနေမှ အရှုးရှစ်ပါးမှလွတ်ကြမှာတဲ့] အရှုး ၈ ပါးမှလွတ်နေကြသော ၂၄-သင်္ချေ၊ ကုဋေ (၆၀) ဗိုလ်ခြေ တသိန်းသော အရိယာတွေကိုကြည့်ပါ၊ အရိယာ ၂၂-စုကို ကြည့်ပါ။ ဝိပဿနာဆေးစားလို့ လွတ်ရတာပါဘဲ။

၅။ ဗမာပြည်ဘွင် အလွန်ထင်ရှားလှသော မြို့ကြီးတာ မြို့၌နေကြသော လူကြီး ရဟန်းတော် အကျော်အမော် (၈၁)ကျော်တို့ဟာ (ဓါတ်တရား) ကို မကြိုက်ကြသဖြင့် (ဓါတ်တရား)တခုထဲကိုသာ သဲသဲ့မဲမဲ မြဲမြဲ့စွဲစွဲဟောပြော နေသော ဓမ္မကထိက ရဟန်းတပါးကိုပင့်ပြီး (ဆွေးနွေး သလိုနှင့်)ဓါတ်တရားကို (တော်လှန်နေကြသည်။)ဓါတ် တရားကိုဟောပြတဲ့ဓမ္မကထိက က(ပထဝီဓါတုံခေါ်ရာဟု လ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိပဇဟတိ၊ ဝိစိကိစ္ဆံပဇဟတိ၊ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဉပ္ပဇ္ဇတိ၊)ဤပါဠိဟာဘုရားဟောအစစ်ပါဘဲ။Xအတွေ့ လဲစုံလှသည်။ ပယ်ပုံလဲကုန်လှသည်။ ရပုံလဲလုံလှသည်။ သစ္စာ ၄-ပါးလဲစုံလှသည်။ ဒီပါဠိအတိုင်း ပြနေတာမို့ လုံးငမှန် ပါဘယ်ဟု။ ဤပါဠိတပုဒ်ထဲနှင့် ခုခံနေသည်။ ။တဖက် ပါတီဘက်ကမှုကား လူအားဂုဏ်အား၊အိမ်သယ်မို့ ပြုံပြုံ ပြီးမဆိုင်တာတွေနဲ့ ပေါက်ထဲ့ ပေါက်ထဲ့ကြသည်။ (ဤ ပါဠိကို မလှုတ်မရှားနိုင်တော့ပေ။) လူများပြီး ရှုံး၍နေကြ တာကို မခံမရပ်ဖြစ်နေကြသည်။ (ဂမူးရှူးတိုး) ပြုနေကြ သည်။ အနိုင်ရသော ဓါတ်ဓမ္မကထိကမှာတော့ တပုဒ်ထဲနဲ့

နိုင်နေသဖြင့် တပြုံးပြုံးရှိပေသည်။ ၆-နာရီမက ပြောကြသော်လဲ အရှုံးသာရနေကြသည်။ ။အနိုင်ရသော ဓါတ်ဓမ္မကသိကာရဟန်းတော်က ခေတ္တမျှ နားဆင်သကြပါအုံး။ (ဓါတ်)ဆိုတာကို ဋီကာမခဲ့သေးပါဘူး။ ဓါတ်ကိုသုံးစွဲနေကြတာဟာ ဘုရားကစ၍ဇာတ်မင်းသား ဦးဘိုးစိန်ကြီးအထိပါဘဲ။ ဦးဘိုးစိန်ကြီး မင်းသားလုပ်ပြီး ကပြတော့[ပဘာဝတီမင်းသမီးကို]ဦးဘိုးစိန်ကြီး မင်းကုသက(ဒီပုံဆိုပြတယ်။)....[မာန်တင်ကာ လှုဂုဏ်ကိုးသူရဲ အန်ချင်စရာ(ငါ့)ပုံက ဆိုးရော့သလား ဘုံကြိုးပြတ်ကျ နတ်မိမယ်တောင်(ခြော်)ဓါတ်သိရင် မဖယ်လေဘူးဗျ ကျုပ်လူထူး။]ဟုလို(ဓါတ်သိလျှင် မဖယ်တော့ဘူး)တဲ့။ မြတ်စွာဘုရားကစ၍ပစ္စေကာ အရိယာ ကဝိဆရာ ကမ္ဘာသားတွေဟာလဲ(ဓါတ်ကိုသိသိ)နေကြပါသဖြင့် မလွတ်ဘဲ သုံးသတ်နေကြပါသည်ဟု ဦးဘိုးစိန်ကြီး၏ ငိုချင်းနှင့် ပေါက်ထဲ့လိုက်တော့ကမှနေကလဲဝင်ကာနီးပြီမို့ အရှုံးပေးလျက်ပြန်ကြ၏။ နောက်တနေ့နံနက်၌သတင်းစာထဲတွင်(ဓါတ်ကနိုင်သွားပါပြီ)ဟုဖတ်ရှုရလေသည်။

၆။ [ဓါတ်မသိဒါမို့ဟော့၊ ဟတ္ထိကို ယှုန်ငယ်ထင်ကြသလား၊ ဟိုအောက်ခွင် ငါးဇင်းရိုင်းဟာနှင့် ငါးသိုင်းတွေအညာဆန်တို့ကို တငါလန်ရွှေလီကွေ့တွင်ဖြင့်၊ တခါပြန်ဆန်မရွှေ့ရအောင် ဘေးတွေ့စိမ့်တက်တက်ကုန် မစုံရသည်တိုင်း။×ရိုးသိသိငါးပိ ငါးချင်သိပ်ပါလို့ ထောင်းကြိတ်ချေ

ကြော်အောင်ညက်စေမှ နောက်သက်ခါ အရေဖြစ်သည့်ပြင်
ခွေးဖင်မှာ ချေးတင်ဖြစ်စေရမယ် ငါးချစ်တလိုင်း။] မာန်
ဆရာတော်ကြီးက ပုသိမ်မြို့သစ် သစ်ညို ကုန်း ကျောင်း၊
ဘုန်းတော်ကြီး ဦးပဒုမအား ဩဝါဒပေးသည်။ ၄-ချိုးထဲ
မှပြချက်ပါဘဲ။ ။စဉ်းစားကြည့်ကြပါတော့ လူမှာဓါတ်
၄-ပါး၏ အစုအဝေးဘဲဟု သုံးနေကြတယ်။ မင်းဓါတ်ကို
ငါကသိပြီးသွားပါကွဲ့။ငါ့သွီးဓါတ်ချုပ်နေတယ်။ ငါ့သွား
ဓါတ်သက်နေတယ်။ မင်းနဲ့ငါဟာ ဓါတ်သိချင်းပါကွတဲ့။
မင်းနဲ့ငါဓါတ်သိ နပတ်သိနော်တဲ့။လောကီရော လောကုတ္တ
ရာရောဓါတ်အစုအဝေးမို့ (လောကဓါတ်တဲ့။ခွဲ့ပြတော့လဲ
(စူဠလောကဓါတ်၊မဇ္ဈိမလောကဓါတ်၊မဟာလောကဓါတ်
အနန္တလောကဓါတ်ဟု ဘုရားဟောနေပါပကော။) ကဲကဲ
ကြည့်ပါဦးတော့(ဓါရေတီတိဓမ္မော။)ဓမ္မကိုဝိဂြိုဟ်ပြသည်။
(ဓါရေတီတိဓါတု။)ဓါတုကို ဝိဂြိုဟ်ပြသည်။ဓမ္မနဲ့ဓါတုဟာ
အတူတူပါ။ တရားဟာဓါတ်ပေါ့၊ ဓါတ်ဟာတရားပေါ့။
ဘုရားဟောသမျှ ပရမတ္ထ ၄-ပါးကို ဓါတ် ၁၈-ပါးထဲသို့
ထဲ့ပြီးဟောတဲ့ (ဓါတုကထာပါဠိတော် အဋ္ဌကထာ ဋီကာ
များဘက်လှည့်ပြီး ကြည့်ကြပါဦး။) တဖန်၊လောကဓါတ်
ကြီးတည်တည်ပြတော့ (၁) အနန္တမကသော အာကာသ
ဓါတ်ကောင်းကင်း၌။ (၂)ယူဇနာ ၉-သိန်း၊ ၆-သောင်း
အထုရှိသော လေဓါတ်ဟာ တည်နေရသည်။ (၃)ရင်းအ
ပေါ်၌ ၄-သိန်းရှစ်သောင်း အထုရှိသော ရေဓါတ်များ

တည်ရပြန်သည်။ (၄) ၎င်းအပေါ်မှာ ၂-သိန်း ၄-သောင်း အထုရှိသော မြေဓါတ်ကတည်နေရသည်ဟု ကျမ်း၌ပြထား ပါသည်။ (၁) အာကာသဓါတ်။ (၂) လေဓါတ်။ (၃) ရေ ဓါတ်။ (၄) မြေဓါတ်။ (၅) ကမ္ဘာပျက်သောအခါ ငြဟ္မာ ဒုတိယဈာန်ဘုံတွေအထိလောင်နေတဲ့ မီးဓါတ်။ ၎င်းအပေါ် ကမှာ သတ္တာဝါလူ့နတ်ပြဟ္မာဆိုတဲ့ဓါတ် ၄-ပါးအစုအဝေး တွေနေကြသည်။ (သခ်တဓါတု အသခ်တဓါတု။) ပါဠိကြည့် ကြပါဦး။ (သခ်တာဓမ္မာ အသခ်တာဓမ္မာ) ပါဠိလဲကြည့်ကြ ပါဦး။ လောကီမှာရော လောကုတ္တရာမှာရော (ဓါတ်သဘာ ဝချည်းပါဘဲ။) ဝိနိစ္ဆယ အကျဉ်းချုပ်နှင့်ပြီးစေ။

၇။ [(၁) ဘုရားနဲ့တွေ့ပေမဲ့ အလကားပဲ့မင်းတို့မှာ (၂) အကျွတ်နှင့်ဝေးရှေ့ထင့်၊ လွတ်သေးပေါင် ဤသာသ နာ၌ ကမ္မဋ္ဌာသတိကင်းတာမို့ ပညာဉာဏ် သိမလင်းတယ် ကွယ်၊ ဖျင်းတဲ့လူပါ။ (၃) ဓါတ်ခြောက်ဖြာ ဝိဇ္ဇာမျိုးကိုလု အသိမျိုးနဲခဲ့ရှာ လွဲပါပေါ့သည်ဘုရား။ (၄) မှတ်ထားနော် ဓါတ်သားကို ဉာဏ်မမျှော်လို့ ကိုယ်တော်တိုင် ရင်ဆိုင်တွေ့ ပေမဲ့ ပညာဉာဏ် နင်မပြေ့တယ်ကွယ် လွဲပေ့ပါမွား။] လယ်တီဆရာတော်။ (၁) ဘုရားဟာ ၂-မျိုးရှိသည်။ ၂-မျိုး ဆိုတာ ဘုရားလက်ထက်တော်က အရှင်ဝက္ကလိရဟန်းတော် ကဲ့သို့ ဂေါတမဘုရား၏ အထယ်ဖြပ်ပုံစံ သဏ္ဌာန် ခန္ဓာကိုယ် ပညတ်ဘုရားကို ဖူးနေတယ်။ ၎င်းပညတ်ဘုရား၌ ၃၂-ပါး သော လက္ခဏာတော်ကြီး (၈၀) သော လက္ခဏာတော်ငယ်

ရောင်ခြည်တော် ခြောက်သွယ်၊ အသံတော်ရှစ်ပါး၊ တရာ့ရှစ်ကွက် စက်လက္ခဏာ ဆိုတဲ့ ဂုဏ်တော်ရှိသော ဘုရားမျိုးတည်း။ အဲဒီဘုရားမျိုးကိုတော့ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်များ သုဂတိအဟိတ်ပုထုဇဉ်များ၊ ဒွိဟိတ်ပုထုဇဉ်များ၊ တိဟိတ် ပုထုဇဉ်များက မိမိတို့၏ ဉာဏ်မှီသလောက်နှင့် ကိုးကွယ် ကြည်ညိုကြသည်။ ဒါထက်ပိုလွန်၍ မျက်မှောက် မပြုနိုင် ကြသဖြင့်။ ပညတ်ဘုရားလောက်နှင့် တင်းတိမ်၍ နေကြရ တော့သည်။ ။(၂)ဝိပဿနာသောတာပန်၊မဂ်သောတာ ပန်၊ဖိုလ်သောတာပန် ၃-မျိုး။ ဝိပဿနာသကဒါဂါမ်၊ မဂ် သကဒါဂါမ်၊ဖိုလ်သကဒါဂါမ် ၃-မျိုး။ဝိပဿနာအနာဂါမ် မဂ်အနာဂါမ်၊ ဖိုလ်အနာဂါမ် ၃-မျိုး။ ဝိပဿနာရဟန္တာ မဂ်ရဟန္တာ၊ဖိုလ်ရဟန္တာ ၃-မျိုးဆိုတဲ့ အရိယာ ၁၂-မျိုး။ဝါ၊ အရိယါ ၂၂-စု။ဝါ၊၂၄-သင်္ချေ ကုဋေ(၆၀)ဗိုလ်ခြေတသိန်း အရိယာတို့ကား ပရမတ္ထတရားဖြစ်သော စိတ် ၁၂၁-ပါး စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် အသင်္ချေ တထောင်ဆိုတဲ့ ဓမ္မကာယ ပရမတ်ဘုရားကို မျက်မှောက်ပြု ကြသည်။ပုထုဇဉ် ၄-မျိုးထက်ပိုမို၍ စူးရှထက်မျက်ကြသည်။ (ပရမတ္ထဓမ္မာ သဏ္ဍာနရဟိတာ။) အရ။အထယ်မရှိ၊ ဒြပ်မရှိ ပုံစံမရှိ၊ သဏ္ဌာန်မရှိသော ပရမတ်ဘုရားအထိ တက်ရောက် နိုင်ကြသည်။ (ယောဓမ္မံ ပဿတိ၊ သောမံပဿတိ။) ပါဠိ။ အကြင်သူသည်။ပရမတ္ထဓမ္မကိုမြင်ရ၏၊ ထိုသူသည်၊ ငါဘုရား ကိုမြင်ရသည်ဟု ဟောတော်မူခဲ့ပါသည်။

ဂ။ (၁)[ဒကာတွေအားလုံးနှင့် ဘုန်းကြီးကတဖြာ။ (၂) တစ်သုံးဆယ် သံသာကြောမှာ မျောကြခါခါ။ (၃) အနတ္တာ မှာပါကဲ့ ဓါတ်တရား။ (၄) တွေ့ပါလျှင် သံသာဝဋ္ဋဆိက ကျွတ်ကြအများ။]ဉာဏစာဂိ။ ။ဒကာ-ဒကာမတွေအားလုံးရော၊ဘုန်းတော်ကြီးတွေအားလုံးရော၊ ရှိသမျှတို့မှာ စရဏာဘရား(၁၅ ပါး၊စရဏာတရား(၁၅)ပါး၊တရားများနှင့်ဟိုသံသရာကစ၍ ယခုနေ့အထိ ဆည်းပူး ကျင့်ကြံ၍နေကြပါသော်လည်း(၃၁)ဘုံဆိုတဲ့ သံသရာကြော ရေယဉ်ကြောဥ္စ နစ်တုံးမျောနေကြတုံး ဖြစ်ကြပါသည်။ ဘာပြုလို့ကျင့်ရင်းကြံရင်းသံသာကြောဥ္စနစ်မျောနေကြရပါသနည်းဟုမေးမြန်းခဲ့သော် အဖြေကား အနတ္တအစစ်ဖြစ်တဲ့ ဓါတ်တရားကို မတွေ့ကြရပါ။ မရှုနိုင်ကြပါ။ ဒါကြောင့် သံသာကြောဥ္စနစ်မျော မြှုပ်မျောနှင့် မျောမျောပြီး နေကြရပါသည်။ ။အကယ်၍သာ အနတ္တအစစ်ဖြစ်တဲ့ ဓါတ်တရားကို ဆရာကပြနိုင်သော် တပည့်က ရှုနိုင်သော် သံသာကြောဥ္စနစ်မျော မြှုပ်မျောမရှိတော့ဘဲ။၃၁-ဘုံမှကျွတ်ကြ လွတ်ကြမည်။[ဓါတ်တရားသာလျှင် အနတ္တဖြစ်နေပုံမှာ။] [နာနာဓါတုယော ဝိနိဗ္ဘုဇ္ဇိတွာ၊ ဃာနဝိနိဗ္ဘောဂေ၊ ကတော၊ ယာသာသသရသတော၊အနတ္တလက္ခဏံသညာတိ။]ဟူသောဝိဘင်းအဋ္ဌကာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာဥ္စကြည့်ကြပါလေ။အထူးထူးသော ဓါတ်တရားများကိုခွဲချမ်း၍ စိပ်ဖြာ၍ သိခဲ့ ရှုခဲ့သော်

၁၀၉၈၂

ဆိုတဲ့။ ဃနတုံး ဃနခဲကြီးကို ဖြိုခွဲဖျက်ဆီးနိုင်၍ သူ၏ဓါတ် သဘာဝအားလျော်စွာ၊ဖြစ်ပေါ်နေတဲ့ အနတ္တလက္ခဏာကို တွေ့မည်၊မြင်မည် ရှုမိမည်။ ဓါတ်အနတ္တပေါက်သော် ဓါတ် အနတ္တယဉ်စကြာဖြင့် နိဗ္ဗာန်သို့ ပို့ပို့ သွားသွားနေပါတော့ သည်။ [နိဗ္ဗာနပူရံ ပါပေသိ ယာနတ္တယေန သောတ္ထိနော။] ပါဠိကြည့်ကြပါ။ ငါတို့ မြတ်စွာဘုရားကြီးဟာ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို အနိစ္စယဉ်စကြာ၊ ဒုက္ခယဉ်စကြာ၊ အနတ္တယဉ်စကြာဖြင့်ပို့ပို့နေပါတယ်၊ရောက်စေကြပါတယ်။ ယခုအထိ လူ နတ် ဗြဟ္မာတွေဟာနိဗ္ဗာန်သို့မရောက်ဘဲနေကြ ရတာကား ဓါတ်အနိစ္စ ဓါတ်ဒုက္ခ ဓါတ်အနတ္တ ယာဉ်စကြာ ကြီးကိုမစီးရသေး၍ သောင်တင်ပြီး နေကြရတာပါဘဲတဲ့။

၉။ (၁) ဝက္ကလိထေရ်သမဏကိုလှ မိန့်ဟောပြ ဘုရား ရှင်။(၂)အဟုတ်လဝ်းလိုက်မယ်ကဲ့၊ ရုပ်အဆင်း သင်ကြည် သို့လို့၊ ဘယ်လိုပင်ဦးတင်ချသော်လဲ မင်းငါ့ကိုမမြင်။(၃) ပရမတ်မှန် ဓါတ်ဉာဏ်ထုတ်ပါလို့ နာမ်ရုပ်ကိုတဲ့ သိခဲ့လျှင် သည့်တွင်မှ မြင်ရငြား။ (၄)သွားလေပါ အနားကို သင်မ လာနဲ့ ခန္ဓာကို ဉာဏ်မှာသိတဲ့အောင် ကြည့်ပချစ်သား။] ဣတိဝုတ်ပါဠိတော် ဝက္ကလိသုတ်တော်၌။ [ကိန္တေဝက္ကလိ၊ ဣမိနာပူတိကာယေန၊ ဒိဋ္ဌေန၊ အပေဟိဝက္ကလိ။] ဝက္ကလိ၊ ဘုရားဒြပ်ကိုကြည့်ရှုနို့ ကြည်ညိုလှသော ဝက္ကလိ။ ဣမိနာ ပူတိကာယေန၊ ဒိဋ္ဌေန၊ ဤမည်သော ငါဘုရား၏၊ သရုပ် ဆောင်သော အပုတ်ကောင်ကြီးကို ကြည့်ရှုသာနေသဖြင့်

တေသင်ဝဏ္ဏလိအား။ ကိံ၊ မဂ်အကျိုး။ ဖိုလ်အကျိုးနှင့်ဘာ အကျိုး ရှိလိမ့်မည်နည်း။ ငဏ္ဏလိ၊ ချစ်သားဝဏ္ဏလိ အပေဟိ၊ ငါ့အနားမှထွက်သွားကိုသာ ဖဲသွားပါလေ့။ မြတ်စွာ ဘုရားက ပထမဦး ဝက္ကလိကို ၃၂ ပါးသော လက္ခဏာတော် ကြီး။ (၈၀) သောလက္ခဏာတော်ငယ်များ ရောင်ခြည်တော် ခြောက်ပါး၊ အသံတော်ရှစ်ပါး၊ တရား့ရှစ်ကွက် စက်လက္ခ ဏာတော်ကို ဖူးမျှော်စေ၍ စရဏကုသိုလ်ဖြင့် အမွေတော် ကြီးကိုပေးပြီးခဲ့ပြီ၊ (ပုထုဇဉ်ကုသိုလ်များကိုရစေပါပြီတဲ့။) ဒုတိယမှာ ဘုရား၌ရှိသော စိတ်သဘောတရား၊ စေတသိက် သဘောတရား၊ ရုပ်သဘောတရား၊ နိဗ္ဗာန်သဘောတရား တို့ကို ဖူးမြင်စေလိုပါသေးတယ်။ ဒါတွေကို မြင်မှသာလျှင် အရိယာဘို့အနေနဲ့ အရိယာတို့၏ အဆင့်အတန်းက နေ၍ မဂ်ပြည်၊ ဖိုလ်ပြည်၊ နိဗ္ဗာန်ပြည်ရမည်။ ဒါကြောင့် [ယောဟိ ပဿတိ၊ သဒ္ဓမ္မံ၊ သောမံပဿတိပဏ္ဍိတော၊ အပဿမာနော သဒ္ဓမ္မံ၊ မံပဿမ္ပိနပဿတိ။] ဟူသော ဝက္ကလိထေရ်ရဲ့ အပ ဒါန်ပါဠိတော်၌ ဂါထာဖြင့် ဟောခဲ့ပါသည်။ အကြင် သူ သည်။ ရုပ်နာမ်ပရမတ်တရားကိုမြင်၏၊ ထိုသူသည်၊ ငါဘုရား အစစ်ဓါတ်အနှစ်ကိုမြင်၍ ပဏ္ဍိတဘွဲ့ကိုရသည်။ အကြင်သူ ကား ပရမတ္ထတရားကို မမြင်ပေ ထိုသူကား ဒြပ် အတယ် ပုံစံ သဏ္ဌာန်ဟူသော ပညတ်ကို ဘုရားကိုမြင်ပေမဲ့ ပရမတ္ထ ဘုရားကိုမမြင်ဘဲ။ ပုထုဇဉ်နှင့်သာကြောင့်၌ နစ်မျော မြုပ် မျောနှင့် နေသွားရဦးမည်၊ ဆိုလိုသည်။

၁၀။ (၁) ဘေးဖြစ်ထာ လေးသစ္စာ မြင်ကျားတာ ကြောင့်၊ ပင်ပန်းရှာ လူအချို့မှာတော့ ပူလို့မဆုံး။ (၂) သနားလေသနော် တရားကို အရေဖျော်၍ တွန်းနော် သွန်းကော်၍ တိုက်ချင်လှ မပြုလာ သူနာမိုက်တို့မှာဖြင့် မောဟိုက်လို့ချုံးကြတော့ သံသရာတော တဝိုက်မှာကွယ် မျောလိုက်ကြအုန်း။ ] လယ်တီဆရာတော် ဥပမာပြမည် ရပ် ခေါ်-ရှာခေါ် တိုင်းနိုင်ငံအခေါ်မှာတော့ ဇွဲ-ဖြာရောဂါ တဲ့၊ဝေဒနာတဲ့၊ပညတ်ပါဘဲ။ပရမတ်ရှာတော့ ခေါင်းကိုက် ရာ၌ စိတ်ပင်ပန်း၍ ပြနေတာက ဒုက္ခသစ္စာပါဘဲ။ ၎င်း၌ ငါသူလူနတ်စသည် မပါဘဲ ပယ်ထားတာက သမုဒယသစ္စာ ပါဘဲ။(ဝါ)၎င်းဒုက္ခကို လေ့လိုချင်တာက ပယ်တာမို့ သမုဒ ယသစ္စာပါဘဲ။ ဒုက္ခနှင့် သမုဒယဘဲဟု အမှန်သိတာက မဂ္ဂ သစ္စာပါဘဲ။(ဝါ)ဒုက္ခသမုဒယ မှလွတ်သွားဒါက မဂ္ဂသစ္စာ ပါဘဲ။ (လွတ်တော့ ချမ်းသာတာက နိရောဓသစ္စာပါဘဲ။) (ဝါ)ငါသူလူနတ် ပယ်ပြီး၍ ပြန်မဖြစ်ထာက နိရောဓသစ္စာ ပါဘဲ။ဒီပုံပရမတ္ထသစ္စာဖြစ်လာသည်။ ။(ပထဝီမါတ်ခေါ် ရာဟုလ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟာတိ ဝိစိကိစ္ဆံ ပဇဟာတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ။ ]မဟာရာဟုလော ဝါဒသုတ် တော်ဤ၌-။

| ပထဝီမါတ် | စ္စ က္ခ တ္တ ဇာပဿ | ဒိဋ္ဌိ ဝိစိ ဇ္ဇာ | ဝိဇ္ဇာရ |
|---|---|---|---|
| ဒုက္ခသစ္စာ | မဂ္ဂသစ္စာ | သမုဒယစ္စာ | နိရောဓသစ္စာ |

ယခုထုတ်ပြသောပါဠိတော်၌ ပဿဝိမေါတုံခေါ်ဖြင့် ဒုက္ခသစ္စာကိုပြနေပါတယ်။အနိစ္စတော ဒုက္ခတော အနတ္တတော ဘာနတော ပဿတောဖြင့် မဂ္ဂသစ္စာကိုပြနေပါတယ်။သက္ကာယဒိဋ္ဌိ ပဇဟာတိ ဝိစိကိစ္ဆံ ပဇဟာတိ၊ အင်္ဂဇာပဟီယတိ ဖြင့် သမုဒယသစ္စာကို ပြနေပါတယ်။ ဝိဇ္ဇာဥပ္ပဇ္ဇတိ ဖြင့်၊နိရောဓသစ္စာကိုပြနေပါတယ်။ ၎င်းပြင် သစ္စာ ၄-ပါးဟောပြချက် ရှင်းပြချက်နည်းပေါင်း (တရား)ကျော်တို့ကို သစ္စာ ၄-ပါး အလင်းပြကျမ်းစာစောင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ပဉ္စမ ၂၅-ပြားတန်၅-အုပ်၌အစုံအလင် ရှင်းရှင်း လင်းလင်း ကွင်းကွင်း ကွက်ကွက်ကြီးဟောပြ ရေးပြဖြီး ပုံနှိပ်၍ ထားပါတယ်။ အညွန့်အတိုင်း ကြည့်စေ လိုပါတယ်။ ဓမ္မမိတ်ဆွေတို့....။

၁၁။ ညီမေ့စွာတဖြစ်မှ မပေါကလား၊ ကိလေသာ အညစ်အကြေးတွေက (တပည့်ရယ်) ညစ်ဆေးလှချည့်ရဲ့ ဒို့ဖြူဟွာ။(၂)ဩြော်အရှော်ခက်လှချည့် မတော်ဘက်ဟာမို့၊ မျှော်လျက်ကယ် နှောင်အရှေသာဘို့ သောင်ခေမာ အမတနန်းဆီသို့(တပည့်ရယ်)လှမ်းကြစို့ကွာ။(၃)အသက်သွင် လက်တင်မှီးပါရ ထက်ခွင်ကို မဂ္ဂင်စီးပါလို့၊ ကျင့်နည်းနှင့် ခပ်လော့ပါ၊ အိုမါတ်ပေါ်ရာက ဟိုဘက်ကမ်း။ (၄)သွားကြတော့မယ်၊ များလှတဲ့ သံသာနယ်ရဲ့ ရန်ရှာကွယ် ခန္ဓာပုတ်အောင်ပ မပြန်လာ ဉာဏ်ရှိအလုပ်ဟာမို့။

(အမယ်မင်း)ဓါတ်အလုပ် စခမ်းရယ်နှင့် (တပည့်ရယ်)၊ ခပ်သုတ်သုတ်လှမ်း။]ဉာဏစာဂိ ဆရာတော်။ ။ဉာဏစာဂိ မဟာထေရ်သည် (ဝါ) ၂၀-တိတိပင် စာချ၍လာခဲ့သည်။ အဲဒီအခါက တပည့်ဖြစ်ခဲ့ဘူးသော ဦးပဥ္စင်း တပါးနှင့် နှစ်ပေါင်းကြာမှပြန်၍ တွေ့ကြတော့ ၎င်းပဥ္စင်းက ဗြဟ္မာ တွေဟာ သမထ ၄၀-နဲ့၊ဝိဇ္ဇာ၊ အဘိညာဉ် သမာပတ်၊ဈာန် ကိုးဈာန်နှင့် မြေလျှိုးမိုးပျံနှင့် သေလျှင်ဗြဟ္မာဖြစ်ဦးမှာမို့ အာဠာရ ဥဒက ဒေဝိလတို့မပါ။ ရှေးကမ္ဘာပေါင်း-၄၀ ကိုမြင်စွမ်းနိုင်ခြင်း၊ နောက်ကမ္ဘာ-၄၀ ကို လှမ်း၍မြင်နိုင် ခြင်းတို့ကြောင့် အမြင့်ဆုံး အမြတ်ဆုံးတွေပါဘဲဟု အထင် ကြီး၍ပြောပြတယ်။

အဲဒီအခါမှာ ဆရာက အဲဒါတွေဟာ (၁)သာသနာပ ကပါ။(၂)ကမ္မဿကတသမ္မာဒိဋ္ဌိမျှသာ။ (၃) ဈာနသမ္မာ ဒိဋ္ဌိမျှသာ။(၄)မိစ္ဆာဉာဏ်မျှသာ။ (၅)သမထမျှသာ။(၆) ရပ်ပြစ်၈-ပါးအဝင်အပါပါဘဲ။ (၇)ပညတ်နယ်ကပါ။(၈) လောကီနယ်ကပါ။ (၉)အရူပမျှသာ။ ၁၀) ပုထုဇ္ဇနော ဥမ္မတ္တကော၊အရူးဘဝကမလွတ်သေးပါ။ (၁၁)ပုထုဇ္ဇနော အန္ဓော၊ အကဏ်းနယ်ကမလွတ်သေးပါ။ (၁၂)ပုထုဇ္ဇနော ဗာလော၊လူမိုက်နယ်ကမလွတ်သေးပါ၊ (၁၃)ပုထုဇ္ဇနော ဝိပ္ပလ္လာသော ဖေါက်ပြန်ရူးနှမ်းသော ဘဝက မလွတ်သေး ပါ။ (၁၄)၁၅၀၁-ကိလေသာ အနုသယတန်းက မလွတ် သေးပါ။ အဲဒီ ၁၄-ပါးသော အပြစ်တွေ ထွေးသေး၏၊



ဤခန္ဓာ ကိုယ် အတ္တဘော သင်္ဘော ကြီး၏ ပုံစံ၌ကိလေသာ ၁၃-ထပ်ဖြင့် ကိလေသာရေတွေ ဝင်ပုံနှင့်ကြည့်ပါ။ ဗြဟ္မာခန္ဓာကိုယ် အတ္တဘော ဆိုတဲ့ လှေသင်္ဘောကြီးမှာ ဝီတိက္ကမ ကိလေသာတွေဝင်တဲ့အခါရုံ ၆-ပါး အပေါက်ရှိတယ်။ ဒီအပေါက် ၆-ပေါက်ကို သမထစသည်ဖြင့် အားစိုက် အင်စိုက် ပိတ်ဆို့ဖါထေး၍နေကြတယ်။သေးငယ်သောအပေါက်များလုံနေပါပြီဟုဆိုပါတော့။ ။အလယ်မှာ ပရိယုဋ္ဌာနကိလေသာများ ဝင်သော အာရုံ ၆-ပါး၊ အပေါက်အလတ်စား ၆-ပေါက်ကိုလဲ သမထစသည်ဖြင့် ခွန်အားစိုက်ထုတ်၍ အဟုတ်ကြိုးစားပြီး ဖါးထေး ပိတ်ဆို့ပြီးနေကြလို့ လုံခြုံတယ်ဟု ဆိုကြပါတော့။ ။ဟော ယခု ပြမှာကို ကြည့်စမ်းပါတော့ အောက်ဆုံးက အနုသယကိလေသာတွေဝင်ဘို့ အါရုံ၆-ပါး အပေါက်ကြီး ၆-ပေါက်ကိုတော့ ပိတ်ရမှန်းလဲမသိကြပါ။ ပိတ်နည်းလဲမရကြပါ။ ပိတ်လဲမပိတ်ရသေးပါ။

ဥပမာ ဝီတိက္ကမအပေါက် ၆-ပါးကဝင်လျှင် စပ်ကြားကာင်တဲ့ ရေပမာပါဘဲ။ ။ဥပမာ ပရိယုဋ္ဌာန အပေါက် ၆ ပါးကဝင်လျှင် လွန်ပေါက်ကဝင်တဲ့ ရေပမာဖြစ်ပါပြီ။ ဥပမာ အနုသယ အပေါက် ၆-ပါးကဝင်လျှင် လှေကွဲ၍ ရေများဝင်သလိုပါဘဲ။ ၎င်းဗြဟ္မာ ပုထုဇဉ်တွေဟာ ကိလေ

သာဝင်ဝင်နေတဲ့ ဝိတိက္ကမအပေါက် ၆-ပေါက်။ ရင်းပြမ် ပရိယုဋ္ဌာန ကိလေသာဝင်ဝင်နေတဲ့ အပေါက် ၆-ပေါက်မျှ ကိုသာ သမထ ဝိဇ္ဇာ အဘိညာဉ် သမာပတ် ဈာန်တို့ဖြင့် ပိတ်ပိတ် နေကြတာပါ၊ တပည့်ရဲ့။ အရိယာများ ကဲ့သို့ (ကိလေသာအဝင်ဆိုးလှတဲ့)အနုသယကိလေသာ အပေါက် ၆-ပေါက်ကိုမပိတ်နိုင်ကြသဖြင့် မဂ်လဲမရ ဖိုလ်လဲမရ နိဗ္ဗာန် လဲမရကြတော့ပါ။ရင်းတို့ရရနေတဲ့ ဈာန် ၈-ဈာန်စသည်တို့ ဟာ (ဝိပဿနာနယ် အရိယာနယ်က) [နာမရူပ ပရိစ္ဆေဒ ဉာဏ်။]ကိုတောင်မှ မမှီကြသေးဘူးကွဲ့။ ဗြဟ္မာတွေ ရရနေ တဲ့(ဉာဏသမ္ပယုတ်တွေကို)နာမရူပပရိစ္ဆေဒဉာဏ်၊ သမ္ပယုတ် ထဲသို့ထဲ့ကြည့်တော့။(နာမရူပ ပရိစ္ဆေဒဉာဏသမ္ပယုတ်က) လက်မခံတော့ပါ။ ဟော့ မလာကြနဲ့ ငါတို့နှင့် သဘာဝမတူ ဘူး။မင်းတို့က ပညတ်နယ်ကဘဲ။ငါတို့က ပရမတ်နယ်ကပါ တဲ့၊မင်းတို့က ပုထုဇဉ်နယ်ကဘဲ။ငါတို့ကအရိယာနယ်ကပါ။ (မဟာဇာနီယော တေဘော အာဠာရော ဥဒကော ဒေဝီ လော။)မှ၊ မလွတ် မကျွတ်ကြသေးဘူးကွဲ့။ ငါတို့တော့ ကျွတ်ပြီ၊ လွတ်ပြီ လောကုတ္တရာထဲ ရောက်ကြပြီဟု ငေါက် ငေါက်လွတ်ကြသည်။

## မင်းကြီးဦးကောင်း ငယ်နှောင်းဖြစ်ရပ်

၁၂။ [ပုဆိုးနှင့်မြင်းပါ ဆုတော်ခံမယ်လို့ ပြန်သုံးဆယ် ဆန်ကိုစားမိ မှားချက်ကနာ။ နောက်တခါ ကြောက်ပါ ပေါ့သက်ဆုံး။ သည်တပွဲတွင်မှ အလွဲကံချော်လို့ ဥယျာဉ်တော်ရေကိုလောင်းရမတဲ့။ ငယ်ပေါင်းယာဉ် မာန်ကြွယ်တဲ့ ဆင်ကြံမယ် ဖြူပြာနွဲ့တို့ရယ် မင်းမြင်လှည့်အုန်း။] လေးဆစ်ချိုးကလေး ပေါ်လာသည်။ ဤအချိုးကလေးပေါ်လာရသည်မှာ (အုပ်ကျစ်ကျော်ဇေ မန္တလေး။) ၁၂၂၁-ခုနှစ်၌ မန္တလေးမြို့ကိုပ၍ နန်းစံသည်။ တနေ့သ၌ ကျောင်းတော်ဦးသို့ မင်းတုံးမင်း ထွက်စံတော်မူ၍ အပျင်းပြေလိုသဖြင့် ဆန်တစေ့ကစပြီးလျှင် ဆန်အပြန်(၃၀) ကုန်အောင်စားနိုင်သူကို မြင်းတစီးနှင့် ပုဆိုးတထည် သနားတော်မူမည်၊ ကုန်အောင် မစားနိုင်ခဲ့လျှင် ဥယျာဉ်တော်မှာ ရေလောင်းရမည်ဟုမိန့်တော်ရှိရာ ဘဏ္ဍာစာရေး ဦးကောင်းနှင့် ဦးမိုးတို့က ဘုရားကျွန်တော် ဘဏ္ဍာစာရေး ၂-ယောက်တို့က စားနိုင်ပါကြောင်းနှင့်လျှောက်သောအခါ။ဦးကောင်းနှင့် ဦးမိုးတို့သည်။ပုရပိုက်ပေါ်တွင် ကန့်ကူဆန်ဖြင့် ဂဏန်းရေးမှတ်ပြီးလျှင် ဆန်းတစေ့က ၂-စေ့၊ ၄-စေ့၊ ၈-စေ့၊ ၁၆-စေ့၊ ၃၆-စေ့၊ ၆၄-စေ့ စသည်ဖြင့် အပြန်ပေါင်း (၃၀) စေ့အောင် ထမ်းပိုးတက်၍ ရေတွက်ကြသောအခါ ဆန်စေ့ပေါင်း (၁၀၇၊ ၃၇၄၁၈၂၃) တရာ့ ခုနှစ်ကုဋေ ၃-သန်း၊ ၇-သိန်း၊ ၄-သောင်း၊ တထောင့်ရှစ်ရာ၊ ၂-ဆယ့်

၃-စေ့ ရရှိသည်ဖြစ်၍ ဘုရားကျွန်တော်မျိုး ဘဏ္ဍာစာရေး ၂-ယောက်တို့ ဆန်ကိုစားရန် သင်္ချာအားဖြင့်ရေတွက်ကြည့်ကြရာ တသက်မကာ ၂-သက်ဆက်၍စားစေကာမူ ကုန်ဘွယ်မရှိဖြစ်ပါ၍ ဥယျာဉ်တော်အတွင်း ပန်းပင်များကို ကုန်စဉ်အောင် ရေလောင်းပါမည့် အကြောင်းနှင့် ခွင့်တောင်းလျှောက်တင်သည်။ ။ဆန်တတင်းမှာ ဆန် လုံး ပေါင်း (၁၂၂၈၈၀၁)ရှိသည်။ပြန် ၃၀-မှာ တင်းပေါင်း ၁၉၀ မကဘဲ၊ဖြစ်၍နေသည်။တင်း (၁၉၀)၌ (၁၀၇၀၄၀၀၀၀)မျှရှိနေပါသည်။ရိုးရိုးဆင်တောင်မှ မစားနိုင်ပါ။မင်းတုံးမင်းအပျင်း ပြေလေသည်။ ။ဓါတ်ရှုရာ တစက္ကန့် မှာပင် (ကုဋေတသိန်းတိတိ စားနိုင်၍ မြင်းသစ္စာ ၄-ပါး၊ ပုဆိုး မဂ်ဖိုလ်ပါ ငတ်ဆင်၍ နိဗ္ဗာန်နန်းတော်၌ နေကြရသည်။ အံ့ဩစရာဘဲ။

## မိဖုရားခေါင်းခဲ ခွေးတွေကွဲ

၁၃။ [သည်နှစ်တွင်ကြုံပြန်ရ ကျားမနဲ့ဂမ္ဘီ။မောင်ကြီးကိုကြိုးတွေဆိုင်းပါလို့ စစ်ကိုင်းဆို ဇေယျာမြို့ကို ကူးပို့ပြန်ပြီ။ ရင်ရဲကျောက်ဆောင်စွန်းဆီက လွမ်းစိတ်နှင့် မယ်တို့ဆီမျှော်ပြန်ငြိကာ့ ပူဝူး၊ မောင်နဲ့ပင် နှမကလေးလှေပေါ်တင်လို့ ပို့ပြန်လျှင်မနေတိတ်ပါနှင့် သောတာပန်ဆိုတဲ့ ဆိပ်ဆီက မောင်ကြီးရေ လှိုင်းတိတ်မှကူး ဝူဝူး။]

အမရပူရကောင်းစားစဉ်က မင်းတပါး၏မိဖုရားသည်

အနည်းငယ်မျှ ခေါင်းခဲနေလေသည်။ ဘုရင်ကလည်း ၎င်း မိဖုရားကိုအတော်ဘဲ ယုယု ယယနှင့် ပြုစု၍ထားသည်။ညအခါခွေးများသည် ၎င်းတို့၏အချိန်ကာလမို့ မြူးနေကြသည်၊ တဆူဆူတညံညံဖြစ်၍မအိပ်နိုင်ဘဲဖြစ်ရသည်၊နံနက်ကြတော့ ဘုရင်က အနာရောဂါ ကျ မကျကိုမေးရာ အနာ မကျပါ တညလုံးအိပ်စက်၍မရပါ။ခွေးတွေကဆူလွန်း ပူလွန်းလို့ဟု တင်သည်။ ဘုရင်ကမှူးတော် မတ်တော်များကို ခေါ်ပြီး သူဘပါးဘို့ အိပ်စက်၍မရအောင် အော်နေတဲ့ ခွေးတွေကို ဖမ်းယူပြီ လှေတွေနှင့် စစ်ကိုင်းဘက်သို့ပို့ရမည်ဟု မိန့်သည်။ ခွေးများကို ဝှက်သို ထားဒါကိုတွေ့လျှင် ဒဏ်ခပ်၍ ခွေးနှင့် အတူပို့ရမည်မိန့်၏။ သူငါကစ၍ ပို့ကြရသည်။ ။သူဌေး တဦး၏အိမ်မှာ ကျားမနှင့်ဂမ္ဘီဆိုတဲ့ ခွေးညီမ ၂-ကောင် ဟာရှိနေတယ်။ သူဌေးဟာ ပို့ရမှာစိုးလို့ တိုက်ထဲ၌လှောင် ထားလေ၊ အော်လေ ဖြစ်သဖြင့် မ တတ် သာ တော့ဘဲ။ (ကမ္ဗသကာ)ဟု ညီးတွား၍ပို့ရသည်။အခြားခွေးနှင့်မရော စေဘဲ။ ရင်ရဲကျောက်ဆောင်၌ အစောင့်အရှောက်နဲ့ထား ကြည့်သည်။ ခွေး ၂-ကောင်က မနေဘဲ။ ရင်ရဲကျောက် ဆောင်စွန်းဆီက အမရပူရဘက်သို့ မျှော်မှန်း ရော်ရမ်း၍ အော်နေပြန်သည်။ ။သူဌေးလဲ နေရှိတုန်းမှာ အမိန့်အတိုင်း စစ်ကိုင်း သောဘာပန်ဆိပ်၌ အစောင့်နှင့်တကွ ပို့ရ ပြန်သည်။ဒီဝတ္ထုကိုသိရှိ၍ပညာရှိတဦးက စာချိုးပြီးဘုရင် သိအောင် ပြစ်စာချထားသည်။ စာကိုဘုရင်ရတော့ကမှု။

မိဒ့်ရှားကိုပြောင်းပြီး ခွေးတွေကို မူလအတိုင်း ပြန်ပို့ထား ရသည်။

၁၄။ (၁)အနိစ္စ အနိစ္စရယ်နှင့် ဘိဇ္ဇနကိုဖြင့် တဆိတ်က မှ မမြင်လို၊ (၂)ဒုက္ခ-ဒုက္ခရယ်နှင့် နုတ်ကသာဆိုလို့ ငြီးမိ တော့ လူ့စည်းစိမ် ရတနာရွှေငွေနဲ့ ဘမရာဇ္ဇမှာ ဒါတွေ နှင့်တွေးလိုက်တော့ ဇတော့မလို။ (၃)အနတ္တ-အနတ္တရယ် နှင့် ပါးစပ်ကဆိုသာဆို ခြေဘ်ကိုယ်ကိုယ်နှင့် ပါတကား။ (၄)ထင်ချက်ငယ်ကွာ ယဉ်စကြာဒေသနာနှင့် တင် လက္ခဏာ ဘယ်လိုသုံးသော်လဲ ဝဋ္ဋနှောင်ကို လွတ်အောင် မှ ရုံးနိုင်ပမလားဘရို့ရယ်၊ ခြေဘ် ဘန်းအသိသားဟာမို့ နှင့်တို့မှာကွယ် မှုန်းမိသည့်ငါး။] ပန်းတောင်းဆရာတော် ဘုရားကြီး။ ရုပ်နာမ်ခန္ဓာ၊ လက္ခဏာရေး ၃-ပါး စသော တရားဆိုတာ ပုထုဇဉ်သုံးစွဲတဲ့ ရုပ်သုံး၊ ရွာသုံး၊ ဘင်းသုံး ပြည်သုံး၊ ရုပ်နာမ်ခန္ဓာ၊ လက္ခဏာရေးတွေက တမျိုးပါ။× အရိယာများသုံးစွဲကြတဲ့ရုပ်နာမ်ခန္ဓာ၊လက္ခဏာရေး၃-ပါး တို့က တခြားပါ။ မရောကြပါဘူး။ တသန့်စီနေပါတယ်။ မချဲ့တော့ပြီ။အရိယာသုံးတရားကိုဘဲထုတ်ပြမည်။ အရိယာ သုံးထဲ၌ မပါတာတွေဟာ ပညတ်ရုပ်နာမ် စသည်တို့ဘဲဟု ခွဲပြီး မှတ်ကြပါတော့။ [ရာဟုလော ဝါဒသုတ်တော်၌] (၁)ပထဝီဓါတ်ခေါ် ရာဟုလ အနိစ္စတော။ (၂)ပထဝီဓါတ် ခေါ်ရာဟုလ ဒုက္ခတော။ (၃) ပထဝီဓါတ်ခေါ် ရာဟုလ အ နတ္တတော စသည်ဖြင့် မြတ်စွာဘုရားက ဟောခဲ့ပါသည်။

ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ် မှာကပ်ပါလာတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင် ပရမတ်မို့ အရိယာများသုံးစွဲကြသည်။ ဒီဓါတ်နှင့်အနိစ္စကိုတော့ သတိနဲ့သမာဓိနဲ့အားထုတ်ဖမ်းယူမှ ၃၂–မျိုးနှင့်၆–မျိုးနှင့် ၈–မျိုးနှင့် ၁၄–မျိုးနှင့် စာအတိုင်း ပေအတိုင်း တွေ့ရ၍ စာတွေ့ငါတွေ့အစစ်ပါဘဲ။ ဒီလိုမဟုတ်ဘဲ ဝိညာဉ်သိနဲ့၊ သညာသိနဲ့၊ ဒိဋ္ဌိသိနဲ့၊ ဝိတက်သိနဲ့၊ သုတမယသိနဲ့၊စိန္တာမယသိနဲ့တွေ့ကြရသော ရုပ်နာမ်၊ ခန္ဓာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တို့ဟာ ပညတ်နယ်က သမထနယ်က၊ လောကီနယ်ကမို့ ဝိပဿနာမဟုတ်သေးပါ။ (ဥပမာ) [ဖေါက်ပြန် ခံစား မှတ်သား စီမံ၊ သိခဲ့ပြန် ငါးတန်ဓါတ်ခန္ဓာ။] ဟူသော နိယံအတိုင်း ဓါတ်ကိုရှုရင်း ဓါတ်ထဲက တွေ့ရသော သဘောသက်သက် ဓါတ်သက်သက် ခန္ဓာငါးပါးသာလျှင် ဝိပဿနာ ဖြစ်ပုံကို ဘုရားရှင်က အရှင်ရာဟုလာအား ဟောပြပါသည်။

၁၅။ (၁) သာသနာကွယ်မည်ပရောထင့် အရွာရွာ နယ်ပြည်ကြွပါတဲ့ လယ်တီဘုရားဆရာတော်။ (၂) အကြံနိုင်ပါပေ့ သံခိပ်ကယ် ဘုတ်စာကြောင့် နုရုဒ္ဓါသဂြိုဟ်ဖြင့် မေးလေရဲ့ကွယ်၊ တွေးကြက်ကြနော့်။ (၃) ဂေါတမာတဆူ နောက်ကိုဖြင့် ဂေါတမနောက် အတုခေါ် ယခုပေါ်တဲ့ ငံနောက်ဘုရား။ (၄) ကျွဲနွားကိုညှာ ဘဲငါးရယ်သတ္တဝါနှင့် ကြက်ဝက်ပါ မချန်ထားတယ်ကွယ် စားစေတဲ့လား။]

မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး အရှင်ဦးဝိပုလ ရေးသည်။

အရှင် အနုရုဒ္ဓါဆရာသည်၊ အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်းချုံး၍ သင်္ဂြိုဟ်ကို ရေးတုန်းကလဲ အချို့သောဆရာ ဘုန်းတော်ကြီးတွေက ဒီပုံဘဲ ပြောနေကြသည်။ အရှင်အနုရုဒ္ဓါ၏သင်္ဂြိုဟ်ကြောင့် အဘိဓမ္မာ ၇-ကျမ်းကိုသင်ကြားမည့် ပုဂ္ဂိုလ် မရှိတော့ဘဲ။ အဘိဓမ္မာ ၇-ကျမ်းဟာ မှေးမှိန်သေးသိမ်တော့မည်ဟူ၏။ ယခုလဲ သင်္ဂြိုဟ်သံခိပ် သင်ကြားနေကြလို့ သင်္ဂြိုဟ်ကျမ်းရင်းလဲ မှေးမှိန် သေးသိမ်နေတော့မည်ဟုဆိုလိုသည်။နောက်တခုကား လယ်တီဆရာတော်ဟာ နွားသားမစားဘို့ တခုထဲကိုသာ အလှူခံနေတယ်။ ဒါကြောင့် ကျွဲသား ဘဲသား စသည်တို့ကို စားစေတော့လားဟု ပြောသည်။ လယ်တီဆရာတော်၏အဘော်မှာ ငါကနွားသားကို အလှူခံလျှင် မြင်းခြံက ကျွဲသားအလှူခံပါ။ပခုက္ကူကဘဲသား အလှူခံပါ စသည်ဖြင့် ကိုယ်စီ ကိုယ်ငှ ဝေစုချ၍ အလှူခံကြရန်။ နမူနာပြခြင်းပါဘဲတဲ့။ အာဘော် ထားရင်းတည်း။ ယခုလဲ ဉာဏစောင်က ဓါတ်တခုထဲကိုပင် သဲ့သဲ့မဲမဲ၊ မြဲမြဲ စွဲစွဲ ဟောသော်၊ ရဟန်းတော်တပါးကလဲ ရုပ်နာမ်ကိုဟောပေါ့ နောက်တပါးကလဲ အာနာပါနကို ဟောပေါ့။ မေ့ကွန္ဒာ ဂ၄၀၀၀-ထဲကဘဲ။ မိမိဟောချင်ရာတခုကို ဇောက် ချပြီး သမာဓိရရန်နှင့်ဟောကြပါဟု ဉာဏစောင်က နမူနာပြနေတာပါ။ ဆွမ်းကျွေးလျှင် ဆွမ်းတရားကိုဟောပေါ့။ ရှင်ပြုလျှင်

ရှင်ပြုတရားကိုဟောပေါ့၊ ကျောင်းလှူလျှင် ကျောင်းတရား ကိုဟောပေါ့။ ဒီကွေ့၌ ဒီတက်နှင့်လှော်ပေါ့။ ဟိုကွေ့၌ ဟိုဘက်နှင့်လှော်ပေါ့။ (ကာလံ ဒေသံ အတ္တံ ဓနံ ဌာနာ ဌာန ကောသလ္လဉာဏ် ရှိရှိနှင့် သာသနာ ပြုကြပါလေ။) အလကား အချိန်ကိုအကုန်မခံကြပါနှင့်ဟူလို။

၁၆။ (၁)မဂ်သောတာ ပဟာနမှာတော့ ပါ၊ ဒိန္နာ၊ ပိံ၊ကာ၊ဓမ။ (၂)မိစ်၊ မုသာ၊ ဤဟာဆကို ကြည့်ရထွေထွေ။ (၃)သမ္ပတ်နှင့်အဘိဇ္ဈောကို ရဟန္တာပယ်မျှော။ (၄)သရုပ်ကို ရှာ၊ ဖရုပ်၊ ဗျာ၊ လာမကကိုလှ အနာဂါမ် ခေါ်ချတယ်၊ ကျမ်းပြသဘော။တိကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ဖွင့်ပြ သည်မှာ(၁) သောတာပတ္တိမဂ်ဖြင့် ပါဏာတိပါတ၊အဒိန္နာ ဒါန၊ ပိသုဏာဝါစာ၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ယင်းခြောက်ပါးကို ပယ်သည်။ (၂)သကဒါဂါမိ မဂ်ဖြင့်။ ဖရုသဝါစာ၊ ဗျာပါဒ ယင်း ၂ ပါးကို ခေါင်းပါးအောင် ပြုသည်။ (၃) အနာဂါမိမဂ်ဖြင့် ဖရုသဝါစာ၊ ဗျာပါဒ ၎င်း၂-ပါးကိုအရှင်းပယ်သည်။(၄)အရဟတ္တမဂ်ဖြင့် သမ္ပ လာပဝါစာ အဘိဇ္ဈာ ယင်း ၂-ပါးကိုပယ်သည်။ ဓါတ်ရှု ရင်း ပယ်ပယ်သွားပုံ ဓါတ်၏သတ္တိကို ပြနေတာပါ။

၁၇။ (၁) မခံသာ မှန်ပါ၏တရား။ (၂) ခံသာလျှင် သံသာကြောနှာ မျောကြအများ။ (ဒွေးချိုး) မြင်းခြံမြို့ စွန်းလွန်း ဦးကဝိဆရာတော်။ (၃၁) ဘုံမှာ ရှိနေတဲ့ စိတ်

၁၂၁-ပါး၊စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ ၎င်းသင်္ခါရ တရားတွေအားလုံးဟာ (သဗ္ဗေသင်္ခါရာအနိစ္စာ။) ဆိုတဲ့ ဂါထာအတိုင်း တစက္ကန့်အချိန်၌ ကုဋေတသိန်း သေသေ ပျက်ပျက်နေကြသဖြင့်(မခံသာတဲ့ မှန်ရှာတဲ့ တရားပါဘဲ) တဖန်၊ ၎င်းစိတ် စေတသိက် ရုပ်တရားတွေဟာ တစက္ကန့်၌ ကုဋေတသိန်းမျှ(သေခြင်းဒုက္ခ, ရောက်ရောက်နေကြတာမို့ ဘုရားသခင်က (သဗ္ဗေသင်္ခါရာဒုက္ခာ)ဟု ဂါထာဖြင့်ဟောခဲ့ ပါသည်။ တဖန်၊ ၎င်းစိတ်၊ စေတသိက်၊ ရုပ်တရားတွေဟာ တစက္ကန့်အချိန်၌ပင် ကုဋေတသိန်းခံ့ တားမရပျက်၊ ဆီးမရ ပျက်၊ ရွေ့မရပျက်နှင့် အလိုသို့မလိုက်၊ အကြိုက်သို့မပါဘဲ။ သူ၏သဘော နိယာမအတိုင်း ဖြစ်ပျက်နေကြသဖြင့် ဘုရား ရှင်ကြီးက (သဗ္ဗေဓမ္မာအနတ္တာ)ဟူ၍ ဂါထာဖြင့် ဟော တော်မူတယ်။ (အနတ္တာ၌)စိတ် စေတသိက် ရုပ်တွင်မကဘဲ။ နိဗ္ဗာန်ပါ အနတ္တာဟု သိစေလိုပါသည်။ (စိတ် စေတသိက် ရုပ်။) တွေ အားလုံးဟာ အနိစ္စမို့၊ ဒုက္ခမို့၊ အနတ္တာမို့ ဘယ် မှာ(ခံသာဘို့ရှိပါတော့မည်နည်း။ မခံသာဘို့ ချည်းပါဘဲ။ အဲဒါတွေကိုမမြင်ရအောင် အဝိဇ္ဇာက ဖုံးထား ပိတ်ထား ဝှက်ထား ကာဆီးထားသဖြင့်(ခံသာ)သည်ဟု ဝိပ္ပလ္လာသ ဖေါက်ပြန်ကြရသည်(ဘယ၊အာဒီနဝ နိဗ္ဗိန္ဒ) ပေါ်အောင် ဓါတ်ကိုသာရှုကြပါလေ။

၁၈။ (၁) ကံမခိုင် သံတိုင်အိမ်ဆောက်တော့၊ လိမ် ကောက်လို့ကြိုး။ (၂)ကံခိုင်မှု ကျောက်ဖျာကို လူ့ကျူနှင့်၊

အာကာငှု ဝေဟင်ကြီးမှာ ထိးလုပ်လို့မိုး။ (ရှေးဆရာများ) အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်ဟာ ကံခိုင်နေတုန်း ကံရှိနေတုန်းမှာတော့ ဈာန်အဟုန်ဖြင့်ရာဇဂြိုဟ်ပြည်ကြီးပေါ်၌ ကောင်ကင် ဝေဟင် အဇဋ္ဌာပြင်က ကြီးလှသောကျောက်ဖျာကြီးကိုပင် ခြေမနှင့်ညှပ်ပြီး အရှေ့ဘက်သို့ သွားပြ၊ အနောက်ဘက်သို့သွားပြ၊ တောင်ဘက်သို့သွားပြ၊ မြောက်ဖက်သို့သွားပြနှင့်တန်ခိုးပြ၍ပင် နေနိုင်ပါသည်။ အဲဒီအခါမှာ ရာဇဂြိုဟ်ပြည်က ပုထုဇဉ်တွေက အရှင်ဘုရား သတိကြပ်ကြပ်ထားတော်မူပါ။ သတိလစ်ထားနှင့် ကျောက်ဖျာကြီးကျ၍ ပြည်ပါပျက်သွားပါလိမ့်မည်ဟု တောင်းပန်ကြရသည်။ ။ဟောကြည့်စမ်းပါတော့ အရှင်ပိဏ္ဍောလဘာရဒွါဇဟာ၊ လူ့ဘုံ၌နေရမည်။ ကံကုန်သွားတော့ ဈာန်လဲမကယ်နိုင်၊ ဉာဏ်လဲမကယ်နိုင်တော့ဘဲ ခွေယိုင်၍စုတေ့မနေဘာဝကြွေပြီး သေရရှာသည်။ (င၀၊င၀၀း၁၀င၀၀၀)ဤပုံစံ၌ တဘဝ၊ ဆယ်ဘဝ၊ တကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာတရာ၊ ကမ္ဘာတထောင်၊ ကမ္ဘာတသောင်း၊ ကမ္ဘာတသိန်း၊ ကမ္ဘာတသန်း၊ ကမ္ဘာတကုဋေ၊ ကမ္ဘာအသင်္ချေ၊ ဟိုသံသရာအစကယခုအထိပြုမိ လုပ်မိခဲ့သော အကုသိုလ် ကိလေသာတွေဟာ (ကံခိုင်၍ မြိုင်မြိုင်, ဆိုင်ဆိုင်၊ ပိုင်ပိုင် နိုင်နိုင်ကြီး သတ္တိပြပြပြီးနေရာမှ (ဓါတ်လဲတွေရော အကုသိုလ်တွေ ကိလေသာတွေ)ဟာ ဈာပနပြာကျသဖြင့် ရှာမရဘဲ ချုပ်ငြိမ်းသွားရသည်။ ဓါတ်ရှုခြင်း၏ တန်ခိုးတော်ပါဘဲ။

၁၉။ (ပခမ်းမှာလေ ခမ်းပတ်မှာနား လောင်းရှေ့မှာဒါး။ (၂)ရေနံတတိုင်ချင်းရယ်နှင့် လင်းပမလား။) ဗန်းမော်ဆရာတော်။ ။မန္တလေးရတနာပုဏ် ပြည်တော်ကြီး၌ မင်းတုံးဘုရင် ဘဝရှင်မင်းတရားကြီး အုပ်ချုပ်တော်မူသည်အခါ။ ဝန်ကြီး ၄-ပါး ခန့်ရှိထားသော်လည်း။(၁) ပခမ်းဝန်ကြီးမှာ အရေးရှိလျှင် လေနာထ၍သာ နေရှာတော့သည်။ (၂) ခမ်းပတ်ဝန်ကြီးမှာလဲ နား ထိုင်း၍သာ နေရှာတော့သည်။ (၃)လောင်းရှေ့ဝန်ကြီးမှာလဲ မြင်ကွန်းမြင်းခုန်တိုင်မင်းသားတို့ သူပုန်ထကြစဉ်က ဒါး ဒဏ် ရာ ရသဖြင့်လက်တဖက်ကမသန်ပါ။ဤဝန်ကြီး ၃-ပါးဟာ ပြည်ရွာငြိမ်းဧးအောင် ပြုနိုင်ပမလားတဲ့။

ဤဥပမာလို ယခု ဗုဒ္ဓဘာသာတွေမှာလဲ [သာသနာဝါးထောင်ဆိုတဲ့ ပြည်တော်ကြီးမှာ ကာမာဝစရကုသိုလ်ကံသာဆိုရပေမဲ့ ကာမတဏှာက မင်းမူ၍နေသည်။ ရူပါဝစရကုသိုလ်ကံဟုဆိုရပေမဲ့ ရူပတဏှာက မင်းမူ၍နေပါသည်။ အရူပါဝစရကုသိုလ်ကံဟုဆိုရပေမဲ့ အရူပတဏှာက မင်းမူ၍နေပါသည်။ အဲဒီဝန်ကြီးတွေ ၃-ပါးဖြင့် (သာသနာဝါးထောင်ပြည်တော်ကြီးမှာ ငြိမ်းသာယာပမလား။] တဲ့။ မန္တလေး ရတနာပုဏ်ပြည်ကြီးမှာ ရေနံချောင်း ဝန်ကြီးတဦးထဲသာလျှင် မိမွေးတိုင်း ဖမွေးတိုင်း ပကတိအနေဖြင့် ရှိနေပါတယ်။တပြည်လုံးမှာ ဒီတဦးထဲနှင့်ငြိမ်းဧးပါမလား တဲ့။ဤပမာလို သာသနာဝါးထောင် ပြည်တော်ကြီးမှာလဲ

(ဝိပဿနာဆိုတဲ့) ဝန်ကြီးတပါးထဲမို့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပါမည်လားဟု ဆိုလိုပါသည်။

**[ဝိပဿနာတခုထဲနဲ့ မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို ရနိုင်ပါတယ်။]** ။(တတ္ထသမ္မာ ဒေတုကာမေန၊ အညံကိဥ္စံ ကာတဗ္ဗံ နာမနတ္ထိ။)ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂၄-သခ်ျာကုဋေ (၆၀) ဗိုလ်ခြေတသိန်းတို့ ပုထုဇဥ်ဘဝတွေငြိမ်းပြီး အရိယာ ချမ်းသာကိန်းတွေနှင့် နေသွားရတာဟာ (ဝိပဿနာ)တခု ကြောင့်ပါဘဲ။ကျန်တာတွေက အခြံအရံမျှသာ ဖြစ်ပါတယ်

၂၀။ [(၁)တံထားဦးက ကွမ်းနှဝါ။(င)မျာကဆေး။ (၂)ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ ပြည်ရှား သာဝါး လို့ထွေး။]

ရှေးကဆရာများ။ ။(၁)တံတားဦးကကွမ်းဝါနုရယ်။ (၂) င၊မျာကဆေးရယ်။ (၃)တောင်ငူကကွမ်းသီးရယ်။ (၄) စစ်ကိုင်းကထုံးဖြူရယ်။ (၅) ပြည်မြို့ကရှားစေးရယ် ဒင်းငါးမျိုးကိုရော၍ ကွမ်းယာ၍ကွမ်းစားလျှင် အရသာ လဲရှိ၊ ပါးစပ်ရောနှုတ်ခမ်းရောနီမြန်းပြီး အလှဂုဏ်အင်္ဂါစုံတဲ့ အထဲ၌ပါး၌သကဲ့သို့ ဝိပဿနာအားထုတ်ရာ၌လဲ သတိဗိုလ် သမာဓိရှုလ်၊ ပညာဗိုလ်၊ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ် ငါးပါး ညီမျှလျှင် (၁၅၀၀) ကိလေသာတွေ တဆင့်သေ၊ ၂-ဆင့် နှင့် သေသေသွားရဖြင့် (အရိယော၊ ဖြူဖြူစင်စင်နှင့် လှသွား ပါပြီ) အရိယော မြင့်မြင့် မြတ်မြတ်နှင့် ဆန်တက်၍ နိဗ္ဗာန်

သို့ရောက်သွားကြပါသည်။ ၂၄-သခင်ျ၊ ကုဋ္ဌ (၆၀)၊ ဗိုလ်ခြေတသင်းတို့ကိုကြည့်ကြပါ။ ဝါ၊ အရိယာ ၂၂-စုတို့ကိုကြည့်ပါ။ (ကိလေမှန်က၊ ကြိုတ်ချေပြ၊ ငါးဝဗိုလ်အင်္ဂါ) ဆောင်ပုဒ်အတိုင်းပြုကြပါလေ။

၂၁။ မန္တလေးရတနာပုံနေပြည်တော်၌ မင်းတုံးဘုရင်၊ ဘာရှင်မင်းတရားကြီးစိုးစံတော်မူစဉ်က ဘုရင်၏နာခံတော်မင်းကြီး စုတေသွားသော် ဝန်ကတော် ကျန်ရစ်ခဲ့သည်။ ၎င်းဝန်ကတော်ကို ဘုရင်က ခေါ်၍မေးသည်မှာ ဝန်ကြီးသေခါနီးတုန်းကဘာမျှားမှာထားခဲ့သနည်း။

ဝန်ကြီးက၊ ငါသေလျှင် ငါရေးတဲ့အချိုးကို ဖြည့်နိုင်၊ စွက်နိုင်သောသူနှင့် အိမ်ထောင် ပြုရစ်ပါလေ။ ငါထားတဲ့ ပစ္စည်းတွေလဲ ၎င်းနှင့်အတူသုံးစွဲလေဟုမှာခဲ့သည်။

ဘုရင်။ ။ကဲဒါဖြင့်နက်ဖြန်နံနက် (အဖြည့်ခိုင်းမည်) ယခုနေ့ကဘဲကြေငြာမည်ဟု ပြော၍ မင်းချင်းတဦးအား မောင်းသမား ၅၀-လောက်ကိုခေါ်၍ ကြေငြာလေစေဟု စေသည်။ ကြေငြာသတင်းကိုကြားရလျှင် (ဖြည့်မယ်ဟု) လာကြသည်အလွန်ပင်များလှ၏။ (ဖြည့်သော်လည်း) မပြေနိုင်ဖြစ်၍နောက်တနေ့ကို ရွှေ့ရသည်။ ထိုအခါကျေးတောမှ လာသောလုလင်ပျို (မောင်တာနော)ဆိုတာသည် သတင်းကြား၍ရောက်လာပြီး (ဖြည့်မည်ဟု) ကြေငြာသည်။

(ဝန်မင်းအချိုးကား) [နာခံရယ်သေ၊ နတ်ပြည်ကို့အထိ] (မောင်တာနောကဖြည့်သည်ကား) [နောက်ထပ်

လူ ကိုတာနော၊ သောတာပတ္တိ ]ဟူ၏။ ဤပုံဖြည့်စွက်နိုင်သဖြင့် ဘုရင့်ကိုယ်တိုင်ကပင် ငါ၏အချီးလဲ မောင်မင်း ဖြည့်စွက်ရမည်ဟုပြောပြီး အခံပိုဒ်ရွတ်ပြသည်ကား [ ကုဏ္ဍလာ၊ ဒုမ္မာကဲ့ ပြန့်ပြော ] တာနောဖြည့်ပုံမှာ [ ကုမ္ဘီရယ်၊ ကုမ္ဘာန်တို့ မြူးပျံ့သည့်တော။ ]

(၁) နာခံရယ်သော၊နတ်ပြည်ကဲ့ အထိ။ ။ဝန်ကြီး၏အခံပိုဒ်။

(၁) နောက်ထပ်သူ၊ ကိုတာနော သောတာပတ္တိ။ ။ မောင်တာနောအအုပ်ပိုဒ်။

(၂) ကုဏ္ဍလာ၊ ဒုမ္မာကဲ့၊ ပြန့်ပြော။ ။ဘုရင်၏အခံပိုဒ်။

(၂) ကုမ္ဘီရယ်၊ ကုမ္ဘာဏ်တို့၊ မြူးပျံ့သည့်တော။ ။ မောင်တာနောအအုပ်ပိုဒ်။

ဤပုံ အခံပိုဒ်ကို အုပ်နိုင်သော မောင်တာနောမှာ ဝန်ကတော်လဲရ၊ ပစ္စည်းရ၊ ဝန်ကြီး၏ နာခံရာထူးလဲ ရတော့သည်။ ။သာသနာတော်(၅၀၀၀)အတွင်း၌နေကြသော ယောဂီများလဲ ကိလေသာရောဂါကို ဓါတ်ဆေးဖြင့် ကုသနိုင်သော် ၃၅-ဌာနလဲရ၊ ၆၇-ဆင့်လဲရ၊ ၁၀၅-ဆင့်လဲရ၊ ဥပမာ ၃-မျိုးနှင့် ယခုနေ့ကစ၍ နိဗ္ဗာန်အထိ လောကုတ္တရာနယ်၌၊ မဂ်နဲ့ဖိုလ်နဲ့ တက်ရောက်ခံစား စံစား၍သွားရမည်။

၂၂။ ရှေးအခါ တုန်းက၊ သီးလုံးဆိုတဲ့ ရွာကြီးမှာ ဦးစန္ဒောဆိုတဲ့ ဘုန်းတော်ကြီးတပါး ကျောင်းထိုင်၍နေ

တယ်။ ကဆုန်လထဲမှာ ညောင်ရေသွန်းပွဲနှင့် ဘုံရှင်ပြုပွဲ တွဲစပ်၍ပြုကြသည်။ မိုဃ်းရွာခြင်းကိုစိတ်မချသဖြင့် ပွဲကပြရန် ရုံပွဲကြီးဆောက်၍ နှီးသက်ကယ်ဖြင့်အလုံမိုးထားကြသည်။ နံဘေးကတော့နှီးကြမ်းဖျာများဖြင့် ခြံရံ၍ထားကြသည်။ ညောင်ရေသွန်း ပွဲကလဲစည်ကား၊ ဘုံရှင်ပြုပွဲကလည်း ရှင်လောင်း (တရာ) ကျော်မို့ စည်ကား။ ရွာနီးပတ်ဝန်းကြင်ကလဲ လူများဖြင့် စည်စည် ကားကား လာရောက်ကြသည်။ ဘုန်းတော်ကြီးဦးစန္ဒောမှာ မူလကပင် ဩဇာကြီးကြီးနေလာသည်။ ညဉ့်ပွဲကကြတော့၊ ရွာသူကြီး၏ အခိုင်းအစေ ကျွန်လူယုံဖြစ်နေကြသော (၁) လုထွေး။ (၂) ငသီးတို့ ၂-ဦးဟာ သူကြီး၏မျက်နှာနှင့်မို့ ဦးစန္ဒော၏အမိန့်ကိုတော်လှန်ကြသည်။ ဦးစန္ဒောက ရပ်ရွာဂုဏ်ရှိအောင်၊စည်းကမ်းသေဝပ်စွာ နေသည်ဟု ရွာအများမှ နာမည်ကောင်းရစေရန်စသည်ဖြင့် ဩဝါဒပေးထားသည်။ ဇာတ်မင်းသမီးများ အဝတ်လဲ လှယ်တာကို ချောင်းမြောင်း၍ မကြည့်ကြရန်လဲပါသည်။ တပေမဲ့ မိုဃ်းဖွါးကလေးကလဲ တဖွဲဖွဲရွာနေသည်။ သူကြီးလူဖြစ်သော လုထွေးနှင့် ငသီးတို့ဟာ မင်းသမီးများ အဝတ်အစားလဲလှယ်တာကို ချောင်းမြောင်း၍ကြည့်ရတာကိုပင် အားမရသေး၍ ဖျာထရံကို ခွါပြန်၍ကြည့်ကြသည်။ လေနှဲ့မိုဃ်းဖွါးဖက်၍ စိုစိုထိုင်းထိုင်းဖြစ်ကြသည်။ ဇာတ်ပိုင်ဇာအုပ်လူကြီးကဖြစ်ရပ်အကျိုးအကြောင်းဆိုးအကောင်းကို ဦးစန္ဒောအား လာ၍ တိုင်တမ်းသည်။

ဦးစဖန္ဒာက အနီးအပါးလူကို ခေါ်၍မေးတော့ သူကြီး၏
ကျွန်ယုံဖြစ်သော လှထွေးနှင့် ငသီးတို့ ကစ၍ လုလင်ပျို
တွေပါ ကြည့်ကြောင်းပေါ်၍လာသည်။ နံနက်ရောက်
သော့ လူပုံလယ်မှာ ဦးစန္ဒောက ဒေါပါပါ၊ ဟန်ပါပါနှင့်
၄-ဆစ်ချိုးကလေးကို ဖတ်၍ပြသည်။ (၁) (င)လခွေး၊
လှထွေးကဗွေဆော်။ (၂) ဖျာထရံကွာလန်ခြင်းမှာ ဒင်း
လက်ချက်နှော်။(၃)သူကြီးမို့ သာပ၊(င)သီးတို့ကွက်မပေါ်
မြွက်ဖေါ်ဝံ့ပါဘူး။ (၄) ခေါင်အအကတ်တွင်မှ ရှောင်ခက်
အောင်စိုသို့ဘော့ရွှတယ်၊ (ကွယ်တို့ရယ်။) ကဲကြပုံထူး။]
ဒီတော့မှ သူကြီးမှာ လူပုံခြားထဲ၌ အရှက်ကွဲပြီး မျက်နှာမဲ
၍ လှထွေးနှင့် (င)သီးကိုဆဲရေးပြီး ဒဏ်ပေးတော့သည်။
အဲဒါဥပမာပါဘဲ။ယခုလဲသာသနာငါးထောင်ဆိုတဲ့ ဇာတ်
ရုံကြီးထဲမှာ ဝိပဿနာနဲ့ ကကြ,ပြကြတော့ မဂ်ဖိုလ်ကို ယူ
မည်ဟုလုပ်နေတုန်းမှာ၊(၁)ငပျင်းက ပျင်းပျင်းပြနေတယ်
(၂) မောင်ငိုက်လဲ ငိုက်ငိုက်ပြနေတယ်။ (၃)မခံချင်ကလဲ
ပူရင်မခံချင် ယားရင်မခံချင်၊ ညောင်းကိုက်လါရင် မခံချင်
နှင့်တရားအလုပ်ကိုဖြုတ်ဖြုတ်ပြစ်နေတော့သည်။ (၄)အသိ
ရှိနေတဲ့ လူတွေကလဲ ခါတ်ပေါ်ရင်ဘဲ မိမိသိထားတာကို
ရောရောပြီးထဲ့ထဲ့နေပြန်သည်။ (၅) မောင်ဝီစိကလဲ ဤမျှ
နှင့် မဂ်ဖိုလ်ကို ရပါ့မလားနှင့် ဝိစိကိစ္ဆာ ဖြစ်ဖြစ်နေသည်။
အဲဒါတွေကြောင့် မဂ်ဖိုလ်ကိုမရကြတာပါဘဲ။

၂၃။ (၁)နာထပိဏ် ဝိသာခငယ်နှင့် ဒွေးရထ စူမဟာ

(၂) အနေကာမာဃဿန္ဒရယ် နာဂဒတ္တာ။ (၃)နတ်ငါးဖြာ လူမှာဥဘော။ (၄)ဘုံစဉ်စံသောတာ ပတ်ကယ်လို့၊ ကျမ်းမြွက်မိန့်ဟော။ ]ပန်းတောင်း ဆရာတော်ဘုရားကြီး။

[ဓါတ်ရှုလို့ သက္ကာယဒိဋ္ဌိကွာ၊ ဝိစိကိစ္ဆာကွာပြီး သောတာပန်တည်ရာ၌။ ]အချို့ကား ဝဋ္ဋာဘိရတ သောတာပန်နှင့်နေကြရသည်။ဘုံစဉ်စံ ၇-ဦးတို့တည်း။(၁)အနာထပိဏ်သူဌေးကြီး။(၂)ဝိသာခါဒါယိကာမ လူထဲက ၂-ဦးပါဘဲ။ (၃)စူဠရထနတ်သား။(၄)မဟာရထနတ်သား။(၅)အနေကာဏ္ဍနတ်သား။ (၆)မာဃသိကြားမင်း။ (၇) နာဂဒတ္တနတ်သား နတ်ထဲကငါးဦးစုစု ၇-ဦးပါဘဲ။ဝိသာခါ ၇-ဘဝနှင့်ပုံစံပြရသော်။(၁)ဝိသာခါဘဝ၌ အနှစ် ၁၂၀-ပ ါ။ (၂) နိမ္မာနရတိ နတ်ပြည်၌ မိဖုရားဘဝနှင့် ၂၃၀-ကုဋေ၊၄-သန်းနှစ်ပေါင်းပါဘဲ။ (၃) အဝိဟာပြဟ္မာနဲ့ ကမ္ဘာတထောင်။ (၄)အတပ္ပါပြဟ္မာနဲ့ကမ္ဘာ ၂-ထောင်ပါ။ (၅) သုဒဿာပြဟ္မာဘဝနဲ့ကမ္ဘာ ၄-ထောင်ပါ။ (၆) သုဒဿီပြဟ္မာဘဝနဲ့ ကမ္ဘာရှစ်ထောင်ပါ။ (၇) အကနိဋ္ဌာပြဟ္မာဘဝနဲ့ ကမ္ဘာ တသောင်း ၆-ထောင် ၇-စုပေါင်းတော့ ကမ္ဘာပေါင်း (၃၁၁၀၀)နှင့် ၂၃၀-ကုဋေ၊ ၄-သန်း ၁၂၀-နှစ်ပေါင်းကြာရ၏။ ၃၅-ဌာန၊ ၆၇-ဌာန၊ ၁၀၅ ဌာန၊ ဥပမာ ၃-မျိုးနှင့် သူတပါးက နှမ်းတလုံးအကျိုးဆိုလျှင် သူတို့မှာ အကျိုးက မြင့်မိုရ်ပမာပါဘဲ။ သူတပါးအကျိုးက နှင်းတပေါက် ဆိုလျှင်။ရှင်းတို့က သမုဒ္ဒရာ ၄-စင်းထဲကရေပမာအကျိုးပါဘဲ

သူတပါးအကျိုးက ဆီးစေ့ဆိုလျှင် ၎င်းတို့က စကြာဝဠာ တခုအပြည့်အရှိန်ပါဘဲ။ဤလို အကျိုးကြီးကျယ်၍ သွားပါ လိမ့်မည်။

၂၄။ (၁)မီးမျိုက်ရာ ကုန်းမြေစပ်မှာလ သီးလိုက်ထါ လုံးရေမမှတ်နိုင်ဘူ ရုံးပဒေတရပ်ကယ်နှင့် ဗူးဖရုံ။(၂)အထူး အမြွတ်သာပ လူး ဆတ် ဂျုံ ချင် ပေါင်နှင့် စုံလင်အောင် ယာပြင်ကြီးမှာလ ခဲရွေ ကလပဲတွေ သီးရှာကြ ချီးအုံ့မ ကုန်။ (၃) ဆင်သင့်ရုံကျွန်ုပ်စားရန်ဘို့ ပင်ကင်းဗုံ ပြုပ် သခွါးရယ်နှင့် လုပ်စားရန် ဖေါ်မတောင်းရအောင် ကြေး ဝင်အောင် ဆေးပင်နှင့်ပေါင်းလိုက်တော့ ပြောင်းစိုက်ပါ တဲ့အပင်စုံ မြင်ရုံနှင့်စိတ်ရွှင်လန်း။(၄)သဗွတ်ပင်မဆွတ်ခင်၊ ညွဘ်ချင်ရက်ကာယ်နှင့် အခက်ပါမထင်ဘူ၊ ယာအဝင် ရှုတ်မ ပြီးခင်က နုတ်ပြီးကာ ဘမင်ပယ်ခဲ့တော့ အမြင်ကွယ် ဆင် စွယ်ကြီးကဲ့သို့ ခရီးတတာလောက်ကယ်က တဖေမြင်ဘွယ် ဆန်းပါဘိ။(တပည့်ရယ်။)အသီးတထွာ လောက်ကယ်နှင့် အရှေဆင်စွယ်ခရမ်း။]အင်္ဂပူမြို့ အင်္ဂပူဆရာတော်ဘုရားကြီး ရေးသည်။ ။အပင်တွေထွားထွား အကိုင်းတွေများများ အရွက်တွေဖါးဖါး၊ အသီးတွေ ကြွားကြွား၊ ရှေ့ပုံကလျှား လျှား၊ အားပါးတရ သီးသီးပြကြတာမှာ ယခု ဆို ပြတဲ့ သဖြန့်လေးချိုး၏အတိုင်းပါဘဲ။ ဘာကြောင့် ဤပုံကြီးပွါး စည်ကား တိုးတက် ဖွံ့ဖြိုးရပါသနည်းဟူမူ။ ယာထဲ၌ မထွန် မယက်ဘဲ့က မျိုးမချမီက ခြုံတွေကိုခုတ် အမှိုက်တွေပုံ၊ နေပူ

လှမ်းပြီး မြေကို မီးလောင်အောင် မီးရှို့တဲ့အတွက်၊ မြေ တွေဟာဆွေးပြီး သစ်ပင်ကို အားပေးတော့သည် ။ဒီပုံမ ဟုတ်ပါဘဲ။ ရိုးရိုးနှင့် မြေကြီးကို ထွန်ယက်ပြီး မျိုးချ၍စိုက်၊ သော် အပင်ပေါက်လာပေမဲ့ အပင်ကသိန်သိန်၊ အရွက်က လိန်လိန် အသီးကပိန်ပိန်နှင့် စားရပြန်တော့ ဇိမ်မရှိဘဲ ဖြစ် တတ်သည်။ မြေကိုမီးမရှို့လို့ပါ။ ယခုလဲ ကိလေသာတို့ကို ဓါတ်မီးရှို့ပြီး (ဈာဃေထဘိက္ခဝေ။) အရင်ပယ်သနာအား ထုတ်သော် ယခုနကစ၍နိဗ္ဗာန်အထိပင် ၃၅-ဌာန၊၆၇-ဌာန ၁.၅-ဌာန၊ ဥပမာ ၃-ပါးနှင့်ဆန်တက်၍ သွားပါမည်။ (ဝိပဿနာမပါသေးဘဲ။) ရိုးရိုးဒါန၊ သီလ၊ သမထ၊ ဝိဇ္ဇာ အဘိညာဉ်၊ သမာပတ်၊ ဈာန်လောက်နှင့် ကျင့်ကြံနေသော တသိန်သိန် တလိန်လိန်၊ တပိန်ပိန်နှင့် ညှိုးညှိုး မှိန်မှိန် ဂုဏ် သိမ်မရှိဘဲ။ဝဋ္ဋလယ်၍နေမည်။

၂၅။ (၁)ရှေ့တွင်သာ နေ့အင်္ဂါလာမယ်ဘုရားငယ်လို့ ဆရာ့သံဝန်ခံချက်ကယ်နှင့် ဆုံမြွက်ကာသွား။ (၂) နေ့က် အင်္ဂါရောက်လျှင်ကြာ လာလိမ့်နိုးရယ်နှင့် ရက်တွေကို လက် ရေချိုးရတယ် (ဇီနေရယ်) ကိုးမျှော်ချက်မှား။] ပန်း တောင်းဆရာတော်ဘုရားကြီး။ ။ဉာဏစာဂိနှင့်တရှယ်ထဲ သက်တူ ရွယ်တူဖြစ်သော ဦးဇိနေရသသည်၊ပန်းတောင်း ဆရာတော်ကြီးထံသို့လာပြီး တပည့်တော် နေ့ရပ်သို့ ခေတ္တ ပြန်ပါရစေဟုလျှောက်သည်။

ဆရာက။ ။ဘာကိစ္စရှိလို့လဲဟုမေးတော့။

ဦးဇိနေ့က။ ။အနန္တကျေးဇူးရှင်နှင့် ကပ်ပြီး မိခင်နေမကောင်းလို့ပါဘုရားတဲ့။

ဆရာကစောင့်ပါတွေ နောက်ကြပြီး ကျန်ရစ်ခဲ့တော့မယ်ကွယ်ဟု ငြီးတွားသည်။

ဦးဇိနေ့က။ ။အင်္ဂါနေ့ပြန်၍ လာပါမည်ဟု ဝန်ခံဂတိနှင့်သွားသည်။ အင်္ဂါနေ့ရောက်လဲ မပြန်လာ နောက်အင်္ဂါနေ့ ရောက်ပြန်တော့လဲ မပြန်လာပါ။ ဒါကြောင့် ဆရာတော်ကြီးက (အစဉ်ရေးခဲ့သော ဒွေးချိုးရေးပြီးခေါ်ရလေသည်)။ ။ယခုလဲ ယောဂီဗုဒ္ဓဘာသာတွေဟာ ဒါနသီလ၊ သမထစသည်တို့ကိုပြုလုပ်ပြီး။ ဘယ်ဘုရားလက်ထက်၌ မဂ်ဖိုလ်သို့လာခဲ့ပါမည်။ ဟိုဘုရားလက်ထက်၌မဂ်ဖိုလ်သို့လာခဲ့ပါမည်။ တနည်း ဒါနမှ၊ သီလမှ၊ သမထမှ၊ ဝိပဿနာသို့ပြန်လာခဲ့ပါမည်ဟု ဝန်ခံဂတိရှိနေပါသော်လည်း ယနေ့အထိ ဘဝခရီးတွင် ဝိပဿနာဆီသို့မပြန်လာကြသေးပါ။ ဝိပဿနာသို့မရောက်ကြသေးလျှင် ၃၅ ဌာနမှလွတ်ပြီ၊ ၆၇-ဌာနမှလွတ်ပြီ၊ ၁၀၅-ဌာနမှလွတ်ပြီ။ ဥပမာ ၃-မျိုးမှလွတ်ပြီ၊ အပါယ်ဘုံနှင့် ရေစစ်တွေကိုပြုလုပ်ကြရသည်၊ အပါယ် ၄-ဘုံနှင့်စခန်းချုပ်ရသည်။ သတိနှင့်ပြန်လာကြပါတော့။ ။

၂၆။ ဝိပဿနာအကျက် စံနည်း၊ တဘောင် စသည်တို့ပေါ်နေပုံများမှာ။ ။ချန်ကုန်မြို့ထဲ၌ ဒ-ဝိုင်းကြီးကိုးခုပေါ်နေသည်။ ဝိုင်းဝိုင်းစက်စက် အကျိုးပေးတော့မည်×

အကုသိုလ်ကိလေသာများ သုညဖြစ်တော့မည်၊ (ဝ,ရှိ၍ ဝိ,နိုင်ကြတော့မည်) ဝ,ဝကြီးအကျိုးခံစားကြရမည်။

၂၇။

| | | | |
|---|---|---|---|
| ရွှေ | ဘုန်း | တော် | တိုး ပါလို့ |
| ၄ | ၅ | ၇ | ၇ |
| ငွေ | မိုး | တွေ | ရွာ |
| ၂ | ၅ | ၇ | ၈ |

ရွှေလေး၊ ဓါတ် ၄-ပါး။ ဘုန်းငါး၊ သမ္မာဒိဋ္ဌိငါးပါး။ တော် ၇-ပါး၊ဝိသုဒ္ဓိ ၇-ပါး။တိုး ၇-ပါး၊ ဗောဇ္ဈင် ၇-ပါး။ အဲဒါတွေဟာ ဓါတ် ရှုလျှင် ရောက်လာမည်။

နိုင်ငံတော်၊ ပြည်အရေးက သာလှတယ်လေး။ ။ဟူ၏

တဲ့ တဖန်။ ငွေ ၂၊ ရုပ်နာမ် ၂ ပါး မိုး၊ ငါး။ ခန္ဓာ ငါးပါး တွေ ၇၊ ဝိသုဒ္ဓိ ၇-ပါး၊ ရွာ ၈၊ မဂ္ဂင် ၈ ပါး။ အဲဒါတွေပါ စုံစုံလင်လင်နှင့် ပြည်ပြည့်ဝဝကြီးရကြမည်ဟု လောကုတ္တရာနည်းနဲ့လဲ ကောက်ယူကြပါ။ (သူ့လင်္ကာ အတိုင်းတော့) လောကီဘက်က တိုးလိမ့်မည်ဟု လူတိုင်း ကောက်ယူကြပါလိမ့်မည်၊ ၂-နည်းယူကြပါလေ။

## ၂၈။ ဗုံတီးတော့တဘောင်ပေါ်ပုံ

| | | | |
|---|---|---|---|
| ရွှေ | အိုး | စည် | လွယ် |
| ၄ | ၁ | ၃ | ၄ |
| လိမ်ဖယ်ဖယ်တီးပါလို့ | | | |
| အဲဒါဖယ်ပြီ ပယ်ပြီတဲ့ | | | |
| လက်သီးကို ရွှေချမယ် | | | |
| ၄ | ၆ | ၂ | ၄ |

ရင်းတဘောင်၌။ ရွှေ ၄၊ ဓါတ် ၄-ပါးပါဘဲ။ အိုး ၁၊ သတိပါဘဲ စည် ၃၊ လက္ခဏာရေး ၃-ပါးပါ ပါဘဲ။ လွယ် ၄၊ သစ္စာ ၄ ပါးပါ ဘဲ။ ဒါတွေကိုရှုရသော (လိမ်ဖယ်ဖယ်တီးပါလို့) ဆို၍ အလိမ်တွေ၊

အညာတွေ၊ အမှားတွေကိုဖယ်ပါပြီ၊ ပယ်ပါပြီ၊ သတ်ပါပြီ ပြာချပါပြီတဲ့။ လက် ၄၊ ဓါတ် ၄-ပါး။ သီး ၆၊ ဓါတ် ၆-ပါး။ ကို ၂၊ ဖြစ်ပျက်။ ရွှေ ၄၊ သစ္စာ ၄-ပါးအထိတက်၍ လမ်းစဉ်အတိုင်း တမဂ်ပြီး တမဂ်၊ တဖိုလ်ပြီးတဖိုလ် တက်တက်သွားမည်ဟူ၏။

၂၉။ ပရမတ်ဝိပဿနာနှင့် ပညတ်ဝိပဿနာ အတုပေါ်မည့်နိမိတ်။ ။(၁) [လူကလေးရယ်ငို၊ ခိုဖမ်းလို့ ပေး။ (၂) ခိုဖြူခိုပြာ နက်ကယ်၊ ဖမ်းခက်လှသေး။] (ရှေးဆရာများ) ဗုဒ္ဓဘာသာယောဂီတွေဟာ ပရမတ္ထဝိပဿနာကို လိုချင်ကြသည်။ မရသဖြင့် ငိုချင်ကြသည်။ ဖမ်း ပေး တော့ ပညတ် ဝိပဿနာ အတု၊ အပ (၁၇) ကိုသာ ရကြသည်။ အစစ်အမှန် ဝိပဿနာကိုမူကားအဖမ်းခက်လှသေးတယ်ဟု ဆိုနေကြပါသည်။ (နိဗ္ဗာန်ဝင်လမ်းဓါတ်ကမ္မဋ္ဌာန်း၌ပါ၏)

၃၀။ ဘုန်းကြီးတဲ့လူရှင်ရဟန်းများ အိပ်ပျော်နေသည့်တဘောင်။ ။[ဘိုးသူတော်ကြပ်တလုံးနှင့်၊ ကျောင်းကုန်း၌ အိပ်လို့ ပျော်။ သူ့ဆန်ခိုး၊ ခိုးမှန်းမသိ။ သူ့ထိပ်ထိုး၊ ထိုးမှန်းမသိ]။ ။ငါတို့တတွေဟာ ကျမ်းဂန်အရ စစ်ဆေးကြည့်တော့။ သာသနာတဝက် တေဝိဇ္ဇရဟန္တာခေတ်မှာ လူလာဖြစ်ကြ ဗုဒ္ဓဘာသာထဲ လာဖြစ်ကြတာမို့ အဘိုးတန်တဲ့ သူတော် ကောင်းကြီး တွေပါဘဲ။ (ဒါကြောင့် ဘိုး×သူတော်×ဟုခေါ်ရတာပါ ဒါလောက် တောင် မြင့် မြတ် အဘိုးတန်သူတော်ကောင်းကြီးတွေဖြစ်ကြပေမဲ့ (သီလနှင့်

ထိမ်းရကျောင်းရမည့်) ကျောင်းကုန်းမှာ မေ့လျော့မျော မေ့၊မောဟဖြင့်အိပ်၍ပျော်ပျော်နေကြ တော့သည် [သမတ ရာထူးရမေ့ပျော်၊ ဝန်ကြီးချုပ်ရာထူးရမေ့ပျော်၊ ဝန်ကြီး များရာထူးရမေ့ပျော်၊ အတွင်းဝန်ရာထူးရမေ့ပျော်၊ တိုင်း မင်းကြီး ရာထူးရမေ့ပျော်၊ အရေးပိုင်ရာထူးရ မေ့ပျော်၊ ဝန်ထောက်ရာထူးရမေ့ပျော်၊ မြို့ပိုင် မြို့အုပ် ရာထူးရမေ့ ပျော်၊ စက်ပိုင်သူဌေးဖြစ်၍မေ့ပျော်၊ ကုန်သည်ပွဲစားဖြစ်၍ မေ့ပျော်] စသည်ဖြင့် (ကျောင်းကုန်း၌အိပ်၍ပျော်နေကြ သည်ဟူ၏) (၁ (သူ့ဆန်ခိုး ခိုးမှန်းမသိ) ဆိုတာ သံသရာ အစကပြုခဲ့သော ပါရမီ ၁၀-ပါး၊ စရိယာ ၃-ပါး၊ စွန့် ခြင်းကြီးငါးပါး၊ သုစရိုက်ဆယ်ပါးဆိုတဲ့ စားဘို့ဆန်တွေ ကို (အဝိဇ္ဇာပစ္စယာသင်္ခါရာ) ဟုမြတ်စွာဘုရားက ဟော ထားသည့်အတိုင်း အဝိဇ္ဇာကခိုးခိုးယူထားသဖြင့် အဝိဇ္ဇာ၏ ပစ္စည်းတွေသာဖြစ်နေရတော့သည်။ ပြုတော့မိမိက ရတော့ အဝိဇ္ဇာကဟူ၏။ (သမင်မွေးရင်း၊ ကျားစားရင်း) ကဲ့သို့ ဖြစ်နေသည်။ (အကျယ်ခွဲ၍ရှင်းပြကြပါတော့) (၂) သူ့ ထိပ်ထိုး၊ ထိုးမှန်းမသိ) ဟူသည်ကား။ တနေ့လုံး၊ တရက် လုံး၊ တလလုံး၊ တနှစ်လုံး၊ တဘဝလုံးပင် လောဘကဝင် ထိုးလာလိုက်၊ ဒေါသကဝင်ထိုးလာလိုက်၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆေရ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာစသော အကုသိုလ်တွေရော ကိလေသာ ၃-ပါး၊ ၁၀-ပါး၊၁၅၀၀-တွေရော၊တိုးတိုးဝင်လာသည်။လာလိုက်ခဲ့

ပေတော့။ လောဘကြောင့် ပြိတ္တာဘုံ ဒေါသကြောင့်ငရဲဘုံ မောဟကြောင့် တိရစ္ဆာန်နဲ့ အသူရကာယ်ဘုံသို့ လိုက်ရမည်ဟု၊ စက္ကန့် မိနစ်နှင့် တလဇာတ် လာခေါ်နေသည်။ ဓါတ်တရား၌ပွါးပါမှ ရှင်းရှင်းကြီး လွတ်မြောက် ရွှင်လန်း ဧးချမ်းမည်။

## ၃၁။ ဓါတ်တရားမှမရခင်မသေပါနှင့်အုန်း ဆိုတဲ့တဘောင်

(၁) [အဘိုးကြီးအိုကုံးကုံး မသေပါနှင့်အုန်း။ (၂) နေ့ခင်နှစ်ခါတန်ဆောင်မုန်း ပွဲကြည့်ပါအုန်း။] သာသနာတဝက်၌ တေဝိဇ္ဇရဟန္တာခေတ်ထဲမှာ လူဖြစ်လာကြ ဗုဒ္ဓဘာသာဖြစ်လာကြသဖြင့် အဘိုးတန်တဲ့ လူကြီးတွေတဲ့နေ့ခေါ်ပုံလဲ သတိနှင့် ကြည့်ကြပါ။ သင်တို့ဟာ ဒါလောက်တောင်မှ အဘိုးတန်သော ရဟန္တာလောင်းကြီးတွေဖြစ်ပါလျှင်နှင့် (အကုသိုလ်တွေကိုသာ ကုန်း ကုန်း ထမ်း နေ ကြတယ်၊ ကိလေသာတွေကိုသာကုန်းကုန်းထမ်းနေကြတယ်။) ဒါကြောင့် အဘိုးကြီးအို ကုံးကုံးဟုခေါ်ဆိုရတာပါ။ (၂) မသေပါနှင့်အုန်း ဓါတ်တရားလောက်မှ မရကြသေးဘဲနှင့် တေဝိဇ္ဇရဟန္တာကို မရကြသေးဘဲနှင့် မသေကြပါနဲ့အုန်းတဲ့။ (နေ့ခင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါအုန်း။) ဆိုတာ နောက်နေ့ခင်ကာ လာမည့် (အနှစ်-၅၀၀) ပတ်လုံးဟာ ဝိမုတ္တိယုဂခေတ်မို့၊ တန်ဆောင်တွေ ထွန်းညှိမည့် ပရမတ်

ရောင်၊ ဓါတ်အရောင်၊ သစ္စာအရောင်၊ မင်္ဂရောင်၊ဖိုလ်ရောင် များ တပြောင်ပြောင်ထွန်းညှိမည့်အချိန်အခါလာနေပါပြီ အရိယာပွဲ၊ မင်္ဂပွဲ၊ဖိုလ်ပွဲကိုကြည့်ရှုကြပါအုန်းဟုလို။

## ၃၂။ ကလေးတမျှ ဗုဒ္ဓဘာသာတွေကို ချော့ချော့ဟောနေရပုံ

[လူကလေးရဲ့ ချော့စရာ မိတ္ထီလာကန်တော်အောက်က ဖါးကောက်ခဲ့ပါ။ ဖါးပါလျှင် တကောင်ပေးပ မျက်လုံး ယ်ကြောင်တောင်တောင်နှင့် ဖါးကောင်ကသေး။] သံသ ရာဘလျှောက်လုံး ပါရမီတွေကို ဖြည့်ဖြည့်ပြီး လာကြပေမဲ့ (စာနဲ့ပေနဲ့ညှို့ရှုကြည့်တော့ ယခုလူတွေဟာ (လူကလေးမျှ ပင် စိတ်ထားရှိနေကြတယ်။) စိတ်ထား မကြီးကြပါ။ ဒါ ကြောင့် ၎င်းတို့ကို[ယနေ့ကစပြီး နိဗ္ဗာန်အထိ ခံစား စံစား ပျော်ပါး၍သွားကြရမည်ဖြစ်သော ၃၅-ဋ္ဌာနနှင့် ၆၇-ဋ္ဌာန နှင့် ၁၀၅-ဋ္ဌာနနှင့် ဥပမာ ၃-ဋ္ဌာနနှင့် ချော့ကာ မော့ကာ ဟောခဲ့ရသည်။(မိတ္ထီလါကန်တော်အောက်က ဖါးကောက် ခဲ့ပါ။)ဆိုတာ။ (ဝိမုတ္တိယုဂခေတ်ထဲက အာစာရအရိယာဘဲ ဖြစ်ဖြစ်၊ ဒဿနအရိယာဘဲဖြစ်ဖြစ်၊ လိင်္ဂအရိယာဘဲဖြစ်ဖြစ် ပဋိဝေဓအရိယာဘဲဖြစ်ဖြစ်၊ မင်္ဂ ၄-ပါး၊ ဖိုလ် ၄-ပါးဘဲဖြစ် ဖြစ် တခုခုကောက်၍ပေးခဲ့ပါတဲ့ဗျာ့။Xတနည်း ဖါး ၅-မို့ ခန္ဓာငါးပါးပေါ့ဗျာ။X ကောက် ၂-မို့ ရုပ်နာမ် ၂-ပါး။ ငါ၊အဖြစ်အပျက်ပေါ့ဗျာ။ အဲဒါထဲက တပါးပါးရအောင်

ကောက်၍ပေးခဲ့ပါတဲ့ဗျ။× ဖါးပါလျှင် တကောင်ပေးပ။) ဆိုတာ ၁၅-ခန္ဓာငါးပါးထဲက(ရူပက္ခန္ဓာဘဲဖြစ်ဖြစ်တခုကိုပေးခဲ့ပါတဲ့။) ကျန်ခန္ဓာတွေ ထဲကလဲ တခုခုကို ပေးခဲ့ပါတဲ့ဗျ။ (မျက်လုံးငယ် ကြောင်တောင်တောင်နှင့် ဖါးကောင်က သေး)ဆိုတာ ပေးမွဲပေးပေးနေကြတော့ ပညတ်ဝိပဿနာ ၁၇-ပါး အသေးစားထဲကသာ ပေးပေးနေတာမို့ ဖါးကောင်ဖြင့်သေးနေပါတယ်တဲ့[ပညတ်ဝိပဿနာအတု(၁၇) ပါးနှင့်ပရမတ်ဝိပဿနာအစစ်(၁၆)ပါးကို ဝိပဿနာ ၃၃-ဆင့်ကျမ်း၌ရှင်းရှင်း လင်းလင်းကြီးရေးပြထားပါသည်။]

## ၃၃။ တရားနာ နားပန်ဘို့အတွက်မို့ ကိလေသာ တွေမအုပ်ပါနဲ့ဦးတဲ့

[ပျိုလေးတို့အိမ်ဦး ဆပ်သွားဖူးတဲ့ တရံ ၂-ရံ ကျေးတွေကအုံ။× မအုံပါနဲ့ကိုရွှေကျေး။× ပျိုတို့မောင် ရှင်လိုင်ပြန်တော့ နားပန်ဘို့လေး။]ရှေးဆရာများ။(၁)ပျိုလေးတို့အိမ်ဦး ဆိုတာ အပါယ်ဘုံ ×ကာမ ၁၁-ဘုံ။×ရူပ ၁၆-ဘုံ အရူပ ၄-ဘုံ။(၃၁) ဘုံအိမ်ဦးပါဘဲ၊ (၂) ဆပ်သွားဖူးတဲ့ တရံ ၂-ရံ ဆိုတာ သမထယာနိက ကမ္မဋ္ဌာန်းကတရံပါ။သုဒ္ဓဝိပဿနာယာနိက ကမ္မဋ္ဌာန်းတကရံပါဘဲ။ (၃) ကျေးတွေကအုံ ဆိုတာ အဝိဇ္ဇာနဲ့တဏှာ မူလ၂-ပါးဖြင့် အခြံအရံတွေပါ၊လာလာပြီး အုံအုံနေကြသည်။ (ခန္ဓာထဲ၌ လောဘမီး ဒေါသမီး မောဟမီး လောင်လောင် နေကြသည်ဟူ၏။

(၄)မအုံပါနဲ့ ကိုရွှေကျေးဆိုတာ အဝိဇ္ဇာစက် အခြံအရံနှင့် တဏှာစက်အခြံအရံတို့ မလာကြပါနှင့်အုန်း။ ဒါနပြုတုန်း သီလစုတုန်း၊ သမထရှုတုန်း ဝိပဿနာ လုတုန်းပါဘဲတဲ့။ (၅)ပျိုတို့မောင် ရှင်လိုင်ပြန်တော့ နားပန်ဘို့လေး၊ဆိုတာ ပုထုဇဉ်နယ်မှ အရိယာနယ်သို့ ရှေးကဆုတောင်း ပတ္ထနာ ထားတဲ့အတိုင်း ပျံတက်လာတော့ နားပန်မည်၊ ကြားနာ မည်ဟူလို။

၃၄။ [ကြောင်ဖါးရဲ့ မြီးတန်တို့ အဆီကိုစားပါလို့။x အသားကိုမျှ။x ကြောင်အိုပေမှေး၊x ကိုက်လွှဲပါလေး။] ရှေးဆရာများ။ ။ကြောင်ဖါးရဲ့မြီတန်တို့ဆိုတာ ကြောင် ၂- ရုပ်နာမ် ၂-ပါး။x ဖါး-၅ ခန္ဓာငါးပါး။ ၎င်းကိုရလျှင် သံသရာတန့်ပါပြီ၊ တိုပါပြီတဲ့။x အဆီကိုစားပါလို့ဆိုတာ (၃၅-ပါး၊၆၇-ပါး၊၁၁၅-ပါး၊၃-ပါး)ကိုရရသွားမည်တဲ့။ အသားကိုမျှဆိုတာ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန်၊ မဂ်ဖိုလ် နိဗ္ဗာန်အထိ မျှမျှသွားတဲ့ တရားကိုကျင့်နေပါတဲ့။ ကြောင်အိုပေမှေး၊ ကြောင် ၂-ရုပ်နာမ်ကို၊ အို ၁-သတိက ပေ့ပေပေါ်တင်ပြီး အမြဲထု၍ မှေးမှေး တွယ်ကပ်ရပ်ငြိး နိဗ္ဗာန်အထိ မခွဲဘဲပေကပ်နေပါ။x ကိုက်လွှဲပါလေးဆိုတာ ပြခဲ့ပြီးအတိုင်း ရုပ်နာမ်ကိုသတိက ပေပေ ကင်ကပ်ပြုနေတော့ မဂ်ကကိလေသာကိုလာငြိးကိုက်မည်။ပယ်မည်ဟူ၏။

## ၃၅။ စံနည်းတဘောင် ဂဏန်း လင်္ကာပေါ်ခနပုံ

တစ် နှစ် သုံး လေး ငါး ခြောက် ရေး....သူဌေးဖြစ်စေဘုယ်။ ။လင်္ကာ။

ခုနှ်နှစ် ရှစ် ကိုး တဆယ်တိုး....အ ဘိုး တ န် လှ တ ယ်။ လင်္ကာ။

တစ် သဘိ၊ နှစ်ရုပ်နာမ်၊ သုံးလက္ခဏာရေး ၃-ပါး၊ လေး သစ္စာ ၄-ပါး ငါးဗိုလ်ငါးပါး၊ ခြောက် အောက်ဆင့် ဝိသုဒ္ဓိ ၆-ပါး၊ ဤ ၁ ၂ ၃ ၄ ၅ ၆ အထိ ကျင့်နိုင်သော်လူ့ ဘုံမှာလဲသူဌေးပါဘဲ။နတ်ဘုံမှာလဲသူဌေးပါဘဲ။ ဗြဟ္မာဘုံမှာသဲသူဌေးပါဘဲဟူလို။×၇ ဝိသုဒ္ဓိ၇-ပါး၊ ၈ မဂ္ဂ ၈-ပါး ၉ လောကုတ္တရာ ၉-ပါး၊ ၁၀ ဤဒ္ဓိကြီး ၁၀-ပါး။ ၎င်းတို့အသိတက်နိုင်သော်မူကား အရိယာလဲဖြစ် မဂ်ဖိုလ်လဲရ၊ နိဗ္ဗာန်လဲမြင်၍ အဘိုးအတန်ဆုံး ရောက်မည်ဟူလို။

၃၆။ ရွှေလမှာယုန်ပပ်လို့ ဆန်ဖွတ်သည့်အဘိုးအို၊ဟောကြည့်ပါဆို။ ဆိုသာဆိုပိုမိုသည့်စကား ကလေးအငိုတိတ်အောင် အရိပ်အရောင်ပြတယ် ဘိုးလနတ်သား။ ။

ဒါသီထနဲ့ တည်သားတဲ့ ခန္ဓာမှာ မဂ္ဂင် ၈-ပါးဝပ်နေပြီနိဗ္ဗာန်အထိဆန်ဘို့ ဆန်တက်ဘို့ ကျင့်ကြံနေပါပြီ။ ပေါ်သိပေါ်သိနှင့်နိဗ္ဗာန်အထိ တက်ဆန်သွားပါပြီ။ အပြောကားပညတ်နာမည်ကားပညတ်၊ စကားပညတ် ကလေးစိတ်မျှ

ရှိတဲ့လူတွေ ငိုချင်ပျောက်အောင်တဲ့၊ ဓါတ်တရား၊ ကလာပ်တရားဟောပြနေခြင်းမျှသာတဲ့။ အဘိုးလဲတန်ပြို(လ)လိုလဲဝင်းထိန်ပြောင်မည်။ ကျင့်ကြပါ။

၃၇။ [မိုးပေါ်မှာကြယ်တလုံး တိမ်ဖုံးလို့လမသာ၊×သာတော့ခါ သာပါလိမ့်မယ်။ နတ်ဒေဝါ သူဖန်ဆင်း ဖိုးရွှေလခင်း။] ရှေးဆရာများ။ ။ကြယ်ကား နာမ်တရား၊ လကား ရုပ်တရား၊ မိုးကား ခန္ဓာကိုယ်၊ တိမ်ကား အဝိဇ္ဇာဖုံးသဖြင့် လမသာ ကြယ်မလင်းပါ။ ပရမတ် ငုတ်နေတာမြှုတ်နေဘာ၊ သာတော့ခါသာပါလိမ့်မယ်ဆိုတာ ကြိုးစားပြီး အားထုတ်လျှင် (လရော ကြယ်ရော သာမှာပါဘဲ။) (နတ်ဒေဝါ သူဖန်ဆင်း) ဆိုတာ၊ ဝိသုဒ္ဓိနတ်ကဟောပြ ဖန်ဆင်းမှ၊ သိရတာ တွေ့ရတာပါ။(အရရှာကြပါ)တဲ့။

၃၈။ [တောင်တောရယ်သာ၊ မာလာကင့်ဖူး××တပင်ကို နှစ်ပင် ရှက်တယ်၊ ကျေးငှက်ကမြူး] တောင်၊ ၇-မို့ ဝိသုဒ္ဓိ ၇-ပါး။ တော၊ ၇-မို့ ဗောဇ္ဈင် ၇-ပါးပါ။ ဒီရောက်လျှင် ၃၁-ဘုံမှာဖြင့် သာသာယာယာအရှိဆုံးပါဘဲတဲ့။ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါးတို့ဟာ တချို့ကင့်လို့ဖူးလို့၊ တချို့မှာပွင့်နေပါပြီတဲ့။ ကျေးငှက် များဟာ ဒီအပင်မှ ဟိုအပင်သို့ကူးယှက်မြူးလျက်နေတာလို သောတာပန်မှသကဒါဂါမ်သို့ကူးယှက်မြူးကြသည်။ သကဒါဂါမ်မှ အနာဂါမ်သို့၊ အနာဂါမ်မှ ရဟန္တာသို့ ကူးယှက်မြူးကြသည်။ ဒီပုံကျင့်၍တက်ကြပါလေ။

၃၉။ [မမလေးရယ်ပန်စရာ၊ ပျိုတို့မောင်တောင်ပေါ်ရိုးက၊ ပန်းချိုးလို့လာ၊ အပွင့်ရယ်ဝါ၊ အညာမှာမြရည်လိမ်းကယ်၊ ပန်းနွယ်ကစိမ်း] ရွှေးဆရာများ။ ။မမလေးရက် ပန်စရာဆိုတာ ယောဂီတို့ ရှုစရာ ဆင်မြန်း စရာတဲ့။ ပျိုတို့မောင် တောင်ပေါ်ရိုးက ပန်းချိုးလို့ လာဆိုတာ တရားပြသော လူရှင်ရဟန်းများဟာ ဆရာကြီး ဆရာငယ်၊ အသွယ်သွယ်ထံမှ ကျင့်နည်း၊ ကြံနည်း၊ ရှုနည်း၊ ပွါးနည်းတို့ကို ကိုယ်တိုင်ပင်ကျင့်ကြံဆည်းပူး၍ တရားပေးလာတယ်၊ဟောပြတယ်၊ နည်းပေး နေတယ်ဟူ၏။ အပွင့်ရယ်ဝါ ဆိုတာက သာသနာနေ:န်း,လဝန်းကြီးဟာ ဝါဝါထိန်ထိန်၊ မမှိန်ဘဲ အရောင်ဖြာလင်း၍နေပါပြီ။ နေတဲ့ဝိမုတ္တိယုဂခေတ်ပါဘဲတဲ့။ အညာမှာမြရည်လိမ်းတယ် အညာနှင့်တူသော ရုပ်နာမ်ခန္ဓာ၊ ဓါတ်သစ္စာ တို့မှာတော့ ဖြစ်ပျက်၊ ဖြစ်ပျက်မို့ မနှစ်သက်စရာပါဘဲ။ ပန်းနွယ်ကစိမ်းဆိုတာ လူများတွင် အချို့ကား အာဠာဝကပမာ၊ အင်္ဂုလိမာလပမာ၊ ခိုးသား(၉၀၀) (၇၀၀) (၅၀၀) တို့ပမာ၊ စိမ်းရောင် ပြနေပေမဲ့ ရွှေးကစိမ်းဘူးတာကိုမကြည့်ကြပါနှင့် ယခုသာသနာ ဝါဝါ ထိန်ထိန် မမှိန်ဘဲ ပြောင်ရှန်းတောက်ထိန်နေတာကိုသာ သတိပြုကြပါတော့တဲ့။

၄၀။ [ဂျိုး ၂-ကောင်၊ ထနောင်း ပင်ညီ နောက်က၊ လုံ့မ်းအောင်ကူခွဲ၊ ပန်းတော်ဖြူ၊ ပင်မျက်နေစာထူလု၊ ဘိုးတောင်သူတဲ] ရွှေးဆရာများ။ ။ဂျိုး ၂-ကောင် ဆိုတာ

လောကီရေး လောကုတ္တရာရေး အကျိုးပေးနိုင်သော ရုပ်နာမ် ၂-ပါးပေါ့၊ ထနောင်းပင်ညီခနောင်ကဆိုတာ ဝိသုဒ္ဓိ ၇-ပါး၊ ဗောဇ္ဈင် ၇-ပါးပေါ့က လှမ်းအောင်ကူခွဲ ဆိုတာ ငါတို့ ၂-ပါးရှုကြပါ။ [၃၅-ရနည်း၊ ၆၇-ရနည်း၊ ၁၀၅-ရမည်း၊ ၇-ပါးရမည်ဟု အလွမ်းပြ နေပါတယ်။ နောက်ပိုဒ်များကတော့ ပန်းတော်ဖူးနေစာမျက်ရောထူလှသော။ ဘိုးဘောင်သူတဲ့ဆီက ကြားကြားနေကြရပါတယ်။ ကြားနေရုံနှင့်မပြီးပါ။ လာလဲယူ၍ဆင်မြန်းကြပါလေဟူ၏။ ။

၄၁။ လွန်ခဲ့သော ၁၂၇၅-ခုနှစ်လောက်ဆီက (ဆရာဂွ) နှင့် (ဦးရှမ်းတို့) ၂-ဦးဟာ လ္ဘက်ရည် သောက်မှုနှင့် စပ်လျဉ်း၍အငြင်းပွါးကြတော့။

(ဦးရှမ်းက)။ ။တေးထပ်နှင့် ရေးစပ်ပြီး ပြေဆိုခဲ့ပါတယ်။၎င်းတေးထပ်မှာ[လ္ဘက်ရည်သောက်ရမှ၊ နောက်သမျှအေးပယ်။ ခြောက်နဝ၊ ဘေးမတွယ်၊ ဆေးသဖွယ်မှတ်သုံး၊ သောက်ကြည့်တော့ လ္ဘက်ရည်ကို။ တနွက်နေဘောကျရဆုံး ကုလားသောက်၊ အခြားဆို၊ သကြားကိုငွက်အုန်း၊ နွားနို့သာအနိုင်ဆုံးသာပ၊ မလိုင်လုံးထပ်ဆော်၊ ကာမဂုဏ်အာရုံမသိမ်းနိုင်ဘု၊ တဒုန်းဒုန်း၊ မှိန်း၍သာပျော်။ နတ်သစ်ရွက်အကောင်းခေါ်၊ ပေါင်းခလော်ကာ နေပြလို့၊ (သေလဇ) မည်သညာ၊ထူးတဲ့နာမာ၊လ္ဘက်ချောက်အရသာကို(ဂွဆရာ) သိဘူးကွဲ့လေး]တဲ့။

(ဂွဆရာက)။ ။ဆရာ ရှမ်းရေ လ္ဘက်ရည်နှင့် လ္ဘက်ခြောက်စ၍ပေါ်တာကိုကြည့်ပါလျှင်(သမုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်) ၃-မျိုးထဲ၌ပါဝင်နေသော။ ဥပ ပတ္တိနတ်သကြားမင်းက သမုတိနတ် ဖြစ်သော အလောင်းစည်သူမင်းအား ပေးထားတဲ့လ္ဘက်စို လဘက်ခြောက်ပါ။ (သာမန်နဲ့ဖဘန်ဝါ) အလောင်းစည်သူမင်းဟာ စက်တော်ခေါ်ပျော်တော်မကြူးနိုင်လို့ စက်တော်ခေါ်မအောင် ပေးတဲ့ဆေးပါ။ (နေရာတိုင်း သုံးစွဲဘို့ မဟုတ်) ၎င်း လဘက်စိုလဘက်ခြောက် တို့ဟာ ရှမ်းပြည်က ကျောက်တောင်ကြီးများပေါ်တွင် အပူဒီဂရီ ၃၅-အောက် ဥတုမျိုးမှာရှင်တာမို့ (သေလဇ) ကျောက်တောင်၌ဖြစ်သော အရွက်ဟူ၍ဆိုပြန်သည်။ (လူတိုင်းနှင့်မလျော်ပါ) သိကြားနတ်က ပေးဆက်တဲ့ အရွက်ဖြစ်၍ (ဒေဝပတ္တ) နတ်သစ်ရွက်တဲ့ ဗျ။ (နတ်နွယ် မဟုတ်ရင် မသုံး သင့်ပါ) လဘက်စို လဘက်ခြောက်တန်ဘိုးကိုချီးနှိမ်သည်ကားမဟုတ်ပါ။ တံခိုး တန်ဘိုးမျှင့်တင်ပြီးပြောပြနေတာပါ။ ကဲကဲ(နတ် ၃-ပါးသဲကသုံးစွဲနေကြပုံပြောပြမယ်) တိုင်းရှင်ပြည့်ရှင်ဘုရင်များဟာလဘက်ရည်ဝိုင်းဖွဲ့ပြီးတော့ စားရင်းသောက်ရင်း အကြံယူနေကြတယ်။ သူ့ဉာဏ်ကိုယ်ကယူ၊ ကိုယ့်ဉာဏ် သူကယူနှင့်အကြံဉာဏ်ပေါ်အောင် ဝိုင်းဖွဲ့ပြီးစားသောက် အကြံယူဘို့အသုံးပါ။ တိုင်းပြည် ဘယ်လိုဖြစ်နေတယ်၊ ဘယ်လိုလုပ်မှသာယာ ငြိမ် မည်နည်းဟု စကားစလိုက်တော့။ သူ့ထံမှ

နည်းချ ငါ့ထံမှနည်းရတယ်။ ဒီလိုနည်းရအောင်ပြုတဲ့လဘက် ခြောက်ဗျ။ ရှမ်းစော်ဘွားတွေလဲ လဘက်ရည် ဝိုင်းဖွဲ့ပြီး စားသောက်ကြရင်း ဥတုကဘယ်လို၊ ရာသီကဘယ်ပုံ၊ စိုက် ခင်းကဘယ်သို့ တောင်သူတွေမှာ ဘယ်လိုဟု လူတွေလဲသက် သာချောင်ချိအောင် စော်ဘွားတွေလဲ အခွန် သင့်သမျှ ရ အောင် အကြံဉာဏ်တောင်းဘို့ ဝိုင်းဖွဲ့တဲ့အလုပ်ဗျ။ကုန်သည် ပွဲစားတွေလဲ တိုင်းပြည်မှာ ဘယ်ကုန်ရှားနေတယ်၊ ဘယ် ကုန်ပေါနေတယ်၊ လူတွေလဲဝမ်းဝ ငါတို့လဲ ငွေရအောင် ဘယ်လိုဖန်တီးကြမှာလဲဟု လဘက်ရည်ဝိုင်းနှင့် အကြံဉာဏ် တောင်းတာဗျ။ဒီလိုပုဂ္ဂိုလ်မျိုးတွေသုံးစွဲတာတော့ [ယထာ ဝါဒီ တထာကာရီ။]မို့ ဂုဏ်ပြုပ တယ်။ [မကောန်တဲ့ ဆင်းရဲ သား ပေါမ္ဗားတွေက။] အလုပ်ကြီးလုပ်၍ ဝိုင်းဖွဲ့ စား သောက်ပြီး အလုပ်လစ်ဟင်း အချိန်လစ်ဟင်းတာကို ပြော ပြနေတာဗျ။ [ဆရာတော် သခြားတော်တွေမှာ ဝိသုဒ္ဓိနယ် ထဲကမို့၊]ဂုဏ်ပြုလျက်ပါဘဲဟု ဖြေသည်။

[ဂ္ဂဆရာဘက်က ရှေ့နေလိုက်သော ဉာဏစာဂိက။] တေးဘပ်ရေးစပ်သည်မှာ[တေးထပ်] လဘက်ရေသောက် ကြသို့ ယောက္ခမ်ဆဲဆို မမေါက်ရ မဲ့ညိုသည်၊ တဲအိုမှာရွှေ့ ထား၊ လင်မယား ၂-ကွာအောင် ကြားကပါ ထိုးဆွညှန် ကြား တနေ့တော့ သူကြီးအိမ်မှာ စီးစည်ပါပြုံသွား ငြုံး, ထိန်ရာ မှုန်အသွားဘာမို့ ကာလသားရှောင်ပါ၊ ထင်း၊ ခရာကုန်အချိန်ဖြုံးရယ်နှင့် တခနေ့လုံးရုံးရုံးစုမှာ ငွေမနေပင္ငည်း

ရှု၊ ချစ်တီးသာအဘုခိုးကြဘို့ အမျိုးနှင့်အရိုးလာ ကိုးကြသူပါ လာဘက်ကြောင့် အခက်ဖြာသည်၊ မသက်သာပြီဘူးကွဲ့လေး။] ဤတေးသပ်ကား လက်တွေ့ဝတ္ထုကိုမြင်၍ ရေးထားတာပါဘဲ။ ဉာဏစာဂိဟာ ပဥ္စင်းငယ် စာသင်သားဘုန်းက စာပေအတွက်နှင့် အမြို့မြို့အရွာရွာသို့ သွားလာနေရသည်။မအူတောင်ရွာ ကမောင်သာချိုဆိုတာ ကွမ်းခြံ၌ရေလောင်းရသည်။တနေ့၌ မပုလဲနှင့် အိမ်ထောင်ကြသည်။ ယောက္ခမအလုပ်ကို လုပ်ကိုင်ရသည်။ မောင်သာချိုဟာ လာဘက်ရည်ဝိုင်းဖွဲ့ပြီးနေသဖြင့် အလုပ်မတွင် လူတွေတရုံးရုံးနှင့် တအိုးပြီးတအိုး ရေနွေးကြိုပြီး တည်ခင်းနေရသည်။ လာဘက်ခြောက်ဘိုးလဲကုန်၊ အမြီးဘိုးလဲကုန်၊ အချိန်လဲကုန် ထင်းလဲကုန်၊ ရေလဲကုန် လူပေါင်းစုံနှင့် ဝိုင်းအုန်း၍နေလို့ ယောက္ခမဖြစ်သူကလာပြီး ဆဲဆိုခံရ၍ မျက်နှာပါမဲ့သိုရသည်။အိမ်ပေါ်ကနှင်ချပြီး ဒင်းတို့လင်မယားကို တဲအိုမှာရွှေ့ထားခြင်း ခံရသည်။ လာဘက်ရည်ဝိုင်း မရှုပ်သိမ်းလို့ သူကြီးအိမ်မှာ လင်မယား ကွာပြစ်ရသည်။ပစ္စည်းလဲလျော့ပါးသွားသည် ကာလသားရှောင်ကြပါ။ (ပစ္စည်းရှာလျှင် ချစ်တီးသာ) အတု ခိုးကြပါဟု ဆိုလိုသည်။ အဲဒီလက်တွေ့ဝတ္ထုကိုမြင်၍ရေးတာပါ။ (ကိုယ်နှင့်မရာ မင်းဘဏ္ဍာ ပယ်ပါမသုံးနဲ့၊ )လက်ာဖြင့် နိဂုမ်းအုပ် စခမ်းသိမ်းလိုက်ပါပြီ။

## ဓါတ်ပရမတ်ကရှင်းပေးပုံ

[တဘောင်ပေါ်ပုံ] အမယ်ဘုတ်ကဲ့ သူ့ချည်ခင် ဘယ်သူဝင်လို့သည့်ရှုတ်ထွေး ရှင်းပမယ်လေး။ ။အမယ်ဘုတ်ကဲ့သူ့ ချည်ခင်လိုဘဲ။တသံသရာလုံး ရှုတ်ရှုတ်ထွေးထွေးနှင့်ဖြစ်လာခဲ့သည်၊ သည်ရှုတ်ထွေးကို ဘယ်သူရှင်းပေးမလဲတဲ့။ (သတိတလုံး အရိုသုံး အဆုံးနိဗ္ဗူတာ။) လက်ာအတိုင်း ရှုတ်ရှုတ်နေတဲ့စိတ်ဟာ (သဘိတလုံးနဲ့သာနေပါ) သတိက သမာဓိက ဓါတ်ပညာက ရှင်းပေး၍ ယခုဘဲ သောတာပန် ယခုဘဲ သကဒါဂါမ်၊ ယခုဘဲ အနာဂါမ်၊ ယခုဘဲ ရဟန္တာ၊ ယခုဘဲ ပရိနိဗ္ဗာန်ဟု လွတ်ကြ ကျွတ်ကြ ထွက်မြောက်ကြရကုန်ပါပြီ။ ဝဋ္ဋတိုနဲ့ပြရလျှင် ဖါး နွား ဆင် မြင်း ကျေးသား ကြက်၊ ဇီးကွက်၊ မျောက်၊လင်းနို့ သား ပထမငါးရာ။ ဒုတိယငါးရာ၊ ခိုးသား ၉၀၁၊ နောက်–၇၀၀၊နောက်–၅၀၀ အာဠဝက အင်္ဂုလိမာလ၊ တမ္ဗဒါဌိက သူသတ်မှုးကြီး၊ တံငါအရိယပဗ္ဗတ မုဆိုး၊ ကုက္ကုဋမိတ္တမုဆိုး၊ရွှေပန်း၃–ခိုင်ရ မုဆိုးစသော (ဝဋ္ဋပေါင်း ၇၀)လဲကြည့်ကြပါတော့။

နမူနာ ဓဓ ဓ ဓ ဓ ဓ ဓ ဓ ဓ

မှာလဲ ဒိ ဋိ လော ဒေါ မော ဝိညဉ် သညာ မာန ကျာ

ဘယ်အခါမှ ကပ်၍မရပါ။ ဓါတ်တရား၌ ဒိဋ္ဌိရော၊ ဝိစိကိစ္ဆာရော၊ လောဘရော၊ဒေါသ၊မောဟ၊ဝိညာဉ်သိ၊သညာသိ၊ မာန၊ တဏှာစသော အကုသိုလ်များ ကိလေသာများ ကပ်၍မရပါ။(သဘာဝဒသနေန ပရိသုဒ္ဓံ။) မူလပဏ္ဏာသ

အဋ္ဌကထာ ဒုတိယ နှံပါတ်-၂၁၈၊ ကြောင်းရေ-၁ ဆင့်မှ သဘာဝဒဿနေန၊ စိတ်သဘော၊ စေတသိက်သဘော၊ ရုပ် သဘောတရားကိုတွေ့မြင် ရှုပွါးရသဖြင့်။ပရိသုဒ္ဓါ၊ထက်သန်း ကျင်မှ စင်ကြယ်၍နေတော့၏၊စိတ် ၈၉ ပါးသဘောတိုင်း၌ရှင်း။ စေတသိက် ၅၂ ပါးသဘောတိုင်း၌ရှင်း။ ရုပ် ၂၈-ပါးသဘောတိုင်း၌ရှင်း။နိဗ္ဗာန်အသခင်္ခတထောင်သဘော တရားတိုင်း၌ရှင်း။ အထယ်၊ ဖြူ၊ ပုံစံ၊သဏ္ဌာန်၊အတ္ထပညတ် နှင့်လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ မိမ္မ၊ယောကျ်ား၊ပုဂ္ဂိုလ်၊သူ ငါ စသော နာမပညတ်။ ဝါသနာပညတ်ရော အမှားတွေ မပါ ပါ။ ဒါကြောင့် ထက်သန်းကျင်မှ စင်ကြယ်ရ၏ဟူလို။

[ပစ္စယဒဿနေန ပရိယောဒါတ။] မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယ နှံပါတ်-၂၀၈၊ ကြောင်းရေ-၁ ဆင့်မှ။ ပစ္စယဒဿနေန၊ အကြောင်းနှင့်အကျိုးကို ပိုင်းခြား၍သိရ ရှုရ ပွါးများရသဖြင့်။ ပရိယောဒါတ၊ ပြိုးပြိုး, ပျက်ပျက် အရောင်ထွက်၏။ ။ဝိနည်းသုတ်များ၌ [ပရိသုဒ္ဓေ၊ ပရိ ယောဒါတေ၊ အနင်္ဂဏေ။] စသည်ဖြင့် တွေ့တွေ့နေရသော ပါဠိတော်၏အလိုမှာ[ သမထ-၄၀၊ဝိဇ္ဇာ၊ အဘိညာဉ်၊သမာ ပတ်၊ ချာန်ကိုးချာန်၊ မြေလျှိုးမိုးပျံ၊ ဗြဟ္မာဖြစ်၊ ကမ္ဘာ ပေါင်းတကမ္ဘာ၊ နှစ်ကမ္ဘာမှစ၍ ၈၄၀၀၀-ကြာအောင်နေ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးရှေးက ကမ္ဘာ ၄၀-ကို မြင်နိုင်ခြင်း။ အနာဂတံသဉာဏ်ဖြင့် နောက်နောင်၌ ကမ္ဘာ (၄၀)ကိုမြင်နိုင်ခြင်းရရှိကြသော အာဠာရ ဥဒက ဒေဝိလ

ရသေ့ကြီး ၃-ပါးတို့၏ စိတ်ကိုပင် ဒါတွေ ရထားသဖြင့် (ပရိသုဒ္ဓေ၊ ပရိယောဒါတေ၊ အနင်္ဂဏေ။) စသည်ဖြင့် ချီးကျူးထားပါသေးသည်။ ယခုပြတာတွေဟာ လောကီနယ် ပညတ်နယ်၊သမထနယ်၊ပုထုဇဉ်နယ်၊ကိလေသါနယ်ကချည်း ရှိနေသေးသည်။ ၊ငါတို့ပြသော ဓါတ် ပရမတ် အရာ၌မူကား လောကုတ္တရာနယ်၊ ပရမတ်နယ်၊ ဝိပဿနာနယ်၊ အရိယာနယ်၊ ဉာဏ်နယ်ကမို့။(ပရိသုဒ္ဓံ ပရိယောဒါတံ။) သမုဒ္ဒေသပါဘဲ။

## ဝိုင်းထား ဖမ်းထားတာကို ဖွင့်ပြီးလွှတ်ပုံ

[တဘောင်] ဟိတ်လုံးရယ်ညံ တိတ်သုံးတန် ငေဖန် ပျော်လိုက်တော့ ရွှေဂန်ဘော် ကျန်ရစ်မင်းရယ်တို့ ရန်အပြစ် မကင်းသူ သဇင်ခိုင်အပျိုကြောင့် ပင်တိုင်ကိုဝိုင်း။] ဦးဘိုးစိန်ကြီး သီဆိုသည်။ ။ဖြစ်ပုံမှာ ကျန်ရစ်မင်း၏ သိမ်းတော် ရွှေအိမ်သည်နှင့် အနောက်ဖက်ပြည် သေသာလီက ပဋိက္ကယား ကုလားမင်းသားတို့ သိမ်းရီးစားဖြစ်၍နေကြတာကို ရိပ်မိသဖြင့် ကျန်ရစ်မင်း၏ စစ်သည်တော်တွေက ရွှေအိမ်သည်၏ တပင်တိုင်နန်းကိုဝိုင်းဝန်းပြီး ဖမ်းဆီးကြတယ်။ တာပေမဲ့ ပဋိက္ကယား ကုလားမင်းသားမှာ (ပတ္တမြား) ပါရှိလာသဖြင့် ပတ္တမြားတန်ခိုးနဲ့ကောင်းကင်မှ လွတ်မြောက်၍သွားသည်။ ။ဤပုံစံအတိုင်းပင် လူ နတ် ဗြဟ္မာ သတ္တဝါတွေကိုလဲ ယခုဘဝက၊ ဆယ်ဘဝက၊ တကမ္ဘာက၊ ဆယ်ကမ္ဘာ၊ ကမ္ဘာတရာ၊ ကမ္ဘာတထောင်၊ ကမ္ဘာတသောင်း၊

ကမ္ဘာတသိန်း၊ ကမ္ဘာတသန်း၊ ကမ္ဘာတကုဋေ၊ ကမ္ဘာ အသင်္ချေက ဟိုသံသရာလဆန်းတရက်နေ့ကစ၍ ပြုခဲ့မိသော အကုသိုလ်တွေ ကိလေသာတွေက ဝိုင်းဝန်းပြီး ဖမ်းနေကြပါပြီ။ ။တာပေမဲ့ ဓါတ်ပရမတ်ထဲက (နာမရူပ ပရိစ္ဆေဒဉာဏ်က။) ကျွတ်စေ၊ လွတ်စေ ထွက်မြောက်စေသည်။

ဝိသတိနိပါတ် ဟတ္ထိပါလ ဇာတ်တော်၌ ဟံသာ ၉-သောင်းဘို့ဟာ ကျောက်ဂူကြီးထဲ၌ နေကြစဉ် လှဲ့ဘီးလောက်ကြီးမါးလှသောပင့်ကူကြီးက အဝကနေပြီး အမျှင်တွေနှင့်ပိုးအိမ်ဖွဲ့၍ ပိုက်ကွန်သဖွယ်ပြု၍ဘမ်းချုပ်ထားသည်။ အပေါက်ဖေါက်၍ ပေးနိုင်မည့် ဟံသာကို ရွေးချယ်ကြရာ (ရုပ်နာမ်နှင့်တူသော) ဟံသာ ၂-ဦးက တာဝန်ယူပြီး ဖေါက်ပေးသဖြင့် ဟံသာ ကိုးသောင်းတို့ဟာ ကျွတ်ကြ လွတ်ကြ ထွက်မြောက်ကြသည်။ ၎င်းဥပမာလိုတည်း။ ဝိပဿနာက ဝိုင်းထားသော အကုသိုလ် ကိလေသာတို့ကို ဈာပနပြာချပြစ်၍ လွတ်မြောက်ကြရပုံကို (ဈာယေထဘိက္ခဝေ၊ ကိလေသေ၊ ဝိပဿနာအဂ္ဂိနာ။) ဟု ဈာနသံယုတ်၌ ဘုရားရှင်ကြီးက ဟောထားနည်းပေး၍ ထားပါသည်။

[ကိုယ်နှင့်မရာ မင်းဘဏ္ဍာ ပယ်ပါမသုံးနှင့်။] လင်္ကာဆောင်ပုဒ်။ ။[တဘောင်] (ရှာပြည်မှာ အကျင့်မသမာ ဖြုတ်ချင်လို့ ကြာဠီကာ ဖွင့်ကာထုတ်ပါသကွဲ့။ (တင်တင်ရယ်) မင့်အရာမဟုတ်ပါဘူး အသာနေ)။ ။မစ္စတာမောင်မှိုင်းက ကြာဠီကာစာစောင်ကိုရေးပြီး သတင်းစာ၌

ထဲ့ပြု စာအုပ်ထုပ်ပြုနှင့် လုပ်၍နေတာကို။ (ပြည်မြို့က တင်တင်က)ဆင်ခြင်ပါဦး သဘင်အရာမှာ မင်္ဂလာမို့ ဆင်ခြင်မှတော်မည်။ ကြာဠိကာဆိုတာ ယုတ်င့ သိမ်ညှိုး အရှိန်မတိုးတဲ့ ကလိန်မျိုးတို့၏ အလုပ်ပါဘဲ၊ စသည်ပြင့် ရှေရှေမျောမျောကြီးရေးသား၍ သတိပေးသည်။ဒီတော့ မန္တတာမောင်မှိုင်းက အထက်ပါ ကဗျာနှင့် အာဘော်ကိုပြသည်။ ယခုလဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် အဏ္ဏဝါပြင်ကျယ် ရေပင်လယ်ကြီးကို အဋ္ဌကထာ ဆရာကြီးတောင်မှ ငါ့အရာ မဟုတ်ပါဘူး ဖွင့်မယ်ဟု ကြံစီတော့ ထောက်ရာတည်ရာ မရခဲ့ပါဘူး။ ဒီအဝိဇ္ဇာပစ္စယာ စသော ပဋိစ္စသမုပ္ပါဒ်ဟာ ဘုရားရှင်ကြီးများ သုံးသပ် ဆင်ခြင်သော ဗုဒ္ဓတို့၏ ဝိပဿနာပါ။ (အဋ္ဌကထာ ဆရာကြီးပင် ငြီးတွားရပါသေးသည်။ သို့ဖြစ်၍ ယခုလူများ(နေယျသားတွေနှင့်လါးလားမှ အခွင့်မလျှော် မသင့်မတော်ပါ။၎င်းတို့နှင့်သင့်တော်သော ပဋိစ္စသမုပ္ပါဒ်ကိုထုတ်ပြမည်။ အဲဒါမျိုးဖတ္တကိုသာလျှင် နေယျပုဂ္ဂိုလ်များ၌ အားထုတ် ကြပါလေ (အားထုတ်ကြကုန်လော့။)

| | |
|---|---|
| ဒါန | ငွေး |
| အကြောင်း | အကျိုး |
| ပဋိစ္စ | သမုပ္ပါဒ် |
| ပဒဋ္ဌာန် | ပစ္စုပဋ္ဌာန် |
| ဟေတု | ပစ္စယော |

ဒါနက အကြောင်းတရားပါဘဲ၊ ငွေးတာကအကျိုးတရားပါဘဲ×ဒါနက ပဋိစ္စပါဘဲ၊ငွေးတာက သမုပါဒ်ပါဘဲ×ဒါနက ပဒဋ္ဌါန်ပါဘဲငွေးတာက ပစ္စုပဋ္ဌာန်

ပါဘဲ။ ဒါနက ဟေတုပါဘဲ၊ ငွေးတာက ပစ္စယောပါဘဲ။ ဤပုံလို ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်၍ ဉာဏ်ရှိကြပါ။ ။ကလေးများ အကြောင်းအကျိုး စပ်၍ပြောနေကြသော ပဋိစ္စသမုပ္ပါဒ် တမျိုးကား [ပေါက်ပင် ဘာကြောင့်ကိုင်းရတယ်] (အကြောင်း) ဗျိုင်းနားလို့ကိုင်းရတယ်။ (အကျိုး) ဗျိုင်းဘာလို့နားရတယ် (အကြောင်း) ငါးပေါ်လို့နားရတယ်။ (အကျိုး) ငါးဘာလို့ပေါ်ရတယ် (အကြောင်း) ရေနောက်လို့ ပေါ်ရတယ် (အကျိုး) ရေဘာလို့နောက်ရတယ် (အကြောင်း) ကျွဲလူးလို့နောက်ရတယ် (အကျိုး) ကျွဲဘာလို့လူးရတယ် (အကြောင်း) ဖြုတ်ကိုက်လို့လူးရကယ် (အကျိုး) ဖြုတ်ဘာလို့ ကိုက်ရတယ် (အကြောင်း) မိုဃ်းအုံ့လို့ကိုက်ရတယ် (အကျိုး) မိုဃ်းဘာလို့အုံ့ရတယ် (အကြောင်း) ဖါးအော်လို့အုံ့ရတယ် (အကျိုး) ဖါးဘာလို့အော်ရတယ် (အကြောင်း) မြွေကိုက်လို့အော်ရတယ်(အကျိုး) မြွေဘာလို့ကိုက်ရတယ် (အကြောင်း)ဝမ်းဆာလို့ကိုက်ရတယ် (အကျိုး) ဝမ်းဘာလို့ဆာရဘယ် (အကြောင်း) တောဇောမီးလောင်လို့ ဆာရတယ် (အကျိုး) ဤပုံ အကြောင်းနှင့်အကျိုး (သံကွင်းဆက်) ဖြစ်၍နေသည်။ [ဒါန၊ အကြောင်း၊ ပဋိစ္စ၊ ပဋ္ဌာန် ဟေတု] အမည်သာကွဲနေပါတယ်အရတူတွေပါဘဲ။ [ငွေး အကျိုး သမုပ္ပါဒ် ပစ္စုပဋ္ဌာန် ပစ္စယော] အမည်သာ ကွဲ၍ အရအတူတူပါဘဲ။ အထက်မှ အောက်သို့ ဆွေ ၇-ဆက်နေ

ပုံမှာ [၁။ အဘင်၊ ၂။ အဘဲ၊ ၃။ အဘီ၊ ၄။ အဘော၊ ၅ အဘေး၊ ၆။ အဘိုး၊ ၇။ အဘ] ဆက်ပုံမှာ အဘင်၏သား အဘဲ။ အဘဲ၏သား အဘီ။ အဘီ၏သားအဘော။ အဘော၏သား အဘေး။ အဘေး၏သား အဘိုး။ အဘိုး၏သား အဘဘည်း] ဤပုံ (သံကွင်းဆက်) ဖြစ်၍နေသည်။ အထက်မှ အောက်သို့ဆက်စပ်နေကြ ပုံမှာ [၁၊ သား၊ ၂၊ မြေး။ ၃၊ မြစ်။ ၄၊ တီ။ ၅၊ ကျွတ်။ ၆၊ ဆက်။ ၇၊ မျော့တို့ပါတဲ့။]

ဆက်စပ်ပုံမှာ အဘမွေးတော့ (သား) သားက မွေးတော့ မြေး။ မြေးကမွေးတော့ မြစ်။ မြစ်ကမွေးတော့ တီ။ တီကမွေးတော့ ကျွတ်။ ကျွတ်ကမွေးတော့ ဆတ်။ ဆတ်က မွေးတော့ မျော့ပါတဲ့။အဲဒီပုံစံအတိုင်း ပဋိစ္စသမုပ္ပါဒ် ဖြစ်၍ နေကြပါတယ်။အဲဒီလိုမိမိဉာဏ်နှင့်မှီနိုင်သော ပဋိစ္စသမုပ္ပါဒ် ကိုရှုပါ။ [ဆွေစဉ် မျိုးဆက် လင်္ကာမှာ] ဆွေခုနှစ်ဆက်၊ အောက်အထက်ကို၊ ချင့်တွက်ကာလ၊ ဆင်ခြင်ဆသော်၊ မိဘ ဖြင့်ကား၊ ဘိုးနှင့်ဘွားက၊ ဆင့်ပွါးတွက်ရေး ဆက်စဉ်ရှေး ၌၊ အဘေး၊ အဘော၊ ယှက်ရောတလီ၊ အဘီ၊ အဘဲ၊ ဆင့်ကဲ အဘင်၊ ထောက်မျှော် ချင်လည်း၊ ကျင်ရေးသင်သို့၊ မြင် တို့ခဲ့] မဟာသုတသောမပျို နံပါတ် ၉၉။ ကြောင်းရေ ၂၁။ ဟုံမှူမှ။

# လက္ခဏာ×ရသ×ပစ္စုပဋ္ဌာန်×ပဒဋ္ဌာန် ရှင်းလင်းပြသနည်းမှာ

| လက္ခဏာ<br>အလင်းရောက် | ရသ<br>အမှောင်ပျောက် |
|---|---|
| အဝိဇ္ဇာပစ္စယာ<br>ပဒဋ္ဌာန် | သင်္ခါရာ<br>ပစ္စုပဋ္ဌာန် |

အလင်းရောက်(လက္ခဏာ) အမှောင်ပျောက် ရသ။ အဝိဇ္ဇာပစ္စယာ၊ ပဒဋ္ဌာန်။ သင်္ခါရာ၊ ပစ္စုပဋ္ဌာန်။ယခု ပြတဲ့ (သံလွန်စ) နှင့်ပင်ခွဲချထွင်၍သိလောက်ပါပြီ။

[တဘောင်] [သတိချတ်လို့ သာပေါ့၊ ဝိဋ္ဋာကမ္ဘာမြေသို့၊ ဗြဟ္မာတွေ အလယ်လာကြတော့၊ နွယ်ပဒါ၊ အာသာ ညှိသော်ကြောင့်၊ ဇူတ္တိလိင်ပုရိသောရယ်လို့၊ ရောနှောကာ ဒေပါင်းဖက်နှင်းကြ၊ယင်းမူလမျိုးအဆွေ။] မောင်းထောင်း ဦးကျော်လှသံချို။ ။ကမ္ဘာဦးတုန်းက ဗြဟ္မာ့ဘုံက ဗြဟ္မာတွေဟာ လူ့ဘုံသို့ ရောက်ရောက်လာပြီး လာခဲ့ကြတယ်။ (ကမ္ဘာအစ၊ဗြဟ္မာက )ဟူ၍ ဆိုရိုးပြုကြတယ်။ ၎င်းတို့လာ ကြတော့ ထားထားပြစ်ခဲ့ရသောအရာတွေမှာ (၁) သမထ လေးဘယ်ထားခဲ့ပြီး ဓါတ်တရားနဲ့နေကြ ရန်တဲ့။ (၂) ဝိဇ္ဇာ ထားခဲ့ပြီးဓါတ်တရားနဲ့နေကြရန်တဲ့။ (၃) အဘိညာဉ်ထား ခဲ့ပြီး ဓါတ်တရားနဲ့နေကြရန်တဲ့။ (၄) သမာပတ်ထားခဲ့ပြီး ဓါတ်တရားနဲ့နေကြရန်တဲ့။ (၅) ဈာန်ကိုးဈာန် ထားခဲ့ပြီး ဓါတ်တရားနဲ့နေကြရန်တဲ့။ (၆) မြေသျှိုးနိုင်တာကို ထား

ခဲ့ပြီး၊ ဓါတ်တရားနဲ့ နေကြရတဲ့။ (၇) မိုးပျံနိုင်ခြင်းကို ထားခဲ့၍ ဓါတ်နဲ့နေရန်တဲ့။ (၈) ကမ္ဘာပေါင်း(၈၄၀၀၀)နေ ရခြင်းကို ထားခဲ့၍ ဓါတ်နဲ့နေရန်တဲ့။ (၉) ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ဖြင့် ရှေးရှေးကမ္ဘာ(၄၀)မြင်နိုင်တာကိုထားခဲ့ ၍ဓါတ်နဲ့နေရန်တဲ့။ (၁၀)အနာဂတံသ ဉာဏ်ဖြင့် နောက် နောင် ကမ္ဘာ(၄၀)မြင်နိုင်တာကို ထားခဲ့၍ ဓါတ်နဲ့နေရန် တဲ့။ (၁၁)အန္တလိက္ခစရာ ကောင်းကင်၌ သွားနိုင်တာကို ထားခဲ့၍ ဓါတ်နဲ့နေရန်တဲ့။ (၁၂)သယံပဘာ၊ မိမိကိုယ် ရောင် ကိုယ်ဝါတွေကိုထားခဲ့၍ဓါတ်နဲ့နေရန်တဲ့။ (၁၃)ပီတိ ဘက္ခာ၊ ပီတိသာသျှင်အစာ၊ အာဟာရကိုထားခဲ့၍ဓါတ်နဲ့ နေရန်တဲ့။ (၁၄)ဒီဃာယုကာ အသက်ရှည်တာကို ထားခဲ့၍ ဓါတ်နဲ့နေရန်တဲ့။ (၁၅)ပုညာဝန္တာ၊ ကောင်းမှုကုသိုလ်တွေ ကိုထားခဲ့၍ ဓါတ်နဲ့နေရန်တဲ့။ (၁၆)ဗြဟ္မာ့ဘဝကိုထားခဲ့ ၍ဓါတ်နဲ့နေရန်တဲ့။ ယခုပြသော ၁၆-ပါး ပစ္စည်းများကို ထားခဲ့ စွန့်ပြစ်ခဲ့ပြီးမှ ဓါတ်နဲ့နေရန် လူ့ပြည်သို့ ဆင်းလယ်အ ပတ်လာခဲ့ကြသည်။ ။တာပေမဲ့ လူ့ပြည် ရောက်တော့ မြေဆီများ မြေလွှာများ၊ မြေသြဇာများ၊ ပဒါလတာ၊ နွယ်ချိုများ၊ နှံ့မသလေးဆန်များကို စားသုံးမိ၍ အာသာ ဖြစ်ကြပြီး၊အာလယ ဖြစ်ကြပြီး ယောကျ်ားဖြစ်ကြ၊မိန်းမဖြစ် ကြ၊တဦးကိုတဦး ခဏ ခဏမြင်ကြ၍။ ဒဿနသံသဂ္ဂ၊ သဝန သံသဂ္ဂ၊ ကာယသံသဂ္ဂ တွေဖြစ်ကြလျှက် အိမ်ထောင်ခြင်း သားမွေးခြင်းစသည်ဖြင့် ဗြဟ္မာ့ပြည်ပင်းရင်းဌာနသို့မပြန်

နိုင်ကြတော့ပါ။ ကာမ ရာဂ စသော သံယောဇဉ်ကြိုး တန်းတန်းနှင့်လူ့ပြည်၌ပင် ဆောင်တန်းကျ၍နေကြတော့သည်။ [ပြဿနာ့ပြည်၌ ဗြဟ္မာများ၏ ရုပ်နာမ်ဟာ အထူးသဖြင့် အလွန့်အလွန် သိမ်မွေ့လှခြင်း၊ နတ်များ၏ ရုပ်နာမ်ဟာ အလွန်ပင် သိမ်မွေ့လှခြင်းတို့ကြောင့် အနိစ္စ မထင်နိုင်၊ ဒုက္ခမထင်နိုင်၊ အနတ္တမထင်နိုင်၊ (လူ့တို့ရုပ်ကား တခဏ ထိုင်ကြည့်လျှင် (တောင့်လာ တင်းလာ၍) ဒုက္ခလက္ခဏာနှင့် ဒုက္ခသစ္စာတွေမြင်နိုင်ပါသည်။ ဒါ့ကြောင့် (မနုဿတ္တဘာဝေါ ဒုလ္လဘော။) ဟူ၍ ဒုလ္လဘကြီးငါးပါးထဲ၌ ထဲ့ပြီး ဟောရပါသည်။

(ယခုသာသနာနှင့် ကျွတ်တန်းဝင်လိုသူများအတွက်)

ဉာဏစာဂိဆရာတော်ဘုရားကြီးဟောကြားတော်မူသော

## (ပါရမီရှင်းတမ်း ၅၀၀၀ စခမ်း)
## နှိုးဆော်စာစောင်

၁။ ဂေါတမဘုရား သာသနာတော် (၅၀၀၀) တွင်း၌ လူအဖြစ်ကိုရရှိတဲ့ လူအပေါင်းတို့သည်။ မိမိကိုယ်ကိုရင်း၊ သူတပါးကိုယ်ကိုရင်း၊ မိမိတို့၌ရှိသမျှသောအသိဉာဏ်လေးနှင့် ငါဘို့ပါရမီနဲ့သေးတယ်၊ အခြားသူများကိုလဲ ပါရမီနုသေးတယ်၊ တိဟိတ် ပုဂ္ဂိုလ် မဟုတ်ကြ၊ ဒွိဟိတ်တွေသာ ဖြစ်ကြသေးတယ်စသဖြင့် ရမ်းသဆုံးဖြတ်ကြပြီးတင်နတိမ်နေကြတဲ့ ချဟန်းရှင်လူ မြောက်များစွာ ရှိကြပါတယ်။ ဒီလိုဆုံးဖြတ်

ထားတာဟာ ဘုရားဟော အစစ်အမှန်ကို မကြားနာကြရ သေးဘဲ ကိုယ်ပိုင်ဉာဏ်၏ဘင်မြင်ယူဆချက်သာ ဖြစ်ကြတယ် လို့ဆိုရပေလိမ့်မယ်။

၂။ သာသနာ (၅၀၀၀) တွင်းမှာလူရယ်လို့ ဖြစ်လာ ကြတာဟာ ပါရမီ ရင့်လို့လား-နုလို့လားဆိုတာ အောက် ဖေါ်ပြပါသာဓကများကိုထောက်ရှု၍ဆုံးဖြတ်ကြပါ။

(က) သာသနာ (၅၀၀၀) တွင်း လူ့ပြည် ရောက်၍ (နိုင်ငံတော် ထိပ်သီး ခေါင်းဆောင်ကြီး ဖြစ်လကြတာ) ကုသိုလ်ဒါနများလို့လား-နုံလို့လား။

(ခ) သာသနာ (၅၀၀၀) တွင်း လူ့ပြည် ရောက်၍ (နိုင်ငံတော်ဝန်ကြီးများဖြစ်ကြတာ) ကုသိုလ်ဒါန များလို့ လား-နုံလို့လား။

(ဂ) သာသနာ (၅၀၀၀) တွင်း လူ့ပြည် ရောက်၍ (နိုင်ငံတော်ဗိုလ်ကြီးတွေဖြစ်ကြတာ) ကုသိုလ်ဒါန များလို လား-နုံလို့လား။

(ဃ) သာသနာ (၅၀၀၀) တွင်း လူ့ပြည်မှာ လာ၍ (သူဌေး, သူကြွယ်, လူချမ်းသာ ဖြစ်ကြတာ) ကုသိုလ် ဒါန များလို့လား-နုံလို့လား။

(င) နတ်ပြည်သို့ရောက်ကြတာ သီလဆောက်တည်မှု များလို့လား-နုံလို့လား။

(စ) ဗြဟ္မာ့ပြည်ရောက်ကြတာ သမထ,ဘာဝနာပွါး များမှုများလို့လား-နုံလို့လား။

(ဆ) သာသနာ (၅၀၀၀) တွင်း လူလာဖြစ်ကြရတာ ပါရမီရှင့်လို့လား-နှလို့လား။

[အဲဒီအမေးများက ထွက်လာတဲ့ အဖြေများကိုကြည့်၍ သင်တို့သည် ဘယ်လိုလူတန်းစားတွေဆိုတာ မိမိကိုယ်ကို မိမိ မေးကြည့်ပါ။]

၇။ သာသနာတွင်းမှာ လူဖြစ်ရတာဟာ ပါရမီရှင့်လို့လား-နှလို့လားဆိုတာ အောက်ပါသာဓကများနှင့် စံထိုးကြည့်ကြပါ။

(က) ဘုရားပွင့်နေတုန်း သာသနာတွင်းမှာ ခိုးသားကိုးခု လူဆိုးတွေဟာနောက်ဆုံးရဟန္တာဖြစ်ကြရပါတယ်။

(ခ) ဘုရားပွင့်နေတုန်း သာသနာတွင်းမှာ ခိုးသားခုနစ်ရာ လူဆိုးတွေဟာနောက်ဆုံးရဟန္တာဖြစ်ကြရပါတယ်။

(ဂ) ဘုရား ပွင့်နေတုန်း သာသနာတွင်းမှာ တံငါသည် ငါးရာဟာ နောက်ဆုံးသောတာပန်တည်ကြပါတယ်။

(ဃ) ဘုရားပွင့် နေတုန်း သာသနာ တွင်းမှာ မုဆိုးသုံးဦးဟာ နောက်ဆုံး သောတာပန်တည်ကြပါတယ်။

(င) ဘုရားပွင့်နေတုန်း သာသနာတွင်းမှာ လူသတ်မှူးကြီးဟာ နောက်ဆုံးသောတာပန် တည်ကြပါတယ်။

ဒီမျှဆိုးဝါး ကြမ်းထန်းတဲ့ လူတွေတောင် အရိယာ သူတော်ကောင်းဘဝ ရောက်ကြရသေးတယ်၊ မိမိကိုယ်ကို မိမိ ပါရမီနုတယ်ထင်မနေကြနဲ့ ကျင့်ကြံအားထုတ်ဘို့သာလိုရင်း အချက်ကြီးဖြစ်ပါတယ်။

၄။ (သုတ်မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာန သုတ်တော်အဆို) ဆဝဂ္ဂနှင့် ဥပကတို့ အကြောင်းသင့်၍ရတဲ့သား သုဘဒ္ဒါကို ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး နေ့ကဲဆုံး အကျွတ် တရားရတဲ့ ရဟန်းကြီးကို ဟောထား ခဲ့တာက ချစ်သား သုဘဒ္ဒါ ငါဘုရား၏ သာသနာတော် (၅၀၀၀) တွင်း၌ လူ အဖြစ်တို့ကိုရရှိသော သူတော်ကောင်း အပေါင်းတို့သည်။ သမ္မာ၊ မဖေါက်မပြန် မှန်ကန်သော ဝိပဿနာတရားကို။ ဝိဟာရေယျုံ၊ ကျင့်ကြံအားထုတ်နေကြကုန်အံ့။ လောကော၊ လောကကြီး တခုလုံးသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ ဘယ်အခါမှ မဆိတ်သုဉ် တော့သည်။ အဿ၊ ဖြစ်ရ၏တဲ့။ အဲဒါ ဘုရားက အတိအကျ ပါရမီရင့်ပြီးသား ရဟန္တာလောင်းတွေလို့ ဗျာဒိတ်ပေးပြီးပါဘဲ။

၅။ သာသနာ ၅၀၀၀ တွင်းမှာလူလာဖြစ်ကြတဲ့ သူတွေ ဟာ ငါးစုခွဲပြီးရဟန္တာဖြစ်ကြလိမ့်မယ်တဲ့။

(က) ပဌမအစုက ၇-နာရီ ကျင့်ရုံနှင့် ရဟန္တာဖြစ်ကြ မယ်တဲ့။

(ခ) ဒုတိယအစုက ၇-ရက် ကျင့်ရုံနှင့် ရဟန္တာဖြစ်ကြ မယ်တဲ့။

(ဂ) တတိယစုက ၇-လ ကျင့်ရုံနှင့် ရဟန္တာ ဖြစ်ကြ မယ်တဲ့။

(ဃ) စတုတ္ထစုက ၇-နှစ် ကျင့်ရုံနှင့် ရဟန္တာ ဖြစ်ကြ မယ်တဲ့။

(၃) ပဥ္စမစုက ၇-ဘာ ကျင့်ရုံနှင့် ရဟန္တာ ဖြစ်ကြမယ်တဲ့။

ဒီလိုငါးစုခွဲပြီး ကျွတ်လွတ်ကြလိမ့်မယ်လို့ ဗျာဒိတ်ပေးထားခဲ့ပါတယ်။ တကယ်တန်းကျင့်ကြရင် ကြာလှအဆုံး ၇-နှစ်၊ ၇-ဘာ ပေါ့ဗွဲ့ရှိရှိနှင့် ကြိုးစားကြစမ်းပါ။

၆။ တိကအင်္ဂုတ္တိုရ် ပါဠိတော်က။ တီဟိဘိက္ခဝေ၊ ဌာနေဟိ၊ ဇမ္ဗူဒီပိကာ၊ မနုဿာ၊ ဥတ္တရကုရုကေ၊ မနုဿေ၊ အဓိဂဏှန္တိ၊ ဒေဝေစ၊ တာဝတိံသေ၊ ကတမေဟိ တီဟိ၊ သူရာသတိမန္တော၊ ဣဓ ဗြဟ္မစရိယဝါသောလို့ ဟောထားပါတယ်။ ။အနက်က ၅၀၀၁ သာသနာ တွင်းက လူတွေဟာ (၁) တိဟိပဋိသန္ဓေ၊ ပညာရှိခြင်း။ (၂) သတိမြဲခြင်း။ (၃) သာသနာ ၅၀၀၀ နှင့်ကြုံတွေ့ရခြင်း။ ဤသုံးပါး ရရှိခြင်းဖြင့် အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်း၊ စတုမဟာရာဇ်နတ်ပြည်၊ တာဝတိံသာ နတ်ပြည်တို့ထက် မြင့်မြတ်ကြပါတယ်။ ဤတွင် သင်တို့သည် တိဟိတ်ပဋိသန္ဓေနေခဲ့ကြောင်း၊ ဒွိဟိတ်ပုဂ္ဂိုလ်များလုံး၀ မဟုတ်ကြောင်း ဘုရားရှင်က ထင်ရှားစွာဟောထားခဲ့ပါတယ်။

၇။ ပြဆိုခဲ့ပြီးသော ဘုရားဟော သာဓက များကို ထောက်ရှု၍ ၅၁၀၀ အတွင်းက လူအပေါင်းတို့သည် ပါရမီအမှန်ရှိပုံ၊ ပြည့်ဝပုံ၊ တိဟိတ်ပဋိသန္ဓေ မှန်ကြပုံများရှင်းနေသောကြောင့် သင်တို့သည် နှစ်သက်ရာ ကမ္မဋ္ဌာန်း တရား

များကိုအားထုတ်ရန် အချိန်ဆွဲ၍ ဖင့်နွဲ့ကာမနေကြဘဲ၊ လူဖြစ်ခရိုက်ရလေအောင် အမြန်ဆုံးအားထုတ်ကြပါကုန်။

ငါးဆူပွင့်ကြွ ဘဒ္ဒကမ္ဘာ
ကံကဆောင်ပို့ ငါတို့ရောက်လာ
ကံလှ ဈာန်လှ ဉာဏ်လှ သုံးဖြာ
အလှဆုံး ထိတ်ဆုံးခနကြတာ။

ယခုငါတို့တထွေလူ ဖြစ်လာဗုဒ္ဓဘာသာတွေ ဖြစ်ရှိလာကြသော ကမ္ဘာကြီးဟာ ဘဒ္ဒကမ္ဘာကြီးပါဘဲ။ ဘဒ္ဒကမ္ဘာ၌ဘုရားငါးဆူပွင့်ပါတယ်။ ထိုငါးဆူသောဘုရားတို့၏ အမွေတော်ကြီးနှင့်တန်လို့ ရယူဘို့ရောက်လာကြတာပါ။ ယူကြတော့ ရမှာပါဘဲ။ ၄-ဆူပွင့်သော ကမ္ဘာ၌ လူအကုန်၊ နတ်အကုန်၊ ဗြဟ္မာအကုန်ဟာ ၄-ဆူသောဘုရား၏အမွေကိုရဘို့ဖြစ်လာကြတာ။ငါတို့ကား ၅-ဆူ၏ အမွေကိုရဘို့ပါဘဲ။ (တိတ်ဆုံးက မဟုတ်လား။) ၃-ဆူပွင့်သော ကမ္ဘာက လူတွေ နတ်တွေ ဗြဟ္မာတွေဟာ ဘုရား ၄-ဆူ၏အမွေကို ရဘို့ဖြစ်လာကြတာပါ။ ငါတို့ကား ၅-ဆူ၏ အမွေကို ရဘို့ပါဘဲ။ (ထိတ်တန်းကဘဲ မဟုတ်ပါလား။) ၂-ဆူပွင့်သော ကမ္ဘာက လူတွေ၊ နတ်တွေ ဗြဟ္မာတွေဟာ ဘုရား ၂-ဆူ၏ အမွေကိုရဘို့ပါဘဲ။ (ငါတို့ကား ၅-ဆူ၏အမွေကိုရဘို့ပါ။(ထိတ်ဆုံးကပေါ့နော်။) တဆူပွင့်သော ကမ္ဘာကလူတွေဟာ ဘုရားတဆူ၏အမွေကို ရဘို့ဖြစ်လာကြတာ၊ငါတို့ကား ငါးဆူ၏အမွေကိုရဘို့ပါဘဲ။ (ထိတ်ဆုံးကပါ)သုညကမ္ဘာက လူတွေ နတ်တွေ ဗြဟ္မာတွေဟာ ဘယ်ဘုရား၏အမွေမှမရကြပါ။ ငါတို့ကား ငါးဆူ၏အမွေ

ကိုရဘိုပါဘဲ။ (ထိတ်ဆုံးကပါ။) ဒီပုံတွက်ချက်၍ကြည့်တော့ ၄-ဆူပွင့်သောကမ္ဘာကဗြဟ္မာတွေ ၃-ဆူပွင့်သော ကမ္ဘာက ဗြဟ္မာတွေ။ ၂ ဆူပွင့်သော ကမ္ဘာကဗြဟ္မာတွေ။ တဆူပွင့် သော ကမ္ဘာက ဗြဟ္မာတွေ။ သုညကမ္ဘာကဗြဟ္မာတွေ၊ အား လုံးဘက်ပင် ငါတို့က ကံလု ဈာန်လု ဉာဏ်လု ဖြစ်နေတာကို တွေ့ကြရသည်။ အဲဒါလို ထိတ်တန်းကျ၍ ငါးဆူသောဘုရား တွေ၏အမွေတော်ကြီးကို ရနိုင်တဲ့ ယခုဘဝမှာ ကြိုးစားပြီး အားထုတ်လိုက်ပါမူကား မဂ်နဲ့ ဖိုလ်နဲ့ နိဗ္ဗာန်နဲ့ မဝေးလှဘဲ အနီးကလေးဘဲဆိုတာ သိထားကြပါတော့။

(နိဗ္ဗာနဿေဝသန္တိကေ။) တဲ့။ ယခုလူတွေဟာ နိဗ္ဗာန်၏ အနီးကလေး၌ ကပ်ကပ်ပြီး ဖြစ်နေကြ သွားနေကြတယ်ဟု မြတ်စွာဘုရားက ဟောထားပါပေကော။

(ဘုရားအမွေတော်ကြီးကိုယူကြတဲ့။) [ဓမ္မဒါယာ ဒါ ဘိက္ခဝေ ဟောသ မာအာမိသဒါယာဒါတဲ့။] ဓမ္မဒါယာဒ သုတ်မှာ ဟော ထား ခဲ့ပါပြီ။ ဘိက္ခဝေ၊ ချစ် သား တို့။ ဓမ္မဒါယာဒါ၊ တရားတော်၏အမွေခံပုဂ္ဂိုလ်တို့သည်။ ဟောထ ဖြစ်ရစ်ကြပါကုန်လော့။ အာမိသဒါယာဒါ၊ ဆွမ်းသင်္ကန်း ကျောင်းဆေး၊ လေးပါးသော ပစ္စည်းအမွေခံ ပုဂ္ဂိုလ်တို့ သည်။ မာဟောထ ဖြစ်၍မနေကြပါကုန်လင့်။ ။တရားကို သာအမွေခံပြီး နိဗ္ဗာန်အထိနေကြပါ၊ ပစ္စည်း၄-ပါး၏အမွေ ခံကား လုပ်၍မနေကြစမ်းပါနှင့်တဲ့။

# ကဲကဲတရားတော်၏အမှန်သာဖြစ်ကြတော့ဟူရာ၌ တရားတော်ကြစစ်ဆေးရမည်

နိဗ္ဗာန်တရား
မဂ်တရား
ဖိုလ်တရား
လောဘတရား
ဒေါသတရား
မောဟတရား

ဤပုံစံကိုကြည့်ပြီးစဉ်းစားကြပါ။ နိဗ္ဗာန်ဟာ တရားတဲ့၊ မဂ်ဟာလဲတရားတဲ့၊ ဖိုလ်ဟာလဲ တရားတဲ့။ (အကုသိုလ်ထဲမှလဲ) လောဘ ဟာလဲ တရားပါဘဲတဲ့၊ ဒေါသဟာလဲ တရားပါဘဲတဲ့၊ မောဟ ဟာလဲ တရားပါဘဲတဲ့။ ။ယခု လူတွေကတော့ မစဉ်းစားတတ်လို့ လောဘဟာ မတရားတဲ့၊ ဒေါသဟာ မတရားတဲ့၊ မောဟ ဟာမတရားတဲ့။ (မ) အက္ခရာကိုနိုးပြီး ထည့်ကြသည်၊ထင်ကြ မြင်ကြသည် [ဘုရားကတော့လောဘ ဒေါသ၊ မောဟ ၃-ပါးဟာတရားပါဘဲတဲ့.] လောဘက တရားဖြစ်ပုံရှင်းလင်းပြဘို့သာရှိနေပါသည်။ (ဓမ္မောဟိ သဘာဝေါ) ဟု ပိဋကတ်အဋ္ဌကထာတွေမှာ ပါဠိဖြင့်ပြထားပါ၍ ဓမ္မော၊ တရားဆိုတာ သဘာဝေါ၊ သဘောတဲ့။ ကဲဒါဖြင့် (သဘောကိုတရား) ဟုပြထားပါတယ်။ လောဘမှာ (လိုချင်တဲ့သဘောဟာတရားပေါ့) ၎င်းလိုချင်တဲ့ သဘော မျှသာရှိ၍ ပရမတ်ပါဘဲ။ အထယ်မပေါ်၊ ဒြပ်မပေါ်၊ ပုံစံမပေါ်၊ သဏ္ဍာန်မပေါ်ပါ။ သဘောပရမတ်သာရှိ၍ ငါ၊ သူ၊ လူ နတ် ပညတ် ဒိဋ္ဌိ အမှားတွေ ပြုတ်ပြီ၊ ကွာပြီ၊ အဲဒါ လောဘ သဘောကဒိဋ္ဌိခွာတာပါ။ ၎င်းလိုချင်တဲ့ သဘော၌ စဖြစ်

စဖြစ်နှင့် ဥဒယသဘောကို တွေ့ရပြန်တယ်။ ၎င်း ဥဒယ
သဘော စဖြစ်၊ စဖြစ်သဘောကိုရှုတော့ ဥစ္ဆေဒဒိဋ္ဌိငါးပါးလဲ
ကွာပြီ၊ ပြုတ်ပြီ။ [ဥဒယဒဿနေန၊ ဥစ္ဆေဒဒိဋ္ဌိယာ] ဥဒယ
ဒဿနေန၊ စဖြစ်၊ စဖြစ်ကိုတွေ့ရှုသဖြင့် ဥစ္ဆေဒဒိဋ္ဌိယာ၊ ဥစ္ဆေဒ
ဒိဋ္ဌိငါးပါးကို ပဟီနာ၊ ပယ်အပ်သည်၊ ဟောတိ၊ ဖြစ်၏×
တဖန် ၎င်းလိုချင်တဲ့ သဘော၌ ပျက်ပျက်နေတဲ့သဘောကို
တွေ့ရှုရပြန်သည်။ ဤပျက်ပျက်သဘောကိုရှုသဖြင့် သဿတ
ဒိဋ္ဌိတဆဲ့ငါးပါးကွာပြန်၏ [ဝယဒဿနေန၊ သဿတဒိဋ္ဌိ
ယာ] ဝယဒဿနေန၊ အပျက်ကိုရှုသဖြင့်။ သဿတဒိဋ္ဌိယာ
သဿတဒိဋ္ဌိကို။ ပဟီနာ၊ ပယ်အပ်သည်၊ ဟောတိ၊ ဖြစ်၏×
တဖန်၊ ၎င်းလိုချင်တဲ့သဘော၌ ဖြစ်ပျက်ဖြစ်ပျက်သဘောကို
တွေ့ရပြန်သည်။ ဤဖြစ်ပျက် ဖြစ်ပျက်ကို ရှုနိုင်တော့ အမရာ
ဝိက္ခေပဒိဋ္ဌိကွာသွားပြန်၏။ [ဥဒယဝယ ဒဿနေန၊ အမရာ
က္ခေပဒိဋ္ဌိယာ] ဥဒယဝယ ဒဿနေန၊ မြစ်ပျက် ဖြစ်ပျက်ကို
ရှုသဖြင့်အမရာဝိက္ခေပဒိဋ္ဌိယာ၊ အမရာဝိက္ခေပဒိဋ္ဌိကို။ ပဟီနာ၊
ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်၏×၎င်းလိုချင်တဲ့သဘော၌ဖြစ်
ပျက်ဖြစ်ပျက်ကိုရှုရင်း အနိစ္စသဘောကိုတွေ့ရပြန်၏။ အနိစ္စ
တော၊ အနိစ္စဒိဋ္ဌိ ကွာသွားပြန်သည်။ [ဥဒယဗ္ဗယဒဿနေန၊
အနိစ္စလက္ခဏံပဿတိ၊ တေနနိစ္စဒိဋ္ဌိယာ] ဥဒယဗ္ဗယဒဿနေန၊
ဖြစ်ပျက်ဖြစ်ပျက်ကိုမြင်သဖြင့်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာ
ကို။ ပဿတိ၊ မြင်၏။ တေန၊ ထိုအနိစ္စလက္ခဏာကိုမြင်ရခြင်း
ကြောင့်။ နိစ္စဒိဋ္ဌိယာ၊ မြဲနေတယ်ဟူသောဒိဋ္ဌိကို။ ပဟီနာ၊

## ကံကပ္ပ၍ လူပြည်သို့ရောက်နေတဲ့လူ(၂၀)

ဟိနရိကလဿလူ၊ အရိုင်းလူ၊ သူတောင်းစားလူ၊ဆင်းရဲသားလူ ကုန်သည်လူ၊သူကြွယ်လူ၊သူဌေးလူ၊ ပဒေသရာဇ်၊ ဧကရာဇ် စကြာဝတေး၊မန္ဓာတ်၊အန္ဓလူ၊ကလျာဏပုထုဇဉ်လူ၊ စူဠသောတာပန်၊ မဇ္ဈိမသောတာပန်၊ မဟာသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလူဟူ၍ လူ့ဘုံလူ့ပြည်၌ လူ ၂၀-တွေ့ရ၏။ ။ယခုပြတဲ့လူ-၂၀ တို့ဟာသိပ်ပြီး ပါရမီကံကောင်းမွန်လှသဖြင့်ဘုရားပွင့်တုန်း၌ကြုံခြင်း။တရားပွင့်တုန်း၌ကြုံခြင်း၊ သံဃာပွင့်တုန်း၌ကြုံခြင်း၊ သာသနာခေတ်ကြီးမွန်းတဲ့တုန်း၌ကြုံခြင်း ပါရမီဖြည့်၊ ပါရမီများလို့ကြုံကြိုက်ကြတာပါဘဲ။၎င်းလူ-၂၀ ထဲက ပထမလူစုကိုထား၍ ကျန်လူစု ၁၉-စုတို့ဟာ ရပ်ပြစ်ရှစ်ပါးမှ လွတ်နေကြပါလျက်နှင့်(ဗုဒ္ဓုပ္ပါဒနငမခေတ်)၌ မနေကြဘဲ။ (အဋ္ဌက္ခဏ) ဆိုတဲ့ ရပ်ပြစ်ရှင်ပါးနယ်ထဲ၌ တသဲသဲ တစွဲစွဲ တမြဲမြဲနှင့် ပျော်ပွဲဆင်၍ နေကြတာကို မြင်ရသဖြင့် ကြင်နာသနား နောက်သံသရာ တလွှားမှာဖြင့် အပါယ်နှုံညွှား၍ ဗျာများကြရှာတော့မည်ဟု တွေးတွေးပြီး စိတ်မေးသဖြင့် ရေးပြပါသည်။

ယခုပြတဲ့လူ၂၀ ကိုကြည့်ကြစမ်းပါ။ ။[အမှိုကော င်းလျှင် တချက်။] [အနေကောင်းလျှင် တသက်။]စကားပုံနာနာဖတ်ကြပါ။

(၁) ဟိနဝိကလဿနားချို့။ မျက်စိချို့။ လက်ချို့။

ခြေချို့။ပါးစပ်ချို့သော လူတွေနှင့် (ဖါး၊နွား၊ဆင် မြင်း မျောက်၊ ကျေးသား၊ ကြက်မ၊ ဇီးကွက်၊ ဇမ္ဗူဒိတ်လင်းနို့ သားငါးရာ၊ သိဟိုဠ်လင်းနို့သား ငါးရာတို့ဟာ သုဂတိ အဟိတ်နှင့်ဒုဂ္ဂတိအဟိတ်မို့ နယ်တူပဲထားပြီး တွက်ချက်ကြ ပါစို့ရှဲ။ ၎င်းတို့ဟာ တရားနာကြရ၊ အတူနေကြရသဖြင့် ဖါးဘဝ၊ နွားဘဝ၊ ဆင်ဘဝ၊ မြင်းဘဝ၊ မျောက်ဘဝ၊ကျေး သားဘဝ၊ ကြက်မဘဝ၊ ဇီးကွက်ဘဝ၊ လင်းနို့ဘဝတွေမှ ကံကုန်သော်နတ်ပြည်က တာဝတိံသာဘုံသို့ရောက်ကြတယ် ရောက်ပြီးတော့ သတိရ၍ ချက်ချင်း တရားလာ၍ နာကြ သဖြင့် နတ်မြစ် မဂ်ဖိုလ်ရ နိဗ္ဗာန် မြင်ကြရပါပြီ။ ဒါထက် အောက်ကြတာ နောက်ကြတာတွေ မရှိတော့ပါ။ မျက်စိ နား, နှာ, အင်္ဂါချို့လေ တရားနာလေ၊ အတူနေလေ၊ အနီး ကပ်လေပြုခဲ့သော် ယခုပြတဲ့ ဖါး နွားထက်မြင့်မည်။ တက် မည်ဆိုတာ တကြိမ်မျှ သတိမရကြသေးဘူးလား။ယခုပြတဲ့ ဒုဂ္ဂတိ တိရစ္ဆာန်တွေနှင့် နှိုင်းပြီး အရယူကြဘို့ နည်းပေး လမ်းပြတာပါ။

(၂) အရိုင်းလူတွေထဲက တမ္ဗဒါဌိက ခိုးသူသတ်ကြီး ခိုးသားကိုးရာ ခိုးသား ၇၀၀၊ ခိုးသားငါးရာ၊ အင်္ဂုလိမာလ တို့ဟာ သိပ်ရိုင်းစိုင်းတဲ့ သူတွေပါဘဲ။ တာတွေတောင်မှ တရားနာ၊တရားကျင့်လို့ ပဋိသမ္ဘိဒါပတ္တရဟန္တာ အမြင့်ဆုံး တွေဖြစ်ကြပါပြီ။မိမိတို့နှင့်စာနာကြည့်ပါတော့။ မိမိတို့ဟာ ဤမျှမရိုင်းကြပါ။

(၃) သူတောင်းစားထဲကဆိုလျှင် သောပါကရဟန္တာ ဖြစ်သွားပါပြီ၊ သုပ္ပဗုဒ္ဓါလူနူသူတောင်းစားကြီးလဲ အရိယာ သောတာပန်တည်၍သွားပါပြီ၊ မိမိဤမှ အောက်တန်းထဲက မဖြစ်ရ သေးပါဘူး။ ၎င်းတို့နှင့် နှိုင်းစာ၍ အရယူကြ ပါလေ။

(၄) ဆင်းရဲသားထဲကဆိုလျှင် ပဗ္ဗတမုဆိုး၊ ကုက္ကုဋမိတ္တမုဆိုး၊ တံငါအရိယာ။ ၎င်းတို့ဟာ ရဟန္တာ သောတာပန် တွေဖြစ်နေကြပါပြီ။ နာကြ၊ ကျင့်ကြပါတော့။

(၅) ကုန်သည်၊ ၅၀၀-တို့ဟာ တရားနာ၊ ကျင့်ကြံ ကုန်သွယ်ကြသဖြင့် နဂါးကယ်၍ သူဌေးနယ်၌ နေရခြင်း လောကုတ္တရာ တရားများကို ရသွားကြပါပြီ။

(၆) သူကြွယ်ထဲက ဆိုလျှင် စိတ္တသူကြွယ်၊ ဥပါဠိသူ ကြွယ်၊ ဗြဟ္မာယု၊ တာရုက္ခ၊ ပေါက္ခရသာတိ၊ သေလ စသော သူတို့ဟာ လောကုတ္တရာ တရားနဲ့နေကြရပါပြီ။

(၇) သူဌေးဘက်ကဆိုလျှင် ဇောတိက၊ ဇဋိလ မေဏ္ဍက ဓနဉ္စယ၊ ဝိသာခါ၊ ဝိသာခ၊ ဥဂ္ဂ၊ မဟာပုဏ္ဏ ကာကဝလ္လိယ အနာထပိဏ်သူဌေး စသောသူတို့ဟာ လောကုတ္တရာနယ်၌ နေကြရပါပြီ။

(၈) ပဒေသရာဇ်ထဲက ဗိမ္ဗိသာရမင်း မိလိန္ဒမင်း စသော သူတို့ဟာ လောကုတ္တရာနယ်၌ နေကြရ ထိုင်ကြရ ပါပြီ။

(၉) ကေရာဇ်ထဲကဆိုလျှင် သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿ ကြည့်ပါတော့။ ၎င်းဟာအရှင်မဟာမဟိန္ဒ သံဃမိတ္တါထေရီမ ရဟန္တာတို့နှင့် သာသနာတွဲပြုပြီး လောကုတ္တရာသို့ ရောက်၍နေကြပါပြီ။

(၁၀) စကြာမင်းထဲကလဲ သင်္ခ စဟာမင်း များဟာ လောကုတ္တရာနယ်၌နေထိုင်ကြပါပြီ။

(၁၁) အန္ဓပုထုဇဉ် တွေထဲကဆိုလျှင် ၁၆–တိုင်းက ၁၆–ပြည်က လူတွေဟာ ခန္ဓာမသိ အာယတနမသိ၊ ဓါတ်မသိ၊ ပရမတ်မသိကြပေမဲ့ တရားနာကြားရသဖြင့် လောကုတ္တရာထဲသို့ရောက်ကြရပါပြီ။

(၁၂) ကလျာဏပုထုဇဉ်ထဲက အရှင်ပေါဋ္ဌိလ၊ အရှင်မဟာသိဝ အရှင်မဟာနာဂ၊ အရှင်ဥပါလိ၊ဒွေးသဟာယက စသောသူတို့သဲနှောင်အခါ၌ လောကုတ္တရာထဲဖြစ်ကြသည်။

(၁၃) စူဠသောတာပန်များ၊ မဇ္ဈိမသောတာပန်များ မဟာသောတာပန်များ၊ သကဒါဂါမ်များ၊ အနာဂါမ်များ ရဟန္တာများ အားလုံးတွေဟာ ၂၄–သင်္ချေ၊ ကုဋေ (၆၁)ဗိုလ်ခြေတသိန်းထဲသို့ ပြေးဝင် နေထိုင် ကျွတ်တမ်းများရကြပါပြီ။

## သင်တို့ကို ပရမတ်ဓါတ်ကြီး လေးပါးက ကယ်ဆယ်ပါလိမ့်မည်

(၁) ဖါးခြသေ့စစ်ပွဲ၌ ဖါးကိုရေဆိုတဲ့ အာပေါဓါတ်က အနိုင်ပေးပါတယ်။

(၂) ဗီးလုံးငှက်စွန်ရဲစစ်ပွဲ၌ မြေ ပထဝီဓါတ်က ဗီးလုံးငှက်ကိုအနိုင်ပေးပါတယ်။

(၃) လူနဲ့မျောက်စစ်ပွဲ၌ တေဇော မီးဓါတ်က မျောက်များအား အနိုင်ပေးပါတယ်။

(၄) ကိလေသာနဲ့လူစစ်ပွဲ၌ အာနာပါနလေ ဓါတ်က လူတွေကို အနိုင်ပေးပါတယ်။

(၅) တနည်း ကဋ္ဌဝါဟန ဝတ္ထု၌ လေဝါယောဓါတ်က လူတွေကိုအနိုင်ပေးပါတယ်။

## မိမဲမှု့ တောင်ညာဒေဝီ မဟေသီမရပုံ

ရှေးသရောအခါ၊ အိန္ဒိယပြည်တွင် ကစ္စယနာဘုရင်တပါးဟာ ကျေညာနေတော့သည်၊ကျေညာပုံကား ပထမ အလှဆုံး အချောဆုံး ကညာပျိုကို တောင်ညာ တင်မည်။ ဒုတိယ ကညာပျိုကို အလယ်နန်းတင်မည်။ တတိယ ကညာပျိုကို မြောက်နန်းတင်မည်။ စတုတ္ထကညာပျိုကို အနောက်နန်းတင်မည်။ ပဥ္စမကညာပျိုကို မိဖုရားအငယ်စား၌ ထားမည်။ သတ္တမ ကညာပျိုကို အပျိုတော်နေရာ၌ ထားမည်။ ဘယ်နေ့ကစ၍ ဘယ်နာရီ၊ ဘယ်အချိန်အထိ လာရောက်ပြီး

အရွေးခံကြရမည်။ ဘယ်ဌာန၌ ရွေးချယ်မည်ဟု တိတိကြကြ၊ ကျေညာစာ ပြထားသည်။ ။ဤခေတ်ဤအခါ၌မူကား (မိမဲမှုံ) ဟု နာမည်ရှိနေသော ကညာပျိုကား၊ အလှဆုံး၊ အချောဆုံးတည်း။ ၎င်းမိမဲမှုံဟာ သူ့မှာရှိနေတဲ့ အလှဆုံး အချောဆုံးဂုဏ်ကို အားကိုး၍အားထား၍ မာန်တက်သည်မှာ ငါတဦးသာ ဤပွဲထဲသို့ ဝင်ပါလျှင် ငါတဦးသာတောင်ညာစံဒေဝီ မဟေသီဘွဲ့နှင့်မိဖုရားခေါင်ကြီးဖြစ်မည်။ ဒါပေမဲ့ ငါ့ကိုမမှီသေးတဲ့ ကညာပျိုတွေဟာ အရင်သွားပြီးပြီးတော့ ပြကြပါစေဦး။ ပွဲလယ်ချိန်၌လဲ ပြသကြပါဦး။ ငါဟာပွဲသိမ်းကာနီးကြမှ ငါ၏အလှဂုဏ် အချောဂုဏ်ကို ပြသပြီး ဗိုလ်စွဲ၍ တဦးထဲယူမယ်ဟု ကြံစီပြီး အိပ်၍နေပေသည်။ ။၎င်းမှကြွင်းကျန်သော ကညာပျိုတို့ကား ကျေညာထားသည်။ အချိန်နာရီအတိုင်း သွား၍ သွား၍ ပြသအရွေးခံကြသည်။ (မိမဲမှုံကား) အိပ်တုံးပါဘဲ။ ပထမရွေးပွဲ၌လဲမိမဲမှုံမပါသေး။ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမရွေးပွဲ၌လဲ မိမဲမှုံမပါသေးပါ။ ပြသပွဲပြီး၍၊ ရွေးချယ်ပြီး၍ပရိသတ်အားလုံးပြန်လာကြတော့မှ မိမဲမှုံ အိပ်ရာမှထ၍လာရာ သူကအလာ၊ ပရိသတ်က အပြန်နှင့် လမ်းမာဆုံကြသည်။ မိမဲမှုံကမေးတော့။ ပြပွဲလဲ ပြီးပါပြီ၊ ရွေးချယ်ပွဲလဲပြီးပါပြီ၊ ပြီးလို့ပြန်လာကြတဲ့ လူတွေပါဘဲဟု ပြောပြကြသည်။ ဒီတော့ကမှ မိမဲမှုံဟာ ရွေးသို့ဆက်သွားလဲ အကြောင်းမထူးတော့၊ အကျိုးမရတော့ပါ၊ သွားလဲ

ရွေးချယ်တော့မည်မဟုတ် ခပ်ကုတ်ကုတ်နဲ့ပင် ပြန်လာခဲ့ရသည်။ မိမိအလှဟာအလကားအလှ ဖြစ်ရတော့သည်၊ မိမိအချောဟာ အလကားအချော ဖြစ်ရတော့သည်၊ မိမဲမှုံကို ဘယ်သူမှဆွဲမထားဘဲနှင့်လွဲရတာ၊ ဘယ်သူမှမတားမြစ်ဘဲနဲ့ လွဲရတာ၊ (ဘယ်သူမပြု၊မိမိမှု) အဝိဇ္ဇာ၊ ဒိဋ္ဌိ၊မာန နှိပ်စက်လို့ပါ။ ။သခုပြတဲ့ မိမဲမှုံ၏ဝတ္ထုသွားကဲ့သို့ပင် အချို့သော အာဇာနည်အကျော်အမော်ဖြစ်ကြတဲ့ ဇော်ကဝိကြီးတွေကလဲ ငါတို့ဟာ သာသနာပိုင်ကြီးကဘဲ၊ ဂိုဏ်းချုပ်ကြီးကဘဲ၊ ဂိုဏ်းအုပ်ကြီးကဘဲ၊ ဂိုဏ်းထောက်ကြီးကဘဲ၊ ဆရာတော်ကြီးကဘဲ စာချကြီးကဘဲ၊ ကျောင်းထိုင်ကြီးကဘဲ၊ ဝိနည်းနဲ့၊ သုတ္တန်နဲ့၊ အဘိဓမ္မာနဲ့၊ ပိဋကတ်နဲ့၊ နိကာယ်နဲ့၊ အင်္ဂါကိုးတန်နဲ့၊ ဓမ္မက္ခန္ဓာ ပေါင်း (၈၄၀၀၀) နဲ့၊ ၂၂၇-သွယ်သောသိက္ခာပုဒ်နဲ့၊ ကုဋေ (၉၀၀၀) ကျော်သောသီက္ခာပုဒ်နဲ့ ကဘဲဟူ၍အချိန်ဆွဲဆွဲပြီးမနေကြစမ်းပါနဲ့။ မိမဲမှုံ (နောက်ကျသဖြင့်) နောက်ကျပြီးအခေါ်မနံဘဲ ကတော်မခံရသလိုသောတာပန်ရွေးပွဲမှ ဆွေးကာနဲ့ကျန်ရစ်ပြီး မာရ်စစ်နောက်သို့ တကောက်ကောက် လိုက်သွားရတော့မည်၊ သတိရကြပါလေ။

## ဝိပဿနာဉာဏ်အရာ လောကီဉာဏ်အရာ

[ဝိပဿနာဉာဏ်အရာတဲ့] ဤဉာဏ်အရာကပထမနားလည်အောင်ရှင်းပြပါဦးမည်။ ။ဟဲ့ဗလ၊မောင်မင်းဉာဏ်ရှိတယ်ဟုငါကြားဘူးတယ်။ ဉာဏ်ရှိမရှိကို ငါကိုယ်တိုင် စစ်

ဆေးကြည့်ယ် ဟောဒီမှာ ၁-၂ ၃-၄-၅-၆-၇-၈-၉ ၁၀] ဂု ဂဏန်းဆယ်လုံးရှိတယ်။ အဲဒါကို မောင်မင်း၏ ဉာဏ်နဲ့ (တဆယ်) တွေများများဖြစ်အောင် ပေါင်းပြစမ်းပါ။

ဗလသည်ဉာဏ်ကွန့်၍ပြသည်ကား။ (က) တစ်နဲ့ သုညနဲ့ ပေါင်းတော့ တဆယ်ဖြစ်ပါသည်။ (ခ) အထက်မှအောက်သို့ အစဉ်အတိုင်းပေါင်း ကြည့်လျှင်ကိုးနဲ့တစ်နဲ့ပေါင်းတော့ တဆယ်။ (ဂ) ရှစ်နဲ့နှစ်နဲ့ပေါင်းတော့တဆယ်။ (ဃ) ခုနှစ်နဲ့ သုံးနဲ့ပေါင်းတော့ တဆယ်။ (င) ခြောက်နဲ့လေးနဲ့ပေါင်း တော့ တဆယ်။ (စ) ငါးနဲ့ ငါးနဲ့ ပေါင်းတော့တဆယ်။ (ဆ) လေးနဲ့ခြောက်နဲ့ ပေါင်းတော့ တဆယ်။ (ဇ) သုံးနဲ့ ခုနှစ်နဲ့ပေါင်းတော့တဆယ်။ (ဈ) နှစ်နဲ့ရှစ်ပေါင်းတဆယ် (ည) တဖန် တစ်နဲ့သုညပေါင်း တဆယ်ဟူ၍ ဂဏန်းဆယ် လုံး၌ တဆယ်၊ ဆယ်မျိုး ဖြစ်နိုင်ပါတယ်ဟု ဉာဏ်ရှိပုံကို ပြသည်။ ဒီတော့မှ ဗလ၌ဉာဏ်ရှိကြောင်း ကိုယ်တွေ့ဖြင့် သိရတော့သည်။

## မိမ္မပျိုဉာဏ်ရှိကြောင်းသိရပုံမှာ

စလင်းမြို့ဝန် ဦးချက်ကြီးက မိမ္မပျိုတဦး၌ ဉာဏ်ရှိ၊ မရှိ စုံစမ်းလို၍ ဆန်တအိပ်ကို ပေးပြီးမင်းမှာရှိတဲ့ဉာဏ်နဲ့ အမျိုး မျိုးရအောင်ပြုစမ်းပါဟုခိုင်းတော့ ရင်းမိမ္မပျိုဟာ ဆန်တခု ထဲမှ အနည်းနည်းလုပ်ပြသည်မှာ (၁) ဆန်မှ ထမင်းဖြစ်ပုံ။

(၂) ဆန်မှမုံ့တီဖြစ်ပုံ။ (၃) ဆန်မှရေမုန့်ဖြစ်ပုံ။ (၄)ဆန်မှ မုန့်လုံးရေပေါ်ဖြစ်ပုံ။ (၅) ဆန်မှမုန့်ပေါင်းဖြစ်ပုံ။ (၆) ဆန်မှဘူးသီးကျော်ဖြစ်ပုံ။ (၇) ဆန်မှကစီရေဖြစ်ပုံ။ (၈) ဆန်မှဆန်ပြုတ်ဖြစ်ပုံ။(၉) ဆန်မှနို့ဂဏာဖြစ်ပုံ (၁၀)ဆန်မှ မုန့်ဗိုင်းဒေါင့်ဖြစ်ပုံ စသည်ဖြင့် ငါးရာတိတိ လုပ်၍ပြသည်။ ဝန်မင်းကဉာဏ်ရှိပါပေရဲ့ဟု (ငွေဆယ်ပိဿာ) ပေးကမ်း၍ ဉာဏ်ပူဇော်လေသည်။(အိမ်တွင်းကညာ၊ဉာဏ်ပညာ)တည်း ဤနည်းဤပုံပါဘဲ၊ ဉာဏစာဂိသခင် ဒို့အရှင်သည် (ဧသိ) ဘာစုံကို ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ လက္ခဏာ၊ ပရိညာ ဝိသုဒ္ဓိ၊ သတိပဋ္ဌာန်-၄၊ သမ္မပဋ္ဌာန်-၄ စသည်ဖြင့် သဲလွန်စမျှ (၃၀၀) တိတိဉာဏ်စွမ်းပြ၍ စာစောင်စာအုပ် ရေးထုတ်၍ထားပါသည်။ ဝိပဿနာဉာဏ်အရာမို့ သူကဲ့သို့ကြံရှာပါလေဟု စေတနာထားခဲ့သည်ဝေနေယျာများတို့။



# သောတာပတ္တိ မဂ္ဂဒေသနာ

၁၃၂၈ ခုနှစ်၊ နတ်တော်လပြည့်နေ့

၈-မိုင် ရန်ကုန်မြို့၌ ရေးသည်။

(၁) ဤစာစောင်ကို(မဂ္ဂဒေသနာ)ဆိုလျှင် မဂ်လေးပါးလုံးကိုစုပြီးသင့်ပါလျက် အဘယ့်ကြောင့် (သောတာပတ္တိမဂ္ဂဒေသနာ)ဟု၊ အမည် ဝိသေသ ပြုရပါသနည်းဟု အမေးထွက်လာမည်။ အဖြေကား ပသမဖြစ်သော (သောတာပတ္တိမဂ်၏ကိစ္စ) နှင့်(အထက်မဂ်များ၏ကိစ္စ) ကား မတူပါ၊ မတူပုံကိုခွဲခြား ပြသချင်ပါသေးသည်။ သောတာပတ္တိမဂ်၏ကိစ္စမှာ(ဒဿနေနပဟာတဗ္ဗာ)ပါဠိအရ။ ဓါတ်သဘာဝ၊ သဘာဝလက္ခဏာနှင့်သာမညလက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်၊ လက္ခဏာရေး ၃-ပါး၊ စသည်တို့ကို ရှုရင်း, ရှုရင်း ဓါတ်တွေ့တော့ ဒိဋ္ဌိကွာရော၊ လက္ခဏာရေး ၃-ပါး တွေ့တော့ နိဗ္ဗာန်သို့သွားရော၊ သစ္စာ ၄-ပါးကို ပထမဦးစွာလဲ မြင်ရော ဒိဋ္ဌိအနုသယ၊ ဝိစိကိစ္ဆာအနုသယ ၂-ပါးကွာ၍ မဟာသောတာပန် တည်သွားပါသည်။ ဘုရားဟောလဲ ကြည့်ပါဦး။ [သတ္တိယာဝိယဩမဋ္ဌော ဍယှမာနောဝမတ္ထကေ သက္ကာယဒိဋ္ဌိံပဟာနာယ သတော ဘိက္ခုပရိဗ္ဗဇေ။] သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်ကို ကြည့်ထားပါ။ ဒိဋ္ဌိ ဝိစိ ၂-ခုပြာချရုံပါဘဲ။ [အပါယဂါမိကာ ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ သတိယေဝ၊ ဝိမစ္ဆိ၊ သက္ကာယဒိဋ္ဌိယာ၊ အသတိ

နေ့ဝိပစ္စန္တိ။]ဟူသော ဋီကာကြီးများ အရမှာလဲ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဖြတ်ရုံမျှ အပါယ်မကျရုံမျှသာဖြစ်ပုံကို နားလည်ကြသည်။ သောတာပန်ဆိုတာ ဝိသာခါသူဌေးကတော်နှင့် ဝိသာခ သူဌေးကြီးများပမာ၊ ဒိဋ္ဌိတလုံး ဝိစိကိစ္ဆာတလုံး ယင်း ၂-လုံး ဖြတ်နိုင်ရင်ဖြင့် မဟာသောတာပန်ဖြစ်၍ အိုးနဲ့ အိမ်နဲ့ သားနဲ့ မယားနဲ့ ရပ်နဲ့ ရွာနဲ့ ဖီးလား လိမ်းလား ပြင်လား ဆင်လား ကိလေသာအာရုံ ကာမဂုဏ်နှင့် ခံစားတုန်းကဘဲဟုသိ၍သူကနေရာ ငါ့ဟာရော ဒီလိုဆိုလျှင် လူတိုင်းကျင့်နိုင်မှာပေါ့ဟု သောတာပတ္တိမဂ်သို့ ရောက်ကြောင်းအကျင့်ကို လူတိုင်းပင် အားတက်သရော ကျင့်လိုဇောတွေ လှိုင်လှိုင် တမှိုင်မှိုင်နှင့် ခိုင်ခိုင်မြဲမြဲ ဖြစ်လာမည်။

(၂) အထက်မဂ် ၃-ပါးကတော့ [ဘာဝနာယ ပဟာတဗ္ဗာ။] ဖြစ်၍ ကာမ ရာဂ ဗျာပါဒကို နဲအောင်ကျင့်ရမည်။ နောက်တဆင့်၌ ကာမ ရာဂ ဗျာပါဒကို အကျွင်းမရှိအောင် ကျင့်ရမည်၊နောက်တဆင့်မှာတော့ ၁၅၀၀-ကိလေသာတို့ကို အားလုံးပင် ဈာပန ပြာချပြစ်ရမည်ဖြစ်သဖြင့် အိုးနဲ့အိမ်နဲ့ သားနဲ့၊မယားနဲ့၊ ရပ်နဲ့၊ ရွာနဲ့ ဆင်လား၊ ပြင်လား၊ ဝါလား ကြွားလား၊ မပြုရတော့ပြီ။ တစ တစနှင့်ခွါ မှန်းမသိ ခွါခွါ နေရသည်။ ရွာကိုရှောင်၍ တောတောင်ဘက်သို့ မျှော်မှန်း လာပြီ။ ဤပုံခြားနားပါသည်။ သို့ကလို ခြားနားလှသဖြင့် အထက်မဂ်ကိစ္စကို မရေးသားဝံ့ဘဲ တွန့်နှင်ကုန်မှာစိုးလို့ ရွန့်ကုန်မှာစိုးလို့ အထက်မဂ်ကိစ္စတွေကို ချန်ထားပြီး လူ

တိုင်းကျင့်နိုင်သော (သောတာပတ္တိမဂ္ဂဒေသနာ။) ကိုသာ
လျှင် ဦးစွာရေးပါအံ့သတည်း။

(၃) ပဌမ မဂ်ကိစ္စမှာ
ပဒါနဖြစ်တဲ့
ဒိဋ္ဌိတလုံးကို ပြာချဘို့
ဒိဋ္ဌိကွာရင် အပါယ်ကျလွှတ်ရော

ဒုတိယ၊ တတိယ၊ စတုတ္ထမဂ်ကိစ္စများ
အပဒါနဖြစ်တဲ့ ၁၅၀၀-ကိလေသာ
အကုသိုလ်များဘို့ပြာချဘို့
လောဒေါခမောကုံချင် နိဗ္ဗာန်ရောက်ရော

လူနတ်ဗြဟ္မာတွေ ၃၁-ဘုံသားတွေဟာ ဝိပဿနာဆိုလျှင်။ ဝါ။ သောတာပန် ဆိုလျှင်ဘဲ၊ ပန်းမပန်ရတော့ဘူး။
သနပ်ခါးမလိမ်းရတော့ဘူး။ အဝတ်အစား ပိုး ဖဲ ကတ္တီပါ မဝတ်ရတော့ဘူး။ အလှအပနဲ့ မနေရတော့ဘူး။ အိုးနဲ့ အိမ်နဲ့ သားနဲ့ မယားနဲ့မနေရတော့ဘူး။ ကာမဂုဏ်နဲ့ အာရုံနဲ့ မတွေ့ ရတော့ဘူးဟု ထင်နေကြတယ်။ ထင်သလိုလဲ ဗြဟ္မာကြီးများ ကာင် ဟောဒါလို ဘုရားဆီလာပြီး လျှောက်သေးတယ်။ [သတ္တိယာဝိယ ဩမဋ္ဌော ဍယှမာနောဝ မတ္ထကေ ကာမ ရာဂပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။] တဲ့နော်။ ကာမ ရာဂသယ်ရန်လျှောက်။ အဲဒီတော့ ဒို့ဘုရားကြီးက [သတ္တိယာ ဝိယဩမဋ္ဌော ဍယှမာနောဝမတ္ထကေ သက္ကာယဒိဋ္ဌိပဟာ နာယ သတော ဘိက္ခု ပရိဗ္ဗဇေ။] ဟု တရားကိုလွှဲပြောင်းပြစ် လိုက်တယ်။ အိုဗြဟ္မာကြီး ၁၅၀၀-ကိလေသာတို့ဟာ၊ အပဓါ

နတွေပါ။ဒိဋ္ဌိဝိစိသာလျှင် ပဓါနပါ။ဓါတ်တလုံးနဲ့ဒိဋ္ဌိတလုံး ဖြုတ်နိုင်ရင် သောတာပန်ဖြစ်ရော (ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။)ဖြစ်ပါရော ဗြဟ္မာကြီးရဲ့(ကာမ ရာဂ)စသည့် ၁၅၀၀ ကိလေသာတို့ကို ၃-ဆင့် ၃-တန်းနှင့် ပယ်နိုင်ရင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ရော (ဘာဝနာယ ပဟာတဗ္ဗ ဓမ္မာ။)သို့ရောက်ကရော။ ဒိဋ္ဌိကိုဓါတ်နဲဖြုတ်၍ သောတါပန် စူဠရော၊ မဇ္ဈိမရော၊မဟာရောရောက်ခဲ့လျှင်အရိယါ လောကုတ္တရာ မဂ်ပရမတ် ဝိဇ္ဇာ၊ သမ္မာဒိဋ္ဌိနယ်ထဲသို့ ရောက်ပါပြီဟု အာဒိကလျာဏ အစကောင်းခြင်း ငုတ်နေတာကို ထုတ်၍ပြပါသည်။

(၄) ဓါတ်ရှုနေ၍ ၂၄-သင်္ချေ ကုဋေ-၆၀၊ ဗိုလ်ခြေ တသိန်းခင်ဖိုလ်ရကြသည်။ဓါတ်မရှုဘဲနေ၍ ၃၁-ဘုံထောင် ၃-ထပ်ထဲ ကျကျ နေရသည်။ ။ကာယာနုပဿနာကျမ်း နံပါတ်-၇၈၊ ကြောင်းရေ-၂၇ ဟာမူဠ်။ ကျမ်းကြစမ်းပါဦးလော့။ပါဠိလိုခရေးပြတော့ဘူး၊ ဗမာလိုဘဲရေးပြမည့်၊ လူတရပ်လောက် အနက်ရှိသော မီးကျီးတွင်းထဲ၌ မီးကျီးတွေဟာ ပြည့်နက်ရှိနေစော့သည်။ လူတယောက်ဟာလဲ ဗျာဓိ အနာရောဂါ ကပ်ရောက်မှာကို အလွန်ကြောက်လန့်၍ နေသည်။ဇရာအိုမင်းရွတ်တွလျှက် ခါးကိုင်း၊နားထိုင်း၊ခြေဆွံ့ လက်ဆွံ့မှာကို အလွန်ကြောက်လန့်၍နေသည်။မရဏ သေရမှာကိုလဲ အသဲတထိတ်ထိတ်နှင့် ရွံထိတ် လန့်ကြောက်၍ နေသည်။ဤလို အကြောက်အလန့် များလှသော လူကို အား

အင်္ကြီးမားတဲ့ လူ၂-ဦးက အတင်းဖမ်းယူပြီးတော့ ယခင်
က ပြခဲ့သော မီးကျီးတွင်းထဲသို့ ပြစ်ချတယ်တဲ့။အဲဒါဉပမာ
ပါဘဲ။ဤ၌ မီးကျီးတွင်းကား (၃၁)ဘုံပါဘဲ။ ကြောက်တဲ့
လူကား ယောဂီပါဘဲ။ လူ ၂ ယောက်ကား အကုသိုလ်နှင့်
ကုသိုလ်ကံ၂-ခုပါဘဲ။ သင်္ဂြိုဟ်ကို ဆက်၍ ကြည့်ပါတော့။
[အဝိဇ္ဇာနုသယပရိက္ခိတ္တေန၊တဏှာနုသယမူလကေန၊ သင်္ခါ
ရေန၊ဇနီယမာနံ။]၃၁-ဘုံ မီးကျီးတွင်းကြီးထဲသို့၊ လူ,နတ်,
ဗြဟ္မာနဲ့တူတဲ့ သင်္ခါရကုသိုလ်ကံကို။ အဝိဇ္ဇာ အနုသယက
ဖုံးပြီးတော့ တဏှာအနုသယက မူလဘူတဖမ်း၍ လူဖြစ်
စေဘယ်၊နတ်ဖြစ်စေတယ်၊ဗြဟ္မာဖြစ်စေပါသတဲ့နော်၊အဲဒါ
လူ့ဘုံသို့ နတ်ဘုံသို့၊ ဗြဟ္မာ့ဘုံသို့(အဝိဇ္ဇာ၊ တဏှာ ကုသိုလ်
ကံက၊) ပို့နေတာကဲ့။ ။[အဝိဇ္ဇာ၊ တဏှာ၊ အကုသိုလ်
ကံက အပါယ်ဘုံသို့ ပို့နေတာကို မပြသေးပါဘူး။] ကဲကဲ
၃၁-ဘုံက လူ,နတ်,ဗြဟ္မာတွေ အဖန်တလဲလဲ ဖြစ်ရတာ ဒီပုံ
ပါဘဲကွယ်။ဒါကြောင့် ဓါတ်ရှုနေ ၂၄-သင်္ချေ ကုဋေ(၆၀)
ဗိုလ်ခြေတသိန်း မဂ်ဖိုလ်ရသည်။ ဓါတ်မရှုဘဲနေ၍ ၃၁-ဘုံ
ထောင် ၃-ထပ် ထဲကျကျနေရသည်ဟု ဟောရတာပါဘဲ။

(၅) ဒါန သီလ သမထက ခန္ဓာ အိမ် တွေ ဆောက်
ဆောက်နေကြသည်။ ဓါတ်ဝိပဿနာ မဂ်ဖိုလ်က ခန္ဓာအိမ်
တွေကို မီးရှို့ပြာချပြစ်သည်။သာဓကမှာ[မဂ္ဂသမ္မာဒိဋ္ဌိ၊ဝဋ္ဋ
ဝိဒ္ဓံသော ဘိ၊ ဖလသမ္မာဒိဋ္ဌိ၊ ဘဝ၊ ပဋိဗ ါဟတိ၊ ဝိပဿနာ
သမ္မာဒိဋ္ဌိ၊ သာပိ ပဋိသန္ဓိံ နာကၡတိ။X ဝိပဿနာသမ္မာဒိဋ္ဌိ

သတ္တဘာဝေဒေတိ။ × ဝိပဿနာဂဗ္ဘမေဝ၊ ဂဏှာတိ၊ နဝဋ္ဋဂဗ္ဘံ။
ဈာယေထဘိက္ခဝေ ကိလေသေ ဝိပဿနာအဂ္ဂိနာ။ × ဣဒ
ကမ္မံ၊ ကမ္မက္ခယာယ၊ သံဝတ္တတိ။ × ပါဠိ ၇-ပုဒ် ပြသည်။
အနက်များကား၊ မဂ္ဂသမ္မာဒိဋ္ဌိ မဂ်၄-ပါး၊ သမ္မာဒိဋ္ဌိသည်။
ဝဋ္ဋံ၊ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ ၃-ပါးကို။ ဝိဒ္ဓံသေတိ
ဖျက်ဆီး၍ပြစ်တော့၏။ [ကေအင်္ဂုတ္တိုရ်အဋ္ဌကထာ နံပါတ်
၃၇၉၊ ဇံမူမှ။] ဖလသမ္မာဒိဋ္ဌိ ဖိုလ် ၄-ပါး သမ္မာဒိဋ္ဌိသည်။
ဘဝံ၊ ဘဝကြီး ၉-ပါးကို။ ပဋိဗာဟတိ၊ တားမြစ်၏။ [ကေ
အင်္ဂုတ္တိုရ် အဋ္ဌကထာ နံပါတ် ၃၇၉ ဇံမူမှ။] ဝိပဿနာသမ္မာ
ဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိသည်။ အတ္ထိ၊ ရှိ၏။ သာပိ၊ ထိုဝိပဿနာ
သမ္မာဒိဋ္ဌိသည်လည်း။ ပဋိသန္ဓိံ၊ ပဋိသန္ဓေ ၁၉-ပါးကို။
နာကဍ္ဍတိ၊ မဆွဲငင်ပါ။ [ကေအင်္ဂုတ္တိုရ်အဋ္ဌကာနံပါတ် ၄၇၉
ဇံမူမှ။] ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိသည်။ သတ္တ
ဘဝေ၊ ၇-ဘဝ၌။ ဒေတိ၊ အရဟတ္တဖိုလ်ကိုပေး၏။ [ကေ
အင်္ဂုတ္တိုရ် အဋ္ဌကထာ နံပါတ်-၃၇၉ ဇံမူမှ။] ဝိပဿနာဂဗ္ဘ
မေဝ၊ ဝိပဿနာမဂ်ကိုယ်ဝန်ကိုသာလျှင်။ ဂဏှာတိ၊ ယူတော့
၏။ ဝဋ္ဋဂဗ္ဘံ၊ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ ဆိုတဲ့ ဝဋ္ဋ ၃-
ပါးကိုယ်ဝန်ကို။ နဂဏှာတိ၊ မယူတော့ပါ။ [ဥပရိပဏ္ဏာသ
ဋ္ဌကာကြီး နံပါတ်-၂၉၀၊ ကြောင်းရေ-၁၀ ဟံမူ။] ဘိက္ခဝေ၊
ချစ်သားတို့။ ကိလေသေ၊ ကိလေသာ ၃-ပါး၊ ၁၀-ပါး၊
၁၅၀၀-တို့ကို။ ဝိပဿနာအဂ္ဂိနာ၊ ဝိပဿနာ ဓါတ်မီးဖြင့်။
ဈာယေထ၊ ရှို့ပြစ်ပြာချကြပါကုန်လော့။ [ဈာနသံယုတ်

ပါဠိမှ။] ဤဒံကမ္မံ၊ သေဝိသေဝိနှင့်ရှုနေသော။ မဂ္ဂင်ကံသည်၊ ကမ္မက္ခယာယ အကုသိုလ်ကံ၊ ကာမာဝစရ ကုသိုလ်ကံ၊ ရူပါဝစရ ကုသိုလ်ကံ အရူပါဝစရ ကုသိုလ်ကံတို့၏။ ကုန်ခန်း ချုပ်ငြိမ်း ကင်းဝေး ပပျောက် ပြန်မရောက်ခြင်းငှါ။ သံဝတ္တတိ၊ ဓမ္မနိယာမ သဘောဖြင့် ကောင်းစွာဖြစ်တော့၏။ [အဲဒါစတုက ကမ္မက္ခယသုတ်တော်မှ အသီးအသီး အနည်းနည်းသူပြခြင်းပါဘဲ။ နောင်လာ သောတု၊ အခြေပြုတို့၏။ နယုပဒေသ၊ ဝိနိစ္ဆယ၊ ကြကြ နန၊ ပိုင်ပိုင် နိုင်နိုင်၊ ခိုင်ခိုင် ခံ့ခံ့၊ မရှုံ့ မကြောက်ရဘဲ၊ ဟောပြော ပြသနိုင်ကြပါစေသော့ဟု။ မနောပဏိဓိ၊ မေတ္တာရှိ၍ ညှိပြုသော သာဓကစုံ အနက်စုံ ကျမ်းစုံတို့ပါဘဲ၊ ဟူလို။

## ဒါ, သီ, ထ, ဝိ အားပြခန်း

ဒါသီ ထ ဝိ လေးရှိဝိဇ္ဇာ
သူ့အင် သူ့အား ပို့ထားခဲ့ပါ
အညွှံပြုက ညွှံမှုဘုံမှာ
အထက်ပြု မဂ်မှု ဖိုလ်မှုပါ။

ကံလမ်း၊ဒါန သီလများ လူနတ် ဘဝ၊ ဈာန် လမ်း၊ ထ ဝိ ဘိဥ် မာ ဈာန် ဗြဟ္မာ-၂၀ ဉာဏ် လမ်း ဝိပဿနာမဂ်ဖိုလ်လောကုတ္တရာဘုံ၊ယခုပြတဲ့ ဂါထာအလိုမှာ ဒါနကလဲ သူ၏အင်အား ရှိသလောက် လူ့ဘုံမှာ လူဆယ်မျိုးနှင့် အနှစ်တရာ ပို့ထားပါတယ်။xx သီလကလဲ သူ၏အင်အား ရှိသလောက် နတ်ဘုံမှာခြောက်မျိုးနှင့် အနှစ်ပေါင်း ၉၂၁-ကုဋေ၊ ၆-သန်းအထိ ပို့၍ထားပါတယ်။xx

သမထ၊ ဝိဇ္ဇာ၊ အသိညာဉ်၊ သမာပတ်၊ ဈာန်တရားတို့ကလဲ သူ့အင်သူ့အာ းရှိသလောက် ဗြဟ္မာ-၂၀ မှာ၊ကမ္ဘာပေါင်း (၈၄ ၀၀)နှင့်ပို့ရှိထားပါတယ်။X ဝိပဿနာကလဲ သူ့အင်သူ့အာ းရှိသလောက် လောကုတ္တရာမှာ မဂ်နဲ့ဖိုလ်နဲ့ပို့ရှိထားပါတယ်။ဒီလိုလဲ သိရှိထားကြပါဦး။နောက်တဖန်၊ဂုလမ်းဆိုတာ ဒါနနဲ့သီလပါဘဲ။ ၎င်းတို့ကိုပြု၍ လူ့ဘုံမှာ ဆယ်၁၁-ဌာန၊ နတ်ဘုံမှာ ၆-ဌာနနှင့် လူ့သက်တန်း နတ်သက်တန်းနှင့်ပို့ရှိထားပါတယ်။Xဈာန်လမ်းဆိုတာ သမထ-၄၀ ဝိဇ္ဇာ ၃-ပါး၊အဘိညာဉ်ငါးပါး၊ သမာပတ် ၈-ပါး ဈာန် ၉-ဈာန်တို့ပါဘဲ။ဒါတွေကိုပြု၍ ဗြဟ္မာ ၂၀-မှာ ပို့ရှိထားပါတယ်။Xဉာဏ်လမ်းဆိုတာ ဝိပဿနာမဂ်ဖိုလ်ပါဘဲ။ ၎င်းတို့ကတော့ လောကုတ္တရာမှာ မဂ်ဖိုလ်နိဗ္ဗာန်နှင့် အဆုံးအထိထားပါတယ်။ ဒါကိုလဲသိထားကြပါ။ ။အချို့မှာ ဂုလမ်း ဒါန သီလကိုမပြုမိကြဘဲ၊အကုသိုလ်တွေနှင့် နေသွားမိကြ၍ အပါယ် ၄-ဘုံမှာ ပြည့်ရှိပင် နေကြရပါတယ်။Xအချို့မှာ သဒ္ဓါအား သတိ ဝီရိယက အောက်တန်းကြပြီးနေတာမို့ ဂုလမ်း ဒါန သီလလောက်နှင့် ဘဝကုန်၍သွားတယ်။၎င်းတို့ကား လူ့ဘုံ နတ်ဘုံ၌ပင်နေထိုင်ကြရပါတယ် အချို့ကား ၎င်းတို့ထက် သဒ္ဓါ၊ စေတနာ၊ ဝီရိယရှိ၍ ဈာန်လမ်း သမထ ဝိဇ္ဇာ အဘိညာဉ် သမာပတ် ဈာန်တွေရပြီး ဗြဟ္မာဘဝနဲ့နေကြရတယ်။အချို့ကတော့ သဒ္ဓါ စေတနာ ဝီရိယ သတိ သမာဓိကပြည့်ဝကြသဖြင့် ဉာဏ်လမ်းအထိ

တက်ခဲ့ရောက်ပြီး ဝိပဿနာကို အားထုတ် ကြသဖြင့် မဂ်နဲ့ ဖိုလ်နဲ့ နိဗ္ဗာန်နဲ့ နေကြရတယ်။ ပြန်မကြတော့ပါဘူး။

လူ့ပြည်မှာလူတွေပြည့်နေတယ်၊ သာသနာပခေတ်ပါဘဲ၊ ဒါနပြုလို့ပါ။
နတ်ပြည်မှာ နတ်တွေပြည့်နေတယ် သာသနာပခေတ် သီလပြုလို့ပါ။
ဗြဟ္မာ့ပြည်မှာ ဗြဟ္မာတွေ ပြည့်နေတယ် သာသနာပ ခေတ် သမထပွါးလို့ပါ။
လောကုတ္တရာမှာ အရိယာတွေမရှိပါ သာသနာပခေတ် ဝိပဿနာမပြုလို့ပါ။

ယခုပြနေတာကို အထူးတလှယ် စဉ်းစား ဝေဘန်ကြည့်တော့ (သာသနာပခေတ်မှဲကြီး ခေတ်မိုက်ကြီးထဲမှာ ကိုလေသာ (၁၅၀၀)တွေ အပြည့်ပါဘဲ။ အကုသိုလ် ၁၂-ပါး၊ ၁၄-ပါး၊ ၂၇-ပါးအပြည့်ပါဘဲ။ အာသဝ ၄-ပါး၊ ဩဃ ၄-ပါး၊ ယောဂ-၄ ပါး၊ ဂန္ထ ၄-ပါ၊ ဥပါဒါန် ၄-ပါး၊ နီဝရဏ ၆-ပါး၊ ဂ-ပါး၊အနုသယ ၇-ပါး၊ သုတ္တန်သံယောဇဉ် ၁၀-ပါး၊အဘိဓမ္မာသံယောဇဉ် ၁၀-ပါး၊ ကိလေသာ ၃-ပါး၊ ၁၀-ပါး၊ အဝိဇ္ဇာ၊တဏှာ၊ မာန၊ဒိဋ္ဌိ၊ ဝိစိကိစ္ဆာမို့ ကောင်းနေတုန်းပေါ့။ ဒီလိုဒုစရိုက်အမိုက်အမဲ သာသနာပခေတ်ကြီးထဲတောင်မှ လူ့ပြည်ကိုကြည့်တော့လဲ လူ့ပြည်

မှာလူတွေဟာ အပြည့်ပါဘဲ။ နတ်ပြည်ကို ကြည့်ရတော့လဲ နတ်ပြည်မှာ နတ်တွေဟာ အပြည့်ပါဘဲ။ ဗြဟ္မာ့ပြည်ကို ကြည့်တော့လဲ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာတွေဟာ အပြည့်ပါဘဲ ၎င်းဒါန သီလ သမထ ၃-ပါးက ကိလေသာတွေကြားထဲ က၊ အာသဝ စသည်ကြားဘဲက ဆွဲတင်ပြီး ကယ်ဆယ်၍ လူ့ဘုံမှာ နတ်ဘုံမှာ ဗြဟ္မာ့ဘုံမှာ တင်ထား နိုင်ကြသေး ပါတယ်၊

| |
|---|
| ကိလေသာ ၁၅၀၀၊ အာသဝ-၄ ဩဃ-၄၊ယောဂ-၄၊ဂန္ထ-၄၊ဥပါဒါန်-၄၊ နီဝရဏ ၆-ပါး၊၈-ပါး အနုသယ ၇-ပါး၊သံယောဇဉ် ၁၀ ပါး |

၎င်းစည်းဝိုင်းထဲက၊ ကိလေသာ စသည်တို့ကို ဒါန သီလ သမထက မကြောက်ပါ။ မကြောက်၍ ကိလေသာ စသည် ရှိတုန်းမှာ ဒါန၊ သီလ၊ သမထကဆွဲတင်၍ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၌ တင်ထားဒါကြည့်ကြပါ။

## ကိလေသာ အကုသိုလ် လက်ထဲက ဒါနတွေကြည့်ပါဦး

ကိလေသာအကုသိုလ်တို့ကို ဒါသီထ က မကြောက်သဖြင့်။ ၎င်းတို့အထဲမှ အတင်းဆွဲငင်ပြီး လူတွေကို ကယ်တင်ပုံကို။ ဂုတ္တိလဇာတက အဋ္ဌကထာ နံပါတ်-၂၃၂၊ဆုံး ကြောင်းရေ-၃၁ တဉ္စပူမှာရှင်း။ ဂုတ္တိလဝိမာနဝတ္ထုပါဠိတော် နံပါတ်

၁၂၉၊ ကြောင်းရေ-၅ဆဋ္ဌမူမှရှင်း၊ ဂုတ္တိလဝတ္ထု နံပါတ် ၃၆၀ ကြောင်းရေ၆ သုမူမှရှင်း၊ထုတ်ယူ၍ပြပါဦးအံ့၊အခါတပါး ၌၊ဂုတ္တိလစောင်းဆရာကိုသိကြားမင်းက မာတလိနတ်သား အားဝေဇယန္တာရထားဖြင့်လူ့ပြည်မှနတ်ပြည်သို့ပင့်ဆောင် စေသည်။မာတလိနတ်သားသဲပင့်ဆောင်လာခဲ့ပြီး သိကြား မင်း၏ဗိမာန်၌ထားသည်။ သိကြားမင်း၏ မိဖုရားအလုပ် အကျေး ၂-ကုဋေ ၅-သန်းသော နတ်သမီးတွေဟာ ခြံရံ၍ ခစားကြသည်။ ဂုတ္တိလဆရာကြီးက နတ်သမီး ၂-ကုဋေ၊ ၅-သန်းကို မျက်စိဖြင့်မြင်လျှင် အော်....တယ်ပြီး လှပါတကား ချောပါတကား ယဉ်ကျေးပါတကား။ ငါဟာ လူ့ပြည် တုန်းကလဲ ဘုရင်၏မိဖုရားတွေကို ဒီမျက်စိနဲ့ဘဲမြင်ခဲ့ရတယ်။ မျက်စိတခုထဲနှင့် လူနဲ့နတ်သမီးတွေဟာ အလွန့်အလွန် မနှိုင်း ယှဉ်လောက်အောင် ကွာခြားပါတကား။ ဥပမာ ဆိုရလျှင် လူ့အလှက နှမ်းတလုံးမျှဘဲ၊ နတ်သမီးအလှကမြင့်မိုရ်တောင် ကြီးလောက် လှပချောမောတယ်။ တနည်း လူ့အလှက နှင်းတပေါက်မျှပါ။ နတ်အလှက သမုဒ္ဒရာရေပမာ လှပကြ တယ်။ တနည်း၊ လူ့အလှက ဆီးစေ့မျှပါ၊ နတ်အလှက စကြာဝဠာအပြည့်ပါဘဲ။ ဤမျှလောက်အလှခြင်း ကွာခြား ၍နေပါပေကော။ ဒီနတ်သမီးမေးကြည့်ဦးမည်။ သူတို့ဟာလူ့ ပြည်တုန်းက ဘယ်ကုသိုလ်များကို ပြုခဲ့မိလို့ ဒါလောက် ဘောင်အသက်တန်းကြကြ၊ လှလှပပကြီး ဖြစ်ရသလဲလို့ဟု ကြံစီပြီးမှမေးတယ်။ (၁) ပဌမနတ်သမီးက [တာကိရဏ္ဍတ္ထိ

ယော၊ ကဿပ၊ သမ္မာသမ္ဗုဒ္ဓကာလေ၊ မနုဿတ္တဘာဝေ၊
ဥဋ္ဌိတာ၊ တံတံပုညံ၊ အကံသု] ကော၊ ဣတ္ထိ ဝတ္ထံ အဒါသိ။
အဝတ်ကိုလှူမိ၍နတ်သမီးဖြစ်တယ်တဲ့။(၂) ကော သုမနမာလံ
တဦးကား မြတ်လေးပန်းကိုလှူမိလို့တဲ့။ (၃) ကော ဂန္ဓံ၊
တဦးက အမွှေးအနံ့ ပန်းကိုလှူလို့တဲ့။ (၄) ကော ဥဠာရန္တိ
ဖလာနိ၊တဦးကမြတ်သောအသီးများကိုလှူလို့တဲ့(၅)ကော
ဥစ္ဆုရသံ၊ တဦးက ကြံရည်လှူလို့။ (၆) ကော ဘဂဝတော၊
စေတိယေ ဂန္ဓပဉ္စင်္ဂုလိကံအဒါသိ တဦးက မြတ်စွာဘုရား၏
စေတီတော်၌ လက် ငါး ချောင်း ဖြင့် အနံ့ လှူလို့။ (၇)
ကော ဥပေါသထံဥပဝသိ၊ တဦးက ဥပုသ်စောင့်လို့။ (၈)
ကော ဥဒကံအဒါသိ၊ရေလှူလို့၊(၉)ကော ကောနေ့ာနံ၊သဿု
သသုရာနံ၊ အက္ကောခနာ ဥပဋ္ဌာနံအကာသိ၊ တဦးဟာ အ
မျက်ကြီးတဲ့ယောက္ခမ ၂ဦးအား သည်းခံပြုစုလုပ်ကျွေးလို့။
(၁၀) ကော ဒါသီဟုတွာ အတန္ဒိတာစာရအဟောသိ၊ တ
ဦးဟာ ကျွန်မဘဝ၌ မိမိတာဝန် ကြေပွန်စွာ ပြုပေးလို့။
(၁၁) ကော ခီရဘတ္တံ အဒါသိ၊ တဦးဟာနို့ရည်နှင့်ဆွမ်း
ကိုလှူလို့။ (၁၂) ကော ဖါဏိတံအဒါသိ၊ တဦးက တင်လဲလှူ
လို့။(၁၃)ကော ဥစ္ဆုခဏ္ဍံ အဒါသိ၊တဦးက ကြံရိုးပိုင်းလှူလို့။
(၁၄) ကော တိမ္ဗရုသကံ အဒါသိ၊ တဦးက တယ်သီးလှူလို့။
(၁၅) ကော ကက္ကာရိကံ အဒါသိ တဦးက ကက္ကာရိကသီး
လှူလို့။ (၁၆) ကော ဧဠာလုကံ အဒါသိ၊တဦးက သခွါးသီး
လှူလို့။ (၁၇) ကော ဝလ္လိဖလံ အဒါသိ၊ တဦးက နွယ်သီး

လှူလို့။ (၁၇) ကောဖါရသက်အဒါသိ၊ တဦးကား ဖက်သက်သီးလှူလို့။ (၁၉) ကောအင်္ဂါရကပလ္လ အဒါသိ၊တဦးကား မီးအိုးကင်းလှူလို့။ (၂၀) ကောသာကမိုဠ်အဒါသိ၊ တဦးကား ဟင်းရွက်တဆုပ်ကိုလှူလို့။ (၂၁) ကောပုပ္ဖမုဠိအဒါသိ၊ တဦးက ပန်းတဆုပ်လှူလို့။ (၂၂) ကောမူလကလာပံအဒါသိ၊ တဦးက ကလာပ်တခုလှူလို့။(၂၃) ကောနိမ္ဗမုဋ္ဌိအဒါသိ၊ တဦးကား တမာရွက် တဆုပ်ကို လှူလို့။ (၂၄) ကောကဋ္ဌုဂ်ကံ အဒါသိ၊ တဦးက ပအုံးရည် လှူလို့။ (၂၅) ကောတိလပိဉာက်အဒါသိ၊ တဦးကား နှမ်းဘတ်လှူလို့။ (၂၆) ကောကာယဗန္ဓနံအဒါသိ၊ တဦးက ခါးပန်းကြိုးလှူလို့။ (၂၇) ကောအံသဗဒ္ဓက်အဒါသိ၊ တဦးက အံသကိုက်လှူလို့။ (၂၈) ကောအာယောဂ ပဋ္ဋအဒါသိ၊ တဦးက အာယောဂပတ်လှူလို့။ (၂၉) ကောဓူပနံ၊ တဦးက အခိုးတန်လှူလို့။ (၃၀) ကောတာလဝဏ္ဋ တဦးကား ပေရွက်ယပ်လှူလို့။ (၃၁) ကော မောရဟတ္ထံ၊ တဦးကား ဥဒေါင်းမြီးလှူလို့။ (၃၂) ကောဆတ္တံ၊ တဦးကထီးလှူလို့။ (၃၃) ကောဥပါဟနံ၊ တဦးက ဘိနပ်လှူလို့။ (၃၄) ကောပူဝံ၊ တဦးကမုန့်လှူလို့။ (၃၅) ကောမောဒကံ၊ တဦးက ကဒွတ်မုန့်လှူလို့။ (၃၆) ကောသက္ခလိက်အဒါသိ၊ တဦးက သကာခဲလှူလို့။ [တာဧကေကာ၊ အစ္ဆရာသဟာယာ ပရိဝါရာ၊ မဟာတိယာ၊ ဒေဝိဒ္ဓိယာ၊ ဝိရာဇမာနာ၊ တာဝတိံသ ဘဝနေ သဉ္ဇာယာ ဒေဝရာဇဿ ပရိစာရိကာ ဟုတွာ

နိဗ္ဗုတ္တာ ] မိမိကံနှင့်ကံ၏အကျိုးကိုပြောပြကြကုန်သော နတ်သမီး ၃၆-ယောက် တို့ဟာ တဦး၊ တဦးမှာ တထောင်၊ တထောင် အခြံအရံရှိကြတယ်။ အလှန်အလှန် ကြီးကျယ်တဲ့ နတ်၏တန်ခိုးဖြင့်တင့်တယ်ကြလျက် တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏အလုပ်အကျွေး မိဖုရားတွေသာဖြစ်နေကြတော့သည်။

ကိလေ၊ အကု၊ မေရုပမာ။
ဒါသီထဝိ၊ တင်းသည်အာဏာ။
အကုသိုလ်ထဲ၊ ယူဆွဲလာကာ။
ဝတိန်နန်း၊ဆောင်ထမ်းပို့နေတာ။

ယခုဝတ္ထု ၃၆-ပါးနှင့် မြန်မာဂါထာကို ကြည့်သော် ဒါန, သီလ, သမထ၊ ဝိပဿနာ တွေဟာ အလှန်အမင်း အာဏာ ပြင်းထန် လှပေသည်။ အကုသိုလ် လက်ထဲ၊ ကိလေသာ၏လက်ထဲကပင် အတင်းဆွဲငင်၍ ၎င်းတို့ကို တာဝတိံသာသို့ပို့သည်မဟုတ်ပါလော။

## ဗမာ့ရာဇဝင်ထဲကထုတ်ပြပါဦးမည်

(၁) မြတ်စွာဘုရားသည် မတ္တမတောင်ပေါ်သို့ရောက်လာတော့ ဘီလူးရှစ်ဦးကအင်ဖက်တွေကာခြင်းမိုးပေးခြင်းပြုသည်။ ဘုရားကပြုံးသည်။ အရှင်အာနန္ဒာက မေးသည်။ ဘုရားက ဤဘီလူး ရှစ်ဦးဟာ အင်ဖက်အလှူကြောင့် ဤဌာန၌ မင်းရှစ်ပါးဖြစ်၍ စိုးစံနေကြမည်တဲ့။ (က) ဝါရီရူ၊ မကာဒူးမင်း။ (ခ) ခုံလောက်မင်း။ (ဂ) စောအို မင်း။

(ဃ)စေ၁စိပ်မင်း။(င)ဇိဘ်ပ္ပန်မင်း။(စ)စေ၁အဲဂ ဂေါင်း မင်း ဆ)ဗညားအဲလေါမင်း။(ဇ)ဗညားဦးမင်းများဖြစ် လာကြသည်။×(၂ မြတ်စွာဘုရားဟာပြည်မြို့တဖက်ရှိဖိုးဦး တောင်ပေါ်သို့ ရောက်ရှိလာတော့ ပွေးဖိုက မြေကိုလှူ သည်။ ဘုရားကပြုံးသည်။ အရှင်အာနန္ဒာက မေးသည်။ ဤပွေးဖိုဟာ မြေကိုလှူသို့ ငါဘုရား လက်ညှိုးညွှန်ပြရာ၌ သီရိခေတ္တရာ ပြည်ကြီးဖြစ်၍ ဒွတ္တဘောင် မင်းအဖြစ်နှင့် စိုးစံရမည်ဟု ဗျာဒိတ်ပေးခဲ့သည်။ (၃)မြတ်စွာဘုရားဟာ ပုဂံမြို့တဖက် တန့်ကြည့်တောင်ပေါ်သို့ ရောက်လာတော့ တောင်စောင့်ဘီလူးက အင်ဖက် ၃-ချပ်ကာ၍ မိုးပေးသည်၊ ဘုရားကပြုံးသည်။

အရှင်အာနန္ဒာကမေးသည်၊ ဤဘီလူးဟာ အင်ဖက် ၃-ချပ်အလှူကြောင့် သုံးဘဝ၊ဤပုဂံပြည်၌ ဘုရင်ဖြစ်မည်တဲ့။ (၁)စလေငခွေးမင်း။ (၂)ကုလားကျမင်း။(၃)တရုပ်ပြေး မင်းဟု ၃-ကြိမ်ဖြစ်လာသည်။(၄)မြတ်စွာဘုရားဟာ သင်း ပွင်းတောင်ပေါ်သို့ ရောက်လာတော့ စိုင် ညီ နွားခင် ၃-ကောင်က ဦးချိုနှင့်မြေကို ကော်ပြီးလှူသည်၊ ဘုရားက ပြုံးသည်။ အရှင်အာနန္ဒာကမေးသည်။ ဤစိုင်ညီနွားခင် ၃-ကောင်ဟာ နွားခင်အခါ မင်း ၃-ပါးဖြစ်၍ ဤအရပ်၌ပင် အသင်္ခယာက မြင်းစိုင်းပြည်၊ ရာဇသင်္ကြန်က မက္ခရာပြည် သီဟသူက ပင်လယ်ပြည်၌ ထီးမြိုင် နန်းမြိုင်နှင့်ဘုရင်ဖြစ်ကြ မည်။နွားခင်ဖြစ်လာသည်း (၅)မြတ်စွာဘုရားဟာ ခစ်ကိုင်း

14

မြို့မင်းဝန်ခံတောင်ပေါ်သို့ ရောက်လာတော့ ဝန်သူတော်က သစ်သီးလှူသည်။ဘုရားကပြုံးသည်၊ အရှင်အာနန္ဒာကမေး သည်။ဤဝန်သူတော်ဟာ အင်းဝပြည်၌ မင်းကြီးစွာစော်ကဲ ဖြစ်မည်တဲ့ နောင်ဖြစ်လာ၏။ (၆) မြတ်စွာဘုရားသည်၊ မန္တလေးတောင်ပေါ်သို့ရောက်လာတော့ စန္ဒမုခီဘီလူးမက ကလေးနို့ တိုက်ရင်းမို့ နို့ဖြင့်ဘုရားအားလှူသည်။ ဘုရား ကပြုံးသည်။ အရှင်အာနန္ဒာက မေးသည်။ ဤနို့အလှူ ကြောင့် ဤဘီလူးမဟာ မန္တလေးမြို့ရတနာပုံပြည်၌ ပဉ္စမ သင်္ဂါယနာတင်သော မင်းတုံးမင်းကြီး ဖြစ် လိမ့် မည် ဟု ဗျာဒိတ်ပေးသည်။နောင်၌ဖြစ်လာသည်။ယခုပြသော မင်း တွေဟာ [အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိ ဝိစိ။] နယ်ထဲကဘဲ။ ဒါနက အတင်းလုယက် ဆွဲငင်ပြီး ဘုရင်အထိ ကယ်တင်ခဲ့ သည်မှာ ရာဇဝင်၌အထင်အရှားသာတည်း။

## ဘုရားလက်ထက်က ချက်ချင်းအကျိုးပေးတာ တွေလဲကြည့်ပါ

(က) မယားကဆွမ်းလှူသည် လင်ကဒန်ပူနှင့် မျက် နှာသစ်ရေလှူသည်။ ၆ နာရီအတွင်း လယ်ထဲကရော၊ အိမ် နေရာကရော ရွှေတွေဖြစ်ပေါ်၍ မဟာပုဏ္ဏ သူဌေး လင် မယားဟုကျော်စောနေသည်။ (ခ)ယာဂုလှူ၍ ၇ ရက် အ တွင်း ရွှေအိုးတွေရ၍ ကာကဝဠိယ သူဌေး လင်မယားဖြစ်

လာသည်။ (၈) မုယော့မုန့် ၂ ချင်လှူ၍ ၇ ရက်အတွင်း မလ္လိကာမိဖုရားကြီးဖြစ်လာသည်။ ဒါနအကျိုးပြ တော်ပြီ။

## ပေါ့ပေါ့-ဆဆ သီလပင်အကျိုးပေး

## သနုံနေပုံမှာ

မိတ္တဝိန္ဒကသူဌေးသားကို မိဘ ၂-ပါးကကျောင်းသွားပြီး ဥပုသ်စောင့်ချေပါ၊ ငွေထောင်ပေးမည်ဟု ခိုင်းသည်။ သီလကိုယူပြီး ပလ္လင်အောက်၌ တနေ့လုံး တညလုံးအိပ်နေသည်။အာရုံတက်၍ အိမ်သို့ပြန်လာသော် ငွေတထောင်ကိုရသည်။ဂုဏ်းငွေနှင့်ကုန်ကူးရန်သင်္ဘောသို့သွားတော့ မိခင်က တားဆီးသဖြင့် ကောင်းထုပုတ်ခပ်၍သွားသည်။ သင်္ဘောလှင့်ရာ ပင်လယ်အလယ်ခေါင်ရောက်တော့ သင်္ဘောကြီးရပ်တံ့နေ၍ ၃-ကြိမ်မဲချရာသူဌေးသားအား ၃-ကြိမ်ကြသည် ပြင်ချပ်နှင့်တင်၍ ပင်လယ်၌ ချမျှောပြီး သွားကြသည်။ ပေါ့ပေါ့ဆဆ သီလကြောင့် ပထမကျွန်း၌ ဖလ်ပြဿာဒ်နတ်သမီး ၄-ဦးကိုရ၍နေသည်။ တဖန်၊မျှောပြန်ရာ။ ဒုတိယကျွန်း၌ ငွေပြဿာဒ်နတ်သမီး ၈-ဦးကိုရ၍နေရသည်။တဖန်၊ မျှောပြန်ရာ တတိယကျွန်း၌ရွှေပြဿာဒ်နှင့်နတ်သမီး ၁၆-ဦးကိုရ၍နေရသည်။တဖန်၊ မျှောပြန်ရာ စတုတ္ထကျွန်း၌ ပတ္တမြားပြဿာဒ်နှင့်နတ်သမီး ၃၂-ပါးကို ရ၍နေရသည်။ ပေါ့ပေါ့-ဆဆ သီလ၏တန်ခိုးပြနေပုံပါဘဲ။ သီလတော်ပြီး။

## အကုသိုလ် ကိလေသာ လက်ထဲက သမထ အကျိုးပြ

မြတ်စွာဘုရားဖွင့်ခါနီးကပ်၍ အာဠာရ၊ ဥဒက၊ ဒေဝီလ ဆိုတဲ့ ကမ္ဘာကျော်ရသေ့ကြီး ၃-ဦးတို့ဟာ သမထ-၄၀ ရ ဝိဇ္ဇာရ၊ အဘိညာဉ်ရ၊ သမာပတ်ရ၊ ဈာန် ၉-ဈာန်ရ၊ မြေလျှိုး ရ၊ မိုးပျံရ၊ တန်ခိုးဈာန်ရ၊ ရှေးကမ္ဘာ ၄၀-ကိုမြင်ရ၊ နောက် ကမ္ဘာ-၄၀ မြင်ရ၊ သေတော့လဲ ဘဝဂ်၌ ၃၁-ဘုံထိပ်၌ ဗြဟ္မာ ကြီးတွေပင်ဖြစ်ကြရသည်။ ၎င်းတို့ဟာ (၁) ကမ္မဿကတ သမ္မာဒိဋ္ဌိမျှရကြ။ (၂) ဈာန သမ္မာဒိဋ္ဌိသာရကြ။ (၃) မိစ္ဆာ ဉာဏ်နှင့်။ (၄) သာသနာပခေတ်နှင့်။ (၅) သမထအတန်းနှင့် (၆) ရပ်ပြုံရှစ်ပါးအဝင်နှင့်။ (၇) ပညတ်နယ်နှင့်။ (၈) လောကီနယ်နှင့်။ (၉) ရူပအရူပနယ်နှင့်။ (၁၀) အကုသိုလ် ကိလေသာတို့လက်ထဲ၌ ကမ္ဘာပေါင်း (၈၄၀၀၀) နေကြရ သည်။ အန္ဓပုထုဇဉ် ဥမ္မတ္တကပုထုဇဉ်၊ ဗာလပုထုဇဉ်၊ ဝိပ္ပလ္လာသ ပုထုဇဉ်ဟူ၍ ၁၄-ပါးနှင့် အောက်ကျနေပါသည်။

## ဝါတ်၊ ပရမတ်၊ ဝိပဿနာ၊ အကျိုးပြချက်

(၁) ဖါး။ (၂) နွား။ (၃) ဆင်။ (၄) မြင်း။ (၅) မျောက် (၆) ကျေးသား။ (၇) ကြက်မ။ (၈) ဇီးကွက်။ (၉) ပိယကုံရ ပြိတ္တာမ။ (၁၁) ၎င်း၏သား ပုနဗ္ဗသုက။ (၁၁) ၎င်းသမီး ပြိတ္တာမ။ အာဠာရကဘီလူး၊ ခရလောမဘီလူး၊ သုစိလောမ ဘီလူး ဟေမဝတာရဘီလူး သာတာဂိရိဘီလူး၊ ကာဠဝိယက္ခ

နိဘိလုံး ၂၊ အင်္ဂုလိမာလ၊ ခိုးသား ၉၀၀၊ ခိုးသား-၇၀၀၊ ခိုးသား-၅၀၀၊ ပဗ္ဗာဇမုဆိုး၊ ကုက္ကုဋ္ဌမုဆိုး၊ တံငါးအရိယ၊ သူသတ်မှုးကြီး တမ္ဗဒါဌိက၊ ဇမ္ဗုဒိတ်လင်းနို့သား ငါးရာ။ သီဟိုဠ်ကျွန်း လင်းနို့သားငါးရာ စသော ဝတ္ထုပေါင်း (၇၁)ကျော်တို့ကို ကြည့်သော် ဝိပဿနာအသံမျှ ဝိပဿနာ ပါဠိယဘ်မျှ၊ ဝိပဿနာအတွေ့မျှနှင့် နှစ်ဘဝ၊ သုံးဘဝထက် မကြာခဲစဘဲ၊ နာဘ်လဲဖြစ်၊ အရိယာလဲဖြစ်၊ မဂ်လဲရ၊ ဖိုလ်လဲရ သွားကြရခဲလသည်။ ယခုရှိနေကြသော ရယာဂီများကား ၎င်းဘို့နှင့်စာနာသော် မလွဲတန်းနတ်ပြည်၊ မလွဲတန်း မဂ်ဖိုလ်၊ မလွဲတန်း နိဗ္ဗာန်ကိုရမှာဘဲ၊ ရောက်မှာဘဲဟု မြဲမြဲကြီး မှတ်ကြပါတော့။ စတုကအင်္ဂုတ္တိုရ်ပါဠိတော်မှာ ဝိပဿနာနဲ့ သေလျှင် နတ်ဖြစ်၊ မဂ်ဖိုလ်နိဗ္ဗာန် ရမည်တဲ့နော်။ ဝိပဿနာ ဓါတ်တွေ့ပြီး ရှုရှုနေသော် (၁)အစိန္တေယျအကျိုး။ (၂) အပ္ပမေယျအကျိုး။ (၃)အသင်္ခေယျအကျိုး။ (၄)အနန္တ အကျိုး။ (၅)အပ္ပရိမာဏအကျိုး။ (၆) အပ္ပရိစ္ဆိန္နအကျိုး။ (၇)အမြတ်ဆုံးအကျိုး။(၈) အမြင့်ဆုံးအကျိုး။(၉) အကြီး ဆုံးအကျိုး။(၁၀)အကောင်းဆုံးအကျိုး။(၁၁)အသာဆုံး အကျိုး။ (၁၂) အဘိုးအတန်ဆုံးအကျိုး၊ ယခုပြနေတဲ့ (အတဆဲ့နှစ်မျိုး) အကျိုးတွေနဲ့ တက်သွားမည်။

## ပါဠိအနက် သာဓကပေါ် ပြရပါလျှင်

ဗုဒ္ဓခမ္မာအစိန္တိယျာ၊ ဗုဒ္ဓခမ္မာအပ္ပမေယျာ၊ ဗုဒ္ဓမ္မောအ သင်္ချေယျာ ဗုဒ္ဓခမ္မာအနန္တာ၊ ဗုဒ္ဓမမ္မာအပ္ပရိမာဏာ၊ ဗုဒ္ဓခမ္မာ

အပရိစ္ဆိန္န၊ အဂ္ဂဓမ္မာအမြတ်ဆုံးဖြစ်သော တရား ဥတ္တမော
အမြင့်ဆုံးဖြစ်သောတရား အတိကုသလာ အကောင်းဆုံး
ဖြစ်သောတရား။အတိသယာ၊ အလွန်အကဲဆုံး အသာဆုံး
ဖြစ်သောတရား။ အဝိဝုဒ္ဓါ၊ အကြီးဆုံးဖြစ်သော တရား။
အနုဂ္ဃါ၊အဘိုးအတန်ဆုံးဖြစ်သောတရား။ (အဲဒါအတဆဲ့
နှစ်လုံးပင်တည်း။ ။နမူနာပါဠိမှာ [ဧဝံဗုဒ္ဓါအစိန္တိယာ၊
ဗုဒ္ဓဓမ္မာအစိန္တိယာ၊အစိန္တိယေပသန္နာနံ ဝိပါကောဟောတိ
အစိန္တိယော။] အဲဒါ အပဒါန် ပါဠိတော်ဗုဒ္ဓဝင်ပါဠိတော်
များမှ ပြသည်။ နောက်တပုဒ် သာမကမှာ [အဂ္ဂေခေါပ
သန္နာနံ ဝိပါကောပိ အဂ္ဂေါ။]ဟုပြသောအဂ္ဂဓမ္မပသာဒနိယ
သုတ်တော်ကိုကြည့်ကြပါလေ။

# အန္ဓပုထုဇဉ်မှကယ်ချွတ်ခဏ်း

၁၃၂၈ ခုနှစ်၊ နတ္တော်လဆန်း–၅ ရက်
ဂ–မိုင် ရန်ကုန်မြို့၌ ရေးသည်။

၃၁–ဘုံ အာရုံပြုကြည့်ကြစမ်းပါ
ဗြဟ္မာတွေလဲ အန္ဓပုသုဇဉ်
နတ်တွေလဲ အန္ဓပုထုဇဉ်
လူတွေလဲ အန္ဓပုထုဇဉ်
အပါယ်လဲ အန္ဓပုထုဇဉ်

အန္ဓပုတုဇဉ်ဆိုတာ ခန္ဓာ ၅-ပါး၊ အာယတန ၁၂ ပါး၊ ဓါတ် ၁၈–ပါး၊ သတိပဋ္ဌာန် ၄ ပါး၊ ပဋိစ္စ သမုပ္ပါဒ် ၁၂-ပါး အစ ရှိသော ပရမတ်သဘောတရားတို့ကို [သင်ကြားဆောင်ရွက် နှုတ်တက်လေ့လာ၊ ဉာဏ်မှာကပ်၍၊ ဆုံးဖြတ်စဉ်းစား၊ နှလုံး ထားနိုင်သူ၊ ဒိဋ္ဌိတားသူများ မဟုတ်လျှင် အန္ဓပုထုဇဉ်တွေ မှာအစစ်ပါဘဲဘဲ့]××[ကလျာဏ ပုထုဇဉ်တွေ မှုကား သင် ကြားဆောင်ရွက်၊ နှုတ်တက်လေ့လာ၊ ဉာဏ်မှာကပ်၍၊ ဆုံးဖြတ်စဉ်းစား၊ နှလုံးထားနိုင်သူ၊ ဒိဋ္ဌိကိုတားနိုင်သူ မှန် လျှင် အဲဒါမှကလျာဏပုထုဇဉ်ထဲဝင်နေတဲ့သူပါ] အမှန်မှာ အာဂမဒိဋ္ဌိတားနိုင်ပါမှ ကလျာဏ ပုထုဇဉ်ပါတဲ့။ သာဓက မှာ (ယဿ၊ ခန္ဓာဓါဘု၊ အာယတနာဒီသု၊ ဥဂ္ဂဟ၊ ပရိပုစ္ဆာ သာနခါရဏ၊ ပစ္စဝေက္ခဏာနိနတ္ထိ၊ အယံ၊ အန္ဓပုထုဇ္ဇနော၊ ယဿတာနိအတ္ထိ၊ သောကလျာဏ ပုထုဇ္ဇနော) သီလက္ခန် အဋ္ဌကထာနှင့် သဒ္ဓမ္မ ပကာသနီ အဋ္ဌကထာမှ။ ။အနက်

ကား ယဿ၊ ရဟန်းရှင်လူမည်သူမဆို အကြင်ပုဂ္ဂိုလ်အား။ ခန္ဓဓါတုအာယတနာဒီသု၊ ခန္ဓာငါးပါး ဓါတ် ၁၈-ပါး၊ အာယတန ၁၂-ပါး အစရှိသော ပရမတ်တရားတို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာ၊ သဝန၊ ဓါရဏ ပစ္စဝေက္ခဏာနိ၊ သင်ကြားခြင်း၊ အဖန်တလဲလဲမေးမြန်းခြင်း၊ သူတပါးက ဟောပြောသည်ကိုနာခံခြင်း၊ သင်ကြားပြီးသော တရားများကို နှုတ်မှာရွရွဆောင်ခြင်း၊ အဖန်တလဲလဲ ဉာဏ်မှာထင်အောင် ဆင်ခြင်စဉ်းစားခြင်းတို့သည်။ နတ္ထိ၊ မရှိကြကုန်။ အယံ၊ တော်စွာလျော်စွာ လူဖြစ်လာ၍ ခန္ဓာ အာယတန ဓါတ် စသည်ကို သင်ကြားဆောင်ရွက်၊ နှုတ်တက် လေ့လာလျက်၊ ဉာဏ်မှာကပ်၍၊ ဆုံးဖြတ်စဉ်းစား၊ နှလုံးထားခြင်း မရှိသူ ရှင်လူရဟန်းသည်။အန္ဓပုထုဇ္ဇနော၊ ငါငါသင်တာပျောက်အောင်ကွာအောင် တတ်နိုင်သော ဝိပဿနာဉာဏ်မျက်စိ ကဏ်းကြသဖြင့် အန္ဓပုထုဇဉ်တွေသာဖြစ်ကြ၏။ ယဿ၊ ရဟန်းရှင်လူမည်သူမဆိုအကြင်ပုဂ္ဂိုလ်အား။ တာနိ၊ ထိုဆိုအပ်ခဲ့သောဒိဋ္ဌိတားစရာဉာဏ်ပညာတို့သည်။ အတ္ထိ၊ ရှိနေကြကုန်၏၊ သောထိုကြီးမားမြင့်မောက် ကံကောင်းထောက်ကာ လူဖြစ်လာ၍ ခန္ဓာအာယတန ဓါတ်စသည်များကို သင်ကြားဆောင်ရွက်၊ နှုတ်တက်လေ့လာ၊ ဉာဏ်မှာကပ်၍၊ ဆုံးဖြတ်စဉ်းစားနှလုံးထားနိုင်သူ ဒိဋ္ဌိတားနိုင်သူ ရှင်လူရဟန်းသည်။ ကလျာဏပုထုဇ္ဇနော၊ ဝိပဿနာဉာဏ် ရင့်သန်ပေသူ ရှင်လူပညာရှိကြီးတို့နှင့်တွေ့က မဂ်ရရန် အလွန်နီးကပ် လှသောကြောင့်

ကလျာဏပုထုဇဉ်မည်၏[အဲဒါပထမ ၂ကျမ်း၏ ပါဠိအနက် အဓိပ္ပါယ်ပြပုံပါဘဲ။]

ဒုတိယသာစကာကြည့်ကြပါဦး။ [ယဿဟိ၊ ခန္ဓ၊ ဓါတု၊ အာယတန၊ ပစ္စယာကာရ၊ သတိပဋ္ဌာနဒိသု၊ ဥဂ္ဂဟ၊ ပရိပုစ္ဆ ဝိနိစ္ဆယ၊ ရဟိတတ္တာ။ (ဒိဋ္ဌိပဋိသေဓကော) နေဝအာဂမော၊ ပဋိပတ္တိသာအဓိဂန္တဗ္ဗဿ၊ အနဓိဂတတ္တာ၊ နေဝအဓိဂမော အတ္ထိ၊ ယော၊ အာဂမာဓိဂမာဘာဝါ၊ ဉေယျော၊ အသုတ ဝါကြိတိ] အဋ္ဌသာလိနီအဋ္ဌကထာ။ ။အထူးကား ပပဉ္စသူ ဒနီအဋ္ဌကထာ၊အင်္ဂုတ္တရ်အဋ္ဌကထာတို့၌(ဒိဋ္ဌိပဋိသေဓကော) နေရာတွင် (ယထာဘူတ၊ ဉာဏပဋိဝေဓသာဓကော)ဟုပါဠိ ပြင်ဆင်ထည့်ထားပါသည်။ ၎င်းပြင် ပဋိသမ္ဘိဒါမဂ်အဋ္ဌက ထာ၌လည်း (အတ္တာနုဒိဋ္ဌိပဋိသေဓကရော) ဟူ၍ ပါဠိပြင် ပြီး ထည့်ထားပါသည်။ အကျွင်းကား အားလုံး တူမျှပေ သည်။ (အနက်ကား) ဟိ၊ အန္ဓပုထုဇဉ်ဖြစ်၍ နစ်နာပုံကိုပြ ပါဦးအံ့။ ယဿ၊ ရဟန်းရှင်မည်သူမဆို အကြင်ပုဂ္ဂိုလ်အား ခန္ဓဓါတုအာယတန၊ ပစ္စယာကာယသတိပဋ္ဌာနာဒိသု၊ ခန္ဓာ ငါးပါး၊ ဓါတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ ပဋိစ္စ သမုပ္ပါဒ် ၁၈-ပါး၊ ၁၂-ပါး၊ သတိပဋ္ဌာန် ၄-ပါး စသည် တို့၌။ ဥဂ္ဂဟပရိပုစ္ဆာ၊ ဝိနိစ္ဆယ၊ ရဟိတတ္တာ သင်ကြားခြင်း အဖန်ဖန်မေးခြင်းဉာဏ်ဖြင့်ကပ်၍ဆုံးဖြတ်ခြင်းမှကင်းသည် ဖြစ်၍။ ဒိဋ္ဌိပဋိသေဓကော၊ ငါငါဟုအထင်ရှိကြသည့်ဒိဋ္ဌိကို တားမြစ်နိုင်သော။ ဝါ၊ တနည်းကား အတ္တာနုဒိဋ္ဌိပဋိသေဓ

ကရော၊ ငါငါပဟုအထင်ကပ်ကြသည်။အတ္တဇီဝသက္ကာယ ဒိဋ္ဌိ တရားကိုတားမြစ်ခြင်းကို ပြုတတ်သော။ ဝါ၊ တနည်းကား ယထာဘူတဉာဏ၊ ပဋိဝေဓ သာမကော၊ အတ္တဇီဝအယူကို ပယ်ထုတ်လျက်။ နာမ်ရုပ် ၂-တန်သာ အမှန်ရှိ၏ဟုယူထား နိုင်သော ယထာဘူတဉာဏ်ဖြင့် သိမြင်ခြင်းကို ပြီးစေတတ် သော။ အာဂမော၊ ဘုရား၏အလိုတော်သင့် လျော်သော တရားတော်အာရုံသည်။ နောနတ္ထိ၊ ရှိကိုမှမရှိသေးပါ။ ပဋိ ပတ္တိယာ၊ လမ်းမှန်သောအကျင့်ကို။ အနဓိဂတတ္တာ မတတ် ခြင်း မသိခြင်း မရခြင်းကြောင့်။ အဓိဂန္တဗ္ဗဿ၊ တကဲ့ကို ရအပ် တွေ့ထားအပ်သော တရား အမှန်အကန်ကို။ အနဓိဂ တတ္တာစ၊ မရခြင်း၊ မသိခြင်း မရောက်ခြင်းကြောင့် အဓိဂ မော၊ တရားကိုရခြင်း တွေ့ထားခြင်းသည်။ နေဝအတ္ထိ၊ မရှိ ပါ။သော၊ထို့ အာဂုမ်လဲမရှိသေး၊ အဓိဂမလဲမရသေးသော ရဟန်း ရှင် လူကို။ အာဂမာ ဝိဂမာဘာဝါ၊ အာဂုမ်ရော၊ အရရော ၂-ပါးစုံမရှိခြင်းကြောင့်။ အဿုတဝါ ဣတိ၊ အန္ဓ ပုထုဇဉ် ဟူ၍။ဥဒေယျာ၊သိထားအပ်တော့သတည်း။

## ဤ၌ ပရိယတ် ပဋိပတ် ခွဲပြလျှင်

ပရိယတ်သိကား အာဂမ သိရုံမျှ
မရသေး မတွေ့သေးပါဘူး။ | ဒါထူးပုံပေါ့။
ပဋိပတ်သိကား အဓိဂမ တွေ့သိ
ရသိ ပူမှသိ ဧးမှသိပါဘဲ။

ပရမတ်ကို သင်ကြားခြင်း သက္ကါယဒိဋ္ဌိမှားကိုတားမြစ်နိုင်မှု
ပရမတ်ကိုဖန်ဖန်မေးခြင်း ၎င်း ၎င်း
ပရမတ်ကို ကြားနာခြင်း ၎င်း ၎င်း
ပရမတ်ကို နှုတ်ဆောင်ခြင်း ၎င်း ၎င်း
ပရမတ်ကို ဆင်ခြင်ခြင်း ၎င်း ၎င်း
ပရမတ်ကို ဆုံးဖြတ်ခြင်း ၎င်း ၎င်း

ယခုပြထားသော ၆-မျိုးတွင် တမျိုးမျိုးနှင့် သက္ကာယဒိဋ္ဌိကိုတားမြစ်နိုင်သော(အသိဉာဏ်အထိ)ပေါက်ရောက်ပါမှ။ (အန္ဓပုထုဇဉ်ဘဝမှ ကျွတ်လွတ်၍) [ကလျာဏပုထုဇဉ်ဘဝ၌ ရပ်တံ့မည်။ ဒါမှ အရိယာနှင့်တွေ့သဖြင့် ကလျာဏပုထုဇဉ်မှ တဆင့်တက်၍ အရိယာဘဝ၊ မဂ်ဘဝ၊ ဖိုလ်ဘဝသို့ ရောက်မည်။ [ဒိဋ္ဌိပဋိသေဓကော၊နေဝအာဂမော။ ]ပါဠိကို ကြည့်ထားကြပါ။ (အတ္တာနုဒိဋ္ဌိပဋိသေဓကရော၊ နေဝဘာဂမော။)ပါဠိလဲကြည့်ကြပါ။ (ယထာဘူတဉာဏ ပဋိဝေဓသာဓကောနေဝ အာဂမော။) ပါဠိလဲ ကြည့်ထားကြပါလေ။)ပရိယတ်နဲ့သိပြီး ဒိဋ္ဌိကိုတားနိုင်မှ ကလျာဏပုထုဇဉ်ဘဝသို့ရောက်မည်။ (အန္ဓပုထုဇဉ်မှ လွတ်မည် ကျွတ်မည်။) အထူးသတိပြုကြပါ။

## ကဝိ,ကဝိန်,သုခမိန်,ပညာရှင်ကြီးများဘို့ ဂဏ္ဌိသဘောပြချက်

(၁) ဤအခဏ်း၌ အဿုတဝါကို အန္ဓပုထုဇဉ်ပါဘဲဟု ဆိုသည်၌။(အဿုတဝါတိဧတေန၊အန္ဓတ္တာဝုတ္တာ။)ဟူသော

ဋီကာများစွာက ဖွင့်ပြလို့ရေးရတာပါပေါ့။ အဿုတဝါ ဆိုတာ အကြား အမြင်မရှိတဲ့ အန္ဓပုထုဇဉ်ပါဘဲ။

(၂) ဒိဋ္ဌိပြခဏ်း၌ (၁)အတ္တာနုဒိဋ္ဌိ။(၂)သက္ကာယဒိဋ္ဌိ (၃) အတ္တဝါဒသညုတ္တာဒိဋ္ဌိ။ စသည်ဖြင့် နာမည်ကွဲပေမဲ့ အတူတူပါဘဲ။ (သက္ကာယဒိဋ္ဌိ-၂၀)ပါဘဲ။ [အတ္တာနုဒိဋ္ဌိ စ၊ သက္ကာယဒိဋ္ဌိ စ၊ အတ္တဝါဒပဋိသညုတ္တာဒိဋ္ဌိ စ၊ အတ္တတော ဧကော ပရိယာယေန၊ တိဝိဓါ ဟုတ္တာ။] ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ အတူတူဟု ဖွင့်ပါသည်။

(၃) အတ္တာနုဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိကို နာမည် ကွဲပေမဲ့ အတူတူယူပါလေတဲ့။ ။[အတ္တာနုဒိဋ္ဌီတိ၊ အတ္တာနံ၊ အနုဂတာ၊ ဝီသတိ ဝတ္ထုကာ သက္ကာယဒိဋ္ဌိ။] ဟူ၍ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ဖွင့်ပြပါသည်။

(၄) အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၌ အတ္တဒိဋ္ဌိကို နှုတ်ပြစ်ပါ။ ခွါပြစ်ပါဆိုတာ သက္ကာယဒိဋ္ဌိ ၂၀-ကိုခွါပြစ်ပါ။ နှုတ်ပြစ်ပါ။ဟုဆိုလိုပါတယ်တဲ့။[အတ္တာနုဒိဋ္ဌိံ ဥဟစ္စာတိ၊ဝီသတိဝတ္ထုကံ၊ သက္ကာယဒဿနံ၊ ဥဒ္ဓရိတွာ သမုစ္ဆိန္ဒိတွာ။] နေတ္တိအဋ္ဌကထာမှ။

(၅) သုတ္တနိပါတ်အဋ္ဌကထာမှ (၄)နံပါတ်က ပါဠိ အတိုင်းပါဘဲ။

(၆) သဿတဒိဋ္ဌိ ၁၅-ပါး၊ ဥစ္ဆေဒဒိဋ္ဌိ ၅ ပါးဆိုတာ လဲ သက္ကာဒိဋ္ဌိ ၂၀-ပါဘဲတဲ့။[သဿတ၊ဥစ္ဆေဒဒိဋ္ဌီတိ၊ ဝီသတိ ဝတ္ထုကာ သက္ကာယဒိဋ္ဌိယေဝ။] နေတ္တိအဋ္ဌကထာမှ။

# သိမကျင့်, သိကျင့်

၁၃၂၈-ခု လင်း ဆုပ်-၁၃၊ သန္တိသုခချောင်၌ရေးသည်။

## အမှိကောင်းလျှင်တချက်×အနေကောင်းလျှင် တသက်

(၁) ဖါးကခြသော့မင်း နိုင်သောဝတ္ထု။

(၂) ဗိလုံးငှက်က သိန်းငှက်ကို နိုင်သောဝတ္ထု။

(၃) နှုစ်ပ်ငှက်ငယ်က ကျီး, ယင်, ဖါးနှင့်တွဲပြီး ဆင်ပြောင်ကိုသေစေသော ဝတ္ထု။

(၄) အနေတတ် အထိုင်တတ် စိမ်မှု လက်ာ။ ။ပင်လယ် ကျုံးမျောင်း ရေ နေကောင်းလျက် ရဲလောင်း၊ ရင်တာ၊ တံခါးတုရိုင်တိုင်း ကြံ့ခိုင်မြို့ကို တသိမ်းဖြို့လည်း မဖြိုနိုင်မှု ကြီးကျယ်ထုနှင့် မျက်ရှုလှုတင့် တန်ဆောင်းဆင့်၍ သွယ်မြင့်ပြဆောင် များမြောင်လက်နက် မြို့ထက်ပတ်လျှောက် စစ်တဲဆောက်၍။ (ဒိပုံ ဒိလို စိမ်၍နေခဲ့ရာ ရန်သူများ မဝံ့ရှာတော့ပေ။ ။ဤဥပမာလို ခန္ဓာပူရတိုင်းပြည်ကိုလည်း။ (၁)ဒါနတွေနဲ့။ (၂)သီလတွေနဲ့။ (၃)သမထတွေနဲ့။(၄)ဝိပဿနာတွေနဲ့စိမ်ထားလျှင် ကိလေသာ ရန်သူမဝံ့ပါ။

(၅) [သိကြွားမင်းကြီးတောင်မှု။] ။သိကြွားမင်းကြီးတောင်မှ (၁)နဂါး။ (၂)ဂဠုန်။ (၃)ကုမ္ဘဏ်။ (၄)

ယက္ခ။(၅)ဂန္ဓဗ္ဗ ဟူသော အာဠိနိင်ငါးဆင့်ကင်းငါးထပ် စိမ်ကာထားပြီး ဧးဧး-မြမြ ရွှရွှ-ပြပြ ဘဝင်ကြ၍ နေရလေသည်။

(၆) [ယောဂီများသည်း]ကိလေမှန်က ကြိတ်ချေပြငါးဝဗိုလ်အင်္ဂါ။လက်ာနှင့်အညီ သတိ သမာဓိ ဝီရိယ သဒ္ဓါ ပညာဆိုတဲ့ ဗိုလ်ငါးပါးဖြင့် ကိလေသာတို့ကို ကြိတ်ချေ၍ ၂၄-သချေ် ကုဋေ(၆၀)ဗိုလ်ခြေတသိန်းတို့ ဧကိန်းကြီးရငြိးရှင်ပြစ္စာ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရရှိနေကြသည်။

(၇) [အနော်ရထားမင်းတောင်မှ။] ကျန်စစ်သား ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ်၊ လုံးလက်ဖယ်၊ ညောင်ဦးဖီး ငထွေရူး ၆-ဦးနှင့်နေသဖြင့် နိုင်ငံကျယ်ပြန့်စေသည်။

(၈) [ဒုဋ္ဌဂါမဏိမင်းတောင်မှ] နန္ဒိမိတ္တ၊Xသူရနိမလ မဟာသောဏ၊Xကောတိမ္ဗရ၊Xထေရပုတ္တာဘယ၊Xဘရဏ၊ ဝေဠုသုနမ၊X ခဉ္ဇဒေဝ၊X ဖုဿဒေဝ၊X လဘိယာသဘ၊X ကဏ္ဍုလဆင်တော်၊Xသူရဲကောင်းကြီးတဆဲ့တဦးနှင့်နေလို့ သိဟိုဠ်ကျွန်း၌ ကျေးမင်း ၃၃-ကျိပ်ကို ရှုံးစေပြီး ဧကရာဇ်နှင့်နေရသည်။

(၉) [ဗိုလ်မင်းယောင်တောင်မှ] နတ်မောက် မြို့လုလင်၊ ရံကာ၊ ဗင်းမြို့၊ ကျောက်ပန်းတောင်းမြို့၊ ပုပ္ပါးမြို့၊ တောင်တွင်းကြီးမြို့ ၇-မြို့နှင့်နေ၍ ရန်မူနိုင်သည်။

(၁၀) [သတိမြို့တာ၊ သမာကျုံးမျောင်း၊ လက်နက်ကောင်းပညာ၊ ခန္ဓာမြို့တော်၊ စိတ်ဘုရင်ပျော်သည့်၊ ရန်သူ

တော်များကင်းရှင်းတည်း] (ဉာဏစာဂိ)။ ။သတိကား မြို့ရိုး တာရိုးကြီး။ သမာဓိကား ကျုံးမြောင်းကြီး။ ဝီရိယကား သစ်ဘဲမြို့တည်း။ ပညာကားလက်နက်ကောင်းစုံလင်စွာတည်း။ ဤလို ၄-မျိုးဖြင့် ခြံရံကာရံ၍နေမှ မင်းမိဖုရားများဘေးရန်ကင်းမည်။ ယောဂီ၏ သားတော်သမီးတော်တို့လည်း ၁၅၀၁ ကိလေသာဘေးရန်ကင်းမည်။

(၁၁) [မင်းမိဖုရားသားတော် သမီးတော်များရေချိုးတာတောင်မှ] ဂင်္ဂါမြစ်တွင် ပိုက် ၃-ထပ်ကာရံပြီးမှရေချိုးကြသဖြင့် ရေမျောခြင်း၊ ရေနစ်ခြင်း၊ မိကျောင်းငါး ကိုက်ခြင်းစသောဘေးရန်မှကင်းဝေးကြသည်။ ဤနည်းတူ မေ့စကြာမင်း၏သားတော်သမီးတော်ဖြစ်ကြသော ယောဂီများ အနိစ္စပိုက်၊ ဒုက္ခပိုက်၊ အနတ္တပိုက် ကာရံပြီး ဒါန၊ သီလ၊ သမထ၊ကုသိုလ်ပြုပါမှ ဝိင္ဋကုသိုလ်ဖြစ်၍ ၁၅၀၀ ကိလေသါဘေးမှကင်းဝေးမည်။

(၁၂) [အမှိုကောင်းတချက်၊ အနေကောင်းတသက်ဆိုသည်ကား] ခ၊၂၊၃၊၃၊၄၊၇၊၃၇၊၁၆၊၄၊၄၊နိ ဒါနဲ့ နေတက်ပါမှ တသံသရာလုံး ဘေးကင်းမည်ဖြစ်ပါ၏။ ခါတ်နဲ့ခြံရံနေပါမှ၊ ထို့ အတူ ရုပ်နာမ် ၂-ပါးနှင့်xလက္ခဏာရေး ၃-ပါးနှင့်xပရိညာ ၃-ပါးနှင့်xသစ္စာ ၄-ပါးနှင့်xဝိသုဒ္ဓိ ၇-ပါးနှင့်xဗောဓိပက္ခိယ ၃၇-ပါးနှင့်xဉာဏ်စဉ် ၁၆-ပါးနှင့်xမဂ် ၄-ပါးနှင့်xဖိုလ် ၄ ပါးနှင့်xနိဗ္ဗာန်နှင့် ခြံရံ၍နေသော် ၁၅၀၀ ကိလေသာ ဘေးရန်မရှိပါ၊ အရိယာ များပါဘဲ။

ဘုရားတိုင်း၊ဘုရားတိုင်းမှာ ၂၄ သခေ်ျ၊ ကုဋေ ၆၀၊ ဗိုလ်ခြေ ဘသိန်းကြွစီနှင့် ကယ်ကယ် သွားကြတာမှာ ရင်းနည်း အတိုင်းပါဘဲ။ ယခု ဂေါတမ ဘုရားရှင်ကြီးဟာလဲ သူ့ကိုယ်တိုင် ကယ်ချွတ်သွားတာက သခေ်ျ ၂၀-ပါဘဲ။ သာသနာ ၅၀၀၀-နှစ်အတွင်းမှာ သာဝကတွေက ချွတ်ရမှာက ၂၄-သခေ်ျ၊ (ကုဋေ ၆၀) ဗိုလ်ခြေ တသိန်းတို့ပါဘဲ။ ဒီတော့မှ ၂၄-သခေ်ျ၊ ကုဋေ ၆၀၊ ဗိုလ်ခြေတသိန်းပြည့်ကြ တော့မည် ဖြစ်ပါမည်။

## အတူနေအမွေရ၊ သိလို့ကျင့်လို့ပါ

[ဣမသ္မိံ သာသနေဒွေဃေဝဓုရာနိ၊ ဂန္ထဓုရံ၊ ဝိပဿနာ ဓုရံ] အဋ္ဌကထာများစွာမှ။ ။ဣမသ္မိံ သာသနေ၊ ဤသာသနာတော်မြတ် ၅၀၀၀ အတွင်း၌။ ဂန္ထဓုရံ၊ သင်ကြားနှင့်သင်ကြားခြင်းဆိုတဲ့ဂန္ထဓုရရင်း၊ဝိပဿနာဓုရံ၊ဓါတ်ရှု၊ကလာပ်ရှု ပရမတ်ရှုခြင်းဆိုတဲ့ဝိပဿနာဓုရရင်းဣတိ ဤသို့ဓုရာနိ၊ထမ်းဆောင်ကြရမည့်ဝန်တုတ်ကြီးတို့သည်။ ဒွေဃေဝ ၂-ပါးတို့သည် သာလျှင်တည်း။ ။ဂေါတမ မြတ်စွာဘုရားရဲ့ နှစ် ၅၀၀၀ သာသနာတွင်း ကျုံကြိုက်နေကြသော ရှင်လူတို့ဟာ စာပေ သင်ကြားခြင်း ဆိုတဲ့ ဂန္ထဓုရ ဝန်ထုတ်ကြီးတခုပါ၊ ဝိပဿနာအားထုတ်ရမည့်ဝန်ထုတ်ကြီးတခုပါ၊ ရင်း ၂ ခုကို ထမ်းဆောင်၍နေကြ ရမည်ဖြစ်ပါသည်။ဒါမှ(သိ,ကျင့်)စုံ၍ အတူနေ အမွေရမှာပါတဲ့ဗျ။ ။[အတူနေ၊ အမွေရကြ ပုံလက်ာမှာ]။ ။သာဝတ္ထိပြည်၊ ပြောစီနဂိုရ်၊ ချက်မျက်

သိုလ်၍၊ မပြိုမျိုးဆွေ၊ နေထကျင်သည်၊ လုလင်ပျိုထွား၊ သူကောင်းသားလျှင်၊ ဘုရားဟောဖေါ်၊ တရားတော်ကို၊ ကြားသော်လန်းလန်း၊ ပီတိရွှန်းလျှက်၊ရဟန်းပြုပြီး၊ ကျမ်းကြီးကျမ်းငယ်၊ အသွယ်သွယ်ကို၊ လယ်နှယ်တည်ထွင်၊ စာပေဆင်မှု၊ ပဋ္ဌင်ဖြစ်မြောက်၊ နှစ်တိုင်ဆောက်သို့၊ နှစ်ယောက်ရှုရှု၊ နှစ်ပုဝတ်ကုန်၊ ၂-စုံပါတိမုတ်၊ မယုဂ်အက္ခရာ၊ သဒ္ဒါအနက်၊ နူတ်ကျက်ရွှဲရွှဲ၊ တတ်လှပွန်းတီး၊ ရပ်သီးထောင်တန်မလွှန်ရွှယ်သစ်၊ အနှစ်ငါးဝါ၊ ပြည့်သောခါဝယ်၊ လျှော်စွာကမ္မဋ္ဌာန်း၊ သိမ်းမြန်းပိုက်ယူ၊ လူသူမယှဉ်၊ အာရညကင်၊ ကျဥ့်မှုဘင်ဖြင့်၊ ပျော်ချင်ရကား၊ ၂-ပါးဆရာ၊ ဥပဇ္ဈာကို၊ ပန်ထွာခွင့်ရ၊ ကောသလဟု၊ ရဋ္ဌတိုင်းကား နိုင်ငံများတွင် စွန်နားဂါမ၊ ပစ္စန္တသို့၊ မှီထမျက်မှောက်၊ ရောက်တုံလေကစောင့်ထွေမပျက် ငြိမ်သက်ဣရိယာ မြတ်ခြင်းရှေ့ဌ ကြည်စွာသောအား ထိုရွာသားတို့ ညှိုးပါး မဲ့အောင် စကြံန်လျှောင်နှင့် ကျောင်းဆောင်ရိပ်ချမ်း သာမ်မ်းလည်းဆောက်ပံ့ထောက်လုပ်ကျွေး နွှောင့်နှေးမရှိ သတိဉာဏ်ထိမ်း ဝါဆိုကိန်းသည် ယာဥ်မှိမ်းသူတော် နှလုံးတည်း]။ ။သံရပျို နံပါတ် ၂။ ကြောင်းရေ ဂ။ ဟံမူမှ ၎င်းကဲ့သို့သော ပါဠိသာခကနှင့် ၂-မူရကို ပြသည်မှာ (၁) သံ့ဝရဇာတ် ကောဒသနိပါတ်၌ရင်း။ (၂) ဒွေးသဟာယကဝတ္ထု၌ရင်း။ (၃) ဓမ္မပဒအဋ္ဌကထာ စက္ခုပါလဝတ္ထု၌ရင်း။ (၄) ဓမ္မပဒအဋ္ဌကထာ ကပိလဝတ္ထု၌ရင်း။ (၅) သုတ္တနိပါတ်အဋ္ဌကထာ

ဟေမဝတာရသုတ်အဖွင့်၌ရင်း (သိ,ကျင့်) ၂-ဗူရကိုအရေး
တကြီးပြထားပါသေးသည်၊အဲဒါအတူနေအမွေရပုံတည်း။

**အတူတူနေ အမွေမရပုံ သိ မကျင့်လို့ပါ**

(၁)မိဘနှင့်အတူနေအမွေမရ။ (၂) ဘုရားနှင့်အတူနေ
အမွေမရပုံ ကား [ဤလောက၌ မိဘတို့အား ချစ်ကြငြား
လည်း မိဘနှင့်မူ အယူကွဲပြား ဖစကားကို နားမထောင်လူ
ရန်သူဖြစ်လေ အမွေမရ ပမာဏသို့ ဘုရားစကား မြတ်
တရားကို နားမဝင်ဘိ မသိလျှင်သူပုန် မယုံလျှင်ရန်သူ အတူ
လိုနေ မဂ်ဖိုလ်မွေကို မရလေငြား ဆင်းရဲပွါးသည်၊အများ
လူတို့သိစေဘို့တည်း။] ကြောင်ပန်း ခြောက် စောင်တွဲမှ
ယူပြသည်။

**ဝိနည်းပါဠိတော်က အရှင်ကောဠိကဝတ္ထု၊**

ဘုရားရှင်၏ လက်သက်တော်တုန်းက သူဌေးတဦးမှာ
သားရယ် တူရယ် ၂-ဦးရှိကြသည်။ သူဌေးကြီးဟာ သာသ
နာတော်ကို အလွန်ကြည်ညိုလှသည်။ ပစ္စည်းလည်း ဌေးလှ
သည်။သာသနာရေ ပစ္စည်းရေဟာ မိမိမရှိလျှင် တည်တံ့
ရေလျှားစွာ တည်ရှိစေလိုသည်။ တနေ့သ၌သူဌေးကြီးဟာ
မိမိအိမ်၌ အမြဲဆွမ်းခံလာသော အရှင်ကောဠိကကို အရှင်
ဘုရား တပည့်တော်မှာ သားလဲရှိတယ်၊ တူလဲရှိတယ် ၎င်း
၂-ဦးတို့တွင် ဘယ်သူဟာ သာသနာတော်၌ ယုံကြည်လေး
စားပါသနည်းဆိုတာကို အရှင်ဘုရားက စုံစမ်းရှဲပေးပါဟု
လျှောက်သည်။

အရှင်ကောဌိကလည်း သူငယ် ၂-ဦးကို အနားထား၍ ဟိုဟာခိုင်း ဒီဟာခိုင်းနှင့် စုံစမ်းကြည့်တော့ တူဖြစ်သူက သာသနာ၌ သဒ္ဓါ စေတနာကဲ လွန်၍နေသည်။ သူဌေး၏ သားကား သာသနာ၌ဖါသာလာ၊ အာရုံမပြု ဂရုမထား မလေးစားဘဲ နေသည်။ ရက်ကြာတော့ သူဌေးကြီးက အရှင်ဘုရား ကောဌိက သားနှင့်တူဟာ ဘယ်သူက သဒ္ဓါ စေတနာရှိပါသနည်းဟုမေးသည်။

အရှင်ကောဌိက က တူသာလျှင် သဒ္ဓါ စေတနာ ရှိလှ သည်ဟု ဖြေသည်။ ။နောင်ရေးကိုတွေးနေသော သူဌေး ကြီးသည်။ငါ့မှာရှိနေသော ပစ္စည်းဥစ္စာတို့ကို သားအားလွှဲ အပ်လျှင် သုံးဖြုံးပြစ်၍ အမျိုးပါဆင်းရဲခါိမ့်မည်၊သာသနာ လဲ အားမရှိဘဲ သေးသိမ် မှေးမှိန်လိမ့်မည်တကား၊ တူအား လွှဲအပ်ပြီး အမွေပေးပါမှ၊ သာသနာရော၊ ငါ့ဆွေမျိုးရော၊ တိုးတက် ကြွယ်ဝ အရှည်လှတော့မည် တကားဟု ကြံစီ၍ သားကို အမွေမပေးတော့ဘဲ။ တူအား အမွေကို ပေးအပ် လိုက်သည်။

သူဌေးသားသည်၊သားဖြစ်ပါလျက်နှင့် အမွေကိုမရ၍ ကဲ့ရဲ့သဂြိုဟ် အပြစ်ဆိုပြီး ကျော်ညာ၍နေတော့သည်။ ဤမျှ မကဘဲ၊ အရှင်အာနန္ဒာ၏ ထံသို့သွား ပြီး အရှင်ဘုရား အာနန္ဒာ၊ မိဘ၏အမွေကို သားက ရထိုက်ပါသလော သို့မ ဟုတ်တူကရထိုက်ပါသလောဟု မေးမြန်းသည်။

အကြောင်းကိုသိ၍ မထားသော အရှင်အာနန္ဒာက သို့ဖြစ်လျှင် မိဘ၏အမွေကို သား သာရထိုက်ထားပေါ့တပည့်ရဲ့တူဟာ ဘယ်မှာ ရထိုက်ပါအုံ့နည်းဟုမြေသည်။

သူဌေးသားက ဒါဖြင့် အရှင်ကောဋ္ဌိက မထေရ်ဟာ မိဘ၏အမွေကိုသားအား မပေးစေဘဲ တူအားပေးစေခဲ့ပါပြီဟုလျှောက်သည်။

အရှင်အာနန္ဒာက ဒီ လို ဆို လျှင် အရှင်ကောဋ္ဌိကဟာ ရဟန်းမှ ဟုတ်ပါသေးရဲ့လားဟု အကြောင်းကို မသိ၍ မြေ မိသည်။ အဲဒါကို သက်သေတခုပြု၍ သူဌေး၏သားဟာ ပြည်ရွာ၌ ကျော်ညာလေတော့သည်။ ။ဋင်းစကားများကို အရှင်ကောဋ္ဌိက ကကြားသဖြင့် အာနန္ဒာထံ သွား၍ အရှင်ဘုရား တပည့်တော်အား ဝိနိစ္ဆယပြုပါတော့။

နန္ဒာ။ ။ဘယ်လိုပြုရမှာလဲဘုရား။

(က) တပည့်တော်ကို သူဌေးက သားနဲ့တူဟာ ဘယ်သူက သဒ္ဓါစေတနာများသနည်း၊ စုံစမ်း၍ပေးပါဟုဆိုသဖြင့် တူက သဒ္ဓါစေတနာသာလွန်သည်။ သားဟာ သဒ္ဓါစေတနာ နဲပါးသည်ဟု ခိုင်းတာကိုသာ စုံစမ်း၍ပေးပါသည်။ (ပစ္စည်းဥစ္စာကိုပေးတာလွှဲတာ၌ တပည့်တော်လုံးဝပါ။) စိတ်လဲမရှိပါ၊ဆန္ဒလဲမပါပါ။ သူဌေးဟာ သူ၏ပစ္စည်းကို သူ့ဖါသာ သူ့သဘောနှင့် ပေးခြင်းမျှသာဖြစ်ပါသည်ဟုလျှောက်တော့။

အရှင်အာနန္ဒာကဒီအတိုင်းဖြစ်ခဲ့သော အာပတ်ရပုံတွင် ဒုဗ္ဘာသီ အာပတ်မျှ မသင့်ပါဟုဆိုးဖြတ်လေသည်။(မိဘနှင့် အတူနေပေမဲ့ မိဘနှင့်အယူသီလမျှ၍ အမွေမရပုံ သက် သေပါဘဲ။)

## သမ္မောဟဝိနောဒနီ၊ဝိဘင်းအဋ္ဌကထာပြ အမွေမရသောဝတ္ထု ဒုတိယ

သီဟိုဠ်ကျွန်းမှာ မင်းမိဖုရားနေကြရာ သားတော်တပါး ဖွါးလာသည်။ အရွယ်ရောက်စဥ် မိဘတို့က ပြောပြလဲမရ၊ ဆုံးမလဲမရဘဲ လူပေါ်လူပျင်း၊ လူအဖျင်းတွေနှဲ့သာ နေပြီး ကြက်တိုက်၍ အချိန်ကုန်စေသည်။ အမျိုးမျိုးအဝဝ တရား ဓမ္မပြသ၍ရဘော့ပါ။ မိဖုရားကြီး၏တူကတော့ (၁၈) ရပ် သော အတတ်သိပ္ပနှင့်တိုင်းသူပြည်သားလူအများနှင့်ဆက်မှု ချောပြေ၍ သာသနာ၌အလိမ္မာနှင့်သာနေတော့သည်။ ။ တနေ့သဥ်မင်းသားဟာ သူ၏ကြက်နှင့် မိမိ၏ကြက်ကိုအနိုင် ယူတိုက်ကြရာ၌။ မိမိကြက်က အနိုင်ရအောင်လို့ လေနှင့်မှုတ် ပေးခြင်း၊ အသံဖြင့် အားပေးခြင်း ပြုနေစဥ် ဟိုဘက်က ကြက်ဟာ ထပြီးခွပ်လိုက်ရာ မင်းသား၏ မျက်လုံးတဖက် ပျက်၍ ကဏ်းသွားတော့သည်။ မင်းနှင့်မိဖုရား သိ၍သွား ငသော်--

မင်းက။ ။မိဖုရားရယ် ငါတို့သားဟာ မျက်စိတဖက် ပျက်၍တိုင်းပြည်ထီးနန်းနှင့် မထိုက်တန်ဘူးကွဲ့။ ဘုရင်လုပ်

တဲ့သူ ဘာအင်္ဂါစုံရတယ်။ ဟော ယခုငါတို့သားဟာ မိဘ၏ ထိန်းခံမှုနှန်းမှုကိုမရနိုင်တော့ဘူးဟုပြောပြသည်။

မိဖုရားက။ ။မှုးမတ်တွေကို ကျေနပ်အောင်ပေးပြီး ထိန်းနှန်းတင်သော်ရစရာရှိပါရဲ့ဟုပြောသည်။

ဘုရင်လည်း မှူးတော်မတ်တော်တို့ကိုခေါ်၍ တိုင်ပင်ရာ အားလုံးကပင်မသင့်လျော်ကြောင်းဖြင့် သံတော်ဦးတင်ကြသည်။ မင်းလဲဖြစ်နိုင်သမျှရစေတော့ဟုကြံစီပြီး မှူးမတ်တွေကို လက်ဆောင် များစွာပေး၍ (စတိ) အနေဖြင့် ၇–ရက် လောက်ဘဲနှန်းတင်ရလျှင်ကျေနပ်ပါပြီဟုပြောရာ။ ၇–ရက် ထဲမို့ ကျေနပ်ကြပြီး ထိန်းနှန်း ၇–ရက်အပ်ရန်ပွဲကြီးလမ်းကြီး ပြုကြသည်၊ အချိန်အခါစေ့၍ ဘိသိက်သွန်းမည်ဟု မင်း သားကို ဘိသိက်သွန်းရာဌာနသို့တင်သောအခါမှာ အသက် မရှိသော ဘိသိက်ခုန်က လှုပ်ချ၊ တွန်းချ ၍သာ နေတော့ သည်။ မင်းသားမှာ ထိန်းနှန်းမရတော့ပါ။ ။မင်းနှင့် မှူး မတ်တို့က ဘိသိက်ပွဲကြီးကိုတော့ အပျက်မခံနိုင်တော့ပါ။ မင်းဖြစ်ထိုက်သူကိုထိန်းနှန်းအပ်ရတော့မည်ဟု ပြောင်းလဲပြီး မိဖုရားကြီး၏တူကို ဘိသိက်သွန်း၍ ထိန်းနှန်းအပ်လိုက်ကြရ တော့၏။

မိဖုရားကြီး၏တူက ဘုရင်ဖြစ်သွားလျှင် ဘုရင်လဲ သက် သာအောင် မိဖုရားလဲသက်သာအောင်ဟာမင်းသားကို နာ ဂဒီပကျွန်း၌ ဘုရင်ခံအဖြစ်နှင့်ထားပေးရသည်၊ အဲဒါမိဘနှင့် အတူနေပေမဲ့ အယူသီလမတူမျှ၍ အမှုမရတာပါ။ [သား

ရှင်းဖြစ်ပေမဲ့ မိဘအမွေကိုရပုံ] မာတာပိတရောဟိ၊ အတ္တနော သြဝါဒေ၊ အဝတ္တမာနေ ၁၊ မိစ္ဆာပဋိပန္နေ၊ ဒါရကေ၊ ဝိနိစ္ဆယံဂန္တွာ၊ အပုတ္တကေကရောန္တိ၊ တေဒါယဇ္ဇာရဟာန ဟောန္တိ။] အင်္ဂုတ္တိုရ်ဋီကာကြီး တတိယတွဲ နံပါတ်-၁၉၊ ကြောင်းရေ-၂ ဆင့်မှုမှ။ ။ဟိ၊အမွေမရကြပုံကိုသက်သေပြပါဦးအံ့။ မာတာပိတရော၊အမိ အဖတို့သည်။ အတ္တနော၊ ၁မိ၏ သြဝါဒေ၊ အဆုံးအမတို့ကို အဝတ္တမာနေ၊ မလိုက်နာကြကုန်သော၊ မိစ္ဆာပဋိပန္နေ၊ မှားမှား ရှင်းရှင်းပြုကြကုန်သော။ ဒါရကေ၊ သားငယ်တို့ကို။ ဝိနိစ္ဆယံ၊ ရုံးတော်သို့။ ဂန္တ္ဝါ၊ သွားကြကုန်၍။ အပုတ္တကေ၊ သားအဖြစ်မှစွန့်ပယ်သည့်တို့ကို။ ကရောန္တိ၊ ပြုကြကုန်၏။ တေ၊ ထိုအစွန့်ခံရသောသားငယ်တို့သည်။ ဒါယဇ္ဇာရဟာ၊ အမွေကို ခံယူခြင်းငှါထိုက်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။

မိဘတို့သည် တရားရုံးတော်သို့သွားပြီး၊ မိမိတို့၏ သားဟာ ဆုံးမလဲမရတော့ပါ။ ပဋိပက္ခနဲ့သာ ဖြစ်နေ၍ သားအဖြစ်မှ စွန့်လွှတ်ပါပြီ။ အမွေလဲ မပေး နိုင်တော့ပါဟု အမွေကိုဖြတ်ကြတယ်။သားလဲ အမွေကိုမရတော့ပါ။

[သြဝါဒေ ဝတ္တမာနေပန၊ ကုလသန္တကာသ၊ သာမိကာ ကရောန္တိ။] အင်္ဂုတ္တိုရ် ဋီကာကြီးတတိယတွဲ နံပါတ်-၁၉ ကြောင်းရေ-ဆင့်မှုမှ။ ။ပန၊အတူနေ၍ အမွေရပုံကိုပြဆိုပါဦးအံ့။ သြဝါဒေ၊ အဆုံးအမတို့ကို၊ဝတ္တမာနေ၊ လိုက်နာကုန်သည်ရှိသော်။ ကုလသန္တကာသ၊ အမျိုးတို့၏ ဥစ္စာ၏

သာမိကာ၊ ပိုင်ရှင်တို့ကို။ ကရောန္တိ၊ ပြုကုန်၏။ ။မိဘ၏စကားကို လိုက်နာကုန်သော သားတို့ကိုတော့ မိဘအမွေတွေကိုပေး၍ ပစ္စည်းရှင်အဖြစ်ဖြင့် ထားကြတယ်။

[ဗုဒ္ဓ၏သာသနာတော်၌လဲ ပုထုဇဉ်တို့ကား မဂ်အမွေဖိုလ်အမွေကို မရကြပါကုန်။ (သိပြီးမကျင့်ကြလို့ပါ)၂၄-သင်္ချေ၊ကုဋေ ၆၀၊ ဗိုလ်ခြေတသိန်းတို့ကား မဂ်ဖိုလ်အမွေကို ရရှိကြပါသည်။(သိ-ကျင့်)ကြလို့ပါဘဲ။ အဲဒါဘဲ ကွာခြားနေပုံပါဘဲ။

ယခုလူတွေဟာ တဘာအတွက်မျှသာ ခံမ်းသာမည့် မိဘအမွေများကိုတော့မရ လျှင်ငါနေဟု သေသေ၊ ကြေကြေ၊ကျိုးစားပြီး လုယက်ကြသည်။ အချို့များမှာ ရုံးတော်၌ တရားစွဲပြီးအမွေကိုလုယူကြသည်။ ဘုရား၏အမွေကား တသံသရာလုံး ဝိသာခါတို့လို ဇောတိက ဇဋိလတို့လို အရိယာအဖြစ်လဲရ၊ ငွေးလဲငွေး၊ (၆၇)ဆင့်လဲရ၊ (၁၀၅) မျိုးလဲရမည့် ဘုရားအမွေများကိုတော့ ရုံး၌ တရားစွဲပြီးလဲ မယူကြပါ။လုယက်၍လဲမယူကြပါ၊ ပေးပါမည်လာခဲ့ကြပါ ဟုခေါ်၍ပေးတာလဲမယူကြပါ။ (အတော်ကြီး စိတ်ဓါတ်ဖျင်းအတဲ့ လူတွေပါဘဲနော်။) ပြောတောင်မှ မပြောချင်တော့ပါဘူး။ အပါယ် ၄-ပါး အမွေကိုတော့ ရွေးတန်း၌ လုလယ် လုပါး လုနပ်လုပ်ပြီးယူယူနေကြတယ်။ အသဲယားစရာပါဘဲ။ ဒါလောက်ညံ့ဖျင်းတဲ့ လူများလဲ ဒီသာသနာတွင်းမှာရှိသေးပါကလားကွယ်။ပါးစပ်က ပြောဖို့ဆိုမှဖြင့်

သူ့ထက်တတ်ထာ၊ နားလည်တာမရှိတော့ဘူး။ လုပ်ပြီဆိုမှ ဖြင့် ဘာလဲ့တချော် ငရဲဦးပျော်ဘို့ချည်းဘဲ တွေ့မြင်ရသည်။ လူ့ပြည်သို့ တခဏမျှ အလယ်အပတ် လာခဲ့တဲ့ သူပါဘဲ။ အရိယာဘာနဲ့နတ် ပြဟ္မာဖြစ်ဘို့ကား ဝေးလာဝေးပါဘဲ။ [အပြောသာတတ်ပြီး အလုပ်မလုပ်သေးတဲ့ လူတွေဟာ။] (ပြောတော့အဟုတ် လုတ်တော့အလွဲ သေတော့ငရဲ နေ တော့အမွဲ မနဲဘဲသံသရာ၌ ရှေကြာလူးလိမ့်ပြီး ခံစားရကြ ဦးမည်ဖြစ်သည်။

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ကမ္မဋ္ဌာန်းအားမထုတ်မီ

## ဓါတ်သွင်းအားထည့် စည်းချစာတမ်း။

## (ပထမအကြိမ် ဓါတ်သွင်းအားထည့် စည်းချရန်)

(၁) မဟာနိဗ္ဗာန်သို့ ဝင်စံတော် မူကြကုန်သောဘုရားရှင်အနန္တ၊ တရားတော်အနန္တ၊ သံဃာတော်အနန္တ၊ ပစ္စေကဗုဒ္ဓါအနန္တ၊ ဓါတ်တော်အမွေတော်အနန္တ၊စေတီတော်ပုထိုးတော်အနန္တ၊ ကုဋေကိုးဘောင်ကျော်သော သိက္ခာပုဒ်တော်အားလုံး ပိဋကတ်သုံးပုံ၊ နိကာယ်ငါးယပ်၊ အင်္ဂါကိုးတန်ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အားဖြင့်၊တဆဲ့သုံးဌာနအားလုံးတို့သည်။တပည့်တော်၏ခန္ဓာကိုယ်၌ ယနေ့ကစပြီး နိဗ္ဗာန်သို့ ဝင်သည့်တိုင်အောင် ကြွရောက်တည်နေတော် မူကြကုန်၍အရှင်ဘုရားတို့၏ တန်ခိုး တေဇော် အာနုဘော်တော်ကြောင့်ဝင်ဝင်သမျှ လာလာသမျှသော အကုသိုလ်နှင့်ကိလေသာတို့ကိုကုန် ခမ်းချုပ်ငြိမ်း ကင်းဝေးစေ၍မြတ်စွာဘုရားစသော တဆဲ့သုံးဌာန အားလုံးကြီးတို့ဖြင့်ယနေ့ကစ၍ နိဗ္ဗာန်အထိ တံတိုင်းကြီး၊စည်းရိုးကြီး၊ သီတာ၇-တန်၊တောင်စဉ် ၇-ထပ်၊ အသင်္ချေစီ၊ အနန္တစီ ကာဆီး၍

စည်းချပါ၏။ ဤစည်းများ အတွင်းသို့ဘုရားမကြိုက် တရား မကြိုက်၊ သံဃာမကြိုက်၊ မဂ်မကြိုက်၊ ဖိုလ်မကြိုက်၊ နိဗ္ဗာန်မ ကြိုက်သော အကုသိုလ် ကိလေသာ ဝိပါက်မှန်သမျှ အနန္တ တို့သည်။ဝင်ခွင့်မရ၊ လာခွင့်မရ၊ သီခွင့်မရနှိပ်စက်ခွင့်မရကြ ဘဲ။ ရှိသမျှတို့ပါ ချောပနပြောကျ ပါစေသတည်း။ ရုပ်နာမ် ဓမ္မသင်္ခါရတို့ကို ဘုရားရှင်တိုင်း မြင်သလို မြင်ရပါစေသ တည်း။အရိယာတိုင်းမြင်သလိုမြင်ရပါစေသတည်း၊ ပစ္စေက ဗုဒ္ဓါတိုင်းမြင်သလို မြင်ရပါစေသတည်း။ တွေ့ရပါစေသ တည်း။ မျက်မှောက် ပြုရပါစေသတည်း။ အရှင်မြတ်ကြီး တို့ဘုရား။

## (ဒုတိယအကြိမ်ဓါတ်သွင်းအားထည့်စည်းချရန်)

(၂) ကမ္ဘာတိုင်းက သတ္တဝါတိုင်း သင်္ခါဝါတိုင်း ပြုသ မျှသော ကုသိုလ်အစုဘိုအဘို့ယူပါကုန်၏။ စကြာဝဠာအနန္တ တိုင်းက သတ္တဝါတိုင်း သင်္ခါဝါတိုင်း ပြုသမျှသော ကုသိုလ် အစုကို အဘို့ယူပါကုန်၏။ နှစ်ဆဲ့လေးသင်္ချေ ကုဋေခြောက် ဆယ် ဖိုလ်ခြေတသိန်း ကျွတ်တန်း ဝင်ကြကုန်သော ကမ္ဘာ ပထမတန်းအာဇာနည်အရိယာပုဂ္ဂိုလ်ကြီးတို့၏ဝိဇ္ဇာကုသိုလ် အဘိညာဉ်ကုသိုလ်၊ သမာပတ်ကုသိုလ်၊ ပဋိသမ္ဘိဒါကုသိုလ်၊ ဈာန်ကိုးဈာန်ကုသိုလ် မဂ်လေးတန်ကုသိုလ် ဖိုလ်လေးတန် ကုသိုလ် နိဗ္ဗာန်ကုသိုလ် ပါရမီကုသိုလ် အားလုံးကြီးတို့ တခုမကျန်သိမ်းကြုံး၍ အဘို့ယူပါကုန်၏။ မြတ်စွာဘုရား

တော်မူသော နေ့ကစ၍ ယနေ့တိုင်အောင် သာသနာပြုကြကုန်သော သာသနာပြု ကုသိုလ်အားလုံးတို့ကို အဘို့ယူပါကုန်၏။ ဂင်္ဂါသဲလုံးအမျှ ပွင့်တော်မူကြကုန်သော ဘုရားရှင်တိုင်းပြုသောကုသိုလ်၊အရိယာတိုင်းပြုသောကုသိုလ်၊ပစ္စေကဗုဒ္ဓါတိုင်းပြုသော ကုသိုလ် ၇-ဌာနသောကုသိုလ်တို့ကိုအဘို့ယူပါကုန်၏။ထို၇-ဌာနသောကုသိုလ်ကြီးတို့သည်။ယနေ့ကစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အမြဲတန်း အကျွန်ုပ်၏ခန္ဓာကိုယ်၌တည်၍ စောင့်ရှောက်ကူညီကြ၍ လာလာသမျှဝင်ဝင်သမျှသော အကုသိုလ်နှင့် ကိလေသာတို့ကို ကုန်ခမ်းချုပ်ငြိမ်း ကင်းဝေးစေ၍ ဤ ၇ ဌာနသော ကုသိုလ်ကြီးတို့ဖြင့်ယနေ့ကစ၍ နိဗ္ဗာန်အထိ တံတိုင်းကြီး၊ဇည်းရိုးကြီ။ သီတာ၇-တန်၊တောင်စဉ်၇ ထပ်၊အသခေါ်ချိ၊ အနန္တစကြာဆီး၍စည်းချပါ၏။ ဤစည်းများ အတွင်းသို့ ဘုရားမကြိုက်၊ တရားမကြိုက်၊ သံဃာမကြိုက်၊ မဂ်မကြိုက်၊ ဖိုလ်မကြိုက်၊ နိဗ္ဗာန်မကြိုက်သောအကုသိုလ် ကိလေသာ ဝိပါက်မှန်သမျှအနန္တတို့သည်၊ဝင်ခွင့်မရ၊ လာခွင့်မရ၊ သီခွင့်မရ၊ နှိပ်စက်ခွင့်မရကြဘဲ ရှိသမျှဘို့ပါ၊ ဈာပနဖြင့် ပြာကျပါစေသတည်း။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဘုရားရှင်တိုင်း မြင်သလို မြင်ရပါစေသတည်း။ အရိယာတိုင်းမြင်သလို မြင်ရပါစေသတည်း။ ပစ္စေကဗုဒ္ဓါတိုင်း မြင်သလို မြင်ရပါစေသတည်း။ တွေ့ရပါစေသတည်း။ မျက်မှောက် ပြုရပါစေသတည်း၊ အရှင်မြတ်ကြီးတို့ဘုရား။

## (တတိယအကြိမ်ဓါတ်သွင်းအားထည့်စည်းချရန်)

(၃) အကျွန်ုပ်ကိုယ်တိုင် အနမတဂ္ဂသံသရာကစ၍ ယခုတိုင်အောင်ပြုလုပ်လာခဲ့သော သာသနာပြုကုသိုလ်အနန္တတို့သည်၎င်း။ယခုတဘဝလုံး တသက်လုံးပြုလုပ်ခဲ့သော သာသနာပြု ကုသိုလ်အနန္တတို့သည်၎င်း။ ယနေ့အဘို့၌ သားတော်ရာဟုလာကဲ့သို့ အမွေခံ၍ ကျင့်ကြံခဲ့သော အမွေခံကုသိုလ်အနန္တတို့သည်၎င်း။အကျွန်ုပ်ခန္ဓာကိုယ်၌ ယနေ့ကစ၍နိဗ္ဗာန်တိုင်အောင် အမြဲတည်၍ စောင့်ရှောက် ကူညီကြပြီးလျှင် လာလာသမျှ ဝင်ဝင်သမျှသော အကုသိုလ်နှင့် ကိလေသာတို့ကို ကုန်ခမ်း ချုပ်ငြိမ်း ကင်းဝေးစေ၍ဤ ၃-ဌာနသော ကုသိုလ်ကြီးတို့ဖြင့် ယနေ့ကစ၍ နိဗ္ဗာန်အထိ တံတိုင်းကြီး၊ စီးရိုးကြီး၊ သီတာ၇-တန်၊ တောင်စဉ်၇-ထပ် အသင်္ချေစီ၊ အနန္တစီကာဆီး၍ စည်းချပါ၏။ ဤစည်းများ အတွင်းသို့ ဘုရားမကြိုက်၊ တရားမကြိုက်၊ သံဃာမကြိုက်၊ မဂ်မကြိုက်၊ ဖိုလ်မကြိုက်၊ နိဗ္ဗာန်မကြိုက်သော အကုသိုလ် ကိလေသာ ဝိပါက်မှန်သမျှ အနန္တတို့သည်၊ ဝင်ခွင့်မရ လာခွင့်မရ သီခွင့်မရ၊နှိပ်စက်ခွင့်မရကြဘဲ၊ ရှိသမျှတို့ပါ ဈာပနဖြင့်ပြာကျပါစေသတည်း။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဘုရားရှင်တိုင်း မြင်သလို မြင်ရပါစေသတည်း၊ အရိယာတိုင်းမြင်သလိုမြင်ရပါစေသတည်း။ ပစ္စေကဗုဒ္ဓါတိုင်း မြင်သလို မြင်ရပါစေသ

တည်း။ ခွတ္တရပါစေသတည်း။ မျက်မှောက် ပြုရပါစေသ
တည်း။ အရှင် မြတ်ကြီးတို့ဘုရား

(ဤကဲ့သို့ဓါတ်သွင်း အားထည့်ပြီးမှ အားထုတ် လျှင်ဓါတ်
အမြင်လျင်မြန်ပါလိမ့်မည်။)

## ရာဟုလာ သုတ်၌ ဓါတ်ခြောက်ပါးပေါက်၍ ဣန္ဒြေနှင့်ဝိစိကိစ္ဆာ ပျောက်ကွာပုံ

ပထဝီဓါတုံခေါ ရာဟုလော၊ အနိစ္စတော၊ ဇာနတော
ပဿတော သက္ကာဒိဋ္ဌိယာဝိစိကိစ္ဆံ၊ ပဇဟာတိ။ ။

ရာဟုလာ၊ ချစ်သားရာဟုလာ၊ပထဝီဓါတုံ၊ ပထဝီဓါတ်
အနိစ္စတော၊အနိစ္စသဘောအားဖြင့် ဇာနတောကိုယ်တွေ့သိ
သောသူအား၊ ပဿသော။ ကိုယ်တွေ့ မြင်သောသူအား
သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိနှင့်တကွ၊ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာ
ကို ပဇဟာတိ၊နှင်သော၊ နှင်ချုပ်၊နှင်ပြုတ်၊ နှင်ကုန်ခမ်းတော့
ဟု ပယ်သတ်နိုင်တော့၏။

အာပေါဓါတုံခေါ ရာဟုလာ။ ။တေဇောဓါတုံခေါ
ရာဟုလော။ ။ဝါယောဓါတုံခေါရာဟုလော စသည်ဖြင့်
အထက်ဘော်ပြသည့်အတိုင်း ကျန်ဓါတ်များ ရှုပွါးကြပါ။

အထက်ပါ စာတမ်းများသည်၊ သစ္စာပြု ဆုတောင်း
ဘုရားရှိခိုး ဖြစ်ပါသောကြောင့်၊ အမြဲမပြတ် ရွတ်ဘတ်
သရဇ္ဈာယ်ကြပါလျှင် ဘေးဟူ သမျှရန်ဟူသမျှ အန္တရာယ်

တူသမျှတို့ကင်းဝေး၍ အလိုဆန္ဒပြည့်စုံကြောင်းကိုကိုယ်တွေ့
သိရှိတော်မူကြပါလိမ့်မည်။ ကြိုးစား၍ ရွတ်ပွါး သရဇ္ဈာယ်
တော်မူကြပါကုန်လော့။

## (ကမ္မဋ္ဌာန်းအားထုတ်ခါနီးတွင်ဓါတ်ဆက်၍ သစ္စာအဓိဋ္ဌာန်ပြုရန်)

မဟာနိဗ္ဗာန်သို့ ဝင်စံတော်မူကြကုန်သော ဘုရားရှင်အနန္တ၊ သံဃာတော်အနန္တ၊ ပစ္စေကဗုဒ္ဓါအနန္တ အားလုံးတို့သည်။ ဒိမိ၏ခန္ဓာကိုယ်ထဲ၌အမြဲဖြစ်ပေါ်၍နေသောရုပ်နာမ်၊ ပရမတ်၊ဓါတ်အစစ်တို့ကိုသာလျှင် တွေ့ရှိ မြင်၍မျက်မှောက် ပြု၍ ပုထုဇဉ် အဖြစ်မှကူးပြီး ဘုရားအဖြစ်သို့ ရောက်တော်မူကြ သာဝကအဖြစ်သို့ရောက်တော်မူကြ၊ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူကြကုန်ပြီ၊ဤကဲ့သို့မှန်ကန်လေးနက်သော သစ္စာစကားကိုဆိုပါ၏။ ဤသစ္စာ၏ တန်ခိုးတော်ကြောင့်ရင်း။ ဘုရားပစ္စေက အရိယာသာဝက အားလုံးတို့၏ စိတ်ဆန္ဒနှင့်ပင် ရုပ်နာမ် ဓမ္မ သင်္ခါယတို့၌ဂါတ်တို့လို မြင်ကြပါစေ တွေ့ကြပါစေ၊မျက်မှောက် ပြုကြပါစေဟု ထားရှိသောစိတ်တော် ဆန္ဒတော်တို့ကြောင့်ရင်း။ ဘုရားသံဃာ၊ပစ္စေကဗုဒ္ဓါ တို့၏ခန္ဓာကိုယ်၌ပေါ်ရှိသောဓါတ်တို့သည်၊ တပည့်တော်တို့ ထံသို့ ကူးယှက်၍ အမွေအနှစ် ပေးတော်မူ၍ ဓါတ်ရောက် ကူးယှက်ပြီးလျှင် ဘုရားရှင်များ၊အရိယာများ သာဝကအရိယာ များပေါ်သလို ပေါ်ပါစေသတည်း။ တွေ့မြင် မျက်မှောက်ပြုရပါစေသတည်း။ အရှင်မြတ်ကြီးတို့ဘုရား။

## (အဓိဋ္ဌာန်ပြုပုံမှာ)

မြတ်စွာဘုရား အစရှိသော ၁၃-ဌာန အါးလုံးကြီးတို့သည်။အရာရာ၌ပင် အဓိဋ္ဌာန်ပြုတော်မူကြကုန်၏၊ အကျွန်ုပ်သည်လည်း ၁၅-မိနစ်ခန့် အဓိဋ္ဌာန်ထါး၍ပူဇော်သောအားဖြင့် တရားကို အားထုတ်ပါ၏။ ဤအဓိဋ္ဌာန် ပါရမီကြောင့် မကောင်းတာ မှန်သမျှ အနန္တတို့မှ ဘုရားရှင်များ လွတ်မြောက်ကြသလို လွတ်မြောက်ရပါစေသတည်း။ ကောင်းတာတွေမှန်သမျှအနန္တတို့ကိုဘုရားရှင်များ ရကြသလိုရရှိပါစေသတည်း မဂ်တရား၊ ဖိုလ်။တရား၊နိဗ္ဗာန်တရားတို့ကို ယခုပင် ရရှိပါစေသတည်း။ အရှင်မြတ်ကြီးတို့ဘုရား။

## (အပြစ်များကို ဝန်ချကန်တော့ခဏ်း)

သံသရာလသန်းတရက်နေ့ကအစပြု၍ ယနေ့တိုင်အောင် ဘုရားရှင်အနန္တ၊တရားတော်အနန္တ၊သံဃာတော်အနန္တ၊ အရိယာအနန္တ၊ပစ္စေကဗုဒ္ဓါအနန္တ၊ ဓါတ်တော် မွေတော် စေတီတော် ပုထိုးတော်အနန္တ၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် သိက္ခာပုဒ်တော်အသခေ်ျအနန္တအားလုံးတို့အား၊တသံသရာလုံးတွင် အနိမ့်ကိုအမြင့်၊ အမြင့်ကိုအနိမ့်၊ ဂရုကိုလဟု၊ လဟုကိုဂရု၊ အစရှိသည်ဖြင့်တရားတော်နှင့်ဖီလာဆန့်ကျင်မိသောအပြစ်တို့သည်၊ ကမ္ဘာ့ကမ္ဘာ၊ ဘဝ-ဘဝါ၊ ဖြစ်တိုင်း-ဖြစ်တိုင်းအဖြစ်မျိုးတို့၌အကယ်၍ ရှိခဲ့ငြားအံ့ ထိုအပြစ်တို့မှ ပ ပျောက်အောင် တဆဲ့၃-ဌာနကြီး အားလုံးတို့အား ကန်

တော့ပါ၏။ ဝန်ချပါ၏။ ကုစားပါ၏။ ပယ်ပါ၏။ ဖျောက်ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော ကုသိုလ်ကံတို့ကြောင့် အပြစ် အနာအဆာဘေးဘယာတို့သည်၊ကုန်ခမ်း ချုပ်ငြိမ်းကင်းဝေးပပျောက်ငြိး စျာပနပြာကျစေ၍ ဘုရား အရိယာပစ္စေကာတို့လို ကျွတ်လွှတ်အောင်မြင်ပြီး မဂ် ဖိုလ် နိဗ္ဗာန်ကို ရပါစေသတည်း။ အရှင်မြတ်ကြီးတို့ဘုရား။

## (အမိန့်တော်ပြန်ရန်)

ဘုရားအားလုံးရဲ့အမိန့်၊ တရားအားလုံးရဲ့အမိန့်၊ သံဃာတော် အားလုံးရဲ့အမိန့်၊ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ အားလုံးရဲ့မိန့်တော်ကြောင့် ဘုရားမကြိုက်၊တရားမကြိုက်၊သံဃာတော်မကြိုက်၊ မဂ်မကြိုက်၊ ဖိုလ်မကြိုက်၊ နိဗ္ဗာန်မကြိုက်တာအားလုံးကုန်ခန်း၍ဘုရားအကြိုက်၊ တရားအကြိုက်၊ သံဃာအကြိုက် မဂ်အကြိုက်၊ ဖိုလ်အကြိုက် နိဗ္ဗာန်အကြိုက်တို့ကိုအားလုံး သိမ်းပိုက်ငြိးသျှင်အောင်မြင် ကျွတ်လွှတ်ပါစေသတည်း၊ အရှင်မြတ်ကြီးတို့ဘုရား။

# ဇာရိယာပထ ၉-ဌာနနှင့်ရှုပွါးနိုင်ပုံ

ဝိပဿနာကိုအားထုတ်ရာ၌ အတွေ့အသိကိုသတိမလွှတ်ကြပါစေနှင့် အတွေ့နှင့်သတိ တွဲတွဲနေပါစေ။

(၁) ပက်လက်အိပ်ရင်းလဲအားထုတ်ပါ။ (၂) အလျားမှောက်ရင်းလဲအားထုတ်ပါ။ (၃) ဘယ်ဘက်သို့ စောင်းရင်းလဲအားထုတ်ပါ။ (၄) ညာဘက်သို့စောင်းရင်းလဲအားထုတ်ပါ။ (၅) ခြေဆင်းထိုင်မှ၍လဲ အားထုတ်ပါ။ (၆) ကုလားထိုင်ပေါ်မှာ ထိုင်ရင်းလဲ အားထုတ်ပါ။ (၇) စင်္ကြံသွားရင်းလဲအားထုတ်ပါ။ (၈) နံရံမှီပြီးရပ်ရင်းလဲအားထုတ်ပါ။ (၉) တင်ပလ္လင်ခွေရင်း [ယောကျ်ားတို့]မိန်းမထိုင် ထိုင်ရင်း [အမျိုးသမီးတို့] ဤလိုလဲအားထုတ်ပါ။ တွေ့တာကို သတိမလင်ရင်ပြီးတာပါဘဲ။ နေထိုင်တဲ့ ဣရိယာပုထ်ကို ဂရုမစိုက်ပါနှင့် ဂရုစိုက်ရမှာက [ငှေ့သတိ၊ ပူသတိ၊ ယားသတိ] စသည်ဖြင့် ပေါ်တိုင်း ပေါ်တိုင်း သတိထားဖို့သာ လိုရင်းပါ။ ကျောက်နှဲ့ သံခပ်တော့ မီးပွင့်တာလို ရှေ့ပ်နှင့်သတိနာမ်ခက်တော့ ဉာဏ်မီး (ဝါ) မဂ်မီးတောက်၍ အကုသိုလ်ကိလေသာကိုလောင်ကျွမ်းပြာကျ၍ လွတ်မြောက်ပါလိမ့်မည်။ ၂၄-သခင်၌ ကုဋေ-၆၀ ဗိုလ်ခြေတသိန်းစီတို့ ဤနည်း ဤပုံ အတိုင်း ကျင့်၍သွားကြပါသည်။

## ဆရာမပြဘဲ ခန္ဓာကတရားပြသွားပုံ

### (ပထမလုပ်ငန်း)

စိတ်ဟာ သမာဓိရအောင် ခေါင်း၌ဒင်္ဂါးတကွက်စာမျှ တနေရာ၌ သဘိထား၍ လှုပ်ရင်သိမယ်၊ ပူရင်သိမယ်၊လျှော် သိမယ်ဟုစိတ်ကိုထားရမည်။ စိတ်ကိုတခြားသို့ ရောက်သွား ပြန်လျှင်ပြန်၍ခေါင်းမှာထားပါ၊ အာစာရအရိယာ လက် မှတ်ရပါပြီ။

### (ဒုတိယလုပ်ငန်း)

သမာဓိရ၍ ခန္ဓာကိုယ်တနေရာက ပူပေါ်သိနေ၊ပေါ် သိနေ ဓါတ်အပေါ် ပျောက်သွားလျှင် စိတ်ကိုခေါင်း၌ပြန် ၍ထား ဓါတ်ပေါ်လျှင်ပေါ်ရာ၌ရှု၊ ပျောက်လျှင် ခေါင်း၌ စိတ်ထားပါ။ ဒဿနအရိယာ လက်မှတ်ရ၏နေပါပြီ။

### (တတိယလုပ်ငန်း)

ဥပမာ ပူ၍ပေါ်သဖြင့် သိနေတုန်း တနေရာက ပေါ်၏ လိုက်၍သိပါ။ ဘနေရာက ရှုပေါ်ပြန်၏ လိုက်၍သိပါ။ ဤသို့ နှင့်သူ့ဟာသူ ဘဆင့်တက်၍ဘက်၍ပြ၏။ တရားကခေါ်၍ပြ ၏။ ဟေဝိပဿိကောပင်တည်း။ မှန်၌အရိပ်လာ၍ ထင်သလို ပါရမီအရိပ်ထင်လာ၏။

### (စတုတ္ထလုပ်ငန်း)

တကိုယ်လုံး၌ ဟိုကပေါ် ဒီကပေါ်နှင့် အမျိုးမျိုးအထွေ ထွေပေါ်၍ နေခြင်းကို တရားကပင်ပြ၍နေပေ၏၊ ၎င်းအထဲ တွင်စိတ်က အကြေနပ်ဆုံး၊ အကြီးကဲဆုံး အဓိပတိပစ္စည်း

အနေနှင့် ပေါ်တဲ့ခေါင်းဆောင် ဓါတ်ပေါ်မှု တခုကိုသာ ရှုပါဟုတရားကပင် ပြလာ၏။ ဘုန်းကံအလျောက် စကြာ ရောက်လာ၏၊ အလောင်းမှန်လို့ ရထားဆိုက်လာ၏။ အမိပ တိတခုကိုသာ ရှုလေ။ ဓါတ်တခု၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွင် တခုဘဲရှုပါ။

(ပဥ္စမတန်းလုပ်ငန်း)

ဓါတ်ပေါ်မှု၌ ကြမ်းကြမ်းပေါ်ရာမှနုနုပေါ်လာ၏၊ ထ မင်းစားသလို ဝခါနီးလာသဖြင့် နှေးကန်၍လာ၏။ တခါ တခါဓါတ်ပေါ်မှု ပျောက်သွားတတ်၏။ အဲဒါကိုတချို့က သမာဓိလျော့သွားလို့ဘဲ အကုသိုလ်လို့ဘဲ၊တရားပျောက်ရ သည်ဟုထင်တတ်ကြသည်၊ ထင်တိုင်းမဟုတ်ပါ။ ရုပ်အတွက် လုံလောက်၍ နာမ်ပေါ်ဘက်သို့ကူးတော့မည်ဟု တရားက နိမိတ်ပြဒါပါဘဲ။ ထိုအခါကမ္မဋ္ဌာန်းစာအုပ်များကိုများစွာ ဘတ်၍ အသိဉာဏ်ဖြည့် စွက်ပေးပါကုန် (ပိုလျှင်လျော့တဲ့ လျော့လျှင်ဖြည့်တဲ့)ငင်းအတိုင်းရုပ်တရား၊နာမ်တရား၊ဉာဏ် စဉ်တရားများကို ကြားဖြည့်ပါ၊ အားထုတ်လျှင်မပေါ်ဘဲ အားမထုတ်မှပေါ်နေတတ်၏။ရုပ်အပေါ်မှ နာမ်အပေါ်သို့ ပြောင်းတော့မည်ဟု တရားကပင် နိမိတ်ပြ၍နေပေ၏။

(ဆဋ္ဌမလုပ်ငန်း)

တကိုယ်လုံးမှာ တဖြန်းဖြန်းနှင့်ဓါတ်ပေါ်တတ်၏။သူတ ပါးက ရုပ်နာမ်အကြောင်း ပြောပြလျှင် ဓါတ်ကူး၍ပေါ် တတ်၏၊ငင်းဖြန်းဖြန်းစသည်တို့၏ မမြဲပုံအနိစ္စ၊သေပျက်ဒုက္ခ

သူ့သဘောသူဖြစ် အနတ္တတို့ကိုရိပ်မိလာတတ်တော့၏။အလိုလိုငြိမ်းငွေ့၍နေတော့၏။ အားကျစရာမြင်လျှင် အားမကျဘဲအပြစ်မြင်၍တော့၏။ သူတပါးကို သနား၍ လာတတ်၏။ ပြောချင် ဟောချင်ရှိ၏။ လိင်္ဂအရိယာပင်တည်း။

(သတ္တမတန်းလုပ်ငန်း)

ဓါတ်ပေါ်စဉ် လန့်သလိုနှင့် တွန်းထိုးဖြစ်သော အနုသသကို မဂ်ဗီဇကထိသဖြင့်မြေကြီးကိုထိတော့ တွန့်သကဲ့သို့ ဝီထိယတိ၊တွန့်၏။စူဋ္ဌသောတာပန်လက်မှတ်ရပြီ၊တဖန် ခန္ဓာထဲမှ ရွရွ,မွမွတွေ့နေတော့၏၊ စိတ်ထဲမျက်စိထဲမှာတော့ ဝို ဝိုး,ဝင်းဝင်း တွေ့တတ်၏။ ရွရွ,မွမွမဂ်မှန်တည်း၊ ပရမတ်တည်း၊ မဂ်တရားတည်း ဝို ဝိုး, ဝင်းဝင်း စသည်ကား မဂ်မှားတည်း၊ ပညတ်တည်း၊ အမဂ္ဂတည်းဟု သူ့အဆင့်မှီ့သူ့တရားကပြနေ၏။ မဇ္ဈိမသောတာပန်ဖြစ်ပြန်ပြီ။ တဖန်၊ ၁-ရက်၊ ၂-ရက်အတွင်းဘွင် စိတ်အာရုံတမျိုးစီ ခြားနားလျက် တကိုယ်လုံးဖြစ်ပျက်တွေ သိသိသာသာကြီး ဖြစ်ပြီးမှ ငြိုးကနဲ ချုပ်ပျောက်ရပ်စဲသွားတတ်၏။ဖြစ်ပျက်က သင်္ခါရတည်း။ သိသိနေတာက ဝိပဿနာတည်း ချုပ်ပျောက် ရပ်စဲသွားတာက နိရောဓသစ္စာနိဗ္ဗာန်တည်း။ သိတာက မဂ်တရားတည်း။မဟာသောတာပန် ဖြစ်ရပြန်ပြီ။ကျွန်ုပ် ၇-ဆင့်လုံးကား စာကပြောတာလဲမဟုတ်၊ ဆရာက ပြောပြောတာလဲမဟုတ် ခန္ဓာကတရားပြသနေတာမို့ တရားတော်၏ဂုဏ်တော်ခြောက်ပါး၌ ခန္ဓာ ဌာပနာပြီးဖြစ်ပါသည်။

## ကနဦးအစ၊ ဝိပဿနာကိုဘယ်ပုံ အားထုတ်ရပါသနည်း

မိမိ၏ငယ်ထိပ်၌ဖြစ်စေ၊ ရင်ချိုင့်၌ဖြစ်စေ၊နှာသီးဝ၌ဖြစ်စေ၊မိမိသမာဓိရနိုင်သော နေရာတခု၌စိတ်ကိုထားပါ၊သတိဖြင့်ထိမ်းထားပါ။ရှင်းနေရာကပင်ဖြစ်စေ၊တနေရာရာကဗင်ဖြစ်စေ၊ဧ့ပေါ်ရင်သိမယ်၊ပူ့ပေါ်ရင်သိမယ်ဟု စိတ်ကိုဖမ်းထားပါလေ။ပဌမ၌စိတ်ဟာ ဟိုသွား၊ ဒီသွားနှင့်ပြေးပြေးနေဦးမည်။ သတိဖြင့်စိတ်ကို ထိမ်းပါများလာတော့၊(ဝါ) ကျင့်သားရရလာတော့၊(ဝါ) ပရိစယ ပွါးများလာတော့၊ သမာဓိရ၍စိတ်ဟာ မပြေးတော့ပါ၊ ထိုအခါမှာ ခေါင်းထဲက၊ကိုယ်ထဲက၊ရင်ထဲက၊လက်ထဲက၊ခေါင်းထဲက၊ခြေထောက်ထဲက၊ (ပူပူ၊ ဧဧ၊ ရွရွ၊ မွမွ ပွပွ ကြွကြွ လှုပ်လှုပ်၊ရိုးတိုးရွတ၊ ရှိန်းရှိန်း၊သုတ်သုတ်၊ တဖြုတ်ဖြုတ်နှင့် အမျိုးမျိုးပေါ်လာတတ်ပါသည်) ရင်းသဘောတရား တွေဟာ(အထယ်မရှိလို့ ဒြပ်မရှိလို့၊ပုံစံမရှိလို့၊သဏ္ဌာန်မရှိလို့၊ ပရမတ်လဲခေါ်ရ ဓါတ်လဲခေါ်ရ၊ သဘာဝလဲခေါ်ရ၊အနတ္တလဲခေါ်ရ၊သုညလဲခေါ်ရ၊ အဘိဓမ္မာလဲခေါ်ရသည်)ရင်း သဘောတရားတွေဟာ (ပရမတ္ထ၊ခမ္မာ သဏ္ဌာနရဟိတာ) ပါဠိအရသုတ္တနိပါတ်အဋ္ဌကထာ၌ပြသော ကြောင့်ပရမတ္ထတရားချည်းပါဘဲ။ အထယ်မရှိဘဲ၊ ဒြပ်မရှိဘဲ၊ပုံစံမရှိဘဲ၊ သဏ္ဌာန်မရှိဘဲ သဘောမျှသာဖြစ်သောကြောင့်ပရမတ္ထတွေပါ။(ဝါ)ပရမတ်တွေပါ။ရင်းသဘောတရားတွေဟာ ဖြစ်ပျက်၊ ဖြစ်ပျက်နှင့် သူ့သဘော

တိုင်းနေပါသောကြောင့် (ရုပ္ပတီတိရုပ်) အရ ရုပ်တရား ၆ တွေ့ပါဘဲ၊ ချော်ဖေါက်ပြန်ရှိနေတာပါဘဲ။ [ဓမ္မောဟိသဘာဝေါ။] ဇာတ်အဋ္ဌကထာအရ၊ တရားဆိုတာ သဘောသက်သက်မျှ ကလေးပါဘဲတဲ့။ (ဓမ္မာနိသတ္တာ၊ နိဇ္ဇီဝသဘာဝါ) အဋ္ဌသာလိနီအဋ္ဌကထာအရ ပူဇေသော သဘောတရားတွေဟာ (နိသတ္တာ) သတ္တဝါဆိုတာမပါ သဘောမျှသာတည်း။ (နိဇ္ဇီဝါ) အသက်လိပ်ပြာမပါ သဘောမျှသာတည်း။ အဲဒါပါဠိအစုံနှင့် ညှိ၍ပြသော ခန္ဓာထဲမှခါတ်ပေါ်လာပုံတည်း။

## ဝိပဿနာအားထုတ်လျှင်(၃၂)မျိုးပေါ်မည် မလွဲပါ

(ပထဝီဓါတ်ပေါ်၍လာသောအခါ) (၁) ရှရှ။ (၂) မွမွ။ (၃) တောင့်ကောင့်၊ (၄) တင်းတင်း။ (၅) ထိုင်းထိုင်း။ (၆) မှိုင်းမှိုင်း၊ (၇) အုံတုံတုံ။ (၈) ခေါင်းကြီး ကိုယ်ကြီး။ (၉) လေးလေးလံလံ။ (၁၀) ကြပ်တပ်တပ်။ (၁၁) ထုံထုံ။ (၁၂) ကျင်ကျင်၊ (၁၃) စစ်စစ်ဟူ၍ ၁၃-မျိုးပေါ်လာတတ်ပါသည်။ သဘောချည်းပေါ်တာမို့ ပရမတ်ပါဘဲ။

(အာပေါဓါတ်ပေါ်၍ လာသောအခါ) (၁) စီးထမ်းစီးထမ်း။ (၂) ချွေးယိုသကဲ့သို့ ပေါ်လာတတ်ပါသည်။ သဘောမို့ ပရမတ်ချည်းပါဘဲ။

(တေဇောဓါတ်ပေါ်၍လာသောအခါ) (၁) ပူပူ။ (၂) ဧဧ။ (၃) နွေးနွေး၊ (၄) ရှိန်ရှိန်။ (၅) အခိုးထွက်။ (၆) အပူထုတ်သလိုပေါ်လာတတ်ပါသည်။

(ဝါယောဓါတ်ပေါ၍ လာသောအခါ) (၁) ရှေးသို့ ညွတ်၍လှုပ်ခြင်း။ (၂) လက်ဝဲလက်ျာညွတ်၍လှုပ်ခြင်း။ (၃) ထက်ဝန်းကျင်ညွတ်၍လှုပ်ခြင်း။ (၄) နောက်သို့ညွတ်၍လှုပ် ခြင်း၊ တွန်းသကဲ့သို့လှုပ်ခြင်း။ (၅ အသားလှုပ်သကဲ့သို့ ရှိုးရှိုး လှုပ်ခြင်း။ (၆) ကြောက်သွေးတုံသကဲ့သို့လှုပ်ခြင်း။ (၇) ယိမ်း ယိုင်လှုပ်ခြင်း။ (၈) မြေလျှင်ကဲ့သို့လှုပ်ခြင်း။ (၉) ခုန်၍လှုပ် ခြင်း။ (၁၀) ရင်ထဲက တလှုပ်လှုပ်လှုပ်ခြင်း။ (၁၁) ရင်ထဲက တဒိတ်ဒိတ်လှုပ်ခြင်း။ ရင်း ၁၂-မျိုးဟာ သဘောသက်သက် မို့ ပရမတ္ထခေါ်နေတာပါ။

## ရုပ်တဆဲ့လေးချက် ဓမ္မစက်နှင့်ပေါ်ခြင်း

၁။ ဌာနနှင့် ပေါ်တာကား ခေါင်းမှ၊ ရင်မှ၊ ကြောမှ၊ ပူဒေါ၊ ရှ မှ ပေါ်ခြင်းပါဘဲ။ (၂) သဘာဝနှင့် ပေါ်တာကား ပူသဘာဝ ဧသဘာဝ၊ ရှသဘာဝစသည်နှင့်ပေါ်တာမျိုးတွေ ပါဘဲ။ (၃) ပမာဏနှင့်ပေါ်တာကား ဒင်္ဂါးကွက်လောက်၊ သံပုရာသီးလောက်၊ လိမ္မော်သီး လောက်၊ ကျွဲကောသီး လောက်စသည်ဖြင့်ပေါ်တာတွေပါဘဲ။ (၄) ကာလ ပန့်ပေါ် တာဟာတရှိန်းရှိန်း၊ တဖြန်းဖြန်း၊ တသုတ်သုတ်၊ ရှိုးတိုးရှိတာ ဖြင်းဖြင်းစသည်ဖြင့် ပေါ်တာတွေပါဘဲ။ (၅) ပဟာနနှင့် ပေါ်တာကားပူစေသည့်ဥငါမပေါ်၊ သူမပေါ်၊ လူမပေါ်၊ နတ်မပေါ် စသည်ဖြင့် ပညတ်ကို ဒိဋ္ဌိကိုပယ်၍ ခေါ်တာမျိုးတွေပါဘဲ။ (၆) ဉာဏနှင့် ပေါ်တာကား ပျက်ပျက်ပေါ် အနိစ္စဉာဏ်၊ ပျက်ပျက်သေဒုက္ခဉာဏ်၊ ပျက်ပျက်နေတာ တားမရ၊ ဆီးမရ

အနုတ္တညာဏ်နှင့်ပေါ်တာ။ဝ ညာဏ်စဉ် ၁၆-ပါးထဲကတပါး ပါးနှင့် ပေါ်တာပါဘဲ။ (၇) အာနုဘာဝနဲ့ပေါ်တာကား ခါဘ်ပေါ် သဖြင့် စိတ်ပြောင်း၊ သဘောပြောင်း၊ မနော ပြောင်း၊ အပျင်းမလာ၊ ထိနမိဒ္ဓမပါ၊ သဒ္ဓါပို၊ စေတနာပို၊ ပညာပို၊ အသိအလိမ္မာပိုမိုရ၍ လာတော့သည်။ ရှေးကလို ဝတ်ချင်စိတ်၊ စားချင်စိတ်၊ ကြွားချင်စိတ်တွေ နည်းနည်း လာတော့သည်။ (၈) အပေါ်ရေက ပေါ်တာ ရွရွနှင့်ပရွက် ဆိပ်များ တက်သကဲ့သို့ပေါ်သည်။ (၉)အတွင်းရေကပေါ် တာ ဝဲယားသလို၊ နှင်းခူသွားသလို ပွေးယားသလို၊ ပေါ် တာ။ (၁၀) အသားထဲကပေါ်တာ အပ်နဲ့ထိုးသလို၊ ဒါးရှ သလို၊ လှန်ထိုးသလို နာ၏ ကျင်၏၊ စူးရှ၏။ (၁၁) အကြော ထဲကပေါ်တာ ညောင်း၊ ညာကိုက်ခဲ၊ တောင့်တင်း ပေါ် တာပါ။ (၁၂) အရိုးထဲကပေါ်တာ ဂျွဘ်ကနဲနှင့်ပေါ်တာ (၁၃) ရိုးတွင်းချင်ဆီကပေါ်တာအသဲထဲကစိမ့်သလို၊ အသဲ ထဲကယားသလိုပေါ်တာ။ (၁၄) နိရောဓနှင့်ပေါ်တာကား ပူပြီးချုပ်၊ ပေါ် ပြီးချုပ်၊ လှုပ်ပေါ်စသည်ဖြင့် ဖြစ်ပျက် ပျောက်ခြင်း၊ ချုပ်ခြင်း၊နဲနဲသွားခြင်း သိမ်မွေ့ခြင်းပါဘဲ။

## တဆဲ့လေးချက် နာမ်ဓမ္မစက်နှင့်ပေါ်ပုံ

သင်္ဂြိုဟ်ကျမ်း သမုစ္စည်းပိုင်း ဗောဓိပက္ခိယ သင်္ဂဟ၌ (ဆန္ဒောစိတ္တမုပေက္ခာ၊ သဒ္ဓါပဿဒ္ဓိ၊ပီတိယော၊ သမ္မာဒိဋ္ဌိ သင်္ကပ္ပေါ၊ဝါယာမော၀ီရိယကို၊သမ္မာသတိ၊ သမ္မာဓိတိ၊ စဋ္ဌု

သေခတသဘာဝေတော၊သတ္တတိံသမ္ဗောဓေနေ၊သတ္တဓါတတ္တ သင်္ဂဟော) သင်္ဂဟပါဠိ၊ သမုစ္စယ နံပါတ်-၆၄။ ကြောင်းရေ-၁၈။ ထိုရုပ်တဆဲ့လေးချက် မှမှစက်မှာ။ (ဆန္ဒ၊ စိတ်၊ ဥပေက္ခာ၊သဒ္ဓါ၊ပဿဒ္ဓိ၊ ပီတိ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ဝီရိယ သမ္မာဝါစာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာသမာဓိ) ၁၄-ပါး။ အဲဒါဟာ နာမ်ဘက်က တဆဲ့လေးချက်ခမ္မစက်နှင့် ခန္ဓာကိုယ်ထဲက ပေါ်နေပုံပါဘဲ။ သင်္ဂြိုဟ်ထဲမှပြနေတယ်၊ ဆရာကပြမှနည်းနာရမည်။

## တရားဂုဏ်တော် ၆-ပါးနှင့်ပေါ်ပုံ

(၁) စာယဲကပူတာ တောဟာတေဇောဓါတ်ဟုဆို၏ အားထုတ်တော့။တေဇောဓါတ် ပူပေင်ပေါ်သည်။အရေရာ ဤနည်း။စာတွေ့၊ ငါတွေ့ပေါ်တာမို့ သက္ခာတောနဲ့ပေါ် ခြင်းပါဘဲ။(၂)သန္ဒိဋ္ဌိကောပေါ်တာမှာ စားသိမက၊သညာ သိမက၊မြင်သိမက၊ကြံစီသိမက၊တွေးတောသိမက၊ စိတ်ကူး သိမက၊စဉ်းစားသိမကတော့ဘဲ ဒိဋ္ဌကိုယ်တွေ့သဘောနှင့်ပူ၊ ဧ၊ရှမှ၊ထင်ထင်ရှားရှား ပေါ်တာမျိုးပါဘဲ။(၃) အကာလိကော ပေါ်တာမှ ယခုအားထုတ်ယခုပေါ်သည်။ အားထုတ်တိုင်း ပေါ်တာမို့ အချိန်မရွေး ပေါ်တာပါ။ (၄) ဧဟိပဿိကော၊ ပေါ်တာကား မေးမနေနှင့် တွေ့ချင်လျှင် အားထုတ်ကြည့်ပါ၊လာကြည့်ပါ၊ရှုကြည့်ပါ စမ်းကြည့်ပါ ဟုသက်သေပြနိုင်တယ်ဟူလို။(၅)ဩပနေယျိကော၊ ကပ်၍ ဆောင်တယ်ဆိုတါ ယခုပေါ် ယခုပင် ဒိဋ္ဌိကွာ၊ဝိစိကိစ္ဆာကွာ၊

အဝိဇ္ဇာကြော၊ စိတ်ပြောင်း သဘောပြောင်း၊မနောပြောင်း၊ အဝတ်ပြောင်း၊ အိမ်မက်ပြောင်း သဒ္ဒါစေတနာ ပြောင်းခြင်းစသည်တည်း။ (၆)ပစ္စတ္တံ ဝေဒိတဗ္ဗော ပေါ်တာကား မိမိအားထုတ်လျှင် မိမိသာသိရသည်။ တပါးသူကား မယုံကြည်ပါ၊ မသိနိုင်ပါ။ ဥပမာ မိမိအိမ်မက်မြင်တာ မိမိပင်သိ၏။ ပြောပြလဲ သူ့မှာမှန်းရုံသာတည်း။

## သာသနာ့အံ့ဩဘွယ် ရှစ်ပါးနဲ့ပေါ်ပုံ

(လင်္ကာ) အစဉ်နက်ဝှမ်း ကမ်းကိုမလွန် ရှုံဘွယ်ဆယ်ပြစ် တမည်ဖြစ်ခြင်း မရှင်းမတိုး၊ ဆယ်မျိုးရတနာ ရသာဆားတူ၊ကြီးသူနေရာ၊ အံ့ရှစ်ဖြာ သာသနာအံ့ဘွယ်တည်း။ (၁)အစဉ်နက်ဝှမ်း ဆိုတာ သမုဒ္ဒရာဟာ ကမ်းစက အလယ်အထိတဖြေးဖြေးနက်နက်သွားဒါလို ဝိပဿနာလဲပေါ်စက စ၍ တဖြေးဖြေးဉာဏ်စဉ်တက် မဂ်စဉ်တက်၍ပေါ်ပေါ်မြင့်မြင့် တက်တက်နေခြင်းပါဘဲ။ (၂) ကမ်းကိုမလွန် ဆိုတာ သမုဒ္ဒရာ့ရေဟာ ဘယ်မျှလောက် များပြား သော်လည်း ကမ်းကိုမလွန်သကဲ့သို့ တရားများဟာ ဝိနည်း သုတ္တန် အဘိဓမ္မာ ပိဋကတ် နိကာယ် အင်္ဂါ ဓမ္မက္ခန္ဓာ [၈၄၀၀၀]ဟု များမြောင်စွာ ဟောထားပေမဲ့[ဓါတ်]တခုကိုမလွန်ပါ၊ ပညတ်လဲ ပရမတ်ကို မလွန်နိုင်ပါ။ (၃) ရှုံဘွယ် ဆယ်ပြစ်ဆိုတာ သမုဒ္ဒရာဟာ အကောင်ပုပ် အမှိုက် ဒိုက်သရောများကို ရေလှိုင်းဖြင့် ပုတ်၍ကမ်းသို့တင်စေသည်။ ဤကဲ့သို့ပင် ပရမတ်

တရားခတ္တဟာလဲပညတ်အမှိုက်တွေကိုပုတ်၍ လွှင့်၍ပြစ်ကာ နေသည်။ (၄)တမည်ဖြစ်ခြင်းဆိုတာ မြစ်ကြီးငါးသွယ်ရေဘဲစီးစီး၊ မြစ်ငယ်ငါးရာရေဘဲစီးစီး၊ သမုဒ္ဒရာရေဟု တမည်၊ ထဲသာ ဖြစ်ရတော့သည်။ (၅) မရှင်းမတိုး သမုဒ္ဒရာမှာ မိုဃ်း မရွာလဲမလျော့ပါ မိုဃ်းရွာလဲမတိုးပါ၊ ဤကဲ့သို့ လူတွေဘဲ တိုးတိုး လူတွေဘဲလျော့လျော့ (ဓါတ်)တခုထဲမို့ မတိုးပါ လျော့ပါ၊ ဝိနည်းလဲဓါတ် သုတ္တန်လဲဓါတ် ဘယ်စာမဆို ဓါတ်မို့၊ မပိုမလျော့ပါဟူလို။ (၆) ဆယ်မျိုးရတနာဆိုတာ သမုဒ္ဒရာမှာ ရွှေငွေ ပုလဲ ကျောက်မျက်ရှဲ သန္တာ ငဇ်ရာ ပတ္တမြား၊ ဥဿဘရား၊ ဂေါမုဘ် နီလာ စသော ရတနာများ၏ ထားရာ ဘဏ်တိုက်ကြီး ပမာကဲ့သို့ ဓါတ်တလုံးဟာလဲ ရုပ်နာမ် ခန္ဓာ ဓါတ် အာယတန ပဋိစ္စသမုပ္ပါဒ်ပဋ္ဌာန်းစသော ရတနာ ဝိပဿနာ ၁၀-ပါး ရတနာ၊ ပုညကြိယာ ၁၀-ပါး ရတနာ။ သုစရိုက် ၁၀-ပါး ရတနာများ၏ တည်ရာဖြစ်၍ ပေါပါတယ်။ ဓါတ်တလုံးကိုပြောချင်တိုင်း ပြောဟောချင်တိုင်း ဟောတော့ မကုန်ပါ။ (၇) ရသာဆားတူ ဆိုတာ သမုဒ္ဒရာမှာ ငံသောအရသာ တခုထဲသာရှိတာလို ပရမတ်မှာလည်း။ ရုပ်ဘဲဖြစ်ဖြစ် နာမ်ဘဲဖြစ်ဖြစ် ခန္ဓာအာယတနဘဲဖြစ်ဖြစ် (၈၄၀၀၀) ဘဲဖြစ်ဖြစ် နိဗ္ဗာန်အရသာတခုထဲပါဘဲ။ ဝါ၊ ဓါတ်အရသာတခုထဲပါဘဲ။ (၈) ကြီးသူနေရာဆိုတာ သမုဒ္ဒရာဟာ ယူဇနာ-၅၀၀၊ ၆၀၀၊ ၇၀၀၊ ၈၀၀၊ ၉၀၀၊ ၁၀၀၀ ရှိသောတိမိငါး၊ တိဂိလငါး၊ တိမိနန္ဒငါး၊ အာနန္ဒာငါး၊

အဇ္ဈာရောဟ ငါးကြီးတို့၏ နေရာသာဖြစ်ထာလို ပရမတ္ထတရားဟာလဲ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗောဓိဆိုတဲ့ ဘုရားကြီးတို့၏ နေရာ ဖြစ်တော့၏။ ဓါတ်ပေါ်လျှင် (၈)ပါးလုံးရတော့၏။

## ပြည်သိမ်း ဥပမာဖြင့် ဓါတ်ပေါ်ပုံ

ဒင်္ဂါးမျှ နောက်သံပုရာသီးမျှ နောက်လိမ္မော်သီးမျှ များပြီး ဝိဇ္ဇာနယ်ကိုသိမ်း၍ ပေါ်သည်။ အစိုးရဟာ သူပုန်တို့ရွာကို ၂-ရွာသိမ်း၊ ၄-ရွာသိမ်းစသည်ဖြင့် ပြည်သိမ်းသကဲ့သို့တည်း။ ယခုလဲ ငယ်မှ လပ် လပ်မှ ကြီးပြီးသိမ်းပါသည်။

## တန်းတက်၍ ဓါတ်ပေါ်ပုံ

ကလေးများမှာတော့ သူငယ်တန်း၊ ပဌမတန်း စသည်ဖြင့် တန်းတက်၍သင်ကြသည်။ဤကဲ့သို့ပင် ဓါတ်ပေါ်တော့ ဧတဘန်း၊ ပူ ၂-တန်း၊ ရွ-၃ တန်း၊ မွ-၄ တန်းစသည်ဖြင့် အဝိဇ္ဇာပယ်၊ ဝိဇ္ဇာရရပြီး တန်းတက်၍လာပါသည်။

## သုခပဋိပဒါပေါ် ဒုက္ခပဋိပဒါပေါ်ပုံ

သုခပဋိပဒါပေါ်ပုံမှာစပေါ်လာကထဲက မဂ်ဖိုလ်အထိ ပင်မကြမ်း နူးနူးနဲ့ဘဲ တက်တက်သွားပါတယ်။ ဒုက္ခပဋိပဒါပေါ်ပုံမှာ ပြင်းစွာပူ၊ ပြင်းစွာလှုပ် ပြင်းစွာယား၊ ကြည့်မကောင်းအောင် ကိုးယိုးကားယားနှင့် ပေါ်နေ တတ်ပါတယ်။အချို့ကတစ္ဆေပူးတယ်စသည်ဖြင့် မှားယွင်းခံရတတ်ပါသည်။

## ရုပ်နာမ်ချုပ်ထာလိုရင်းမဟုတ်ပါ
## အကုသိုလ်ကိလေသာချုပ်ထာသာလိုရင်းပါ

ယောဂီများမှာဝေဒနာချုပ်တယ်၊ ကြမ်းခေါ်တ်များချုပ်တယ်စသည်ဖြင့် ပဓါနလိုရင်းထင်၍ အားတက်ကြသည်။ ချုပ်ချင်ကြသည်ကောင်းပါ၏။ တာပေမဲ့ လိုရင်းမဟုတ်ပေ ရုပ်နာမ်ဆိုတာဟာ ဘုရားဖြစ်ပြီးတောင်မှရှိနေသေးတာဘဲ ရှိအောင်ပင် ဆွမ်းစား၊ ရေချိုး၊ ဆေးစားသေးသည်။ လိုရင်း ပဓါနမှာ အကုသိုလ်များချုပ်ဘို့၊ ကိလေသာများချုပ်ဘို့၊ ငြိမ်းဘို့သာဘည်း။ (သေိ၊ သတိ) နှင့် ရှုပွါးနေတော့ တစက္ကန့်ရှုလျှင် အကုသိုလ်ကိလေသာပေါင်း ကုဋေတသိန်းမျှ ပုံစံကြည့်ပါ။ (၁၀၁၀၀၀၀,၀၀၀၀၀၀) ချုပ်ငြိမ်းရသည်။ ငါးမိနစ် ရှုလျှင် ကုဋေဘသိန်းပေါင်း (သုံးရာ) လောက် ချုပ်ငြိမ်းရပါဘယ်။ဆယ်မိနစ်ခေါ်တ်ကိုရှုလျှင် ကုဋေတသိန်းပေါင်း(၆၁၀)လောက် ချုပ်ငြိမ်းရပါတယ်။ (၁၅) မိနစ်ခန့်ခေါ်တ်ကိုရှုလျှင် (ကုဋေတသိန်းပေါင်းကိုးရာ)လောက် အကုသိုလ်များကိလေသာများချုပ်ငြိမ်းရပါတယ်။(တရက်လုံး ခေါ်တ်ကိုရှုလျှင်) ပကောဋိ ပေါင်း ၈၆၄-မျှ ပုံစံမှာ (၈၆၄၁၀၀၀၀၀၀၁,၀၁၀၀၀၁၀၀)လောက် အကုသိုလ်ကိလေသာများ ညှိမျှလောက် ပကောဋိပေါင်း (၈၆၄) မျှ ချုပ်ငြိမ်းရသည်။ အဲဒါလို ချုပ်ထာမျိုးမှ (နိရောဓသစ္စာ) အမှန်ဖြစ်ပါတယ်။

## အရိယာ ၄-မျိုးချုပ်ငြိမ်းပုံ

ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၂-ပါးချုပ်လျှင်မဟာသောတာပန်ရပြီတဲ့ဗျား။ကာမရာဂ၊ဗျာပါဒလျော့လျှင် သကဒါဂါမိဘဝ ရပါပြီတဲ့ဗျား။ ရာဂဒေါသချုပ်လျှင် အနာဂါမိဘဝရပြီတဲ့ဗျား။ အကုသိုလ် ကိလေသာ ချုပ်သွားလျှင် ရဟန္တာဖြစ်ပါပြီတဲ့ဗျား။[အာသဝက္ခယံ၊ဝဟံဟောတု။]ဆုတောင်းပတ္တနာတာကိုသက်သေပြုကြပါတော့။ အာသဝေါတရား ၄ ပါးချုပ်လျှင် ရဟန္တာတဲ့၊ နိဗ္ဗာန်တဲ့ဗျား။

## နတ်သက်နှင့်ငရဲသက် နှိုင်းယှဉ်ချက်

စာတုမဟာရာဇ်နတ်၊ လူနှစ်နဲ့ ၉-သန်း။ သိန်းဇီးငရဲ၌ တရက်ထဲပါ။တာဝတိံသာနတ်၊လူနှစ်နဲ့ ၃-ကုဋေ၊၆-သန်း၊ ကာလသုတ်ငရဲ၌တရက်ထဲပါ၊ ယာမာနတ်၊ လူနှစ်နဲ့ ၁၄-ကုဋေ ၄-သန်း၊ သင်္ဃာတငရဲ၌ တရက်ထဲပါ။ တုသိတာနတ်၊ လူနှစ်နဲ့ ၅၇-ကုဋေ ၆-သန်း၊ စူဠရောရုဝငရဲ၌ တရက်ထဲပါ။ နိမ္မာနရတိနတ်၊လူနှစ်နဲ့ ၂၃၀-ကုဋေ ၄-သန်း၊ မဟာရောရုဝငရဲ၌ တရက်ထဲပါ။ဝသဝတ္တီနတ်၊ လူနှစ်နဲ့ ၉၂၁-ကုဋေ ၆-သန်း၊ စူဠတာပနငရဲ၌တရက်ထဲပါ။ လူနှစ်ပေါင်း ၃၆၈၅-ကုဋေ ၄သန်းသည် မဟာတာပနငရဲ၌ တရက်ထဲပါ။ လူနှစ်ပေါင်း ၁၄၇၄၂-ကုဋေ ၆-သန်းသည် အဝီစိငရဲ၌ တရက်ထဲပါ။

## နတ်သေနှင့် လူသေခြားနားပုံ

စာတုမဟာရာဇ် တကြိမ်မှာ လူကအကြိမ် ၉ သောင်း သေရသည်။ တာဝတိံသာ တကြိမ်မှာ လူက အကြိမ် ၃-သိန်း ၆-သောင်းသေရသည်။ ယာမာနတ် တကြိမ်မှာလူက အကြိမ် ၁-သန်း ၄-သိန်း ၄-သောင်း သေရသည်။ တုသိတာနတ် တကြိမ်မှာ လူက အကြိမ် ၅ သန်း ၇-သိန်း ၆-သောင်း သေရသည်။ နိမ္မာနရတိနတ် တကြိမ်မှာ လူက အကြိမ် ၂-ကုဋေ ၃-သန်း ၄-သောင်းသေရ။ သေဝတ္တီနတ် တကြိမ်မှာ လူကအကြိမ် ၉-ကုဋေ၂-သန်း ၁ သိန်း ၆-သောင်းသေရသည်။

---

တရားအားတ်ထုပြီး

# အတိုချုပ် ဆုပေး မေတ္တာပို့

## အမျှဝေကြရန်

---

ဘုရား, တရား, သံဃာ,များကိုအမှူးထား၍ ထူးခြားစွာ ပြုလုပ်ရသော သာသနာပြု အတိတ် ပစ္စုပ္ပန်-အနာဂတ် ကံတို့ကြောင့် ဘုရားများ၏ ဆန္ဒတော်အတိုင်း သဘောတော်အတိုင်း၊မနောတော်အတိုင်း ကရုဏာမေတ္တာတော် အတိုင်း ဖြစ်ရကြ၍၊ ဘုရားရှင်အကြိုက် တရားတော်အကြိုက် သံဃာ

တော်အကြိုက် ကမ္ဘာအကြိုက်တို့ကို သိမ်းပိုက်ရရှိ ခံစားနိုင်ကြပြီးလျှင်၊ ဘုရားရှင်မကြိုက် တရားတော်မကြိုက်၊ သံဃာတော် မကြိုက် မဂ်, ဖိုလ်, နိဗ္ဗာန် မကြိုက်တာတွေနှင့် သီတာ ၇-တန်ခြား၊တောင်စဉ် ၇-ထပ်ခြား၍၊ဝေးကွာလွတ်မြောက်အောင်မြင်ကြလျက်၊ ရွှေမိုးယံ,ငွေမိုးယံရွာ၊ ရွှေအိုး, ငွေအိုးဆော၊ ရွှေတောင်,ငွေတောင်ပေါက် ရွှေပဒေသာ ငွေပဒေသာပေါက်ပြီး၊ နိဗ္ဗာန်အရောက် အတုမရှိဘဲကယ်ဆယ်၍ သာသနာပြုနိုင်ကြပါစေသတည်း။

ယနေ့ ယခု ပြုလုပ်ကြရသော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဘာဝနာကုသိုလ်ကံ အပေါင်းတို့ကို ကျေးဇူးကြီးလှကုန်သော မိခင်၊ ဘခင်၊ ဆရာရှင် တို့အား အမှူးထား၍ သုံးဆယ့်တဘုံ ကျင်လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဥဿုံအလုံးစုံတို့အား အမျှ၊ အမျှ၊အမျှ ပေးဝေငှပါကုန်၏။ အမျှရကြသည်ဖြစ်၍ ချမ်းသာကြသည်၊သာသနာပြုနိုင်ကြသည် ဖြစ်ကြပါစေကုန်သတည်း။ ။

# (အခြေခံဝိပဿနာမှုမှန်)

## ၁။ ဓါတ်တရားကို ပညတ်တရားကဖုံးထားလို့ မမြင်မတွေ့ကြရပါ

ရေကို မှော်ဖုံးထားလို့ မမြင်မတွေ့ရတာပါဘဲ၊ ဥပမာပြတာပါ။ ။လူနတ်ဗြဟ္မာ တို့၏ ခန္ဓာကိုယ် တခုလုံးဟာ ဓါတ် ၄ ပါး၏ အစုအဝေးချည်းဘဲဖြစ်ပါတယ်။ ဓါတ် ၄-ပါးရှိမနေပါလျှက်၊ ဓါတ် ၄-ပါးကို မမြင်ရတာဟာ ပညတ် ၅-ပါး၊ ၆-ပါး၊ ၉-ပါး၊ ၁၅-ပါး၊ ၃၂-ပါး၊ ၄၂-ပါး၊ ၆၆-ပါး၊ ၉၆-ပါးတို့က ဖုံးဖုံးထားလို့ မမြင်ကြရတာပါ (ပဌမ) အဲဒါကိုသဘောကြပါစေ။

## ၂။ ယခုကာလ ဝိပဿနာကျမ်းများနှင့် ဝိပဿနာရှုနေကြတာဟာ

(၁) အတ္တလဲပါ အနတ္တလဲပါ၊ ရောနေ ကြသည်။ (၂) ဗျာပါရလဲပါ အဗျာပါရလဲပါ ရောနေကြသည်။ (၃) ပညတ်လဲပါ ပရမတ်လဲပါ ရောနေကြသည်။ (၄) အမှားလဲပါ အမှန်လဲပါ ရောနေကြသည်။ (၅) ကောခမွှာလဲပါ ဗဟုကောခမွှောလဲပါ ရောနေကြသည် (၆) သမာဓိလဲပါ၊ ဥဒ္ဓစ္စလဲပါ ရောနေကြသည်။ (၇) ထင်ရှားတာလဲပါ မထင်ရှားတာလဲပါ ရောနေကြသည်။ (၈) တန်

တာလဲပါ မတန်တာလဲပါ ရောနေကြသည်။ (၉) ဆိုင်တာလဲပါ မဆိုင်တာလဲပါ ရောနေကြသည်။ (၁၀) အပြင်လဲပါ အတွင်းလဲပါ ရောနေသည်။ (၁၁) ဒေသနာလဲပါ ဘာဝနာလဲပါ ရောနေသည်။ (၁၂) ပရိယတ်လဲပါ ပဋိပတ်လဲပါ ရောနေသည်။ (၁၃) ဝိညာဉ်သိလဲပါ သညာသိလဲပါ။ (၁၄) သညာသိလဲပါ ပညာသိလဲပါ။ (၁၅) ဒိဋ္ဌိသိလဲပါ ပညာသိလဲပါ။ (၁၆) ဝိတက်သိလဲပါ ပညာသိလဲပါ (၁၇) သုတမယလဲပါ ဘာဝနာမယလဲပါ။ (၁၈) စိန္တာမယလဲပါ ဘာဝနာမယလဲပါ။ အဲဒါ ယခုပြသော (၁၈) ဌာနလိုရော ချင်တိုင်းရော၊ နှော ချင်တိုင်နှော။

ဥပမာ၊ ဆန်တွေထဲကြွက်ချေးရော၍နေတာလို၊ နှမ်းဆီထဲ ရေနံဆီတစက်မျှကျနေတာလို၊ ဆားထဲ သကြားရောနေတာလို အရောရောအနှောနှောတွေမို့။ [သောကော၊ယောကော] တွေသာဖြစ်နေကြသဖြင့် ကျမ်းဂန်အတိုင်း ဘုရားဟောနှင့် ညီညွတ်အောင် ရေးသားစီရင် တည်တွင်ဖြန့်ဖြူး၊ အမှန်ဘက်သို့ကူးရောက်စေလိမ့်မည်။

## ၃။ အမှားကိုအမှားနဲ့ပြုပြင်သော် သာ၍မမှားပါလော

(၁) ဝိညာဉ်မှားသူကို ဝိညာဉ်သိနှင့် ပြုပြင်သော်၊ ဘယ်လိုများဖြစ်မှာလဲ။

(၂) သညာမှားသူကို သညာသိနှင့်ပြုပြင်သော်....

(၃) ဒိဋ္ဌိမှားသူကို ဒိဋ္ဌိသိနှင့်ပြုပြင်သော်....
(၄) ဝိတက်မှားသူကို ဝိတက်သိနှင့်ပြုပြင်သော်....
(၅) သုတမယမှားကို သုတမယသိနှင့်ပြုပြင်သော်....
(၆) စိန္တာမယမှားကို စိန္တာမယနှင့်ပြုပြင်သော်....

## ၄။ အမှားကိုအမှန်ဖြင့်ပြုပြင်ပေးမှအမှန်ရမည်

(၁) ဝိညာဉ်မှားကိုရင်း။ (၂) သညာမှားကိုရင်း။ (၃) ဒိဋ္ဌိမှားကိုရင်း။ (၄) ဝိတက်မှားကိုရင်း။ (၅) သုတမယမှားကိုရင်း။ (၆) စိန္တာမယမှားကိုရင်း။ (၇) သင်သိမှားကိုရင်း။ (၈) မေးသိမှားကိုရင်း။ (၉) နာသိမှားကိုရင်း။ (၁၀) ဆောင်သိမှားကိုရင်း။ (၁၁) ဆင်ခြင်သိမှားကိုရင်း။ ထိုသို့ အမှားအယွင်းတွေကို [ပညာအမှန်×ဘာဝနာသိအမှန်×ပဋိပတ်သိအမှန်×ယထာဘူတ ဉာဏ်သိအမှန်၊ သမ္မာဒိဋ္ဌိဉာဏ်၊ သစ္စာဉာဏ်၊ သမ္မာဒဿနဉာဏ်ဖြင့်] ပြုပြင်ပေးမှ အစစ်အမှန်သို့ ရောက်တော့မည်တကား။

[ယခုအချက်အလက်တွေမှာ အရေးကြီးလွန်းလို့ တပိုဒ်စီ၊ တပိုဒ်စီ၊ သဘောကျမှ၊ သဘောပေါက်မှ နောက်တပိုဒ်သို့ တက်တက် စဉ်းစားဖတ်ကြပါလေ။]

## ၅။ အသိအမြင် ခြောက်ပါး

(၁) ဥပမာ ရွှေတိဂုံစေတီတော်ကြီးကို ပဲခူးမြစ်ထဲက ပင်မြင်၍နေရသည်။ ဝိညာဉ်မြင် ဝိညာဉ်သိပါဘဲ။ တာပေမဲ့

ရွှေတိဂုံစေတီရင်ပြင်ပေါ်သို့ကားမရောက်သေးပါ။ အဝေး
က လှမ်းပြီးမြင်ခြင်းသိခြင်းမျှသာတည်း။ (၂) ရွှေတိဂုံစေ
တီတော်ကြီးကို ခရမ်းမြစ်ထဲကပင် မြင်ရသည်။ သညာမြင်
သညာသိနှင့်တူ၏။ (၃) စေတီတော်ကို ရန်ကုန်မြစ်ထဲကမြင်
ရသည်။ ဒိဋ္ဌိမြင်ဒိဋ္ဌိသိနှင့်တူ၏။ (၄) စေတီတော်ကို တံတား
တူးမြောင်းကပင်မြင်ရသည်။ ဝိတက်မြင် ဝိတက်သိနှင့်တူ၏။
(၅) စေတီတော်ကို လှိုင်မြစ်ထဲကပင်မြင်ရသည်။ သုတမယ
မြင်နှင့်တူ၏။ (၆) စေတီတော်ကို ငမိုးရိပ်ချောင်းထဲ ကပင်
မြင်ရသည်။ စိန္တာမယမြင်နှင့်တူလှ၏၊ ၎င်းအမြင်များဟာ
အမှန်ကိုပင်မြင်ရငြားသော်လည်း၊ ရွှေတိဂုံစေတီတော် ရင်
ပြင်သို့ကားမရောက်သေးပါ။ ဝါ၊ ပဋိပတ်မြင်သို့ ဘာဝနာ
မယအမြင်သို့ကား မရောက်သေးပါ။ (ဘယ်အတန်းက အ
မြင်များပါသလဲဟူမူ ပရိယတ်အမြင်၊ ဒေသနာအမြင် သင်၊
မေး၊နာ ဆောင်ဆင်ခြင်အမြင်မို့ အနုဗောဓသိ၊အနုဗောဓ
အမြင် လောကီသာ တန်းရောက်ပါသေးသည်) ရွှေတိဂုံစေ
တီတော်၏ ရင်ပြင်သို့ တက်ရောက်ပြီးလှည့်လည်ကာ လက်
တွေ့ဖူးရမှသာ၊ ဇရပ်က ဘယ်မျှဘဲ၊ တန်ဆောင်းက ဘယ်လို
ဘဲ၊ ရင်ပြင်မှာခင်းထားတာကဘယ်ပုံဘဲ စသည်ဖြင့် မိမိရရ၊
စိစိငုငု၊ တိတိကြကြ၊ ပြည့်ပြည့်ဝဝကြီး သိကြ ရတော့မည်။
အဲဒါမှ ပဋိပတ်သိ၊ ဘာဝနာသိ၊ အမြင်များပါဘဲ။ ဒီအထိ
အားထုတ်၍တက်ကြဖါလေ၊ အဝေးကအမြင်နှင့်ဘဝမကုန်
ပါစေနှင့်။

## ၆။ (ရုပ္ပတိတိရုပ်ံ) ကို တိမ်တိမ်ပေယျှ၍ ပြနေကြတယ်

ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရုပံ၊ ရုပ်မည်၏ဟု ဆိုကာ ဖေါက်ပြန် တာဟာ ရုပ်ပါဘဲ၊ ဖေါက်ပြန်တာဟာ အနိစ္စပါဘဲ၊ ဖေါက်ပြန်တာဟာ ဒုက္ခပါဘဲ၊ ဖေါက်ပြန် တာဟာ အနတ္တပါဘဲ၊ ဖေါက်ပြန်သို့ (ဖြစ်ပျက်) ဥဒယဗ္ဗယတွေ့ရတာပါဟု [အသံကတော့အမှန်သားကဘဲ] အဆန်မပါတာက တသံအရာလုံးနှစ်နာဘို့ဖြုတ်ဘို့ပါ။ မြတ်စွာရာရားက ဖေါက်ပြန်တိုင်းဟု အရာရာ၌မယူစေလိုပါ။ (၁) ပညတ်ရုပ် ဖေါက်ပြန်တာကို ယူမိသော်သမ္မသာဖြစ်၍ကိစ္စမပြီးနိုင်ပါ။ (၂) ပရမတ်ရုပ် ဖေါက်ပြန်တာကိုယူမိမှ ကိစ္စပြီးမှာပါ။ အဲဒါဟာမြတ်စွာဘုရား၏အလိုကြပါး

## ၇။ ကဲဖေါက်ပြန်တာရုပ်၌ပညတ်ပရမတ် ခွဲ၍ဟောပါပြီ

[ပညတ္တိ၊ ထပေတဗ္ဗာ၊ နိဗ္ဗတ္တိတ၊ ပရမတ္ထဝသေန၊ ဝိသေသေန၊ ဝိဝိဓါဝါ၊ ပဿတိတိ၊ ဝိပဿနာ] ဋီကာကြီး အစောဝ်စောင်မှယူပြတဲ့ပါဠိပါ။

(၁) ပညတ္တိ ထပေတဗ္ဗာ ပါဠိဖြင့် ပညတ် ရုပ်များ ဖေါက်ပြန်တာကိုမရှုပါနှင့်တဲ့ ရှုလျှင်သမထပ ဘဲတဲ့။ ဘယ်ပညတ်တွေလဲ ပညတ်ငါးပါး၊ ၆-ပါး၊ ၉-ပါး၊ ၁၅၀-ပါး ၃၂-ပါး၊ ၄၂-ပါး၊ ၆၆-ပါး၊ ၉၆-ပါးသော ပညတ်ရုပ်

များနှလဲဖေါက်ပြန်သောကြောင့် ပညတ်ရုပ်များပါဘဲ။ ဒီလို ပညတ်ရုပ်များကိုဝိပဿနာအခိုက်အတန့်၌ရှောင်ကြဉ်ပါတဲ့၊ (ပညတ္တိံ ထပေတွာ) က ပြသနေပါပြီ။

(၂) နိဗ္ဗတ္တိတ၊ ပရမတ္ထဝသေန၊ ဝိသေသေန၊ ဝိဝိဓါဝါ ပဿတီတိ၊ ဝိပဿနာ ဟူသော ဒုတိယ ပါဠိအရဖြင့် ဘယ် ပညတ်မရောသော ပရမတ္ထသက်သက် ဖြစ်သော ပရမတ် ပေါက်ပြန်သော ရုပ်ကိုသာ တွေ့အောင်ရှာ၍ ဝိသေသေန ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ထူးကဲလာအောင် ရှုပါလေတဲ့။ ဝိဝိဓါဝါ၊ ပါဠိအရ ပရိညာ ၃-ပါး၊ သစ္စာ ၄-ပါး၊ ဗောဓိပက္ခိယ ၃၇-ပါး၊ ဉာဏ်စဉ် ၁၆-ပါး၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်အထိ ပြားပြားခြားခြား၊ ထွားထွား လာ အောင်ရှုကြပါတဲ့။ အဲဒါမှဝိပဿနာ အစစ်ပါဘဲတဲ့များ။

## ၈။ ရှောင်ရှားရမည့်ပညတ်လက္ခဏာများကား

(၁) အထယ်ရှိတာ။ (၂) ဒြပ်ရှိတာ။ (၃) ပုံစံရှိတာ (၄) သဏ္ဌာန်ရှိတာ။ (၅) သမူဟပညတ်များ။ (၆) ဃန ပညတ်များ။ (၇) သဏ္ဌာနပညတ်များ။(၈) သန္တတိပညတ် များ။ (၉) နာမပညတ်များ။ (၁၀) အရိပ်များ။ (၁၁) အယောင်များ။ (၁၂) ဒါးခုတ်ရ။ (၁၃) ဒုတ်ရိုက်ရ။ (၁၄) လှန်ထိုးရ။ (၁၅) မျှားပြစ်ရ။ (၁၆) လှံတိုက်ရ။ (၁၇) မီးရှို့ရ။ (၁၈) ရွှေ့ရ။ (၁၉) ယူလို့ရ။ (၂၀) ပြောင်းလို့ရ။ (၂၁) အားထားလို့ရ။ (၂၂) ပြုလုပ်ရ။

(၂၃) လူမျက်စိဖြင့် မြင်ရ။ (၂၄) နတ်မျက်စိဖြင့်မြင်ရ။ (၂၅) ပြဟ္မာမျက်စိနှင့်မြင်ရ။ ပညတ်များပါဘဲ။

## ၉။ တနည်းရှောင်ကြဉ်ရမည့်ပညတ်များမှာ

သဒ္ဒပညတ် ၆ ပါး၊ အတ္တပညတ် ၉-ပါး၊ ပုဂ္ဂလပညတ် (၁၅၀) နှင့်တကွ ပညတ် ၅-ပါး၊ ၃၂-ပါး၊ ၄၂-ပါး၊ ၆၆-ပါး၊ ၉၆-ပါးတို့ကို ဝိပဿနာ အခိုက်၌ ရှောင်ကြဉ်ပါလေ။

## ၁၀။ ပညတ်ကို လက္ခံ၍နေသော အသိအမြင် များကား

(၁) ဝိညာဉ်သိ။ (၂) သညာသိ။ (၃) ဝိတက်သိ။ (၄) ဒိဋ္ဌိသိ တို့ဟာ ပညတ်ကို လက္ခံ၍ ထားကြပါတယ်။ လက္ခံထားသောကြောင့်(၁) ဝိညာဉ်သိဟာစိတ္တဝိပ္ပလ္လာသ ၄-ပါးဖြစ်သည်။ (၂) သညာသိဟာ သညာဝိပ္ပလ္လာသဖြစ်သည်။ (၃) ဝိတက်သိဟာ ဥဒ္ဒစ္စပြန့်လွင့်သည်။ (၄) ဒိဋ္ဌိသိဟာ ဒိဋ္ဌိဝိပ္ပလ္လာသ ဖြစ်သည်။ ဝိပ္ပလ္လာသဆိုတာနှင့် ဥဒ္ဒစ္စဆိုတာ ညီအကိုပါ၊ အနှမ်းချည်းပါဘဲ၊ အရှုးကလေး တွေပါဘဲ။

## ၁၁။ ပညတ်ကိုလက်မခံသော အသိအမြင်များကား

ပညာသိ၊ ဉာဏ်သိ၊ ယထာဘူတဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်၊ သမ္မာ ဒဿနဉာဏ်၊ ဓမ္မဝ ဝတ္ထာနဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်နှင့် ဉာဏ်စဉ် ၁၆-ပါး တည်း။

## ၁၂။ ပရမတ်၏ လက္ခဏာများကား

(၁) အထယ်မရှိခြင်း။ (၂) ဒြပ်မရှိ။ (၃) ပုံစံမရှိ။ (၄) သဏ္ဍာန်မရှိ။ (၅) သမူဟ ပညတ်မရှိ။ (၆) ဃန ပညတ်မရှိ။ (၇) သဏ္ဍာနပညတ်မရှိ။ (၈) သန္တတိပညတ် မရှိ။ (၉) နာမပညတ်မရှိ။ (၁၀) အရိပ်မရှိ။ (၁၁) အ ယောင်မရှိ၊ (၁၂) ဒါးခုတ်မရ။ (၁၃) ဒုတ်ရိုက်မရ။ (၁၄) လှန်ထိုးမရ။ (၁၅) မျှားပြစ်မရ။ (၁၆) လှံတိုက်မရ (၁၇) မီးရှို့မရ။ (၁၈) ရွှေ့မရ။ (၁၉) ယူလို့မရ။ (၂၀) ပြောင်းလို့မရ။ (၂၁) အားထားမရ။ (၂၂) ပုံလုပ်မရ။ (၂၃) လူမျက်စိဖြင့်မြင်မရ။ (၂၄) နတ်မျက်စိဖြင့်မြင်မရ။ (၂၅) ဗြဟ္မာမျက်စိနှင့်မြင်မရ။ (၂၆) သဘာဝမျှ။ (၂၇) သဘောမျှ။ (၂၈) ဓါတ်အနက်မျှ။ (၂၉) ကြိယာမျှ။ (၃၀) သတ္တိအရှိန်အာနုဘော်မျှသာတည်း။

## ၁၃။ အကုသိုလ်ကိလေ သာ လာသော အသိအမြင်များကား

(၁) ဝိညာဉ်သိ စိတ္တဝိပလ္လာသ။ (၂)သညာသိ သညာ ဝိပလ္လာသ။ (၃) ဒိဋ္ဌိသိ ဒိဋ္ဌိဝိပလ္လာသ။ (၄) ဝိတက်သိ၊ ဥဒ္ဓစ္စ။ ၎င်းတို့ကြောင့် အကုသိုလ်လဲဖြစ်ကြရသည်။ ကိလေ သာလဲထကြွသောင်းကျန်းလာတော့သည်။

## ၁၄။ ကိလေသာအကုသိုလ်မလာရအဲ မဂ်, ဖိုလ်, နိဗ္ဗာန်သာ လာသော အသိများ

ပညာသိ၊ ဉာဏ်သိ၊ ယထာဘူတဉာဏ်သိ၊ သမ္မာဒိဋ္ဌိဉာဏ် သမ္မာဒဿနဉာဏ်၊ ဓမ္မဝဝတ္ထာနဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ဉာဏ်စဉ် ၁၆-ပါးတို့တည်း။

## ၁၅။ အောက်ခြေမလွတ်သော ရုပ်နာမ်

အခြေခံ ပင်ရင်း မူလ ဘူတ ပကတူပ ရုပ်နာမ်တွေကား [ရူပဘိတိရူပံ] ဖေါက်ပြန် ခြင်းဟာ ရုပ်ဘဲဟု သာမန်ယူခဲ့သော်ကား။ (၁) ပညတ်ရုပ်လဲ ဖေါက်ပြန်တာဘဲ။ (၂) ပရမတ်ရုပ်လဲဖေါက်ပြန်တာဘဲဟု အရောရော၊ အနှောနှော နှင့် (သောကော ယောကော) ဖြစ်တော့မည်တည်း။

မြတ်စွာဘုရားက ပညတ်ရုပ်များ မပါလာရအောင်ဟာဝါ၊ ပရမတ် ရုပ်သက်သက်ဖြင့်သာလျှင် ဝိပဿနာရှုပွါးတိုးတက်ရအောင်ဟာ ရဟန်းများကို စုရုံးပြီး ဟောဒီလိုမေးတော်မူတယ်။ [ကိဥ္စဘိက္ခဝေရူပံ] ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ပရမတ္ထရုပ်အစစ်သည်။ ကိဥ္စ၊ ဘယ်လိုရုပ်မျိုးပါနည်း။ (အနက်ပါ)

ချစ်သားတို့ ဖေါက်ပြန်တဲ့ ရုပ်ကိုရှုရမယ်၊ ပွါးရမယ်၊ အားထုတ်ရမယ်ဆိုတာ ဘယ်လိုဖေါက်ပြန်နေလို့ရုပ်ဟုခေါ်ပြီးရှုရမှာလဲကွဲ့ဟု၊ ပွါးရမှာလဲကွဲ့ဟု မေးတော်မူတော့။

သာဝကအားလုံးဟာ ပညတ်ရုပ်တို့ကို ဖေါက်ပြန်ခြင်းကို ဖြေမိမှာ စိုးရိမ်သဖြင့် မဖြေကြပေါ၊ စကားမပြော တုံကျော် ဘောဖြင့်သာ နေကြသည်။ ဒီအခါရေးကမ်မှမြတ်စွာဘုရားက (ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် နံပါတ် (၆၂) ဟံမူမှ) [ကိဥ္စ ဘိက္ခဝေရူပံ၊ သီတေနာပိရုပ္ပတိ၊ ဥဏှေနာပိရုပ္ပတိ] ဟု ဟော ကြားတော်မူပါသည်။ အဲဒါမှ အလွန့်အလွန် စိတ်ချရသော ပရမတ္ထရုပ်၏ဖေါကပြန်မှုအစစ်ပါဘဲ။

(အနက်ကား) ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ဖေါက်ပြန်ခြင်းရှိသော ရုပ်သည်။ ကိဥ္စ၊ အဘယ်ပါနည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ သီတေနာပိ၊ မြေသောတေဇောဓါတ်ကြောင့်လည်း။ ရုပ္ပတိ၊ ဖေါက်ပြန်သော ပရမတ္ထရုပ်ဖြစ်ရ၏။ ဥဏှေနာပိ ပူသော တေဇောဓါတ်ကြောင့်လည်း။ ရုပ္ပတိ၊ ဖေါက်ပြန်သော ပရမတ္ထရုပ်ဖြစ်ရ၏၊ ရုပ်ဖေါက်ပြန်တယ် ဆိုတာ၊ မြေသော တေဇောဓါတ်ကြောင့် ဖေါက်ပြန်သော ပရမတ္ထရုပ်ဖြစ်ရတာပါတဲ့။ ပူသော တေဇောဓါတ်ကြောင့် ဖေါက်ပြန်သော ပရမတ္ထရုပ် ဖြစ်ရတာဗါတဲ့။ ဒီအတိုင်းဆိုတော့ မြေသော သီတ တေဇောဓါတ်ကို တွေ့အောင် ပဌမ မူလ ပင်ရင်းအခြေခံနှင့် ရှာရမယ်။ မြေသော တေဇောဓါတ်ကို တွေ့မှ၊ ၎င်းကြောင့် ဖေါက်ပြန်သောရုပ်ကို ဒုတိယတွေ့မှာ ပါဘဲ။ (ဥဏှာမှာ ၎င်းနည်းပင်တည်း။) ပါဠိ တိုက်ရိုက် အဓိပ္ပါယ်ယူပြမယ်။ (၁) သီတေနာပိ၊ အကြောင်းဖြစ်သော မြေသော တေဇောဓါတ်ကိုရှာပါ။ ရှာလို့တွေ့တော့ကမှ။

(၂)ရူပတိ၊ ဖေါက်ပြန်သော ပရမတ္ထ ရုပ်ကို ရှာပါ။အဲဒါမှ ဘုရားဟောနှင့်ကိုက်ညီမှာပါ။ပရမတ္ထ ရုပ်စစ်စစ်ကိုရမှာပါ။

ဒီနေရာမှာ ဉာဏ်ကုန်ဖွင့်၍ လေးလေး နက်နက်ကြီး စဉ်းစားကြပါဦး။(သီတေနာပိရုပ္ပတိ×ဥဏှေနာပိရုပ္ပတိ။) ဟူ၍ ပရမတ္ထ၊ရုပ်ဖေါက်ပြန်မှုကို ဘုရားဟောတယ်။ ဟောတော့(ရုပ် ၂၈-ပါး။) ရှိရာငယ်။ ဘူတရုပ်မှ တပါးသော ရုပ် ၂၄-ပါးဖြင့် ဖေါက်ပြန်မှု ရုပ်တရားကို မဟောပါဘူး များ။

၁၆။ ဝိဘင်းအဋ္ဌကထာ ဆရာကြီးကလဲ ပရမတ္ထ ရုပ် ဖေါက်ပြန်မှုကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နံပါတ်(၆၂)ဟာမှုကိုပင် ကိုးကား၍သက်သေ အဖြစ်ဖြင့် ဖွင့်ပြပါတယ်။

[ခင်ဗျားတို့ ပြသနေတဲ့ ၂၄-ပါးသော ဥပါဒါရုပ် ဖေါက်ပြန်မှုကို မပြပါတကား။] ။ကိုင်း ဘယ်နှယ်ရှိစ ပါဠိတော်နဲ့လဲ မညီပါ။ အဋ္ဌကထာစကားနှင့်လဲ မကိုက် တော့ပါ။သို့ပါလျှက်[အဘယ့်ကြောင့် ပြသဝံ့ပါသနည်း မေးပါပြီ။]

## ၁၇။ ကြည့်ကြပါဦး ဋီကာအဖွင့်တွေမှာ လာပုံကို

[ရုပ္ပနံမေတ္တ၊ သီတာဒိ၊ ဝိရောဓိပစ္စယ၊သမာဂါမေ၊ဝိသဒိသုပ္ပတ္တိယော။]တဲ့၊ ဋီကာသာခကပါဘဲများ။

ပရမတ္ထရုပ် ဖေါက်ပြန်တယ်ဆိုတာဟာ သီတ ဥဏှ အစ အပူတို့ တိုက်ဆိုင်၍ရန်ဖြစ်တော့ကမှ ရှေ့ရုပ်နှင့် နောက်ရုပ်

မတူသော ဖေါက်ပြန်မှုကိုသာ ပရမတ္ထရုပ်ဟူ၍ ခေါ်ပါတယ်တဲ့ဗျား။ ၂၄-ပါးသော ရုပ် ဖေါက်ပြန်တာကို ဖယ်ရှားပါပြီ။

## ၁၈။ ကြည့်ပါဦး ဋီကာ အစားစားက ဖွင့်ပြပုံကို

[ဝိဘူတ၊ တရသော၀၊ ရှုဘုန်း။] ဋီကာအစားစားပါဦးပါဘဲ။ ပရမတ္ထရုပ် ဖေါက်ပြန်တယ် ဆိုတာဟာ အလွန့်အလွန် ထင်ရှားသော ဘူတရုပ် ၄-ပါး။ ဝါ၊ ဓါတ်ကြီး ၄-ပါးတို့၏ ဖေါက်ပြန်မှု ပါဘဲတဲ့။ ။ [သတိချပ်ဘို့မှာ စိတ် ၁၂၁-ပါးလဲ အနိစ္စ၊ ဒုက္ခ အနတ္တမို့။ ဝါ၊ ဥပါဒ် ဋ္ဌီဘင် ရှိလို့ ဖေါက်ပြန်ပါတယ်။ရုပ်ဟုမခေါ်ပါ။ စေတသိက် ၅၂-ပါး တို့ဟာလဲ အနိစ္စ ဒုက္ခ အနတ္တမို့။ဝါ၊ ဥပါဒ်ဋ္ဌီဘင် ဇာတိ ဇရာ မရဏရှိလို့ ဖေါက်ပြန်ကြပါတယ်။ ရုပ်ဟု မခေါ်ပါ။ ဥပါဒါရုပ် ၂၄-ပါးတို့ဟာလဲ အနိစ္စ ဒုက္ခ အနတ္တမို့။ ဝါ၊ ဥပါဒ်ဋ္ဌီဘင် ဇာတိ ဇရာ မရဏရှိလို့ ဖေါက်ပြန်ကြပါတယ်။ ရုပ်ဟုမခေါ်ကြပါ။ သတိပြုပါလေ။]

## ၁၉။ ဖြစ်ပျက် ၂-ပါးရှိတာဟာ ဖေါက်ပြန်တာချည်းဘဲ

စိတ် ၁၂၁-ပါး၊စေတသိက် ၅၂-ပါး၊ ဥပါဒါရုပ် ၂၄-ပါးတို့ဟာ၊ ဖြစ်ပျက် ရှိကြတာမို့ ရုပ်ဖေါက်ပြန်တယ်ဟု ခေါ်စရာရှိပါတယ်။ မခေါ်ကြပါ။ ဘူတရုပ် ၄-ပါး။ ဝါ၊

ခေတ်ကြီး ၄-ပါးကိုသာ ရုပ်ဟု ခေါ်ကြပါတယ်။ အကြောင်းကား (ဝိဘူတ၊ တရဿော၊ ရုပ္ပနံ။) တဲ့ဗျား။ ဋီကာများက ဆိုထားပုံပါဘဲ။ ခေတ်ကြီး ၄ ပါးတို့၏ဖေါက်ပြန်မှုသာလျှင် ရုပ်ပါဘဲတဲ့။ ဘာ့ကြောင့်လဲဆိုတော့ အလွန့်အလွန်ထင်ရှားသော ဖေါက်ပြန်မှုကြောင့် ပါဘဲတဲ့။

## ၂၀။ ဘုရားဟော့ပါဠိလဲကြည့်ပါဦး ဝိဘူတ တရဿဝ ပါဘဲ

ပထဝီဓါတုံခေါရာဟုလ၊ အနိစ္စတော၊ ဇာနတော၊ ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ မဟာရာဟုလောဝါဒသုတ်တော်။ အလွန်ထင်ရှားတဲ့ရုပ် ဖေါက်ပြန်မှုပါဘဲ။

၂၁။ ကထဉ္စ ဘိက္ခဝေ၊ စက္ခုမန္တော ၀၊ ပဿန္တိ၊ ဣဓ ဘိက္ခဝေ၊ ဘိက္ခု၊ ဘူတံ ဘူတတော၊ ပဿတိ၊ ဘူတံဘူတတော၊ ဒိသွာ၊ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ပဋိပန္နော ဟောတိ၊ ဧဝံခေါ ဘိက္ခဝေ၊ စက္ခုမန္တော၀၊ ပဿန္တိ။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကြီး။ ခေတ်ကြီး ၄-ပါးတို့၏ ဖေါက်ပြန်မှုကိုပင် ပရမတ္ထရုပ်ဟု ဘုရားဟောပါတယ်။

## ၂၂။ လာပြန်ပြီဘုရားဟောတပုဒ်

ဣဓဘိက္ခဝေ၊ ဘိက္ခု ဘူတံဘူတတော၊ ပဿတိ၊ ဘူတံ၊ ဘူတတော၊ ဒိသွာ၊ ဘူတဿ၊ နိဗ္ဗိဒါယ၊ ဝိရာဂါယ၊ နိရောဓါယ၊ ပဋိပန္နောဟောတိ၊ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်ကြီး

ပါဘဲ။ ဤ၌လည်း ဓါတ်ကြီး ၄-ပါးတို့၏ ဖေါက်ပြန်မှုကို သာလျှင် ပရမတ္ထရုပ်ဖေါက်ပြန်မှုဟုခေါ်ပြန်ပါတယ်။

## ၂၃။ လာပြန်ပြီဘုရားဟောတပုဒ်

ယောဘူတံ၊ ဘူတတောဒိသွာ၊ ဘူတဿစ၊ အတိက္ကမံ၊ ယထာဘူတေ၊ အဓိမုစ္စတိ၊ ဘဝတဏှာပရိက္ခယာ၊ နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်ကြီးပါဘဲ။ ဤ၌လည်း ဓါတ်ကြီး ၄-ပါးတို့၏ဖေါက်ပြန်မှုကိုဘဲ ပရမတ္ထရုပ် ဖေါက်ပြန်မှုဟုခေါ် နေပါပြီ။

## ၂၄။ လာပြန်ပြီဘုရားဟော

ကိဉ္စဘိက္ခဝေရူပံ၊ သီတေနာပိရုပ္ပတိ၊ ဥဏှေနာပိရုပ္ပတိ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ နံပါတ် (၆၂) ဟံမူမှ၊ ဤ၌လည်း ဓါတ်ကြီး ၄-ပါးတို့၏ ဖေါက်ပြန်မှုကို ပရမတ္ထရုပ် ဖေါက် ပြန်မှုဟုခေါ်ပါတယ်။

## ၂၅။ လာပြန်ပြီဝိသုဒ္ဓိမဂ်အဋ္ဌကထာ

(ဥတုစ၊ စတုဇခေါဘယာ၊ ဥဒယ၊ ဝယ၊ ပစ္စယော) တဲ့ ဗျား။ ပူဆိုတဲ့ ဥတုဟာ၊ ဝါ၊ တေဇော ဓါတ်ဟာ။ ကံ ကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် ဖြစ်သော ဓါတ်ကရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဖေါက်ပြန် ခြင်း၏ အကြောင်းရင်းကြီး ပါဘဲတဲ့ဗျား။ ဤပါဠိအရလဲ ဓါတ်ကြီး ၄-ပါးဖေါက်ပြန်မှုကိုပရမတ္ထရုပ်ဖေါက်ပြန်တာ ဟုဆိုသည်။ ယခုကိုးကားရှိပြသော ပါဠိတော်၊ အဋ္ဌကထာ

ဋီကာသာမကများ(၉) ပုဒ်ကိုထောက်၍ ဓါတ်ကြီး ၄-ပါး ရုပ်ဖေါက်ပြန်မှုကို ပရမတ္ထရုပ်ဟု ခေါ်ပါသည်ဆိုတာ ငြင်းပြီးမနေကြပါနှင့်တော့ ဘုရား၏ရန်သူသာဖြစ်မည်။

## ၂၆။ မေးပါပြီသေသေချာချာ စဉ်းစား ကြည့်ပါဘဲ

စိတ် ၁၂၁-ပါးမှာရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှုရမှာလား။
စေတသိက်၅၂ပါးရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှုရမှာလား။
ဥပါဒါရုပ် ၂၄ မှာရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှုရမှာလား။
ဓါတ်ကြီး ၄ ပါးမှာရှိတဲ့အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှုရမှာလား

ဒေသနာနည်းနဲ့မဖြေကြပါနှင့် ဘာဝနာနည်း၊ ပဋိပတ်နည်းနဲ့သာဖြေကြပါ။ ဘယ်အနိစ္စ၊ ဘယ်ဒုက္ခ၊ ဘယ်အနတ္တနဲ့ ဒြဗ္ဗိ၊ ဝိဝိ၊ အဝိဇ္ဇာကွာမှာလဲ။ မဂ်ဝိဇ္ဇာ ၄-ပါး၊ ဖိုလ်ဝိဇ္ဇာ ၄-ပါးကိုရမှာလဲဟုမေးပါပြီ၊ ဖြေကြပါ။

## ထိုအမေးကိုမြတ်စွာဘုရားကဖြေပုံလဲ ကြည့်ကြပါလေ

ပထဝီဓါတ်ုခေါ်ရာဟုလ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော။

အာပေါ ဓါတုံခေါ်ရာဟုလ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော။

တေဇော ဓါတုံခေါ်ရာဟုလ၊ အနိစ္စတော၊ ဒုက္ခတော၊

ဝါယော ဓါတုံခေါ်ရာဟုလ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော။

ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ (ပါဠိတော်) ၄-ပုဒ်ပင်ကြည့်ပါလေ။ ဤပါဠိ ၄-ပုဒ်က ပထဝီမှာ၊ အာပေါမှာ၊ တေဇောမှာ၊ ဝါယောမှာ ကပ်ကပ်ပါလတဲ့ အနိစ္စ ဒုက္ခ၊ အနတ္တတို့ကို ဇာနတော၊ ကိုယ်တွေ့ရှုမှ ပဿတော၊ ဉာဏ်ဖြင့်မြင်ပါမှ သက္ကာယဒိဋ္ဌိကွာမယ်၊ ဝိစိကိစ္ဆာကွာမယ်၊ အဝိဇ္ဇာလဲကွာမယ်၊ မဂ်ဝိဇ္ဇာ ၄-ပါးလဲရမယ်၊ ဖိုလ်ဝိဇ္ဇာ ၄-ပါးလဲရမယ်ဟု တိုက်ရိုက်ပင်ကမ္မဋ္ဌာန်းနည်းကို ပေးနေတာ အသိသားနဲ့ဗျား။ စိတ် ၁၂၁-ပါးတို့၏ စေတသိက် ၅၂-ပါးတို့၏ ဥပါဒါရုပ် ၂၄-ပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှာပြီး ဒိဋ္ဌိခွါနေကြတာ၊ ဝိစိကိစ္ဆာခွါနေကြတာ၊ အဝိဇ္ဇာကို ခွါနေကြတာ၊ မဂ် ဝိဇ္ဇာ ၄-ပါး ယူနေကြတာ၊ ဖိုလ်ဝိဇ္ဇာ ၄-ပါးယူနေကြတာများဟာ (အစခံက) စကြာမင်းဘဝကိုလုနေတာနှင့်တူတော့သည်။ မမှန်ဘူးလို့တော့ မပြောပါဘူး။ သင်တို့နဲ့မတန်ဘူးဟုပြောပြနေတာပါ။ သိချင်ပါလျှင် တန်ခိုးပြာဋိဟာကျမ်း ပဌမတွဲ နံပါတ် (၂၀၉) ကြောင်းရေ (၉) ကစ၍နံပါတ် (၂၂၂) ကြောင်းရေ-၂၃ အထိ ဖတ်ပါ၊ စဉ်းစားပါ၊ ဝေဘန်ကြပါလေ။

သီတေနာပိ၊ ရုပ္ပတိ....အကျိုးပြ

ဥဏှေနာပိ၊ ရုပ္ပတိ....အကျိုးပြ

| | |
|---|---|
| သီတေနာပိဖြင့် | ရုပ္ပတိဖြင့် |
| ဓါတ်ကြီး ၄-ပါးကိုပြပါသည် | အနိစ္စ၊ဒုက္ခ အနတ္တပြသည် |

ဥကျေနာပိဖြင့်လည်း အတူတူပါဘဲ။ (၁)သီတေနာပိ အရ။ ဓါတ်ကြီး ၄-ပါးကိုတွေ့ရ ရှုရလျှင် အပါယ်တံခါး ပိတ် ဆင်းရဲသံသရာပြတ် ဘုံစဉ်စံ သိဒ္ဓိကိုးတန်ရ။(၆၇)ဆင့် ဖြင့် မြင့်ကာမြင့်ကာ နိဗ္ဗာန်အထိတက်နေပါသည်။သာဓက မှာ[ စတုန္နံ ဓါတူနံ၊ အညတ္တံတ္တံ ၊ ပထဝီဓါတုယာ၊အာပေါ ဓါတုယာ၊တေဇောဓါတုယာ၊ ဝါယောဓါတုယာ၊ နတ္တေဝ ဓမ္မေ၊ အင္ဂုပသာဒေန၊ သမ္ပန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယောနိံယံဝါ၊ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿ တိတိ။ ]တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် နံပါး(၁၁ဂ) ကြောင်းရေ-၁။ ဟံမူမှာတွေ့ရသည်။

(ရုပ္ပတိ) ပါဠိအရဖေါက်ပြန်မှု ပျက်စီးမှု ဖြစ်မှု ပျက်မှု အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေပြီး ရှုပွါးတော့ကာ။ ၎င်းစ ကြာယာဉ် သုံးပါးဖြင့် နိဗ္ဗာန်သို့ သွားသွားကာနေပါပြီ တဲ့ဗျား။

သာဓကမှာ [နိဗ္ဗာနပူရံ ပါပေသိ ယာနတ္တယေနသော ဇိနော။ ]ပါဠိကိုကြည့်ကြပါ။ ။သောဇိနော၊ထိုမြတ်စွာ ဘုရားသည်။ဿတ္တေ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို။ယာနတ္တ ယေန၊ အနိစ္စဆိုတဲ့ စကြာယာဉ်၊ ဒုက္ခဆိုတဲ့ စကြာယာဉ်၊ အနတ္တဆိုတဲ့ စကြာယာဉ်သုံးပါးဖြင့်။ နိဗ္ဗာနပူရံ၊ နိဗ္ဗာန် ဆိုတဲ့ ပြည်ကြီးသို့။ ပါပေသိ၊ ရောက်စေတော် မူခလပြီ တကား။ (၁)ဒုတိုနည်းမှာ ဓါတ်ကြီး ၄-ပါးတွေ့ရှုလျှင်

အပါယ်ကလွတ်မည်။ (၂) အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရှုလျှင် နိဗ္ဗာန် ရမယ်ဟု သိစေချင်ပါသည်။

၁၃၂၄-ခုနှစ်၊ ဝါခေါင်လဆန်း ၁၁-ရက်နေ့
ကွမ်းသဲညာဏစခန်း၌ ရေးသည်။

(အတိုချုပ် ဆုပေးနည်း)

ဘုရား, တရား, သံဃာ,များကိုအမှူးထား၍ ထူးခြားစွာ ပြုလုပ်ရသော သာသနာပြု အတိတ် ပစ္စုပ္ပန်-အနာဂတ် ကံတို့ကြောင့် ဘုရားများ၏ ဆန္ဒတော်အတိုင်း သဘောတော် အတိုင်း၊ မနောတော်အတိုင်း ကရုဏာမေတ္တာတော် အတိုင်း ဖြစ်ရကြ၍၊ ဘုရားရှင်အကြိုက် တရားတော်အကြိုက် သံဃာတော်အကြိုက် ကမ္မာအကြိုက်တို့ကို သိမ်းပိုက်ရရှိ ခံစားနိုင်ကြပြီးလျှင်၊ ဘုရားရှင်မကြိုက် တရားတော်မကြိုက်၊ သံဃာတော် မကြိုက် မဂ်, ဖိုလ်, နိဗ္ဗာန် မကြိုက်တာတွေနှင့် သီတာ ၇-တန်ခြား၊ တောင်စဉ် ၇-ထပ်ခြား၍၊ ဝေးကွာလွတ်မြောက် အောင်မြင်ကြလျက်၊ ရွှေမိုးသီး,ငွေမိုးသီးရွာ၊ ရွှေအိုး, ငွေအိုး ပေါ၊ ရွှေတောင်,ငွေတောင်ပေါက် ရွှေပဒေသာ ငွေပဒေသာ ပေါက်ပြီး၊ နိဗ္ဗာန်အရောက် အတုမရှိဘဲကယ်ဆယ်၍ သာသနာပြုနိုင်ကြပါစေသတည်း။

## နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ ဉာဏ်၏ တပ်ဦးတော်

၁၃၂၈–ခုနှစ်၊ နတ်တော်လဆန်း ၃–ရက်နေ့
ရန်ကုန်(၇)မိုင်၌ ရေးသားသည်၊

(၁) [နာမရူပပရိစ္ဆေဒဉာဏဘောအရိယသာဝကဿ၊ နတ္ထိကိဉ္စိ ဥတ္တရိကရဏီယန္တိ။] နိဒါနဝဂ္ဂသံယုတ် ပါဠိတော်။ ချစ်သားတို့၊ ကေရုပ်ဘဲ၊ သိကနာမ်ဘဲဟု မရောဘဲ၊ မနှောဘဲ အာကာသခြား၍ ပိုင်းခြားနိုင်သော်။ (အရိယာသာဝက) ဘွဲ့တော်ကြီးကို ရရှိပါပြီတဲ့။ ၎င်းဟာ ရုပ်နာမ် ၂-ပါးမှ အပိုအမို တစုံတခုကိုမျှ ရှာဖွေစရာမလိုတော့ပါ။ရုပ်နာမ်ကို ရှုရင်းပင် ၅၅-ဉာဏ်အထိရောက်၍ နိဗ္ဗာန်ရမည်တည်း။

(၂) ကေရုပ် သိကနာမ် နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရပုံ။ ကေအကြောင်း သိက အကျိုး ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုရပုံ။

၎င်းအခြေခံ ပရမတ်ကိုရခဲ့သော် စူဠသောတာပန်ပါဘဲ။ [ဣမိနာပန ဉာဏေန သမန္နာဂတော၊ ဝိပဿကော၊ ဗုဒ္ဓသာသနေ၊ လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော နိယတဂတိကော၊ စူဠသောတာပန္နော နာမ။] ဣမိနာပန ဉာဏေန၊ ဤနာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးနှင့် သမန္နာဂတော၊ ပြည့်ပြည့် စုံစုံ လုံလုံ လောက်လောက် ရှိသော။ဝိပဿကော၊နေ့-ည ကျိုးကုတ် ဝိပဿနာအားထုတ်

သော ယောဂီပုဂ္ဂိုလ်သည်။ဗုဒ္ဓသာသနေ၊ထိန်ထိန် ဝင်းဝင်း ဘုရားသာသနာတော်တွင်း၌။ လဒ္ဓသာသော၊ နိဗ္ဗာန်ချမ်းသာ၊မြိုက်ရသာကို ရကြောင်း တရားကောင်းကိုမြင်ရသောကြောင့်။ စိတ်၏သက်သာယာ ရခြင်းဖြစ်၍ရှင်း။ လဒ္ဓပတိဋ္ဌော၊သံသရာဝဋ်ဆင်းရဲ၌ ထောက်ရာတည်ရာ မှီခိုရာကြီးကို ရသည်ဖြစ်၍ရှင်း။ နိယတဂတိကော၊ လူ့ဘုံ၊ နတ်ဘုံ၊ဗြဟ္မာ့ဘုံ၌မြဲသော ဂတိစာချုပ် ရှိသည်ဖြစ်၍ရှင်း။ စူဠသောတာပန္နောနာမ၊ ဘုရား၏မြေး သောတာပန်ကလေးသာမည်ပေတော့၏။ ၊စူဠ သော တာ ပန် ဖြစ် လျှင် သံသရာ၌ ထောက်တည်ရာကိုရပြီ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့ကို အမြဲတမ်း လက်မှတ်ထိုးထားပြီးသား ဖြစ်ပြီဟုမှတ်၊ ဂတိစာချုပ်ချ၍နေပြီဟုမှတ် ဘာပင်စင်ယူပြီရပြီဟုမှတ်။သတ္တဝါတွေမှာ စူးဝင်နေတဲ့ ဒိဋ္ဌိတည်းဟူသော ဆူးငြောင့်ကြီးကို နှုတ်၍ပြစ်လိုက်ပြီ။] (၂)အမှတ်တခုလုံးဟာ ပြည်မြို့၊ နိဗ္ဗိန္ဒဆရာတော်ကြီး ရေးသားထားသော သိက္ခာ ၃-ပါးပြရာကျမ်း နံပါတ်-၁၁၂၊ကြောင်းရေ-၁ ၌၊တွေ့ရသဖြင့် ကူးယူရေးသည့် ဖေါ်ပြပါသည်။ လယ်တီဆရာတော်ရေး သော မနုဿုပေက္ခာ ကျမ်း၌လည်း ဤနည်း နှင်နှင် ပြထားပါသေးသည်။ သထုံစာအုပ်၌လည်း ဒီပုံဘဲရေးထားပါသည်။

(၃) [သေခေါဂမ္ဘီရေ၊ နသီဒတိ] သဂါထာ ငဂ္ဂ သံယုတ်ပါဠိတော်မှ။ ။သေခေါ၊ သည်လူ၊ သည်နတ်၊ သည်ရုပ်၊ သည်ရွာ၊ သည်ဗြဟ္မာက၊ သည်ဟာကိုပွါး သည်တရား

နှင့်၊ သည်အားရှိသော ယောဂီသည်သာလျှင်။ သေခေါ၊ ရုပ်နာမ်ကိုစီး၊ မဂ်ခရီးဖြင့်၊ ပြည်ကြီးအမတသို့ လှမ်းကြွမည်ဟု ကမ္မဋ္ဌာန်း တွေ့သော ပုဂ္ဂိုလ်များ သည်သာလျှင်။ နသီဒတိ၊ ဘောကြီးတွေ ရေမှာမြုပ်သကဲ့သို့ မနစ်မြုပ်ဘဲ ပေါ်၍သာနေရလေတော့သတည်း။ ။ရုပ်နာမ်တွေ့ရှုပွါးခြင်း အကျိုးတရားပြပုံပါဘဲ။

(၄) [အပတိဋ္ဌံ၊ အနာယူဟံ၊ ဩဃ အတရိဂမ္ဘီရံ] သာဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှ။ ။အပတိဋ္ဌံ၊ ဓါတ်တရား ကလာပ်တရား၊ ပရမတ်တရားကိုတွေ့သဖြင့် ဒိဋ္ဌိ၌မတည်ထသော။ အနာယူဟံ၊ ၎င်းဓါတ်၌ ငါပြတ်၊ သူပြတ်၊ ပရမတ်မို့ တဏှာ အားဖြင့် အားထုတ်ခြင်း မရှိထသော။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဂမ္ဘီရံ၊ ခက်ခဲနက်နဲထသော။ ဩဃံ၊ ဩဃလေးဖြာသံသရာကြီးကို။ အတရိ၊ စူးစူးပေါက်ပေါက် ခရီးရောက်သဖြင့် ကူးမြောက်ရလေသတည်း။ ။နာမရူပ ပရိစ္ဆေဒဉာဏ်ကြောင့် ဩဃ ၄-ပါးမှ ကျွတ်လွတ်ရပုံတည်း။

(၅) [ဧဝံ သင်္ခါရေ၊ သလ္လက္ခေတွာ၊ ဋ္ဌိတဿ၊ ပန၊ ဘိက္ခုနော၊ ဒသဗလဿ၊ သာသနေ၊ မူလံ၊ ဩတိဏ္ဏံ နာမ ဟောတိ၊ လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော၊ နိယတဂတိကော၊ စူဠသောတာပန္နော နာမ] ဝိဘင်း အဋ္ဌကထာမှ။ ။ဧဝံ၊ ဤသို့။ သင်္ခါရေ၊ ကံစိတ် ဥတု အာဟာရ တို့ကပြုပြင်အပ်သော။ ရုပ်နာမ် သင်္ခါရတရားတို့ကို။ သလ္လက္ခေတွာ၊ ဒါက

ရုပ်ဘဲ၊ ဒါကနာမ်ဘဲဟု မြဲမြဲကြီး ကောင်းစွာ မှတ်သား၍။ ငှိတဿ၊ တည်၍နေသော။ဘိက္ခုနေဘပန၊ ရဟန်းအားကား ဒဿဗလဿ၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ မူလံ၊ ရေသောက်မြစ်ကြီးသည်။ ဩတိဏ္ဏံ နာမ၊ သက်ရောက်နေသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ လဒ္ဓဿာသော တသံသရာလုံးသက်သာရာကိုရ၍နေတော့၏။ လဒ္ဓပတိဋ္ဌော တသံသရာလုံး ထောက်တည်ရာကို ရ၍နေတော့၏။ နိယတ ဂတိကော၊ သုဂတိ ၂၇-ဘုံ၌ ဝင်မြဲ၍သာနေတော့၏။ စူဠ သောတာပန္နောနာမ၊ မင်္ဂအငယ်စား၊ သောတာပန်အငယ်စားမည်သည်။ ဟောတိ၊ ဖြစ်တော့၏။ ။ဤပါဠိသဘော မျိုး စူဠသောတာပန်ပါဠိတွေ (၆၄) ခု စုဆောင်း၍ထားပါသေး၏။

(၆) နာမရူပ၊ မတ္တတော၊ ဥဒ္ဓံ၊ အဒ္ဓော၊ သတ္တောဝါ ပုဂ္ဂလောဝါ၊ ဒေဝေါဝါ၊ ဗြဟ္မာဝါ၊ နတ္ထိတိ၊ (အဃံဒိဋ္ဌိ ဥဋ္ဌါဠနံနာမဟောတိ) သာရသင်္ဂဟာ အဋ္ဌကထာ နံပါတ် (၁၁၀) ကြောင်းရေ-၁၂။ သုမှု။ ။နာမရူပမတ္တတော၊ သိက နာမ်တရား၊ ကေ ရုပ်တရား၊ နာမ်ရုပ် ၂-ပါးမျှမှ။ ဥဒ္ဓံ၊ အပိုအမို။ အဒ္ဓော၊ ရုပ်နာမ်မှတပါးသော။ သတ္တော ဝါ၊ သတ္တဝါသည်၎င်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်၎င်း။ ဒေ ဝေါဝါ၊ နတ်သည်၎င်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်၎င်း။ နတ္ထိ တိ၊ မရှိပါတကားဟူ၍ နိဋ္ဌံ၊ ဆုံးဖြတ် ခြင်းသို့။ ဂစ္ဆတိ၊

ရောက်တော့၏။ အယံ၊ ဤသည်ကား။ ဒိဋ္ဌိဥဇ္ဇုဂ္ဂါဋ္ဌနံ နာမ၊ သက္ကာယဒိဋ္ဌိကို ခွါသည်မည်သည်။ ဟောတိ၊ ဖြစ်တော့၏။

(၇) သဗ္ဗေသံ၊ ဒုက္ကာရုံဒိဋ္ဌံ။
သုဒိဋ္ဌံ ရူပမတ္တနော။
သုဒိဋ္ဌံ၊ နိဗ္ဗာနံတေန။
သုဒ္ဓစိတ္တေနယောဂိနော။

ယေန ယောဂိနာ၊ အကြင် ယောဂီသည်။ အတ္တနော၊ မိမိ၏။ ရူပံ၊ လှုပ်လှုပ် ရှရှ ဖြစ်ပေါ် သမျှသော ရုပ်တရားကို။ သုဒိဋ္ဌံ၊ သတိကိုစိုက် သမာဓိပိုက်က နှစ်ချိုက်စွာပင်မြင်ရတော့၏။ တေနယောဂိနာ၊ ထိုယောဂီသည်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော အသိတို့တွင်။ ဒုက္ကာရုံ၊ အခဲရင်းဆုံးကို။ ဒိဋ္ဌံ၊ တွေ့မြင်ရသည်မည်၏။ သုဒ္ဓစိတ္တေန၊ စင်ကြယ်သော စိတ်ရှိသော။ တေနယောဂိနာ၊ ထိုယောဂီသည်။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်းကင်းပြတ်ငြိမ်းသော နိဗ္ဗာန်ကို သုဒိဋ္ဌံ၊ ဝိပဿဇော၊ ယာဉ်သဘောနှင့် အလျှင်တစောမြင်ရလေတော့သတည်း။

(၈) ရုပ်နဲ့နာမ်ကိုမြင်ရတာဟာအခဲရင်းဆုံးမြင်ရတယ်ဆိုတာ (သုခုမဋ္ဌေ၊ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂံ၊ ဥသုနာယထာ၊ ယေပဉ္စက္ခန္ဓေပဿန္တိ၊ ပရတော၊ နေစအတ္တတော) အရှင်သာရိပုတ္တရာ၏ ထေရဂါထာပါဠိတော်ဖြင့် သိသာလှပေ၏။ အနက်ကား။ ယေ၊ အကြင်ပရမတ်အစုဓါတ်အနုကို ရှာကြဖွေကြကုန်သော ယောဂီတို့သည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးတန် ၂-ပါးသော ရုပ်နာမ်တို့ကို။ ပရတော၊ အနတ္တသဘောအားဖြင့်။ ပဿန္တိ၊ ရှုမြင်နိုင်ကြကုန်၏။ အတ္တတော၊ ငါသူတပါး

အားဖြင့်။ နေ့ဝစပဿန္တိ၊ မရှုကြ၊ မမြင်ကြကုန်။ တော၊ ထို ပရမတ်အစု၊ ဓါတ်အနုကိုရှာကြ ဖွေကြကုန်သော ယောဂိ တို့သည်။ ဝါလဂ္ဂ၊ သားမြီးဖျားကို။ ဥသုနာ၊ မျှားဖြင့်။ ပဋိဝိဇ္ဈန္တိယထာ၊ အလယ်ဗဟိုရ် ထုတ်ချင်းလျှိုအောင် ဖြစ် နိုင်သော ခပ်နိုင်သောဥပမာကဲ့သို့ပါတကား။

[ဖေါက်ပြန် ခံစား မှတ်သား စိမံ သိခဲ့ပြန် ငါးတန် ဓါတ်ခန္ဓာ။]လက်ာနှင့်အညီဖေါက်ပြန်ကား ရူပက္ခန္ဓာရုပ်တ ရားတည်း။×ခံစားဝေဒနက္ခန္ဓာ၊×မှတ်သားက သညက္ခန္ဓာ၊ စီမံက သင်္ခါရက္ခန္ဓာ၊ သိပြန်က ဝိညာဏက္ခန္ဓာ၊ နောက် ၄-ပါး က နာမ်တရားဖြစ်၍ ခန္ဓာငါးပါးဟု ဆိုပါသော်လည်း။ ရုပ်နာမ် ၂-ပါးပါဘဲတဲ့။ အဲဒီရုပ်နာမ် ၂ ပါးကိုတွေ့ဘို့ရာ သိဘို့ရာ မြင်ဘို့ရာ၌ (ဒုက္ကရ) အခဲရင်းဆုံးပါဘဲ။ ဥပမာ၊ သားမြီးဖျားကို လေးမျှားဖြင့် ပြစ်သော်။ အလယ်တိတိ ထုတ်ချင်းလျှိုဘို့ကား မခဲရင်းလှပါ ရုပ်နာမ်တွေ့ဘို့ကား (အတိဒုလ္လဘ) အလွန်ရခဲရင်းလှပါသတဲ့နော်သတိ။

(၉) ကမ္ဘာပေါ်မှာဖြင့် အတော်ဆုံး အကျော်ဆုံး အ မော်ဆုံး၌ထားကြရသော အာဋ္ဌာရ ဥဒက ဒေဝီလ ရသေ့ ကြီး ၃-ပါးတို့ဟာ (၃၁) ဘုံမှာဖြင့်အမြင့်ဆုံးဖြစ်သောဇ္ဈာ ရ၊အဘိညာဉ်ရ၊သမာပတ်ရ ချွန်ကိုးချွန်ရ၊ မြေလျှိုးရ မိုးပျံရ၊ ပြဟ္မာဖြစ်၊ ကမ္ဘာပေါင်း (၈၄၀၀၀) ကြာကြာကြီး နေကြရ၊ ရှေ့ကမ္ဘာ ၄၀-အထိမြင်ကြရ၊ နောက်ကမ္ဘာ ၄၀ အထိမြင်ကြရပေမဲ့ (လောကုတ္တရာမဂ်ဖိုလ်ကိုမွေးထုတ်နေတဲ့

ပရမတ္ထ ရုပ်နာမ်ကြတော့ ၎င်းတို့ဟာ ဗိတ်ဗိတ်သားမမြင်ကြရတော့ပါ။ သို့ကြောင့် (၁) ပုထုဇ္ဇနော အန္ဓော၊ အကန်းတွေပါဘဲတဲ့။ (၂) ပုထုဇ္ဇနော ဥမ္မတ္တကော အရူးတွေပါဘဲတဲ့။ (၃) ပုထုဇ္ဇနော ဗာလော အမိုက်ကြီးတွေ ပါဘဲတဲ့။ (၄) ပုထုဇ္ဇနော ဝိပ္ပလ္လာသော ဖေါက်ပြန် ရူးသွပ်သောသူတွေပါဘဲတဲ့။ (၅) ကမ္မသကတာသမ္မာဒိဋ္ဌိနှင့် နေကြရသူများတဲ့။ (၆) ဈာနသမ္မာဒိဋ္ဌိလောက်သာ ရရှိသောသူများပါဘဲတဲ့။ (၇) မိစ္ဆာဉာဏ်ရှိသူတွေတဲ့။ (၈) သာသနာဗတွေတဲ့။ (၉) သမထသမားတွေတဲ့။ (၁၀) ရုပ်ဖြစ်ရှစ်ပါးပါဝင်ကြသူတွေတဲ့။ (၁၁) ပညတ်သမားတွေတဲ့။ (၁၂) လောကီသမားတွေတဲ့။ (၁၃) အရှုပတုံသားတွေတဲ့။ (၁၄) ၁၅၀၀ ကိလေသာနှင့်တကွ ဒိဋ္ဌိ,ဝိစိ သီလဗ္ဗတပရာမာသနှင့်နေကြရသော သူတွေတဲ့နော်။ ဒါကြောင့်လဲဘဲ ဘုရားက [မဟာဇာနိယောဝတဘော အာဠာရော ဥဒကော ဒေဝိလော။] ဟူ၍ ညီးညူအပြစ်တင်ထားလေသည်။ ဒီအထိရနေကြပေမဲ့ (ပရမတ္ထရုပ်နာမ် ၂-ပါး) ကို မတွေ့ကြသေးလို့ ဆိုတာသိထားကြပါတော့။ (ယခု ယောဂီများကတော့ ပရမတ္ထရုပ်နာမ်ကိုတွေ့ရပြီး ရှုပွါးနိုင်၍ (၁၄) ပါးသော အပြစ်မှ ကျွတ်လွတ်ကြပါပြီ။

## (၁၀) ရုပ်နာမ်မတွေ့ကြလို့ ဘုရားက သတိပေးနေသည့်ကား

ပညာယ ပရိဟီနေန၊
ပဿလောကံ သဒေဝကံ၊
နိဝိဋ္ဌံ နာမရူပသ္မိံ၊
ဣဒံ သစ္စန္တိ မညတိ၊
ပညာဟိသေဋ္ဌာ လောကသ္မိံ
ယာယံနိဗ္ဗေဓဂါမိနီ၊
သာစ ယသ္မာ ပဇာနာတိ၊
ဇာတိဘဝ ပရိက္ခယံ။

ဣတိဝုတ်ပါဠိတော်မှ။ ဘိက္ခဝေ၊ ချစ်သားတို့။ ပညာယ၊ ပရိဟီနေန၊ ဝိပဿနာ၊ ပညာမှ ယုတ်လျော့ နေကြသဖြင့်။ နာမ ရူပသ္မိံ၊ နာမ် တရား၊ ရုပ်တရား၌။ နိဝိဋ္ဌံ၊ ဒိဋ္ဌိငါ၊ တဏှာငါ မာနငါဖြင့် ပူးဝင် ပူးကပ်၍ နေသော။ သဒေဝကံ၊ လူနတ်ဗြဟ္မာအပေါင်းကို။ ပဿ၊ ရှုကြည့်ကြပါလော့။ ဣဒံ၊ ဤရုပ်နာမ် ၂-ပါးကို။ သစ္စန္တိ၊ ငါသူလူနတ်ဟူ၍ မညတိ၊ မညနာ ၃-ပါး၊ ဂါဟ ၃-ပါး၊ ပပဉ္စ ၃-ပါးဖြင့် စွဲမှား၊ ပူးကပ်၍နေရရှာလေ၏။ X လောကသ္မိံ၊ ၃၁-ဘုံလောက၌။ ပညာ ဝိပဿနာ ပညာသည်။ သေဋ္ဌာ၊ အမြတ်ဆုံးတည်း။ ယာယံ၊ အကြင်ဝိပဿနာပညာသည်၊ နိဗ္ဗေဓဂါမိနီ၊ ငါစွဲသုံးပါးကို ပြိုခွဲနိုင်ပါ၏။ သာစ၊ ထိုဝိပဿနာပညာသည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ပဇာနာတိ၊ ဉာဏ်ဆယ်ပါးအထိ အပြားပြားသိ၏။ တသ္မာ၊ ထို့ကြောင့်၊ ဇာတိဘဝ ပရိက္ခယံ ဇာတိနှင့်ဘဝကို ကုန်ခမ်းစေတော့၏။ ဝါ၊ ကုန်ခမ်းစေသော နိဗ္ဗာန်ကို။ ပဇာနာတိ၊ အပြားအားဖြင့် သိရှိပါ

ပေးသတည်း။ [ယခုပြတဲ့ ၇-၈-၉-၁၀ ကို၊ အကြိမ်ကြိမ်ဖတ်ပေါ။]ပရမတ္ထရုပ်နာမ် ၂-ပါးကိုတွေ့ဘို့ရန် အလွန်အမင်းခဲရင်းပုံကို သိကြပါလိမ့်မည်။

(၁၁) အချုပ်မှာ ရုပ်နာမ် ဖြစ်ပျက် လက္ခဏာရေး ၃-ပါး အားကြီးအရေးပါပါနှင့်ဖြစ်နေသည်။ ။ပရိညာဝိသုဒ္ဓိ၊ ဗောဓိပက္ခိယ၊ ဉာဏ်စဉ်ခုနစ်ခုတွေရောက်ပြီး တက်သွားရာ ၌ရင်း။ ရုပ်နာမ် ၂-ပါး ဖြစ်ပျက် ၂-ပါး၊ လက္ခဏာရေး ၃-ပါး၊ အခြေခံ၍ တက်တက် မြင့်မြင့် သွားကြပါသည်။ ဥပမာပြမည်။ရေဝတီမြစ် လမ်းအစဉ်အတိုင်း ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဆန်တက်သောအခါ (ဒီသင်္ဘော၊ ဒီစက် ဒီလူတွေနှဲ့ချည်းဘဲ။) တခုစီ တခုစီရောက်သွားပါသည်၊ (၁) ရန်ကုန်မြို့မှ မအူပင်သို့ ဒီ ၃-မျိုးဘဲ။ (၂) မအူပင်မှ ညောင်းတုံးသို့ ဒီ ၃-မျိုးဘဲ။ (၃) ၎င်းဟင်္သာတသို့ ဒီ ၃-မျိုးဘဲ။ (၄) ၎င်းဒုမြန်အောင်သို့ ဒီ ၃-မျိုးဘဲ။ (၅) ၎င်းမှ ကြံခင်းသို့ ဒီ ၃-မျိုးဘဲ။ (၆) ၎င်းမှပြည်မြို့သို့ ဒီ ၃ မျိုးဘဲ။ (၇) ၎င်းမှ သရက်မြို့သို့ ဒီ-မျိုးဘဲ။ (၈) ၎င်းမှ အောင်လန်သို့ ဒီ ၃-မျိုးဘဲ။ (၉) ၎င်းမှ မိချောင်းရဲသို့ ဒီ ၃-မျိုးဘဲ။ (၁၀) ၎င်းမှ မင်းလှသို့ ဒီ ၃-မျိုးဘဲ၊ (၁၁) ၎င်းမှ မင်းဘူးသို့ ဒီ၃-မျိုးဘဲ။ (၁၂) ၎င်းမှ မကွေးသို့ဒီ ၃-မျိုးဘဲ။ (၁၃) ၎င်းမှ ရေနံချောင်းသို့ ဒီ ၃-မျိုးဘဲ။ (၁၄) ၎င်းမှဆင်ဖြူကျွန်းသို့ ဒီ ၃ မျိုးဘဲ။ (၁၅) ၎င်းမှစလေသို့ ဒီ ၃-မျိုးဘဲ။ (၁၆) ၎င်းမှ

ညောင်ဦးသို့ဒီ၃-မျိုးဘဲ(အဲဒါဉာဏ်စဉ်တက်ပုံဥပမာပါဘဲ) ဒီ ၃-မျိုးက မထူးပေမဲ့ ရောက်ရာ၊ ရောက်မြို့နှင့် တူသော ဉာဏ်စဉ် မှာတော့ အားကြီး ထူးပါပေသည်။ ။တဖန်၊ (၁၇) ၎င်းမှပုဂ္ဂံသို့ ဒီ ၃-မျိုးပါဘဲ။ သကဒါဂါမိရောက်ပုံ။ (၁၁) ၎င်းမှမြင်းခြံသို့ ဒီ ၃-မျိုးပါဘဲ အနာဂါမိရောက်ပုံ။(၁၉) ၎င်းမှစစ်ကိုင်းသို့ ဒီ ၃-မျိုးပါဘဲ ရဟန္တာရောက်ပုံ) ၎င်းမှ မန္တလေးသို့ ဒီ ၃-မျိုးပါဘဲ ပရိနိဗ္ဗာန် စံသွားပုံတည်း။ ဉာဏ်စဉ် ၅၅-မျိုး တက်ရောက်တော့လဲ ဒီ ၃-မျိုးပါဘဲ။

## (၁၂) ၅၅-ဉာဏ် ဒီ ၃-မျိုးနှင့်တက်ရောက် ရတယ်ဆိုတာမှာ

(က) ပုထုဇဉ်မှ သောတာပန် အထိ ၁၆-ဉာဏ်ပါဘဲ ဒီ ၃-မျိုးပေါ့။ (ခ) သောတာပန်မှသကဒါဂါမိအထိ ၁၃ ဉာဏ်ပါဘဲ ဒီ ၃-မျိုးပေါ့။ (ဂ) သကဒါဂါမိမှ အနာဂါမိ အထိ ၁၃-ဉာဏ် ဒီ ၃-မျိုးပေါ့။ (ဃ) အနာဂါမိမှရဟန္တာ အထိ ၁၃-ဉာဏ် ဒီ ၃-မျိုးပါဘဲ။စုစုပေါင်းသော် ၁၆-ဉာဏ် ၁၃-ဉာဏ်၊ ၁၃-ဉာဏ်၊ ၁၃-ဉာဏ်မို့ ၅၅-ဉာဏ်ဖြစ်ပါသည်။ (၁၃) ဉာဏ်ဆိုတာ (နာမရူပ×ပစ္စယ×သမ္မသန) ၃ ဉာဏ်ကိုနုတ်၍ ၁၃-ဖြစ်ပါ၏။

## (၁၃) ကနဦး သတိပဋ္ဌာန် မဂ်လမ်း၏ သတ္တိဇျတ္တိ တန်ခိုးအာနုဘော်ကိုကြည့်ကြစမ်းပါလား

[ဧကာယနော၊ အယံဘိက္ခဝေ၊ မဂ္ဂေါ၊ သတ္တာနံဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံသမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿအဓိဂမာယ၊ နိဗ္ဗာနဿသစ္ဆိကိရိယာယ၊ ယဒိဒံစတ္တာရော၊ သတိပဋ္ဌာနာ] မဟာသတိပဋ္ဌာန်သုတ်တော် နံပါတ်-၁၁၉။ ကြောင်းရေ ၁၇။ ဝံသရက္ခမူမှ။ (၁) ဧကာယနောအယံဘိက္ခဝေမဂ္ဂေါဖြင့် ကာယ၊ ဝေဒနာ စိတ္တာ ဓမ္မာဆိုတဲ့ သတိပဋ္ဌာန်မဂ် တပါးပါးနဲ့ လှမ်းသွားကြပါတဲ့။ (၂) သတ္တာနံဝိသုဒ္ဓိယာဖြင့် သတ္တဝါလူနတ်ပြဟ္မာတို့မှာ ဒိဋ္ဌိ၊ ဝိစိ၊ သီလဗ္ဗတပရာမာသ အညစ်အကြေးမှ အထူးထူး အပြားပြား စင်ကြယ်မည်တဲ့။ (၃) သောကပရိဒေဝါနံသမတိက္ကမာယဖြင့် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ကျော်လွှတ်သွားမည်တဲ့။ (၄) ဒုက္ခဒေါမနဿာနံအတ္ထင်္ဂမာယဖြင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ဟာ ချုပ်ငြိမ်း၍သွားမည်တဲ့။ (၅) ဉာယဿအဓိဂမာယဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ၄ ပါးစီကို ရသွားမည်တဲ့။ (၆) နိဗ္ဗာနဿသစ္ဆိကိရိယာယဖြင့် သဉပါဒိ၊ အနုပါဒိ နိဗ္ဗာန် ၂ ပါးကိုမျက်မှောက်ပြုရမည်တဲ့။ (၇) ယဒိဒံစတ္တာရောသတိပဋ္ဌာနဖြင့် ပြခဲ့ပြီးသော သတိပဋ္ဌာန် ၄-ပါးထဲက ကြုံရာ လမ်းနှင့်သွားကြပါတဲ့။ ပုထုဇဉ်မှ လမ်းစဉ်အတိုင်း နိဗ္ဗာန်အထိရောက်မှာမလွဲတော့ပါဘူးတဲ့။

## (၁၄) ဘာကိုမှီတည်၍လဲ ဓါတ်ပရမတ်ကိုမှီတည်ပြီး ကျင့်ကြံလို့ပါတဲ့

[ပရမော၊ ဥတ္တမော၊ အဝိပရိတော၊ အတ္တော၊ ပရမတ္တော] အရ။ ဓါတ်ပရမတ်ဆိုတာ အမြတ်ဆုံးမို့ အမြတ်ဆုံးနိဗ္ဗာန်ပို့တဲ့တရားပါဘဲတဲ့။ ဓါတ်ပရမတ်ဆိုတာ မဖေါက်မပြန်ဘဲ မှန်မှန်ကန်ကန်နှင့် နိဗ္ဗာန်အကျိုးကိုပေးနေတဲ့ တရားပါဘဲတဲ့။ [ဖရမဿ၊ သဗ္ဗညုတဉာဏဿ၊ အတ္တောဂေါစရောတိ၊ ပရမတ္တော]အရ။ ဓါတ်ပရမတ်ဆိုတာ သဗ္ဗညုတရွှေဉာဏ်တော်ကြီး၏ကျက်စားရာပါဘဲ။ ဒါကြောင့် နိဗ္ဗာန်အထိပို့ပေးနိုင်တာပါတဲ့။ (အဘိဓမ္မာပဋိပဒါ) မချွတ်မရှင်းပို့တဲ့ အကျင့်ပါ။

## (၁၅) ဓါတ်ပရမတ်ဟာ (အအအအအအ၊ အအအအအအ) လုံး တရားမျိုးပါဘဲ

(၁) ဗုဒ္ဓဓမ္မာအစိန္တေယျာ။ (၂) ဗုဒ္ဓဓမ္မာအပ္ပမေယျာ၊ (၃) ဗုဒ္ဓဓမ္မာအသင်္ချေယျာ။ (၄) ဗုဒ္ဓဓမ္မာအနန္တာ (၅) ဗုဒ္ဓဓမ္မာအပ္ပရိမာဏာ။(၆)ဗုဒ္ဓဓမ္မာအပ္ပရိစ္ဆိန္နာ။ဓါတ်တရားပရမတ်တရားတွေဟာ အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏာ၊ အပ္ပရိစ္ဆိန္နအကျိုးနဲ့ ပို့ပို့နေသည်တဲ့။ (၇) အဂ္ဂေဓမ္မေ၊ အမြတ်ဆုံးတရား။ (၈) ဉစ္စေဓမ္မေ၊ အမြင့်ဆုံးတရား။ (၉) အတိကုသလေဓမ္မေ၊ အကောင်းဆုံး

တရား။ (၁၀) အတိသယေမမွေ၊ အသာဆုံးတရား။ (၁၁) အတိဝုဒ္ဓမမွေ၊ အကြီးဆုံးတရား။ (၁၂) အနဋ္ဌေ ဓမ္မေ၊ အတိုးအတန်ဆုံးတရား။ ဝိပဿနာ ဓါတ်ပရမတ်ဟာ မဂ်ဖိုလ်ကိုတိုက်ရိုက်ပေးနေပါသဖြင့် (အ) ၁၂-လုံးဖြင့် ဘုရားက ချီးမွမ်းသည်။

| (၁၅) | ဝိပဿနာ ပရိကမ် | ဝိ ဥပစာ | ဝိ အနုလုံ | ဝိ ဂေါတြဘူ | ဝိ မဂ် | ဝိ ဖိုလ် | ဝိ ဖိုလ် |
|---|---|---|---|---|---|---|---|
| | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ |
| | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ |

ဝိပဿနာလမ်းစဉ်အတိုင်း မဂ်ဖိုလ်ဝင်သော မဂ္ဂဝီထိပုံစံ စေတနာတွေခြံရံလိုက်နေကြပုံ။

ဤပုံစံ၌ ပထမတခုကိုနမူနာပြမည်။ (ဝိပဿနာပရိကမ် ဖြစ်လာတော့) စေတနာ ၁၅-ပါးရော၊ စေတနာ ၃၄-ပါးရော တွေကခြံရံအကျိုးပေးလျက် လိုက်လာရသည်။ နောက် ၆-မျိုး၌လည်း ပထပုံစံအတိုင်း ခြံရံသော ၁၅၊ ၃၅-ပါးကို သိကြပါလေ။

(၁၇) [ဝိပဿနာအယံဝုစ္စတိ၊ အသခ်တဂါမိမဂ္ဂေါ] အသခ်တသိံယုတ်ပါဠိတော်အရ၊ ဤဝိပဿနာဟာနိဗ္ဗာန်သို့ သွားရာလမ်းမဖြစ်သော မဂ်တရားပါဘဲတဲ့။

(၁၈) [ဝိပဿနာတိ၊ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သာဝကာနံ ဂါတမဂ္ဂေါ] မဟာနိဒ္ဒေသအဋ္ဌကထာ။ ဝိပဿနာ ဆိုတာ ဘုရားများ၊ ပစ္စေကဗုဒ္ဓါများ၊ အရိယာသာဝကများ သွားရာဖြစ်သော မဂ်လမ်းမကြီးပါဘဲ။ ဒီလမ်းစဉ်အတိုင်း သွားကြပါ နိဗ္ဗာန်သို့ရောက်လိမ့်မည်။

## (၁၉) ဘယ်သူတွေဝိပဿနာမဂ်လမ်းအတိုင်း သွားနေကြပါသလဲ

၂၄-သင်္ချေ၊ ကုဋေ (၆၀) ဗိုလ်ခြေ တသိန်းဆိုတဲ့ အရိယာဘွဲ့ရ ၂၂-စုတို့ပါဘဲတဲ့။

(၂၀) ၃၅-ဌာန၊ ၆၇-မျိုးနှဲ့၊ (၁၀၅) မျိုးနှဲ့၊ ဥပမာ ၃-မျိုးနှဲ့ ရရတက်သွားပါလိမ့်မည်။

(၂၁) [သောပန အရိယော၊ စတုဗ္ဗိဓေါ၊ အာစာရ အရိယော၊ ဒဿနအရိယော၊ လိင်္ဂအရိယော၊ ပဋိဝေဓ အရိယောတိ] တိလမုဋ္ဌိဇာတ် အဋ္ဌကထာအရ။ ကျင့်ကြံတဲ့ အာစာရအရိယာ၊ ဓါတ်တွေ့တဲ့ ဒဿနအရိယာ၊ သူငါကွာ စိတ်ပြောင်းတဲ့ လိင်္ဂအရိယာ၊လက္ခဏာရေး ၃-ပါးတွေ့တဲ့ ပဋိဝေဓအရိယာဖြစ်၍ (အရိ) တပုဒ်။ (ယာ) တပုဒ်ခွဲပြီး အရိက အပါယ်ရန်သူပါ×ယာက လွတ်မြောက် ထာပါ။ (အပါယ်ရန်သူမှလွတ်မြောက်နေသူပါဘဲတဲ့။)

(၂၂) [သောတာပန္န ကာလတောပဋ္ဌာယ၊ နီစ ကုလေသု၊ ဥပပတ္တိနာမနတ္ထိ၊ မဟာဘောဂ၊ ကုလေသုယေဝ နိဗ္ဗတ္တတိ] သာရသင်္ဂဟာအဋ္ဌကထာ။ နံပါတ်-၁၁၉။ ကြောင်း

ရေ-၉။ သုမ္မ။ ။စူဠသောတာပန်၊ မဇ္ဈိမသောတာပန်၊ မဟာသောတာပန်ဖြစ်နေသောကာလမှစ၍နိဗ္ဗာန်အထိပင် နိမ့်သော၊ ညံ့သော၊ ယုတ်သောအမျိုးတို့၌ ဖြစ်ရခြင်းမည်သည် မရှိတော့ပြီ။ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက စသော မဟာဘောဂ ပြည့်ဝကြွယ်ဝသော အမျိုးတို့၌ သာလျှင် အဆင့်ဆင့်မြင့်မြင့်ပြီးဖြစ်သွားပါတော့မည်။

(၂၃) [ပထဗျာဧကရဇ္ဇေန၊ သဂ္ဂဿဂမနေနဝါ၊ သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံဝရံ] ဓမ္မပဒပါဠိတော် အရ။ စူဠသောတာပန်၊ မဇ္ဈိမသောတာပန်၊ မဟာသောတာပန်၊ ဖိုလ် ၃-ပါးထဲက တပါးပါးကို ရသွားလျှင်ဘဲ။ လူ့ပြည်ကစကြာမင်းကြီး၏စည်းစိမ်ထက်၄င်း၊နတ်ပြည်က နတ်မင်းကြီး၏ စည်းစိမ်ထက်၄င်း၊ ၃၁-ဘုံ ထိပ်က ဗြဟ္မာ မင်းကြီး၏စည်းစိမ်ထက်၄င်း တသံသရာလုံး မြင့်မြတ်ပါ၏။

## ခေမာမိဖုရားအိမ်မက်ကြောင့် ဗာရာဏသီမင်း ကြော်ငြာရပုံ

ဗာရာဏသီမင်း၏မိဖုရားကြီး မယ်ခေမာသည် နံနက် လင်းခါနီးအချိန်၌ ရွှေသမင်ကို မြင်ရသည်။ ၄င်း၏ တရား ကိုလည်း ကြားနာရသည်ဟု အိမ်မက် မြင်မက်သည်။ မယ် ခေမာသည် ဘုရင်အားဆောင်ယူပေးပါရန် လျှောက်တင် တော့။ မင်းကြီးက မြေပြင်တွင်ရှိခဲ့ရိုးမှန်လျှင် ရပါစေ့မယ် မပူပါနှင့်ဟု နှစ်သိမ့်စေပြီးမှ မှူးတော် မတ်တော်များနှင့်

တိုင်ပင်၍ ခေါင်းကျေးနင်းခံ၍ ကြော်ငြာပါမူ ရှိသတင်း ထွက်လာမည်။ သို့အတွက် လာဘ်သပ်ပကာဖြင့် ကြော်ငြာ ပါဟုလျှောက်၍ကြော်ငြာသည်မှာ-။

| | |
|---|---|
| တဿဂါမဝရံဒမ္မိ၊ | ရှုပိဂ ဇာတ်၊ နံပါ-၂၅၈။ |
| နာရိယောစ၊ အလင်္ကတာ။ | ကြောင်းရေ ၂။ ဆင့္ဒမူ။ ။ |
| ယောမေတံမိဂမက္ခာတိ၊ | ယော၊ အကြင်သူသည်။ မေ၊ |
| မိဂါန့်၊ မိဂမုတ္တမံ။ | ငါမင်းမြတ်ကြီးအား မိဂါန့်၊ |

သားသမင်အပေါင်းတို့ထက်။ တံမိဂမုတ္တမံ ထိုသားမြတ် သမင်သူတော်စင်ကို။ အက္ခာတိ၊ ပြောကြားနိုင်ပေ၏။ တဿ၊ ထို ပြောကြားနိုင်သောသူအား။ ဂါမဝရံ၊ ရွာစားဆုကို။ ဒမ္မိ၊ ပေးပါအံ့။ အလင်္ကတာ၊ တန်းဆာဆင်ထားအင်ကုန်သော နာရိယောစ၊ နတ်သမီးတမျှ လှပသောသတိုးသမီးကညာ ရတနာတို့ကိုလည်း ဒမ္မိ၊ ဆုတော်လာဘ်တော်ပေးတော်မူပါအံ့။ (ကြော်ငြာပုံတည်း)

မြတ်စွာ ဘုရားကြီးကလဲ အို ၃၁-ဘုံထဲက ကမ္ဘာသူ၊ ကမ္ဘာသား အပေါင်း သူတော် ကောင်းတို့ ငါဘုရားက ကြော်ငြာ၍ထားပါပြီ။ အကြင်သူသည်။ ခန္ဓာပူရ၊ တော မှိုင်နက်ကြီးထဲက (ဓါတ်တရား၊ ကလာပ်တရား၊ ပရမတ် တရား) ရွှေသမင်ကိုဖမ်းပြနိုင်ငြားအံ့။ ထိုသူအား ငါဘုရား က သောတာပန်ပြည်၊ သကဒါဂါမ်ပြည်၊ အနာဂါမ်ပြည်၊ ရဟန္တာပြည်၊ မဟာနိဗ္ဗာန်ဆိုတဲ့ ပြည်ကြီးများကို မြို့စား၊ ရွာစား၊ ပြည်စားအဖြစ်ဖြင့် ဆုတော်လာဘ်တော်ပေးမည်

သတိဖြင့်၊ သမာဓိဖြင့်၊ ပညာဖြင့်၊ သိက္ခာ ၃-ပါးဖြင့်၊ သာသနာ ၃-ရပ်ဖြင့်၊ ပဓါနိယင်္ဂငါးဌာနဖြင့်၊ သောတာပတ္တိယင်္ဂ ၄-ဌာနဖြင့် ဖမ်းပြကြပါလေဟု သာသနာတော်နှစ်(၅၀၀၀) ပတ်လုံး ကြော်ငြာရှိနေပါပြီပကော။ ။

---

## တရားပေါ်ပုံ တွေ့ရပုံ

# ဗုဒ္ဓဝိနည်းစည်းမျဉ်းဝိပဿနာအစွမ်းပြနေပုံ

၁၃၂၈-ခုနှစ်တော်လ ၁-ရက်၊ ၈-မိုင်၌ရေးသည်။

(၁) ဥပမာ ကောင်းကင်မှ မိုးများရွာချတော့ ဗီဇမျိုးစေ့ မတူတာအသင်္ချေတို့ဟာ၊ သူ့ဗီဇနှင့်နိယာမအတိုင်း အညွှန့်အပင်ပေါက်ရောက်ကြပါသည်။ဤဥပမာလိုပင် တရားမိုးရွာချတော့ ပါရမီဗီဇအတိုင်းပင် ပကတိသာဝကများ၊ မဟာသာဝကများ၊ ပစ္စေကဗုဒ္ဓါများ၊ ဘုရားများ သောတာပန်များ၊ သကဒါဂါမိများ၊ အနာဂါမိများ၊ ရဟန္တာများစသော ၂၂-စုတို့ဟာ ၂၄-သင်္ချေ၊ကုဋေ(၆၀) ဗိုလ်ခြေတသိန်းတို့အထိ ပေါက်ရောက်လာကြပါတယ်။

## (၂) သတိ၊ သမာဓိ၊ ပညာ အစဉ်အတိုင်း ပေါက်လာမည်

သတိထားလျှင် သမာဓိရရလာမည်၊ သမာဓိရရလာလျှင် သဘာဝတရားတွေကိုတွေ့၍ ယထာဘူတဉာဏ်ရမည်။ အဲဒါသမ္မာဒိဋ္ဌိပါဘဲ၊ သမ္မာဒဿနဉာဏ်ပါဘဲ၊ ပရမတ္ထဉာဏ်ပါဘဲ။ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ ပညာဉာဏ် အစစ်ပါဘဲ။

(၃) ပါဠိသာဓကမှာ (သတိ ခွါဟံဘိက္ခဝေ၊ သဗ္ဗတ္ထကံ ဝဒါမိ။) ပါဠိ။ (သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ။) ပါဠိ။ (ပညာယပရိသုဇ္ဈတိ။) ပါဠိ (ပညာသမာ အာဘာနတ္ထိ။) ပါဠိ။ ၎င်းပြင် ပါဠိပေါင်း (၉၅၀) ကျော်နှင့်ပြပါ။

(၄) ရုပ်နာမ် သဘာဝကို ပေါ်အောင်လဲ မလုပ်ပါနဲ့။ (အတ္တဖြစ်မည်) ပျက်စီးအောင်လဲမဟုတ်ပါနှင့် (ပယောဂ) ဖြစ်မည်။ (အနတ္တနဲ့ပေါ်ပြ ပေါ်ပြနှင့် နေပါလိမ့်မည်။) ပေါ်ပြလျှင် နာမ်ကသိပါလိမ့်မည်။ သေတိတာကို သတိမလစ်အောင်ရှုနေပါ။

(၅) ဘိုင်စကုတ်ရုပ်ရှင်ပြဇာတ်တော့ အပြုကွင်းထဲ၌ အရုပ်တွေ ဆက်ကာ ဆက်ကာ ပေါ်ပြ ပေါ်ပြ ပါလိမ့်မည်။ မြင်ရုံနှင့်သိရုံမျှပါ။ အသံပေါ်လျှင်လည်း ကြားရုံမျှပါ ပေါ်လာမြင် ပေါ်လာမြင်နှင့် ပွါးပွါး မြင့်မြင့် တက်တက်လာ

နေပါတယ်။ တစက္ကန့်မှာ ကုဋေတသိန်းပေါင်း လေးပြန်နှင့်တိုးတက် မြင့်တက် အဆင့်တက်နေပါပြီ ဖြစ်ပြီး၊ အကုသိုလ်ကတစု၊ မဖြစ်သေးသော အကုသိုလ်ကတစု ကုဋေ ၂-သိန်းစီနှင့် ချုပ်ငြိမ်းရသည်။ဖြစ်ပြီးကုသိုလ်ကတစု၊ မဖြစ်ရသေးသော အသစ်ပါရမီကုသိုလ်ကတစု၊ ကုဋေ ၂-သိန်းစီနှင့် တိုးတက် မြင့်တက် အဆင့်တက်နေပ ါပြီ။

## တရားပေါ်ပုံ ငွေ့ရပုံ

(၆) ၁၂၄၀-ခု ဖွါး၊ ၁၃၂၀-ခုနှစ်၌၊ အသက်(၈၀) ပြည့်ဝသွားတော်မူသော ပြည်မြို့ နိဗ္ဗာန္ဒတောရချောင် ဆရာတော် အရှင်သီရိမဟာထေရ်၏ အားထုတ်စဉ် ဆရာ့-ဆရာ သာထက်သာကြီးတွေထံမှာ နည်းနာခံ၍ ကျင့်ကြံခဲ့သည်။ အဆင့်ဆင့် နည်းနာခံခဲ့ရာ စစ်ကိုင်းဘက် ဿောသိတာဝ ဆရာတော်ကြီးထံ၌ ၄-၅ ရက်နေ၍ စုံစမ်းရာ ၎င်းဆရာတော်ဘုရားကြီးက အဆုံးအမပေးသော တရားများကိုနာ၍နေစဉ် ငါတို့ ဥပဇ္ဈာယ် ဆရာတော် အမိန့်ရှိဘူးတာကတော့။ဿောသိတာဝ၊ဆရာတော်ကြီးသည်။ ရဟန်းကိစ္စပြီးတဲ့ အနေမျိုး အမိန့်ရှိဘူးပါသည်။ ယခုဆုံးမတဲ့ စကားကတော့ အကျန်းပဲ ရှိပါသေးကလားဟု၊ စဉ်း စား မိ ၍ လျှောက်သည်မှာ[အရှင်ဘုရား မိမိကိုယ်ကိုဖြစ်စေ၊သူတပါး၏ ကိုယ်ကိုဖြစ်စေ၊ ကြည့်လိုက်သောအခါ။ ကိုယ်ရယ်လို့ရှာမတွေ့ရတော့ဘဲ။တရွရွနှင့် ပျက်နေတာကိုမြင်လျှင် ဘယ်

လိုပါသလဲဘုရားဟု လျှောက်ထားသောအခါ၊ဒီလိုမြင်တာက တော့ အကောင်းဆုံးပဲ၊ယုတ်တရက်မမြင်နိုင်ကြဘူးဟုအမိန့် ရှိလေ၏။

ထို့နောက် ဂန္ဓာရုံ ဆရာတော်ထံသို့သွား၍ စုံစမ်းရာ ဂန္ဓာရုံဆရာတော်ဘုရားက ဒီလိုလဲရှိတယ်။တချို့က သမထ နှင့်စာဖြင်ပယ်ပြီး လုပ်ကြတာတွေလဲ ရှိတယ်ဟု မိန့်တော်မူ က [ရူပကလာပသန္တတိ၊ ကာမလောကေ. ဒိပဇာလာဝိယ နဒီသောတောဝိယစ။] ဟူသော စာကိုလည်း ရွတ်ဆိုပြသ တော်မူ၏။ ဤကဲ့သို့မြင်လျှင် ဘာလိုပါသေးသလဲဘုရားဟု လျှောက်ပြန်သောအခါ။ [ဤကဲ့သို့မြင်လျှင် ရင်းပုဂ္ဂိုလ်ကို (ပေါက်တဲ့ပုဂ္ဂိုလ်ဘဲလို့)ဆိုရမည်ဟု မိန့်တော် မူလိုက်သော် နာမ်ဘက်သို့ ဆက်လက်လျှောက်ထားသောအခါ။ ဆရာ တော်ကြီးက အမိန့်ရှိသည်မှာ ဆရာတော်သည်။ကျမ္မာရေး နှင့်မပြည့်စုံသဖြင့် ကောင်းကောင်း စကားပြော၍မရခြင်း ကြောင့် သီးခံပါဆိုတဲ့အကြောင်းအမိန့်ရှိ၍၊ ယောသိတာစံ ချောင်သို့ ပြန်ခဲ့ရသည်။ (သိက္ခာသုံးပါး ပြာရာကျမ်း။) ဝါနိဗ္ဗိန္ဒအတ္ထုပ္ပတ္တိမှ ကူးရေးသည်။ ၁၃၂၈-ခု၊ တဆောင် မုန်းလကွယ်နေ့။

## (၇) အနတ္တနှင့်တရားပေါ်ပုံ တရားတွေ့ပုံ

[စတုသမုဋ္ဌာန ရူပကလာပ၊ သန္တတိ ကာမလောကေ ဒိပဇာလာဝိယ နဒီသောတောဝိယစ၊ ယာဝတာယုကံ အဗွောစ္ဆိန္နာပဝတ္တတိ။] သင်္ဂြိုဟ်ရုပ်ပိုင်း။ ရူပပဝတ္တိကမမှ

နား ၂-ဖက်ပိတ် နားထောင်ကြည့်ပါ။ ဓါတ်ကြီး ၄-ပါးတို့ကို မီးလောင်၍ ပျက်သော အနိစ္စအစဉ်တန်းကြီး၊ ဒုက္ခအနတ္တတို့ကို မုချကိုယ်တိုင် မျက်မှောက်ပြုကြရမည်။ သတိ။ [ဥတုစတုသမုဋ္ဌာနိကရူပါနံ၊ ပဝတ္တိယာစ၊ ဝိနာသဿစပစ္စယောဟောတိ။] ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ။ တေဇောမီးလောင်၍ရုပ်နာမ်အားလုံး ဖြစ်၍ ပျက်၍ နေကြရသည်။ အနိစ္စဖြစ်ပုံတည်း။

(ဂ) (အပိစခေါ နိဒ္ဒန္တလောဟပိဏ္ဍံ ဝိယ၊ မက္ခိကာဘာဂန္တံ အလ္လိယိတုံမသမတ္ထာ ဝေအဟေသုံ။) ကေအင်္ဂုတ္တိုရ်ဋီကာကြီး နံပါတ်-၂၀၅၊ ကြောင်းရေ-၁၆ ဆဋ္ဌမူမှ။

စင်စစ်သော်ကား မီးရဲရဲဖုတ်ထားအပ်သော သံတုံး၌ မှက် ချင် ယင်တို့သည်။ ချဉ်းကပ်ခြင်းငှါ မတက်နိုင်ကုန်ဘိ သကဲ့သို့ ပရမတ် တရား၌လည်း အကုသိုလ် ကိလေသာပ ညတ်တို့သည်။ ချဉ်းကပ်ခြင်းငှါ မတတ်နိုင်ကြပါ။ ပယ်ပုံတည်း။

(ဃ) (ပတိတတ္တာစ အစ္စန္တခါရေန၊ သီတောဒကေန ဆိန္န၊ ဓမ္မ၊ နာရူ၊ မံသ၊ အဋ္ဌိဘိ၊ ဘိဇ္ဇမာနေဟိ၊ တတ္တတေလေ၊ ပတိတ၊ ပိဋ္ဌပိဏ္ဍိ ဝိယ၊ ပဋ္ဋပဋ္ဋယမာနာ၊ ဝိလီယန္တိ၊ ဇေံသီတေနရုပ္ပနံ။) ဝိဘင်းအဋ္ဌကထာ။ နံပါတ်-၄၊ ကြောင်းရေ-၄ ဇံမူမှ။ ။လောကန္တရိက် ငရဲထဲသို့ကျကြသော်။ စင်စစ်ခါးလုသော။ ရေဖြင့်၊ အပေါ်အရေများပြတ်ခြင်း၊ အကြောများပြတ်ခြင်း အသားများ ပြတ်ခြင်း၊ အရိုးများ ပြတ်ခြင်း

ကွဲအက်ပေါက်ပြန် ပျက်စီးခြင်းတို့ဖြင့် ရုပ်များပေါက်ပြန် ရသည်။ ဤဥပမာလိုပင် လောလောပူသော ဆီထဲ၌ ကျ ရောက်လာသော မုန့်ညက် အစိုင်ဟာလဲ ဖျစ်ဖျစ်မြည်၍ကျေမွ ပျက်စီးရသည်။ အဲဒါ အကြောင့် ရုပ်များ ပျက်စီးရပုံ တည်း။

(၁၀) သတိ သမာဓိ ပညာကြောင့် ဓါတ်ပေါ်ပုံ ၃-မျိုးတွေ့ကြရမည်။x တရားတော်ဂုဏ် ခြောက်ပါးနှင့် ပေါ်ပုံတွေ့ကြရမည်။x တဆဲ့လေးချက် ဓမ္မစက်နှင့်ပေါ်ပုံ တွေ့ကြရမည်။x သာသနာ့အံ့ဩဘွယ် ရှစ်ပါးနှင့်ပေါ်ပုံ တွေ့ကြရမည်။(၆-၂-၃-၃-၄-၇-၃၇-၁၆-၄-၄-နိ။)တက် လမ်းစဉ်အတိုင်း ဓါတ်ပေါ် ရုပ်နာမ်ပေါ်၊ လက္ခဏာရေး ၃-ပါးပေါ်၊ ပရိညာ ၃-ပါးပေါ်၊ သစ္စာ ၄-ပါးပေါ် ဝိသုဒ္ဓိ ၇-ပါးပေါ်၊ ဗောဓိပက္ခိယ ၃၇-ပါးပေါ်၊ ဉာဏ်စဉ် ၁၆-ပါးနှင့်ပေါ်၊ မဂ်၄-ပါးပေါ်၊ ဖိုလ် ၄ ပါးပေါ်၊ နိဗ္ဗာန်ပေါ်ကြ၍ မျက်မှောက်ပြုရမည်။

(၁၁) နား ၂-ဖက်ပိတ်၍ နား ထောင် သော် စတု သမုဋ္ဌာန် ရုပ်တရားတွေ့မည်။ ။နား ၂-ဖက်ပိတ်၍ နား ထောင်သျှင် တစုံးဝုံးနှင့်ဝါယောရုပ်ကလာပ်များကို တွေ့ရ သည်။ တရှိရှိနှင့် တေဇော ရုပ်ကလာပ်များကို တွေ့ရ သည်။ တညှင်းညှင်းနှင့် အာပေါရုပ်ကလာပ်များကို တွေ့ရ သည်၊ တဒုဒုနှင့်ပထဝီကလာပ်များကို တွေ့ရသည်။၎င်းစတု ဇရုပ်ကလာပ်တွေဟာ မမြဲခြင်း။ အနိစ္စ၊ သေသေခြင်းဒုက္ခ၊

တားမရခြင်း အနတ္တရုပ်ကလာပ်တွေကို မျက်မှောက်ပြုရသည်၊ XX[စတုသမုဋ္ဌာနိကရူပ ကလာပသန္တတိကာမလောကေ၊ ဒီပဇာလာဝိယ၊ နဒီသောတောဝိယစ၊ ယာဝတာယုကံ အဗ္ဗောဆိန္နာပာတ္တတိ။] သင်္ဂြိုဟ်ရုပ်ပိုင်း ရူပပဝတ္တိကမ်မှ။

(၁၂) (ယထာပုပ္ဗုဠကံပသော။) ရေပွက်ပမာ၊ တရွရွ တမွမွ တကြွကြွ၊ တပွပွ၊ တထထနှင့် မျက်မှောက်ပြုရသည်။ အဲဒါကိုတွေ့တော့ သေမင်း၏နယ်မှလွတ်ပါပြီ။ကျွတ်ပါပြီ၊ ထွက်မြောက်ပါပြီဟု ယုံကြည်ကြပါတော့။

(၁၃) (ယထာပသော မရီစိကံ။) တံလျှပ်ပမာ တရိပ်ရိပ်နှင့် တရှိန်ရှိန်နှင့် တရှိန်းရှိန်းနှင့်၊ တဖြိုးဖြိုးနှင့် တဖြင်းဖြင်းနှင့် တသိမ့်သိမ့်နှင့် တလှုပ်လှုပ်နှင့် တွေ့ရ ရှုကြရသည်။ အဲသည့်အခါမှာ သေမင်း၏နယ်မှ ကျွတ်ပြီ လွတ်ပြီ ထွက်မြောက်ပြီတဲ့။

(၁၄) [တတ္တကပလ္လေ ပက္ခိတ္တတိလာဝိယ၊ တဋတဋာယန္တာ၊ ပဋပဋ၊ သိုသို၊ ဩမိဩမိ၊ ဘိဇ္ဇန္တိ၊ စေံအနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ။] ဝိသုဒ္ဓိမဂ်ဂ် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၂-ကျမ်းမှ။ ။ဥပမာ၊အလွန်ပူလှသော အိုးကင်းထဲသို့။ ဝါ၊ မီးမယ်ဖြူခွက်ထဲသို့ နှမ်းများကို ထည့်တော့ တဖြောက်ဖြောက်၊ တဖျစ်ဖျစ် မြိုမြိုးတော့ ပျက်ကြတာလို၊ အဆစ်အဆစ်နှင့်ပျက်ကြတာလို၊ အစပ်စပ်နှင့်ပျက်ကြတာလို အပိုင်းအပိုင်းနှင့် ပျက်ကြတာလို ခန္ဓာကိုယ်၌ သင်္ကါထားတော့

သမာဓိရတော့ ဒါမျိုးတွေကိုတွေ့ရ ရှုပွါးရသည်။အဲဒါတွေဟာ အနိစ္စတွေပေါ့၊ ဒုက္ခတွေပေါ့၊ အနတ္တတွေပေါ့။

(၁၅) နိဗ္ဗိန္ဒဆရာတော်ရေးစာအုပ် (သင်္ခါသုံးပါးပြရာကျမ်းစာ။)၈၄၊ ၈၅၊ ၈၆၊ ၈၇၊အထိ ရှင်းများကိုကိုယ်တွေ့မျက်မြင်နှင့် တွေ့ကြရပုံ၊ ရှုကြရပုံကို ပြထားပါသေးသည်။ ရှင်းကျမ်း ၈၄၊ ၈၅၊ ၈၆၊ ၈၇ မျက်နှာ၌ ပေါ်ပုံ တွေ့ရပုံကို ကြည့်ကြပါလေ။)

(၁၆) ဝိပဿနာစိတ်များဟာ နိဗ္ဗာန်သို့ ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်း စီးဝင်ခြင်းပြုကြပုံ။ ပါဠိသာဓကစုံ (၁၇)(၁၈)နှင့်သေသေ ချာချာ ရေရေ ယာယာ နေရာတကြပြပါမည်။ (က)ရေတော်မြစ်ရေများဟာ သမုဒ္ဒရာဘက်သို့စီးဝင်နေသလို ဝိပဿနာ စိတ်များဟာလည်း၊ နိဗ္ဗာန်ဘက်သို့ အမြဲတမ်းစီးဝင် ညွတ် ကိုင်း ရှိုင်း၍သာနေသတဲ့။

(ခ) [ဝိပဿနာစိတ္တံ၊ တန္နိန္နံ၊ တပ္ပေါဏံ၊ တပ္ပဗ္ဘာရံ ကရောတိ။]သုတ်သီလက္ခန် အဋ္ဌကထာ၊ချစ်ဆွေမူ။ နံပါတ် ၁၇၈၊ ကြောင်းရေ-၁ မှယူပြသည်။

(ဂ) စတုဟိခေါ မဟာနာမ၊ ဓမ္မေဟိ၊ သမန္နာဂတော အရိယသာဝကော၊ နိဗ္ဗာနနိန္နော၊ နိဗ္ဗာနပေါဏော၊ နိဗ္ဗာနပဗ္ဘာရော။ (မဟာဝဂ္ဂသံယုတ် ပါဠိတော်။)

(ဃ) သေယျထာပိဘိက္ခဝေ၊ ပဉ္စမဟာနဒီယော၊ ဂင်္ဂါ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ၊ သဗ္ဗာတာ၊ သမုဒ္ဒနိန္နာ၊ သမုဒ္ဒပေါဏာ၊ သမုဒ္ဒပဗ္ဘာရာ၊ ဝေမေဝခေါဘိက္ခဝေ၊ အရိ

ယံ၊ အဋ္ဌင်္ဂိကံ၊ မဂ္ဂံ၊ ဘာဝေန္တော၊ ဗဟုလီကရောန္တော၊ နိဗ္ဗာန နိန္နော ဟောတိ၊ နိဗ္ဗာနပေါဏော၊ နိဗ္ဗာနပဗ္ဘာရော။ (မဟာ ဝဂ္ဂသံယုတ်ပါဠိတော်။)

(င) ပဋိသောတဂါမိံ နိပုဏံ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။ (ဝိ နည်းမဟာဝါ ပါဠိတော်။)

(စ) နိဗ္ဗာနပုရံ ပါပေသိ၊ ယာနတ္တယေန သော ဇိနော။ (ဇယမင်္ဂလာပါဠိ။)

(ဆ) သင်္ခတဒေါသဒဿနေန စ၊ တဗ္ဗိပရီတော နိဗ္ဗာနေ နိန္နတာယ ပက္ခန္ဒနတော။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ကြောင်းရေ-၁၀ ပေ ချုပ်မှ။)

(ဇ) ဝိပဿနာဟိ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေ ဟိ၊ ကိလေသေ ပရိစ္စဇ္ဇတိ၊ သင်္ခတဒေါသဒဿနေန စ၊ တဗ္ဗိပရီ တော၊ နိဗ္ဗာနေ၊ တံနိန္နတာယ၊ ပက္ခန္ဒတိတိ၊ ပရိစ္စာဂ၊ ပဋိ နိဿဂ္ဂေါစေဝ၊ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိ စ၊ ဝုစ္စတိ။ (ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ အာနာပါနဖွင့် နံပါတ်-၂၄၉ မှ။)

(ဈ) ရင်းပါဠိပင် (ပါရာဇိကဏ်အဋ္ဌကထာ နံပါတ် ၃၃၊ ကြောင်းရေ-၁၄ မှ။ (ဇ) နှင့် (ဈ) တူပါ၏။

(ည) နိဗ္ဗာနမာနသောတိ နိဗ္ဗာနနိန္နေစိတ္တော။ (မဟာ နိဒ္ဒေသအဋ္ဌကထာ နံပါတ် ၃၈၂၊ ကြောင်းရေ ၁၃၊ ဆဋ္ဌမူမှ။

(ဋ) သဗ္ဗသင်္ခါရဓါတုယာတိ နိဗ္ဗာနနိန္နမာနသော၊ (လ)တော်သန္တံတိ၊ တော်နိဗ္ဗာနံ၊ ကိလေသ သန္တတာယ၊

သန္တံ၊ အတပ္ပကဋ္ဌေန၊ ပဏီတံ။ (မဟာနိဒ္ဒေသအဋ္ဌကထာ နံပါတ်-၃၀၃၊ ကြောင်းရေ-၁ ဆင့်မှူ။

(၄) ပဟီဘတ္တောတိ၊တဿိံ ဝိသေသာဓိဂမေ၊ပေယိတ စိတ္တော၊ တတ္ထနိန္နောတပ္ပဗ္ဘာရော။ (သံယုတ်ဋ္ဌကထာ ဒုတိယ နံပါတ်-၁၇၉ ကြောင်းရေ-၇ ဆင့်မှူ။

(၃) ရူပနိရောဓေတိ၊ ရူပက္ခန္ဓဿ၊ နိရောဓဘူတေ နိဗ္ဗာ နေ၊ နိန္နဲ၊ ပေါဏာ၊ ပဗ္ဗာရဘာဝေန။ (သံယုတ်ဋ္ဌကထာ ပထမ နံပါတ်-၁၆၄၊ ကြောင်းရေ-၁၂ ဆင့်မှူ။

(၁) ကာယေစဇီဝိတေစ၊ အနပေက္ခတာယ၊ နိဗ္ဗာနံ ပေယိတစိတ္တော၊ တန္နိန္နော၊ တပ္ပေါဏော၊ တပ္ပဗ္ဘာရော။ (အင်္ဂုတ္တိုရ်ဋ္ဌကထာကြီး တတိယ နံပါတ်-၁၉၉၊ ကြောင်းရေ ၇ ဆင့်မှူ။)

(က) ယဿာဝိပဿနာ ဝုဋ္ဌာနဂါမိနီ၊ ဘာဝံ၊ ပါပု ဏန္တိ၊ နိန္နဲ၊ ပေါဏာ၊ ပဗ္ဗာရဘာဝေန ဂေါ်သတော နိဗ္ဗါန် ပက္ခန္ဒတီတိ (အင်္ဂုတ္တိုရ်ဋ္ဌကထာကြီး (ဒုတိယ) နံပါတ်-၂၃ဂ ကြောင်းရေ ၃၀ ဆင့်မှူ။)

(တ) သဗ္ဗာပဟိတတ္တော ဝိပဿနံ ဥဿုက္ကာပေတွာ ဒိဏ္ဍာသဝသမ္ပတ္တိ ပါပုဏိတုံ။ အင်္ဂုတ္တိုရ်ဋ္ဌကထာကြီး ဒုတိယ နံပါတ်-၁၁ဂ၊ ကြောင်းရေ-၁၅ ဆင့်မှူ။

(ထ) ဝိပဿနက္ခဏေ တန္နိန္နဘာဝေန၊ မဂ္ဂက္ခဏေ၊ အာရမ္မဏကရဏေန၊ (အင်္ဂုတ္တိုရ်ဋ္ဌကထာကြီး ဒုတိယ နံပါတ်-၁၁၊ ကြောင်းရေ-၃၊ ဆင့်မှူ။)

(ဒ) ယာဝအနုပါဒိသေသ နိဗ္ဗာနဓါတုယာ၊ အနိုင်ဋ္ဌ မာနော၊ သဝတိ၊သန္တတိတိသောတော။ (သံယုတ်ဋ္ဌိကာမှ။)

(ဓ) သောတသမ်ါတံ အရိယာမဂ္ဂံ၊ အာဒိတော၊ အာပန္နောတိ၊သောတာပန္နော။ (ဥဒါန်းအဋ္ဌကထာနံပါတ် ၂၇၇၊ကြောင်းရေ-၈ သုမူ။ (စူဠ၊မဇ္ဈိမ၊ မဟာထည့်၍သော တာပန် ၃-မျိုးပွါးလာသည်။)

(န) သောတံ၊ အရိယာမဂ္ဂံ၊ အာဒိတော၊ ပဇ္ဇိံသု ပါပုဏိံသုံဘိ၊ သောတာပန္နာ၊ စူဠာ သောတာပန္နာ၊ စူဠ သောတာပန္နာ။ (မဟာဝဂ္ဂသံယုတ်အဋ္ဌကထာမှ။)

[ယခုဖေါ်ပြသော (က) အစ (န) အဆုံး ၂၀-သော သာဓကတို့ဖြင့်ပြအပ်သော ဝိပဿနာ စိတ်များဟာ နိဗ္ဗာန် ဆီသို့သာလျှင် စီးဝင်ပုံ၊ ညွတ်ပုံ၊ ကိုင်းပုံ၊ ရှိုင်းပုံပြသည်။] (ကမ္ဘာကျော် မဟာခေါ်ရသော အာဋ္ဌာရ၊ ဥဒက၊ ဒေဝိလ ရသေ့ကြီးများနှင့် ၎င်းတို့ ရရှိထားကြသော ဝိဇ္ဇာ၊ အဘိ ညာဉ်၊ သမာပတ်၊ ချာန်ကိုးချာန်၊ မြေလျှိုး၊ မိုးပျံ၊ ဖြဟ္မာ ဘာ ကမ္ဘာပေါင်း (၈၄၀၀၀) ကြာကြာကြီး နေရခြင်း၊ ရှေးရှေးကမ္ဘာ ၄၀-ကိုပြန်၍မြင်စွမ်းနိုင်သောပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကြီး၊ နောက်နောင်ကမ္ဘာ ၄၀-ကို လှမ်း၍မြင် နိုင်သော အနာဂတံသ ဉာဏ်တော်ကြီးများဟာ ဝိပဿနာ ကဲ့သို့ အရာရာတိုင်း မလိုက်နိုင်၍၊ အစွမ်းမပြနိုင်၍ ပညတ် လောကီ သက်သက်မျှသာတည်း×ဝိပဿနာကစ၍ ပရမတ်

သက်သက် လောကုတ္တရာနယ်ကသာတည်းဟုဆိုးဖြတ်ကြပါ လေ။ ယှဉ်ပြိုင်၍ ကြည့်တိုင်းကြည့်တိုင်း၊ မိုးနဲ့မြေကြီးကဲ့ သို့ ကွာကွာနေပါတော့သတည်း) အမှာစာ။

## ဝိပဿနာကြောင့် ပဟာန်ငါးပါး ဝိမုတ္တိငါးပါးရကြပုံ

(၁) နာမရူပပရိစ္ဆေဒ ဘာဝိတတ္တာ၊ တဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒ၊ ပဋိပဿမ္ဘန၊ နိဿရဏ၊ ဝိမုတ္တိဟိ၊ ဝိမုတ္တော။ ။ (ပဋိပကြိုက်အဋ္ဌကထာ။ နံပါတ်-၂၆၅။ ကြောင်းရေ-၁။ နိဒ္ဒေသငါးပါး။)

(၂) ဝိမုတ္တန္တိ၊ တဒင်္ဂ၊ ဝိက္ခမ္ဘန၊ ဝိမုတ္တိဟိ၊ ဝိမုတ္တ၊ အဝိမုတ္တန္တိ၊ ဥဘယ၊ ဝိမုတ္တိရဟိတံ၊ သမုစ္ဆေဒ၊ ပဋိပဿဒ္ဓိ၊ နိဿရဏ၊ ဝိမုတ္တိနံ။ (ကေအင်္ဂုတ္တိုရ်ဋီကာကြီး နံပါတ်-၂၃၉ ကြောင်းရေ-၁။ ဆဋ္ဌမူမှ။)

(၃) တဒင်္ဂပ္ပဟာန၊ ဝိက္ခမ္ဘနပ္ပဟာန၊ သမုစ္ဆေဒပ္ပဟာန၊ ပဋိပဿဒ္ဓိပ္ပဟာန၊ နိဿရဏပ္ပဟာနဟူ၍ ပဟာန်ငါးပါး ဝိမုတ္တိငါးပါးပြသည်။ မာတိကာအဖွင့်၊ ကေအင်္ဂုတ္တိုရ်ဋီကာ ကြီး ပဌမ။ နံပါတ်-ဂ၂။ ကြောင်းရေ-၂၃။ ဆဋ္ဌမူမှ။

(၄) တဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒ၊ ပဋိပဿဒ္ဓိ၊ နိဿရဏ၊ သင်္ခါတာ၊ ပဥ္စဝိဓါဝိမုတ္တိ။ (ကေအင်္ဂုတ္တိုရ် ဋီကာကြီး နံပါတ်-၇၀။ ကြောင်းရေ-၁။ ဆဋ္ဌမူမှ။ ။ယခုပြသော သာဓကပါဠိ လေးပုဒ်ကိုထောက်၍ ဓါတ်တလုံးထဲ ကိုပင်

စောက်ချ၍ ရှုနေသော်။ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘန ပဟာန်၊ သမုစ္ဆေဒပဟာန်၊ ပဋိပဿဒ္ဓိပဟာန်၊ နိဿရဏပဟာန်၊ ဝါ ဝိမုတ္တိ၊ ဝါ၊ နိရောဓ ငါးပါးအထိ မြင့်တက်မည်၊ ရမည်ကိုပြသနေသည်။

## စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တွေ့ပုံ

(၁) မြင်ခြင်း၊ ကြားခြင်းနှင့် ခန္ဓာထဲမှပေါ်တာ စိတ်နာမ်၊ ၎င်းမရှိခြင်းနိဗ္ဗာန်။

(၂) သတိ၊ သဒ္ဓါနှင့် ခန္ဓာထဲမှ ပေါ်တာ စေတသိက်နာမ်၊ ၎င်းမရှိခြင်းနိဗ္ဗာန်။

(၃) ပူ၊ တင်းတောင့် ခန္ဓာထဲမှပေါ်တာ ရုပ်တရား၊ ၎င်းမရှိတာနိဗ္ဗာန်။

ဥပမာနှင့်ပြမည်။ [ယထာဝါလုမ၊ ပုရိသော၊ တာရကရူပါနိ၊ ပဿေယျ၊ နောစ၊ ဂဏနသင်္ကေတေန၊ ဇာနေယျ] နေတ္တိပါဠိတော်။ နံပါတ်-၁၅။ ကြောင်းရေ-၁၀။ မှ။ ။ ကောင်းကင်မှာ ကြယ်တွေ၊ တာရာတွေ၊ နက္ခတ်တွေ၊ ဂြိုဟ်တွေဟာ သူ၏သဘာဝ အတိုင်း ရှိရှိနေကြပါတယ်။ ရှိ၍နေပေမဲ့ ဆီးနှင်း၊ မြူတိမ်၊ သူရိန်၊ မီးခိုးဆိုတဲ့ အညစ်မျိုး ငါးပါးက ဖုံးထား၊ ဝှက်ထား၊ ပိတ်ထား၊ ကာဆီးထားသောကြောင့် မြေပြင်မှာရှိနေကြတဲ့ ယောကျ်ားမိမ္မတွေကမမြင်ကြရပါ။ (မမြင်ရတာဟာမရှိလို့ကားမဟုတ်ပါ) ရှိနေကြပါ၏။ ရှိနေကြပေမဲ့ အညစ်အကြေးငါးမျိုးက ဖုံးဝှက်ပိတ်ကာပြီးထားလို့ပါ။ ဝိပဿနာဆိုတဲ့ လေနိကြန်း၊ လေမုန်

တိုင်းဖြင့် တိုက်ခပ်၍ လှုင့်စေသောအခါ ကြယ်တွေ၊ တာရာတွေ၊ နက္ခတ်တွေ၊ ဂြိုဟ်တွေကို မြင်ကြရမည် မျက်မှောက်ပြုကြရမည်။ အဲဒါဥပမာပါဘဲ။ ဤဥပမာလို ခန္ဓာကိုယ်မှာလဲ ဓါတ် ၄-ပါး၊ ပရမတ္တ ၄-ပါး၊ သစ္စာ ၄-ပါးတို့ဟာ ရှိ၍နေကြပါ၏။ ရှိ၍နေကြပေမဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ ဥဒ္ဓစ္စဆိုတဲ့ အညစ်အကြေးတွေက ဖုံးထား၊ ဝှက်ထား၊ ပိတ်ထား၊ ကာဆီးပြီးထားသဖြင့် ယောဂီများက မမြင်ကြရတာပါ။ ဝိပဿနာကို မနေမနား၊ မှန်မှန်ကန်ကန်၊ မလျော့မတင်း မဇ္ဈိမ၊ ပဋ္ဌပဒါကြကြဖြင့် အားထုတ်တော့ သတိလေနီကျန်း သမာဓိလေမုန်တိုင်း ထကြွလာပြီး ထိုထိုတဏှာမာန၊ဒိဋ္ဌိ၊ အဝိဇ္ဇာ၊ဥဒ္ဓစ္စဆိုတဲ့ တိမ်ထိုက်အညစ်အကြေးတို့ကို လွင့်စေ ပြေးစေသည်။ ထိုအခါမှာ မြင်တာ သိတာကား စိတ်တရားဘဲ။ ×× လောဘ ဒေါသ၊ မောဟ၊ သတိ၊ သဒ္ဓါ တို့ကတော့ စေတသိက်တရားဘဲ။ × ပူလှုပ်ရှား စသည်တို့ကား ရုပ်တရားပါဘဲ။ × ၎င်းစိတ် စေ သိက် ရုပ်တရားတို့ဟာ အကြောင်း အကျိုးပြတ်၍ ချု ခြင်းကား နိဗ္ဗာန်ပါဘဲဟု မျက်မှောက်ပြုရတော့သည်။ (အနက်ကား) ဣဓ၊ ဤလောက၌။ ပုရိသော၊ ယောကျ်ားသည်။ တာရကရူပါနိ၊ ကြယ်တာရာတို့ကို။ ပဿယ ယထာ၊ မြင်ရ သကဲ့သို့၎င်း။ ဂဏန၊ သင်္ကေတေန၊ ဂဏန်းအရေအတွက်အားဖြင့်၊ နေ့ဝစ ဇာနေယျယထာ၊မသိနိုင်တကဲ့သို့။ဟောတိ၊ ဖြစ်၍နေတော့၏။ ။အဲဒါ နေတ္တိပါဠိတော်၏ အလိုပါဘဲ။

[တထာ၊ ပုရိသဿ၊ တာရကရူပါနိ၊ ပဿန္တဿာပိ၊ ဧတ္တကာနိသတာနိ၊ ဧတ္တကာနိ၊ သဟဿာနီတိ၊ အာဒိနာ၊ ဂဏနံ အဇာနန္တံဝိယ၊ လောကဿရူပါဒိ အာရမ္မဏာနံ၊ ကထဉ္ဇာနန္တဿာပိ အနိစ္စလက္ခဏတ္တယာ၊ နစပေါဓေတိ။] နေတ္တိအဋ္ဌကထာ။ တထာ၊ ပုရိသဿ၊ ထိုကြယ်တွေကို မြင်သော ယောကျ်ားအား။ တာရကရူပါနိ၊ ကြယ်တာရာ တို့ကို။ ပဿန္တဿာပိ၊ မြင်ရပါသော်လည်း။ ဧတ္တကာနိသတာနိဝါ၊ ဤမျှဘရာတို့ဟူ၍၎င်း။ ဧတ္တကာနိသဟဿာနိဝါ၊ ဤမျှတထောင်တို့ဟူ၍၎င်း။ဣတိအာဒိနာ၊ဤသို့အစရှိသည်ဖြင့်။ ဂဏနံ၊အရေအတွက်ကို။အဇာနန္တံဝိယ၊မသိသကဲ့သို့။တထာ၊ ထို့အတူ။လောကဿ၊ လူ့နတ်ပြဟ္မာအား။ ရူပါဒိအာရမ္မဏာနံ၊ ရူပါရုံအစရှိသော ရူပါရုံတို့အား။ ကထဉ္စ၊ အဘယ်သို့လျှင်။ဇာနန္တဿာပိ၊ သိပါသော်လည်း။ အနိစ္စလက္ခဏတ္တယာ၊ အနိစ္စလက္ခဏာရေး ၃-ပါးတို့ကို။ နစပေါဓေတိ၊ မသိနိုင်ကြတော့ပေ။[စက္ခုမာပုရိသော အကာသေ တာရကာနိ၊ပဿေယျ၊ဂဏန သင်္ကေတေန၊ ဧတ္တကာနီတိ၊ နောစဇာနေယျ။]နေတ္တိဝိဘာဝနီ ဋီကာကြီး။ ။စက္ခုမာ၊ မျက်စိအမြင်ရှိနေသော။ ပုရိသော၊ ယောကျ်ားသည်။ အာကာသေ။ ကောင်းကင်၌။ တာရကာနိ၊ ကြယ်တာရာတို့ကို။ ပဿေယျ၊ မြင်ရာ၏။ ဂဏနသင်္ကေတေန၊ အရေအတွက်။ သင်္ကေတဖြင့်။ဧတ္တကာနီတိ ဤမျှတို့ဟူ၍။ နောစဇာနေယျ မသိနိုင်ရာ။

(ယခုပြတဲ့ ပါဠိတော် အဋ္ဌကထာ ဋီကာ ပြဖြင့် သိလောက်ပါပြီ။

မကျေနပ်သေးလျှင် ဆောင်းတွင်းကာလ၌ တံမျက်လှဲသော် တက်နေသော မြူမှုံအသခ်ျကို မြင်ကြရ၏။ ဘယ်၍ဘယ်မျှဟု အတိအကြ မသိကြရပါ။ မမြင်လို့ မဟုတ်ပါ။ လဘက်ရည်အိုးမှ အငွေ့တွေကိုရင်း။ ကောက်ရိုးပုံ မီးလောင်ရာမှအငွေ့တွေကိုရင်း။ မီးထွန်းတော့ မီးတောက်၏။အပေါ်မှအငွေ့တွေကိုရင်း။မြင်ကြရပေမဲ့အရေအတွက်ကိုမူကား မသိနိုင်ကြပါ။ မမြင်လို့လဲမဟုတ်ပါ၊ ဒီနည်းပါဘဲ။ [ဉာဏစာဝိရေး ကုဋ္ဌေတသိန်း တွေ့ရပုံကျမ်း၌ နည်းမျိုးစုံ (၄၀) နှင့်ပြထားပြီးပါပြီ။]

## (ဝိပဿနာရှုပွါးပုံ ပရမတ်တွေ့ရပုံ ဥပမာ)

**[သဲရုပ်ကြီး ဥပမာ]** ဥပမာပြရသော် လူ၏ ခန္ဓာကိုယ်လောက်သဲတွေကိုစုပြီး လူရုပ်ထုထား၏။ထိုလူရုပ်၏အတွင်း၌၊ သဲကလာပ်တွေ တလုံးစီ တလုံးစီနှင့် မရောမနှောကြဘဲ သူ့သဲနှင့်သူနေကြရပေ၏။အကြားဆိုတဲ့ အာကာသလည်း သူ့အကြားနှင့်သူသဲရှိနေပေ၏။ ဤသဲရုပ်ကြီးကို ဝိပဿနာသဘောဖြင့် ရှုပွါးသော် ဥက္ကောင်းနေရာ၌လည်း သဲကလာပ်တွေနှင့် အာကာသခြားလျက်ပင် တွေ့ကြရ၏။ လယ်ပင်းနေရာ၌ ရင်နေရာ၌ ကြောနေရာ၌ လက်၂-ဖက်နေရာ၌ ပေါင် ၂-ဖက်နေရာ၌ ခြေ ၂-ဖက်နေရာ၌ သဲကလာပ်တွေ

ဟာ အာကာသ ခြားလျက်ရှိနေကြ၏။ ၎င်းအတိုင်းဘဲတွေ့နေရကြ၏။ တကိုယ်လုံးလည်း သဲကလာပ်တွေနှင့် အာကာသတွေ ခြားနားလျက်ရှိပေ၏။ ၎င်းအတိုင်းလဲတွေ့ရပေ၏။ ဤလိုတွေ့မှသာ (အရှိသဘောနှင့် အတွေ့သဘော) ညီမျှ၍ ယထာဘူတဉာဏ်၊ သမ္မာဒဿနဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်၊ ဝိပဿနာဉာဏ်ဟု ဆိုအပ်ပါသည်။ (၁) ဤခန္ဓာ ကိုယ်ကြီးကား သဲရုပ်နှင့်တူ၏။ (၂) သဲတွေကား ကလာပ်တွေနှင့် တူ၏။ (၃) အကြားတွေကား အာကာသတွေနှင့်တူ၏။ (၄) လင်မနစ်ပုလင်းအတွင်း၌ အရည်များ ဆူပွက်နေခြင်းကား အနိစ္စ ဒုက္ခ အနတ္တ ကုဋေတသိန်း ဖြစ်ပျက်တွေနှင့် တူ၏။ အဲဒါဝိပဿနာ ရှုပွါးပုံ တွေ့ရပုံ ဥပမာတည်း။ ခန္ဓာထဲက ဒီပုံနဲ့ တွေ့ကြသည်။ [လူတိုင်း လူတိုင်းရှုနိုင်သော အတွေ့ အလွယ်ဆုံးနည်းလမ်းပြချက်။]

(၁) နံနက် ၆-နာရီက ညနေ ၆-နာရီအထိ မိမိခန္ဓာကိုယ်၌။ သတိ သမာဓိနှင့် ရှုနေပါမူ။ ခန္ဓာကိုယ်ထဲမှ အသားထဲမှ၊ ပူရုပ်၊ ဧရုပ်၊ ကြင်ရုပ်၊ ကိုက်ခဲရုပ်၊ တောင့်ရုပ်၊ တင်းရုပ်၊ လှုပ်ရုပ်၊ ရှားရုပ်၊ ရွရုပ်၊ မွရုပ်၊ ပွရုပ်၊ ကြွရုပ်၊ ဖြန်းဖြန်းရုပ် ဖြိုးဖြိုးရုပ်၊ ဖြင်းဖြင်းရုပ်၊ ရှိန်းရှိန်းရုပ်၊ တသုတ်သုတ်ရုပ် စသော ရုပ်သဘောတွေ (ဓါတ်တရားတွေကို) တွေ့ကြရမည်။ တခုနဲ့တခုလဲမရောကြပါ။ (အာကာကပေါ့)တခြားစီပေါ့။ ၎င်းဘို့ဟာ ဖြစ်လိုက် ပျက်လိုက်နှင့်အနတ္တသဘောနဲ့ တွေ့ရကြသည်။ (အဲဒါပရမတ်ရုပ်တွေကို တွေ့ရပုံတည်း။)

ဒိဋ္ဌိကွာပုံကား ငင်းရုပ်သဘောတွေသာ အမှန်တွေ့ရသည်။ [အမှားဖြစ်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူနတ်ဗြဟ္မာ၊ ငါသူ စသောဒိဋ္ဌိအမှားတွေဟာ ၂၀၊ ၂၆၊ ၁၅၊ ၅၊ ၂၅၆၊ ၃၂၊ ၄၂၊ ၆၆၊ ၉၆ တို့မပါတော့ပါ ဒိဋ္ဌိတွေ ကွာသွားပါပြီ။ အဲဒါဟာ ရုပ်ပရမတ်တွေ့သဖြင့် ဒိဋ္ဌိအမျိုးကွာပုံ၊ ဒိဋ္ဌိစင်ကြယ် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံပြသည်။

(၂) နံနက် ၆-နာရီမှ ညနေ ၆-နာရီအထိ မိမိခန္ဓာကိုယ်ထဲ၌ သတိ၊ သမာဓိနှင့် ရှုနေပါမူ ခန္ဓာကိုယ်ထဲမှ မြင်စိတ်တွေ၊ ကြားစိတ်တွေ၊ နံစိတ်တွေ၊ လျက်စိတ်တွေ၊ ထိသိစိတ်တွေ၊ ကြံသိစိတ်တွေဟာ သဘော သက်သက်နဲ့ တွေ့ရသည်။ အထယ်မပါ၊ ဒြပ်မပါ၊ ပုံစံမပါ၊ သဏ္ဍာန်မပါ သဘောမျှသာ (ဓါတ်တရားသာ) တွေ့ရသည်။ အဲဒါ ပရမတ်ဖြစ်သော စိတ်နာမ်ကိုတွေ့ရပုံပါဘဲ။ အမှန်တွေ့ရပြီ၊ ယထာဘူတဉာဏ်ရပြီ၊ သမ္မာဒဿနရပြီ၊ သမ္မာဒိဋ္ဌိရပြီ၊ အရိယာအမြင်ရပြီ။ ဒိဋ္ဌိကွာပုံကား ငါမပါ၊ သူမပါ၊ လူမပါ၊ နတ်မပါ၊ ဗြဟ္မာမပါ၊ ပုဂ္ဂိုလ်မပါ၊ သတ္တဝါမပါ၊ ယောကျ်ားမပါ၊ မိန်းမမပါ၊ အထယ်မပါ၊ ဒြပ်မပါ၊ ပုံစံမပါ၊ သဏ္ဍာန်မပါ၊ ဘယ်နာမည်မှမပါ၊ ဒိဋ္ဌိကွာပါပြီ၊ ဒိဋ္ဌိစင်ကြယ်ပါပြီ၊ ဒိဋ္ဌိဝိသုဒ္ဓိရနေပါပြီ။ (၂၀၊ ၂၆၊ ၁၅၊ ၅။ ၂၅၆၊ ၃၂၊ ၄၂၊ ၆၆၊ ၉၆) ဒိဋ္ဌိအားလုံးကွာပါပြီ။

(၃) နံနက် ၆-နာရီမှ ညနေ ၆-နာရီအထိ မိမိ၏ ခန္ဓာ

ကိုယ်ထဲ၌ သတိသမာဓိနှင့်ရှုနေပါမူ။ ခန္ဓာကိုယ်ထဲက သဒ္ဓါ ယုံကြည်ခြင်း။သတိထားခြင်း။ ဝီရိယရှိခြင်းလောဘလိုချင်ခြင်း။ ဒေါသ ပြစ်မှားခြင်း။ မောဟတွေဝေခြင်း။ ဣဿာ မနာလိုခြင်း။မစ္ဆရိယနမျှောဝန်တိုခြင်း။ထိနမိဒ္ဓငိုက်မြိုးခြင်း အလသ ပျင်းရိခြင်း။ ဝိစိကိစ္ဆာ ယုံမှားခြင်း။ ကရုဏာ သနားခြင်း။ မေတ္တာ ချစ်ခြင်း။ ဝေဒနာ ခံစားခြင်း။ ဖဿ တွေ့ထိခြင်း။ သညာ မှတ်သားခြင်း။ ပညာ ဆုံးဖြတ်သိခြင်း အစရှိသော စေတသိက်နယ်ထဲက နာမ်တွေဟာ တခုနဲ့တခု မရောဘဲ မနှောဘဲ အကာသခြား၍၊ ခြား၍ တပါးစီ၊ သဘောတခုစီနှင့်တွေ့ရပါတယ်။ အဲဒါ စေတသိက်ပရမတ်ကို တွေ့ရပုံတည်း။ [ဒိဋ္ဌိကွာပုံမှာ ၎င်းသဘောမျှသာရှိ၍ ငါမ ပါ၊ သူမပါ၊ လူမပါ၊ နတ်မပါ၊ ဗြဟ္မာမပါ၊ မိမ္မမပါ၊ ယောကျ်ားမပါ၊ ပုဂ္ဂိုလ်မပါ။ သတ္တဝါမပါ။ အထယ်မပါ ဒြပ်မပါ။ ပုံစံမပါ။ သဏ္ဍာန်မပါ၍ အမှားဒိဋ္ဌိကွာ သွားပါပြီ။ ဒိဋ္ဌိစင်ကြယ်ပါပြီ။ ဒိဋ္ဌိဝိသုဒ္ဓိရသွားပါပြီ] ၁-၂-၃ ထဲက တခုခုတွေ့၍ဒိဋ္ဌိကွာလျှင် ဝါ၊ ဒိဋ္ဌိဝိသုဒ္ဓိကိုရလျှင် ပဌမ စူဠသောတာပန်ဖြစ်နေပါပြီ။

သေိဉ် ရုပ်က အကြောင်းဘဲ သိနာမ်က အကျိုးဘဲဟု သိလျှင် ပစ္စယပရိဂ္ဂဟဉာဏ်ကိုရ၍ ဒုတိယ စူဠသောတာပန် ဖြစ်ပြန်တူ။ ဝါ၊ သေိဉ် ကေပဋိစ္စပါဘဲ သိကသမ္ဘူပါဘဲ ဟု ကဲ့ပြား၍သိလျှင် ဒုတိယ စူဠသောတာပန် ဖြစ်ပြန်၏။ ဝါ၊ ကေ ပဒဋ္ဌာန်ပါဘဲ သိက ပစ္စုပဋ္ဌာန်ပါဘဲဟု ခွဲနိုင်ပါ

လျှင် ဒုတိယ စူဠသောတာပန်ဖြစ်ပြန်၏။ ဝါ၊ ကေ ဟေတု ပါဘဲ သိက ပစ္စယောပါဘဲဟု ခွဲခြားသိလျှင် ဒုတိယ စူဠ သောတာပန် ဖြစ်တော့၏။ စူဠ သောတာပန် ဖြစ်ခဲ့သော် [ဣလမိနာပနဉာဏေန၊ သမ္ပန္နာဂတော၊ အရိယသာဝကော၊ ဗုဒ္ဓသာသနေ၊ လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော၊ နိယတဂတိ ကော၊ စူဠသောတာပန္နောနာမ]ဆိုတဲ့ သီလက္ခ အဋ္ဌကထာ မှ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ။ အဘိဓမ္မာဝတာရ အဋ္ဌကထာမှ။ ဝိဘင်းအဋ္ဌကထာမှပါဠိအတိုင်း ၂၇-ဘုံ၌ သုဂတိမြဲသွားပါ ပြီ၊ သက်သာယာရပါပြီ၊ ထောက်ရာ တည်ရာရပါပြီ၊ စူဠ သောတာပန်ရပါပြီ။ ပုထုဇဉ်သို့ ပြန်၍ မလှည့်တော့ပါ၊ တက်ဘက်သွားနေပါပြီဟူလို။ ။

# ရှေးဦးမဂ်တရား

## (၁) သုညတော လောကံ ရှုပွါးပြန် ကေန်နိဒ္ဒုတာ

၁၃၂၇-ခုနှစ်၊ ဝါဆိုလဆုပ် ၆-ရက်၊ ကွမ်သဲရွာ
ဉာဏစာ၌ ရေးသည်။

| (၁) | (၂) |
|---|---|
| (၃၁)ဘုံမှ | ၃၁-ဘုံမှ |
| အတ္တ | အနတ္တ |
| သာသနာပ | သာသနာတွင်း |

မြတ်စွာဘုရား မပွင့်မီ ၃၁ ဘုံမှာ အတ္တဒါက လွှမ်း မိုး၍ နေပါသည်။ မြတ်စွာ ဘုရားများ ပွင့်လာတော့

ဓါတ်ကိုအရှုခိုင်းသဖြင့် ဓါတ်သဘာဝပိုင်နိုင်၍။အနတ္တဝါဒက လွှမ်းမိုးပြန်သည်။

သုညတော လောကံ အဝေက္ခဿု
မောဃရာဇ သဒါသတော
အတ္တာနုဒိဋ္ဌိံ ဉဟစ္စ
ဧဝံမစ္စုတရေသိယာ
ဧဝံ လောကံ အဝေက္ခန္တံ
မစ္စုရာဇာန ပဿတိ။

ပဌမ ဂါထာကား သုတ္တနိပါတ်ပါဠိတော်မှ။ ဒုတိယဂါထာကား ဓမ္မပဒ ပါဠိတော်မှ။ ပဌမ ဂါထာ၌ (သုညတော)တဲ့ငါမရှိ၊သူမရှိ လူမရှိ၊ နတ်မရှိ ဗြဟ္မာမရှိ သတ္တဝါမရှိ အထည်မရှိ ဒြပ်မရှိ ပုံစံမရှိ၊ သဏ္ဌာန်မရှိဘဲ သုဉ်းအောင်၊ ဆိတ်အောင်၊ ကင်းအောင် ဓါတ်တရား ကလာပ်တရား ပရမတ်တရားကိုသာ ရှုရှုနေကြပါ။ ဓါတ်ဟာ သုညတောပါဘဲ။ ဘာ့ကြောင့်လဲ ငါသူလူနတ်မှ ဆိတ်သုဉ်းလို့ပါ။ အဲဒါ ဒိဋ္ဌိကွာ၊ ဝိစိကွာ၍ အပါယ်တံခါးပိတ်သွားပါပြီ။

ယထာပုဗ္ဗုဠကံပဿေ။
ယထာပဿေ၊ မရီစိကံ။
ဧဝံလောကံအဝေက္ခန္တံ။
မစ္စုရာဇာနပဿတိ။

(၂) (လောကံ) တဲ့ လောက ဆိုတာ ဖြစ်ပျက် တရား ပါဘဲ။ ဖြစ်ပျက် ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘဲ။ရင်းလက္ခဏာရေး ၃-ပါးတွေ့လျှင် နိဗ္ဗာန်သို့ သွားနေပါပြီ။....ဒီ ၂-ခုဟာ လိုရင်းအချုပ်ပါဘဲ။ရပ်စကားနဲ့ပြောရလျှင် ချစ်သားမောဃရာဇ၊(သုညတော)အရ ဓါတ်ကိုသာ နာနာကြီးရှုနေပါ....

(လောကံ)အရ၊ အနိစ္စ ဒုက္ခ အနတ္တကို ဒုတိယ ရှုရှုနေပါ။ ဒီပုံရှုလျှင် သင်္ခေမာဃရာဇာဟာ အတ္တာနုဒိဋ္ဌိကိုပယ်နိုင်ပါပြီ။ သေမင်း၏ နိုင်ငံမှ သင်ဟာလွတ်ပါပြီ။ဒီပုံ (သုညတောနှင့် လောကံ။)ကို ရှု၍နေပါလျှင် သေမင်းဟာ သင့်ကိုမမြင် ရတော့ဘူး။ ၃၁-ဘုံမှ သင်ဟာလွတ်ပြီဟု ဘုရားဟောပါ သည်။ ရေပွက်ကဲ့သို့မြင်ရ တံလျှပ်ကဲ့သို့မြင်ရလျှင် သေမင်း မမြင်တော့ဘူးတဲ့။

(အဲဒါ ၂-ဂါထာ၏လိုရင်းအချုပ်ပါဘဲ။)

## (၂) သင်္ခတာ သင်္ခတ ရှုနေကြမှ ချနိဗ္ဗာတာ

[ဒွေဓါတုယော သင်္ခတဓါတုစ အသင်္ခတဓါတုစ။]ဒုက နိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။ (အနက်ကား) သင်္ခတဓါတုစ စိတ် စေတသိက် ရုပ်ဆိုတဲ့ သင်္ခတဓါတ်တရားကိုရင်း။အသင်္ခ တဓါတုစ၊ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတ ဓါတ်တရားကိုရင်း။ဣတိ ဤသို့။ဓါတုယော၊ ဓါတ်တရားတို့သည်၊ ဒွေ ၂-ပါးတို့ပင် တည်း။




မိမိ၏ ခန္ဓာကိုယ်၌ သတိထား တော့ ခန္ဓာကိုယ်ထဲမှ ပေါ်ပေါ် ရုပ်တရားပါဘဲ ကြိုသတိထားရှု စေတသိက် တရားပါ ဘဲ။ ကြိုသိတာ စိတ်တရားပါဘဲ။ ၎င်း (ဧ တိ သိ) ၃-ပါး၌၊ ငါမရှိ၊ သူမရှိ၊ လူမရှိ၊ နတ်မရှိ၊ ပြဟ္မာမရှိဘဲ။ အမှားတွေ ချုပ်ငြိမ်းခြင်းက

နိရောဓနိဗ္ဗာန်ပါဘဲ။ အဲဒါဟာ (ပရမတ္ထတရား ၄-ပါး တွေ့နေရပုံပြသည်။) ၎င်းပရမတ္ထတရား ၄-ခါးထဲက စိတ် စေတသိက် ရုပ် ၃-မျိုးကား သင်္ခတဓါတ်ပါဘဲ။ နိဗ္ဗာန် ကား အသင်္ခတ ဓါတ်ပါဘဲ။စိတ် စေတသိက် ရုပ်ကို ရှုပွါး တော့လဲ နိဗ္ဗာန်ရပုံထုတ်ပြပါသည်။

## (၃) ဓါတ်ကိုလှလှ ရှုပါကြွဲ သုညတပြည်နိဗ္ဗာ

[ပထဝီဓါတုသုညာ အတ္တေနဝါ၊ အတ္တနိယေနဝါ။] မဟာဝေဒလ္လ သုတ်တော်မှ။ ။ပထဝီဓါတု၊ ပထဝီဓါတ် သည်။ အတ္တေနဝါ၊ အတ္တဒိဋ္ဌိ ၂၅၆-ပါးမှ၎င်း။ အတ္တနိယေ နဝါ၊အတ္တနိယတဏှာ (၁၀၈) ပါးမှ၎င်း။ သုညာ၊ ဆိတ်၏။ သုဉ်း၏။ ချုပ်ငြိမ်း၏။ (တောင့်တင်း ညောင်း ညာ။) စ သော ပထဝီဓါတ်သဘောကို ရှုလျှင်။ အတ္တဒိဋ္ဌိ ၂၅၆-ပါး ရော၊ အတ္တနိယတဏှာ(၁၀၈)ပါးရော ချုပ်၏၊ သင်္ခတရှု၊ အသင်္ခတနိဗ္ဗာန်ရပုံတည်း။

## (၄) ဓါတ်ကိုရှုမှ စဉ်တိုင်းရ အမတပြည်နိဗ္ဗာ

[သာဝကာပိ စတုန္နံ ဓါတူနံ ကေဒေသမေဝ၊ သမ္မသိ တွာ နိဗ္ဗာနံ ပါပုဏန္တိ။] မူလပဏ္ဏာသအဋ္ဌကထာ။ ဟိ၊ဓါတ် ကိုရှုရခြင်း၏အကျိုးကား။သာဝကာ ပကတိသာဝက၊မဟာ သာဝက၊ အဂ္ဂသာဝက ၃-မျိုးတို့သည်။ စတုန္နံ ဓါတူနံ၊ ဓါတ်ကြီး ၄-ပါးသဲက ကေ ဒေသ မေဝ တစိတ်တဒေသကို သာလျှင်။ သမ္မသိတွာ၊ သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။(၈-၂-၃-၃-၄-၅-၇-၃၇-၁၆

၄-၄-နိ။)ရောက်ပုံ။ ဓါတ်ကိုရှုတော့ ရှင်နာမ် ၂-ပါး၊ လက္ခဏာရေး ၃-ပါး၊ ပရိညာ ၃-ပါး၊ သစ္စာ ၄-ပါး၊ ခန္ဓာ ၅-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဗောဓိပက္ခိယ ၃၇-ပါး၊ ဉာဏ်စဉ် ၁၆-ပါး၊ မဂ် ၄-ပါး၊ ဖိုလ် ၄ ပါး၊ နိဗ္ဗာန်အထိ ဓါတ်က ပို့ဆောင်၍နေပါပြီ။ (ဓါရေတိတီဓါတု။) အရပြတာပါ။

## (၅) လောကဓါတု သဘောရှု ရောက်မှုနိဋ္ဌာတာ

| | | | | | |
|---|---|---|---|---|---|
| ထည့် | ရှိ | ရှာ | တွေ့ | ရှုပို့ | ရောက် |
| ဓ | ဓ | ဓ | ဓ | ဓ | ဓ |

[လောကဓါတုယော စူဠ လောကဓါတု၊ မဇ္ဈိမလောကဓါတု၊ မဟာ လောကဓါတု၊ အနန္တ လောကဓါတု။] အင်္ဂုတ္တိုရ်ပါဠိတော်မှ။ ။ဒါန, သီလ, သမထက ထည့်၍ထားတာဟာ ဓါတ်ပါဘဲ။ ရှိနေတာလဲ ဓါတ်ပါဘဲ။ ရှာရမှာလဲဓါတ်ပါဘဲ၊ တွေ့မှာလဲဓါတ်ပါဘဲ၊ ရှုရမှာလဲဓါတ်ပါဘဲ။ ပို့နေတာလဲဓါတ်ပါဘဲ။ (သင်္ခတဓါတ်ပြီး၏။) ရောက်ရာဌာနလဲ အသင်္ခဓါတ်ပါဘဲ ဟူလို။

## (၆) ဓါတ်ပုံအမှိုက် ဓါတ်မီးမျိုက် ချုပ်လိုက်ဓါတ်တွေပါ

[ဈာယေထဘိက္ခဝေ၊ ကိလေသေ၊ ဝိပဿနာအဂ္ဂိနာ။] ဈာနသံယုတ်ပါဠိတော်။ ဘိက္ခဝေ၊ ချစ်သားတို့။ ကိလေသေ ကိလေသာတို့ကို။ ဝိပဿနာ အဂ္ဂိနာ၊ ဝိပဿနာ မီးဖြင့်။ ဈာယေထ၊ ရှို့ပြစ်ကြပါကုန်လော့။

## (၇) ဓါတ်ကိုရှုကြံသုံးဂါဟ မုချ ချုပ်ငြိမ်းရာ

[ပထဝီဓါတု ယေဝေသာ နေတံမမ နေသောဟမသ္မိ၊ နေသောမေ အတ္တာတိ၊ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။] စတုက အင်္ဂုတ္တိုရ်ပါဠိတော်မှ။ ပထဝီဓါတ်မှာ နေတံမမ၊ ငါ့ဥစ္စာမရှိပါ။ နေသောဟမသ္မိ၊ ငါမင်းသား မဟုတ်ပါ။ နေသောမေအတ္တာ၊ ငါ့သဲမရှိပါ။ ဓါတ်ရှုလို့ တဏှာ မာန ဒိဋ္ဌိချုပ်ရသည်။

| | | |
|---|---|---|
| တဏှာချုပ်ပုံ | မာနချုပ်ပုံ | ဒိဋ္ဌိချုပ်ပုံ |
| နေတံမမ | နေသောဟမသ္မိ | နေသောမေ အတ္တာ |
| တဏှာပပဉ္စချုပ် | မာနပပဉ္စချုပ် | ဒိဋ္ဌိပပဉ္စချုပ် |

| | | |
|---|---|---|
| တဏှာ ဂါဟချုပ် | မာနဂါဟချုပ် | ဒိဋ္ဌိဂါဟချုပ် |
| တဏှာမညနာချုပ် | မာနမညနာချုပ် | ဒိဋ္ဌိမညနာချုပ် |

## (၈) လက္ခဏာ ၃-ပါး၊ ဓါတ်ရှုညား ဆောင်သွားနိဗ္ဗုတာ

ဓါတ်ရှု အနိစ္စ အ အ အ အ
လို့ ဒုက္ခ ဏိ ဏိ ဏိ ဏိ
အနတ္တ သုံ သုံ သုံ သုံ

[နိဗ္ဗာနပူရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။] ဓါတ်ရှုတော့ မမြဲခြင်း။ အနိစ္စတွေ့သည်။ အနိမိတ္တာနုပဿနာ။ အနိမိတ္တမဂ်၊ အနိမိတ္တဖိုလ် အနိမိတ္တနိဗ္ဗာန်ရောက်သည်၊ (၁) လမ်းပါဘဲ၊ ဓါတ်ကိုရှုတော့ ဖြစ်ပျက်ဒုက္ခတွေ့သည်။ အပ္ပဏိဟိတာနုပဿနာ၊ အပ္ပဏိဟိတ

မင်၊ အပ္ပဏိဟိတဖိုလ်၊ အပ္ပဏိဟိတနိဗ္ဗာန်ရောက်သည်။(၂) လမ်းပါဘဲ။ ဓါတ်ကိုရှုတော့ ဖြစ်ပျက် အစိုးမရတာ တွေ့သည်။ အနတ္တမို့ သုညတာနုပဿနာ၊ သုညတမင်၊ သုညတဖိုလ်၊ သုညတနိဗ္ဗာန်ရသည်။ (၃)လမ်းပါဘဲ။

## (၉) ဓါတ်ကိုရှုကြလေးသစ္စ
## လေးဝမင်ဖိုလ်ပါ

| | | | | |
|---|---|---|---|---|
| ပု | သော | က | နာ | န္တာ |
| ဒိဋ္ဌိ | ကာ | ကာ | ကျွန်ကိ | ဖလ |
| ဝိစိ | ဗျာ | ဗျာ | ကျံ အကု | နိရောဓ |
| သော | က | နာ | န္တာ | ပရိနိဗ္ဗာန် |
| ချုပ် | ချုပ် | ချုပ် | ချုပ် | |

(စတုသစ္စ ဝိနိမုတ္တော၊ ဓမ္မော နာမ နတ္ထိ။) အင္ဂဏာ ထာ အစား စားမှု။) တရားတခု ပေါ်လျှင် သစ္စာ ၄-ပါးနှဲ့ချည်းဘဲ။သစ္စာ ၄-ပါးမှ လွတ်ထာမရှိပါ။ (၁)ပုထုဇဉ်ဟာ ဓါတ်ကိုရှုတော့ ဓါတ်မီးလောင်၍ ဒိဋ္ဌိ ဝိစိ ချုပ်ရ၏။သောတာပန်တည်ရ၏။ပုထုဇဉ်ဘဝ ချုပ်ရ၏။ ဤဉ်ဓါတ်ကား ဒုက္ခသစ္စာပါ။ ဒိဋ္ဌိ ဝိစိ ပယ်တာကား သမုဒယသစ္စာပါ။ သောတာပတ္တိမဂ်ကား မဂ္ဂသစ္စာပါ။ ပုထုဇဉ်ဆိုင်ရာတွေ ချုပ်ခြင်းကား နိရောဓသစ္စာပါ။ (၂) သောတာပန်ဓါတ်ကိုရှုတော့ ကာမ ရာဂ ဗျာပါဒအကျွန်းစားကိုပယ်သည်။ သကဒါဂါမိဖြစ်လာသည်။ သောတာပန်

ချုပ်သွားသည်။ဤ၌ ဓါတ်ကား ဒုက္ခသစ္စာပါတဲ့။ ကာဗျာ အကျန်းစားပယ်ခြင်းကား သမုဒယသစ္စာပါတဲ့။ သကဒါဂါမိမဂ်ကား မဂ္ဂသစ္စာပါတဲ့။ သောတာပန် ဆိုင်ရာတွေ ချုပ်ငြိမ်းခြင်းကား နိရောဓသစ္စာပါတဲ့။ (၃)သကဒါဂါမ်သည်။ ဓါတ်ကိုရှုတော့ ကာမ ရာဂ ဗျာပါဒ အနုစားကို ပယ်သည်။ အနာဂါမ်ဖြစ်လာသည်။ သကဒါဂါမ် ဆိုင်ရာတွေချုပ်ငြိမ်းသွားသည်။ ဤ၌ ဓါတ်ကား ဒုက္ခသစ္စာပါတဲ့။ ကာဗျာ အနုစား ပက်ခြင်းကား သမုဒယ သစ္စာပါတဲ့။ အနာဂါမိမဂ်ကား မဂ္ဂသစ္စာပါတဲ့။သကဒါဂါမ်ဆိုင်ရာတွေ ချုပ်ငြိမ်းခြင်းကား နိရောဓသစ္စာပါတဲ့။ (၄) အနာဂါမ်သည်၊ ဓါတ်ကိုရှုတော့ ကျန်သော ကိလေသာ အကုသိုလ်ကိုပယ်သည်။ ရဟန္တာဖြစ်လာသည်။ အနာဂါမ်ဆိုင်ရာတွေ ချုပ်ငြိမ်းသွားသည်။ ဤ၌ ဓါတ်ကား ဒုက္ခသစ္စာ ပါတဲ့။ ကျန်သော ကိလေသာအကုသိုလ်ကိုပယ်ခြင်းကား သမုဒယသစ္စာပါတဲ့။အရဟတ္တမဂ်ကား မဂ္ဂသစ္စာပါတဲ့။ အနာဂါမ်ဆိုင်ရာတွေ ချုပ်ငြိမ်းခြင်းကား နိရောဓသစ္စာပါတဲ့။ (၅) ရဟန္တာသည်၊ဓါတ်ကိုရှုတော့ ဖလသမာပတ်ကို ဝင်စားနိုင်သည်။ ၎င်းပြင်နိရောဓသမာပတ်ကို ဝင်စားနိုင်သည်။ ၎င်းပြင် ပရိနိဗ္ဗာန်လဲ ပြုသွားနိုင်သည်။ ဤပုံစံ၌ ကောဓမ္မော ဧကာယနော ကောဂ္ဂတာနည်းဖြင့် သစ္စာ ၄-ပါး၊ ၄-ဆင့်ကို၎င်း၊မဂ် ၄-ဆင့်ကို၎င်း၊ဖိုလ် ၄-ဆင့်ကို၎င်း၊ နိဗ္ဗာန် ရှစ်ဆင့်ကို၎င်း။ပရိနိဗ္ဗာန်တဆင့်ကို၎င်း။ဓါတ်တလုံးထဲက ကျေးဇူး

ပြုနိုင်သည်။ (မဂ္ဂပစ္စယော) ဖြင့် ကျေးဇူးပြုပုံတည်း။ ဤဉာဏ်ပညာရှိတို့ ကွဲကွဲ ပြားပြား သိကြရန်မှာ မဂ် ၄-ပါးခဏ၊ ဖိုလ် ၄-ပါးခဏ၌၊ နိဗ္ဗာန်ကိုသာ အာရုံပြုကြသည်။ ရဟန္တာဖြစ်ပြီး၍ ဖလသမာပတ်၏နောက်၊ နိရောဓသမာပတ်၏နောက်၌ကား (ပရိနိဗ္ဗာန်)ဘဲဟု ကျမ်းဂန်တိုင်း ကပင်ပြပြနေကြသည်။ သို့ကြောင့် နိဗ္ဗာန်နှင့်ပရိနိဗ္ဗာန်ဟာ မတူကြပါပေ။ ။

## (၁၀) ကောဓမ္မာ ဘုရားဟော ချောမော နိဗ္ဗုတာ

| | | | | | |
|---|---|---|---|---|---|
| ၁ | ပ | မ | အ | ပ | ဘု |
| ပုံ | ဓ | ဓ | ဓ | ဓ | ဓ |
| စံ | ပု | ပု | ပု | ပု | ပု |
| ၂ | သ | က | နာ | ရ | ပရိ |
| ပုံ | ဓ | ဓ | ဓ | ဓ | ဓ |
| စံ | ပု | ပု | ပု | ပု | ပု |

[ကောဓမ္မာဘိက္ခဝေ၊ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။] ကေအင်္ဂုတ္တိုရ် ပါဠိတော်မှ။ ဘိက္ခဝေ၊ ချစ်သားတို့။ ကောဓမ္မော၊ ဓါတ်သဘောတခုသောတရားကို။ ဘာဝိတော၊ ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော်။ အဘိညာယ၊ သစ္စာ၄-တန်၊ ရုပ်နှင့်နာမ်ကို ကေန်ဒိဋ္ဌ၊ တွေ့သိရခြင်းငှါ။ သမ္ဗောဓါယ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ၄-ပါးစီအလို့ငှါ။ နိဗ္ဗာနာယ၊ နိဗ္ဗာန် ၂-ပါးအလို့ငှါ။ သံဝတ္တတိ၊ ကောင်းစွာ ဖြစ်ရတော့၏။

ဤပါဠိအရ ပြရပါမူ။ ပုထုဇဉ် ဓါတ်ကိုရှု ပကတိသာဝက ရဟန္တာဖြစ်၏။ ပုထုဇဉ်ဓါတ်ကိုရှု မဟာသာဝက ရဟန္တာ ဖြစ်ရ၏။ ပုထုဇဉ်ဓါတ်ကိုရှု အဂ္ဂသာဝက ရဟန္တာဖြစ်ရ၏။ ပုထုဇဉ်ဓါတ်ကိုရှု ပစ္စေကဗုဒ္ဓါဖြစ်ရ၏။ ပုထုဇဉ် ဓါတ်ကိုရှု ဘုရားကြီးဖြစ်ရ၏။ (ပါရမီသာကွဲ၏ တရားမကွဲပါ။)

(၂) ပုံစံ၌ ပုထုဇဉ်ဓါတ်ကိုရှု သောတာပန် ဖြစ်ရ၏။ ပုထုဇဉ်ဓါတ်ကိုရှု သကဒါဂါမိဖြစ်ရ၏။ ပုထုဇဉ်ဓါတ်ကိုရှု အနာဂါမိဖြစ်ရ၏။ ပုထုဇဉ် ဓါတ်ကိုရှု ရဟန္တာ ဖြစ်ရ၏။ ပုထုဇဉ်ဓါတ်ကိုရှု ပရိနိဗ္ဗာန် ဝင်စံရ၏။ (ဧကောဓမ္မောX ဧကောယနောXဧကဂ္ဂတာ ပါဠိနှင့်ညီညွတ်စွာရကြပုံတည်း။

နမူနာပြပါဦးမည်။ [ဝိညာဏံ စိတ္တံ မနော အတ္တတော ဧကံ၊ ဗျဉ္ဇနတောနာနံ။] ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ။ (နံပါတ် ၇၇)ကြောင်းရေ-၂၅ သုံမူ။ပရမတ္ထတရားဆိုတာ အနက်သဘောအားဖြင့် တခုထဲရှိပေမဲ့ အက္ခရာ သဒ္ဒါ ပုဒ် ဗျည်းအားဖြင့် များစွာရှိပါသည်။ ဥပမာ (၁)ဝိညာဏံ (၂)စိတ္တံ၊(၃)မနော ဟူ၍ အက္ခရာ သဒ္ဒါ ပုဒ် ဗျည်း အား ဖြင့် ၃-မျိုး ပြထားပေမဲ့၊ ပရမတ္ထမှာ (သိတဲ့သဘောမျှ သာ) တခုထဲပါ။၎င်းပါဠိမျိုးတို့ကို အဋ္ဌကထာတိုင်း ဋီကာ တိုင်း၌ ခဏ ခဏ တွေ့ရပါသည်။ နေရာ မလုံ လောက် ၍ သာဓကစုံကို မပြတော့ပါ။ နမူနာတခုထဲသာ ထုတ်ပြပါ သည်။

## ယောဂီများသိထားကြပါ

(၁) ဓါတ်၅ ငါသူလူနတ် မရှိဟူဦးစွာသိထားရမည်။

(၂) ဓါတ်၅ဖြစ်ပျက်ရှိ၍ အနိစ္စဒုက္ခအနတ္တအထိရှုပွါး ရမည်။

(၃) [နာမရူပေ၊ ပရိညာတေ၊ အရိယ သာဝကဿ၊ နတ္ထိ၊ ကိဉ္စိဥတ္တရိ၊ ကရဏီယံ] နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အရ ဘုရားတိုင်းမှာလဲရုပ်နာမ်ဘဲ၊ ပစ္စေကဗုဒ္ဓါတိုင်းမှာလဲ ရုပ်နာမ်ဘဲ၊ အဂ္ဂသာဝကဘိုင်းမှာလဲရုပ်နာမ်ဘဲ၊ မဟာသာ ဝကတိုင်းမှာလဲရုပ်နာမ်ဘဲ၊ ပကတိသာဝက တိုင်းမှာလဲ ရုပ် နာမ်ဘဲ၊ ရဟန္တာတိုင်းမှာလဲရုပ်နာမ်ဘဲ၊ အနာဂါမ်တိုင်းမှာ လဲ ရုပ်နာမ်ဘဲ၊ သကဒါဂါမ် တိုင်းမှာလဲရုပ်နာမ်ဘဲ၊ သော တာပန်တိုင်းမှာလဲရုပ်နာမ်ဘဲ။ ပြခဲ့တဲ့အားလုံးမှာ ရုပ်နာမ် သာရှိရှိနေကြတာမို့ ရုပ်နာမ်ကိုဘဲတွေ့တွေ့နေကြမည်။ ရုပ် နာမ်မှဘပါး (တွေ့စရာမရှိတော့ပါ) အစလဲ ရုပ်နာမ်ဘဲ၊ အလယ်သဲရုပ်နာမ်ဘဲ၊ အဆုံးလဲရုပ်နာမ်ဘဲ။ ရုပ်နာမ် ၂- ပါးမှ အပိုအမို တွေ့နေစရာ မရှိတော့ပြီ။ အပိုအမိုတွေ့လိမ့် မည်လဲမဟုတ်ပါ။ ။[ဒသာနအရိယာမှစ၍ပရိနိဗ္ဗာန်အထိ ရှုတိုင်းရှုတိုင်း ရုပ်နာမ်ဘဲတွေ့တွေ့နေကြမည်] အနည်းငယ် ခွဲပြဦးအံ့။ ပုထုဇဉ်ဟာရုပ်နာမ်ကိုရှုလို့ သောတာပန် ဖြစ် သွားသည်။ သောတာပန်ဟာရုပ်နာမ်ကိုရှုလို့ သကဒါဂါမ် ဖြစ်သွားသည်။ သကဒါဂါမ်ဟာရုပ်နာမ်ကိုရှုလို့ အနာဂါမ် ဖြစ်သွားသည်။ အနာဂါမ်ဟာ ရုပ်နာမ်ကိုရှုလို့ ရဟန္တာဖြစ်

သွားသည်။ ရဟန္တာဟာ ရုပ်နာမ်ကိုရှုလို့ ပရိနိဗ္ဗာန်စံသွားသည်။ ဤ၌ အစအလယ်အဆုံး ရုပ်နာမ်က ပို့ပို့သွားသည် မဟုတ်ပါလား။ ။တနည်း ဓါတ်ရှုလို့ရုပ်နာမ်ပေါ်သည် ရုပ်နာမ်ရှုလို့လက္ခဏာရေး ၃-ပါးပေါ်လာသည်။ ရုပ်နာမ် ရှုလို့ ပရိညာ ၃-ပါးပေါ်လာသည်။ ရုပ်နာမ်ရှုလို့ သစ္စာ ၄ ပါးပေါ်လာသည်။ ရုပ်နာမ်ရှုလို့ ဝိသုဒ္ဓိ ၇-ပါးပေါ်လာ သည်။ ရုပ်နာမ်ရှုလို့ ဗောဓိပက္ခိယ ၃၇-ပါးပေါ်လာသည်။ ရုပ်နာမ်ရှုလို့ ဉာဏ်စဉ် ၁၆-ပါး ပေါ်လာသည်။ ရုပ်နာမ် ရှုလို့ မဂ် ၄-ပါးပေါ်လာသည်။ ရုပ်နာမ် ရှုလို့ ဖိုလ် ၄-ပါး ပေါ်လာသည်။ ရုပ်နာမ်ရှုလို့ နိဗ္ဗာန်ပေါ်လာသည်။ နိဗ္ဗာန်မျက်မှောက်ပြုရတော့သည်ရုပ်နာမ်၏ကျေးဇူးပါဘဲ။

## (၄) ဘာဘဲပေါ်ပေါ် ဘာကိုဘဲ သိသိ အနတ္တချည်းပါ

ဝိပဿနာယောဂီများအားတက်စရာမှာ။ ။တရားကို အားထုတ်လျှင် ရုပ်နာမ်ဘဲ ပေါ်တာမို့ ဧပေါ်ပေါ်၊ ပူပေါ်ပေါ်၊ နဲ့ပေါ်ပေါ်၊ များပေါ်ပေါ်၊ အလပ်စားဘဲ ပေါ်ပေါ်ပါရမီကလာလာပြီးပြည့်နေတာမို့ (အလောင်း မှန်လို့ ရထားဆိုက်) ရှိနေတာပါ၊ မဂ်ဖိုလ်နိဗ္ဗာန်က လာလာခေါ်နေတာပါ၊ တစက္ကန့်လျှင် ကုဋေတသိန်းကြစီနှင့် လိုက်လိုက်သွားကြပါ၊ တဖြေးဖြေးနိဗ္ဗာန်နှင့်နီးကပ်၍လာ ပြီ။ (ဘုန်းကံအလျှောက် စကြာရောက်ထာပါ) တစက္ကန့်

ကုဋ္ဌေတသိန်းကြစ်နှင့် လိုက်လိုက်သွားကြပါ၊ နိဗ္ဗာန်ဆီသို့ သွားနေတာပါ နီးကပ်နီး ကပ်၍လာပါပြီ။ ။ခန္ဓာထဲမှ ဘာဘဲပေါ်ပေါ် အနတ္တပါ×ဘယ်အသိဘဲရရ အနတ္တပါ၊ ၎င်းအနတ္တဟာ တစက္ကန့်ထက် တစက္ကန့်၊ ကုဋ္ဌေတသိန်းစီနှင့် အားများ၍ စုပုံစုပုံလာပါပြီ။

## (၅) ဓါတ်ပေါ်သတိထားရုံမျှဘဲ

ဥပမာ ဓါတ်ပေါ်တော့သတိထားနေသည်။ ယောဂီ၏ အလုပ်ပါ၊ ကောခမ္မောပါ၊ ကောယနောပါ၊ ကောဂ္ဂတာ ပါ။ ။ပါရမီ၏အလုပ်ကား တစက္ကန့်မျှရှုနေတုံးမှာ (၁) ကိလေသာများ ကုဋ္ဌေတသိန်းစီ ကုန်ခမ်းချုပ်ငြိမ်း ပျောက် ပျက်ပြာကျသွားစေသည်။မဂ်ဖိုလ်နိဗ္ဗာန်အားများလဲ ကုဋ္ဌေ တသိန်းမျှဝင်ဝင်လာ၍ အားပြည့်စေသည်။ ၂-စက္ကန့်၊ ၃- စက္ကန့်၊ ၄-စက္ကန့်တို့၌ ကိလေသာကုန်ရပုံ၊ မဂ်ဖိုလ်နိဗ္ဗာန်ဝင် ရပုံကိုသိထားကြပါ။ ။[လောကီမှာ ကုသိုလ် တပိဿာ ဝင်လျှင် အကုသိုလ် တပိဿာ ပြာကျရတာမျိုးလို၊ လော ကုတ္တရာမှာလဲ ကိလေသာ တပိဿာချုပ်လျှင် မဂ်ဖိုလ်နိဗ္ဗာန် တပိဿာ ဝင်၍ အားဖြစ်လာသည်။ (သုငယ်တန်းမှ MA) တန်းအထိ အားပြည့်လာရပုံ၊ တက်တက်လာရပုံနှင့် ဥမမာ ပြကြပါလေ။]

## မဂ္ဂနှင့်အမဂ္ဂ မဂ်ဟုတ်၊ မဟုတ်

၁၃၂၈–ခုနှစ်၊ နတ်တော်လဆန်း ၄–ရက်နေ့၊ (၈) မိုင်
ရန်ကုန်မြို့၌ရေးသည်၊ ၁၂–နာရီနေ့လည်ရေး၏။

[ဥဒယဗ္ဗယံ၊ သမန္နုပဿန္တဿ၊ အာရဒ္ဓ ဝိပဿကဿ၊ ယောဂိနော၊ (ဩဘာသော၊ ဉာဏံ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခံ၊ အဓိမောက္ခော၊ ပဂ္ဂဟော၊ ဥပဋ္ဌာနံ၊ ဥပေက္ခာ၊ နိကန္တိတိ) ဣဒမဒသ၊ ဝိပဿနုပက္ကိလေသာ၊ ဥပ္ပဇ္ဇန္တိ] သာရ သင်္ဂဟ အဋ္ဌကထာ။ နံပါတ်–၁၁၂။ ကြောင်းရေ–၇။ သုမ္မမှ။ [ဥဒယဗ္ဗယံ သမန္နုပဿန္တဿစ၊ ဩဘာသော၊ ပီတိ၊ ပဿဒ္ဓိ၊ အဓိမောက္ခော၊ ပဂ္ဂဟော၊ သုခံ၊ ဉာဏ၊ မုပဋ္ဌာန၊ မုပေက္ခာစနိကန္တိစေတိ] သင်္ဂြိုဟ် ကမ္မဋ္ဌာန။ နံပါတ်–၁၁၀။ ကြောင်းရေ–၈။ ဇမ္မူမှ ရုပ်နာမ် ၂–ပါးကို အဖြစ် အပျက်နှင့် ရှုနေသော ရှုရင်းရှုရင်း ကိလေသာစင်ကြယ်၍ အရောင်အလင်း ဩဘာသဖြစ်ပေါ်လာသည်။ ပီတိ ၅–ပါးထဲကတပါးပါး ဖြစ်ပေါ်လာသည်။ ၎င်းပီတိငါးမျိုးနှင့် အဖွင့်ကိုထုတ်၍ပြဦးမည်။

[သာပနေသာ၊ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိတိ၊ ပဉ္စဝိဓါဟောတိ] အဋ္ဌသာလိနီအဋ္ဌကထာ။ နံပါတ်–၁၅၈။ ကြောင်းရေ–၉။ မှ။ ။သာပနေသာ၊ သာပန၊ သောပီတိ၊ ထိုပီတိသည်။ ခုဒ္ဒကာပီတိ၊ အနည်းငယ်နှစ်သက်ခြင်းတပါ။ ခဏိကာပီတိ၊

ခဏာ၊ခဏာနှစ်သက်နေခြင်းတပါး။ ဩက္ကန္တိကာပီတိ၊ သက်၍ သက်၍ နှစ်သက်ခြင်း တပါး။ ဥဗ္ဗေဂါပီတိ၊ ထကြွလာအောင်နှစ်သက်ခြင်းတပါး။ ဖရဏာပီတိ၊ အပြန့်အနှံ့ နှစ်သက်ခြင်းတပါး။ ဣတိ၊ ဤသို့။ ပဉ္စဝိဓါ ငါးပါးအပြားရှိသည်။ ဟောတိ၊ဖြစ်၏။ (ဥဒ္ဒေသ)။ ။(၁)နိဒ္ဒေသမှာ [တတ္ထခုဒ္ဒကာပီတိ သရီရေလောမဟံသ မတ္တမေဝကာတုံ သက္ကောတိ။]တတ္ထ၊ ထိုငါးပါးသော ပီတိတို့တွင်။ ခုဒ္ဒကပီတိ၊ မကြီးမကျယ် အနည်းငယ် နှစ်သက်သော။ ဥဒ္ဒကပီတိသည်။ သရီရေ၊ ငါးဝစုံစွာ ကိုယ်ခန္ဓာ၌။ လောမဟံသမတ္တမေဝ၊ ကြက်သီး မွေးညှင်း တဖျင်းဖျင်းထခြင်းမျှကိုသာလျှင်။ကာတုံ၊အမြဲမပြတ် ဒလစပ်ပြုခြင်းငှါ။သက္ကောတိ စွမ်းနိုင်ပေတော့၏။ ။ခဏိကာပီတိ၊ ခဏေ ခဏေ၊ဝိဇ္ဇုပ္ပါဒသဒိသာဟောတိ။ ။ခဏိကာပီတိ ခဏ ခဏမျှ နှစ်သက်သောပီတိသည်။ ခဏေ ခဏေ၊ မပြတ် မစဲ ခဏပဲ ခဏပဲ ဝိဇ္ဇုပ္ပါဒသဒိသာ၊ ထူးခြားဆန်းကြယ် လျှပ်စစ်နွယ်နှင့် တူသည်။ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိကာပီတိ၊ သမုဒ္ဒတီရံ ဝီစိဝိယကာယံ ဩက္ကမိတွာ၊ ဩက္ကမိတွာ ဘိဇ္ဇတိ၊ ဩက္ကန္တိကာပီတိ၊ သက်၍ သက်၍ နှစ်သက်သော။ပီတိ၊သည်။သမုဒ္ဒတီရံ၊လေနီကြမ်းမွေး သမုဒ္ဒရာကမ်းခြေ၌။ ဝီစိဝိယ၊ တဖြန်းဖြန်းတက် လှိုင်းဂရက်ကဲ့သို့။ ဝါ၊ဝီစိဝိယ၊ တဖြန်းဖြန်းတို့ လှိုင်းတပိုးကဲ့သို့။ ဝါ၊ ကမ်းကို လှိုင်းရိုက်ခပ်နေသကဲ့သို့။ ကာယံ၊ ငါးဝစုံစွာ ခန္ဓာကိုယ်ကို။

ဩက္ကမိတ္တာ၊ဩက္ကမိတ္တာသက်၍သက်၍။ ဘိဇ္ဇတိ၊ ခဏမသေ့
ပျက်စီးရလေ၏။(ဥဗ္ဗေဂါပီတိ၊ဗလဝတိ၊ဟောတိ၊ ကာယံ၊ဥ
ဒ္ဒဂ္ဂံကတ္တာ၊အာကါသေ လင်္ဃနာပနပ္ပမါဏဗတ္တာ)ဥဗ္ဗေဂါ
ပီတိ၊ထကြွလာအောင် နှစ်သက်သော ပီတိသည်။ ဗလဝတိ
အလုံးစုံပြန့်နှံ့သော အားရှိသည်ဖြစ်၍။ ကာယံ၊ငါးဝစုံစွာ
ကိုယ်ခန္ဓာကို။ဥဒ္ဒဂ္ဂံကတ္တာ၊ပင့်မြှောက်တက်ကြွ မြင့်အောင်
ထခြင်းကိုပြု၍။ အာကာသေ၊ အဇ္ဈာပြင်ကျယ် ကောင်း
ကင်လယ်၌။လင်္ဃနာပနပ္ပမာဏပတ္တာ၊ ပျံတက်လွင့်မြောက်
အထက်သို့ရောက်ရသည်။ ဟောတိ ဖြစ်၏။ ဖရဏာပီတိယာ
ပန၊ ဥပ္ပန္နာယ သကလသရီရံ ဖရိတွာ ပူရိတဝတ္ထိဝိယ၊ မဟ
တာ၊ ဥဒကောဃေန၊ ပက္ခန္ဒပဗ္ဗတကုစ္ဆိဝိယစ အနုပရိပ္ဖုဋ္ဌံ
ဟောတိ။ ။(အားလုံးသောပါဠိတော်ကား အဋ္ဌသာလိနီ
အဋ္ဌကထာ နံပါတ်-၁၅၀။ ကြောင်းရေ-၉ မှာပါရှိသည်။)
ပန၊ ပီတိ ၄-မျိုးနှင့် မတူပုံကိုပြဆိုဦးအံ့။ ဖရဏာပီတိယာ၊
တဖိန်းဖိန်းနေအောင် ပြန့်နှံ့ကာနှစ်သက်သော ပီတိသည်။
ဥပ္ပန္နာယ၊ အနတ္တသဘောနှင့်ဖြစ်လာသည်ရှိသော်။ သကလ
သရီရံ၊ အောက်,လယ်,မြင့်ဆုံး သုံးပါးသောတကိုယ်လုံးကို
ဖရိတွာ၊ တဖိန်းဖိန်းတရှိန်းရှိန်းနှင့် ပြန့်နှံ့စေ၍။ ပူရိတဝတ္ထိ
ဝိယ၊ ရေလေဖြင့်ပြည့်စေသောစည်ပေါင်းကဲ့သို့။ မဟတာ၊
များစွာသော။ဥဒကဩဃေန၊ တသွင်သွင်၊ တရှင်ရှင်သော
ရေ၏အယဉ်ဖြင့်။ ပက္ခန္ဒပဗ္ဗတကုစ္ဆိဝိယစ၊ စီးဝင်တူးထွင်း၊
စီးဆင်းသော တောင်လျှောင် တောင်ဝှမ်း ကဲ့သို့ရင်း။ အနု

ပရိပ္ဖုဋ္ဌ၊ လုံးစုံမကျွင်း၊ ပြန့်နှံ့ခြင်းနှင့်၊ မကင်းစုံပြွမ်း၊ တလျှန်းလျှန်းထ၍နေသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ။အဲဒါ ဝိပဿနာ၏ဘေးရန်ထဲက ပီတိငါးမျိုးပါဘဲ။

---

## မဂ္ဂနှင့် အမဂ္ဂ ရှင်းလင်းပြ

### နိဗ္ဗာန်အာရုံပြုတာ မဂ်ဖိုလ်စိတ်ပါဘဲ

မဂ်စိတ်၊ဖိုလ်စိတ်ဟာ နိဗ္ဗာန်တခုထဲကိုသာအာရုံပြု၍နေကြသည် သတိမူပါလေ။

နိ........ဗ္ဗာန် | နိ........ရောဓ | နိဗ္ဗာန၊ ပုဒ်မှ လာသော
မရှိ ....တဏှာ မရှိ ....ငွှ်နှောင် | နိဗ္ဗာန်ကား တဏှာ မရှိခြင်း သဘောပါဘဲ×နိရောဓပုဒ်မှ လာသော နိဗ္ဗာန်ကား ကိလေသာ၄်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် နှောင်အိမ်၊ အနှောင်အဖွဲ့မရှိခြင်း သဘောပါဘဲ။ ၎င်းနိဗ္ဗာန်ကို အဘိဓါန်အစ၌ ၄၀-မျှပြသည်။ နိရောဓအမြုတော်၌ (၄၇) ပြသည်။ နိရောဓဂ၌ ၁၀၅-ပုဒ်မျှပြသည်။ ဋီကာများ၌ ဂါထာနှင့်အသခေ်ျ တထောင်ဟုပြသည်။ ယောဂီဉာဏ်ဝ၌ ပစ္စုပဋ္ဌာန်နည်းဖြင့် ထင်မြင်ဘို့မှာ နိဗ္ဗန်ဟာ (၁) ဘုရား ရဟန္တာများ၌ အကုသိုလ်ကိလေသာများ ချုပ်ထာ၊ ငြိမ်းတာ၊ ကုန်တာ၊ ခမ်းတာ၊ ပတာ၊ ပျောက်ထာပါဘဲ။ (၂) ပရိနိဗ္ဗာန် ပြုသွားတော့ ရုပ်နာမ် ၂-ပါးပါ။ ချုပ်ထာ၊ ငြိမ်းတာ၊ ကုန်တာ၊ ခမ်းတာ၊ ပတာ၊ ပျောက်ထာပါဘဲ။ဘာဝသာဓနငြိမ်းခြင်း

ငြိမ်းစေခြင်းကို မှချခေါ်ပါသည်။ ပစ္စုပဋ္ဌာန်မှာဥပစာ:ပါ
ဘဲ။ ဥပက္ကိလေသ ၁၀-ပါးဆိုတာ မဂ်မဟုတ်တာကို မဂ်ဟု
ထင်ခြင်းပါဘဲ။

## (အမဂ္ဂဆယ်ပါးသတိထား)

(၁) သြဘာသကိုမဂ်ဟုထင်ခြင်း။ (၂) ဉာဏကိုမဂ်ဟု
ထင်ခြင်း။ (၃) ပီတိကိုမဂ်ဟုထင်ခြင်း။ (၄) ပဿဒ္ဓိကိုမဂ်
ဟုထင်ခြင်း။ (၅) သုခကိုမဂ်ဟုထင်ခြင်း။ (၆) အဓိမောက္ခ
ကိုမဂ်ဟုထင်ခြင်း။ (၇) ပဂ္ဂဟကိုမဂ်ဟုထင်ခြင်း။ (၈) ဥပ
ဋ္ဌာနကိုမဂ်ဟုထင်ခြင်း။ (၉) ဥပေက္ခာကိုမဂ်ဟုထင်ခြင်း။
(၁၀) နိကန္တိကိုမဂ်ဟုထင်ခြင်း အားဖြင့်ဆယ်ပါးဖြစ်ပေါ်
လာတတ်သည်။ (အမဂ္ဂ) ဆယ်ပါးတည်း။ (ဧသိ၊ ပူသိ)
ဘို့သာလျှင်အားထုတ်စကတဲကသူနှင့်တက်တက်လာတာမို့
(မဂ္ဂ) ဘည်း။ ဤလိုအမဂ္ဂနှင့်မဂ္ဂကို ပိုင်းခြား၍သိခြင်းကို
(မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) ဟုခေါ်ကြသည်။ ဤ ၂-မျိုး
တို့တွင် (အမဂ္ဂ) ခေါ်တဲ့ ဝိပဿနူပက္ကိလေသ ဆယ်ပါးတို့
ဟာ အကြောင်းကင်း၍ ပေါ်လာကြတာမျိုး မဟုတ်ပါ။
ဝိပဿနာကိုကြိုးစားကာအားထုတ်တော့ အာရဒ္ဓဝိပဿက
ပုဂ္ဂိုလ်မျိုးဖြစ်လာသည်။ ဝိပဿနာအားထုတ်တဲ့ အရှိန်ပါ
ဝါကြောင့် ဝိပဿနာအရှိန်ဟာ စိတ်၌ ကြီးထွား လွှမ်းမိုး
အုပ်စိုး၍လာတော့သည်။ ထိုအခါဝယ် စိတ်မှာ ကိလေသာ
ကပ်ခွင့်ဝင်ခွင့်မရ၍ စိတ်ဟာကြည်ကြည်လင်လင်နှင့်ပရမတ်

ကိုသာတွင်တွင်ကြီးရှု၍နေသည်။ စိတ်ကြည်လင်မှုကြောင့် (သြဘာသ) ဆိုတဲ့ အရောင်ကို တွေ့ရတော့ သတည်း။ (ပဘဿရမိဒံ စိတ္တံ) နှင့် ညီညွတ်၍နေပါသည်။

(၁) သြဘာသ၊ အလင်းရောင်။ ဝိပဿနာညစ်ညူး ကြောင်းဘေးရန်ဆိုတာ (သြဘာသဟာ) ဝိပဿနာ၏ အရောင်ပါဘဲ။ ထိုဝိပဿနာ၏အရောင်အလင်းသည်တခါတရံမျှ မဖြစ်ရဘူးဘဲ ဖြစ်လာ၍ ဩြင်ငါသည် မဂ်ကို ရပေပြီ၊ ဖိုလ်ကိုရပေပြီဟု ထင်မှား၍အဓိမာနလွှမ်းတတ်သည်။မိမိ၏ ကမ္မဋ္ဌာန်းကိုလွှတ်၍နေတတ်သည်။ထိုသြဘာသသည်အချို့ သောသူမှာ ဟတ္ထပါသ်မျှ၊ အချို့မှာ ၄-တောင်၊၅ တောင်မျှ၊ အချို့မှာအတောင်တရာမျှ၊ အချို့မှာ စကြာဝဠာအနှံ့မျှ၊ထင်မြင်တတ်သည်။ ၎င်းထင်လာသော အရောင်အလင်းကိုပင် သြဘာသဟုခေါ်သည်။ (သြဘာသ)ကို မဂ်ဖိုလ်ဟု ယူဆပြီး မိမိ၏ မူရင်းတရားကို လွှတ်ထားသောကြောင့် ဘေးရန်ဟုခေါ်ရသည်။

(၂) ဉာဏ၏သဘော ယောဂီဟာ မိမိရှုပွါးနေသော ရုပ်နာမ်ကို၎င်း။ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကို၎င်း၊ သိကြားမင်း၏ ပြစ်လွှတ်အပ်သော ဝရဇိန်ကဲ့သို့ ထက်ထက် မျက်မျက်၊ စူးစူး ရှရှ ဉာဏ်အမြင်များ ပေါ်လာတတ်သည်။ ၎င်းဉာဏ်အမြင်ကိုပင် (မဂ်ဖိုလ်)ဟု ထင်မှားသောကြောင့် ဘေးရန်ဟုခေါ်ရသည်။

(၃) ပီတိ၏သဘော ယောဂီဟာ မိမိရှုပွါးနေသော

ရုပ်နာမ်ကို ရှုရင်း ရှုရင်းနှင့် ခုဒ္ဒကပီတိ၊ ခဏိကပီတိ၊ ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေဂပီတိ၊ ဖရဏာပီတိငါးပါးတွင် တပါးပါး ဖြစ်ပေါ်၍ လာတတ်သည်။ ဤသို့ပီတိဖြစ်လာသည်ကိုပင် (မဂ်ဖိုလ်)ထင်မှား၍ ဘေးရန်ဟု ခေါ်ရတာပါ။

(၄) ပဿဒ္ဓိသဘော ယောဂီဟာ အားထုတ်နေသော ကာလ၌ နေ့၌ရင်း၊ ညဉ့်၌ရင်း၊ ကိုယ်ရော၊ စိတ်ရော၊ ပူပန်ခြင်း ကားမရှိ၊ ကျုန်းထမ်းခြင်းမဖြစ်၊ မခံ့သည်ကား မဖြစ်၊ ကျင်နာသည်မဖြစ်၊ ကွေးကောက်ခြင်းမဖြစ်၊ စင်စစ်မူမှာ ကိုယ်ရော၊ စိတ်ရော၊ ငြိမ်းချမ်းခြင်း၊ ပေါ့ပါးခြင်း၊ နူးညံ့ခြင်း၊ ခံ့ခြင်း စင်ကြယ်ခြင်း ဖြောင့်မတ်ခြင်း၊ ဤဂုဏ်များဖြင့် ပြည့်စုံ၍လာသည်။ ၄-ကျွန်းသနင်းစကြာ မန္ဓာတ်မင်း၊ သိကြားမင်းများ၏ ခံစားအပ်သော စည်းစိမ်ထက်ဆထက် ထောင်-သောင်းမက သာလွန်သော(အမာနုသီ) ခေါ်တဲ့ ဝိပဿနာ ချမ်းသာခြင်းကို ခံစားလျက် နေတတ်သည်။ မိမိရှုနေကြ ရုပ်နာမ်ကိုစွန့်လွှတ်တတ်သည်။ ဤချမ်းငြိမ်း ပေါ့ပါးခြင်းကိုပင် (မဂ်ဖိုလ်) ထင်မှားနေသောကြောင့် ဘေးရန်ဟုခေါ်သည်။

(၅) သုခသဘော ယောဂီဟာ ရုပ်နာမ်ကိုရှု၍ နေသောကာလ၌ ဝိပဿနာနှင့်ယှဉ်သော (စေတသိကသုခ) သည်၊ကိုယ်လုံး စိုစိုစွတ်စွတ်မျှ အလွန့်အလွန်ချမ်းသာခြင်း ပေါ်လာတတ်၏။ ဤဝိပဿနာသုခကိုပင် မဂ်ဖိုလ်ဟု ထင်မှားသောကြောင့် ဘေးရန်ဟုခေါ်ရတာပါ။

(၆) အဓိမောက္ခ သဘော ဝိပဿနာရှုပွါး၍နေစဉ်၌ ကိလေသာ ချောက်ခြားခြင်းကင်းသဖြင့်၊အလွန်ကြည်လင် သန့်ရှင်းသော သဒ္ဓါတရားသည်၊ ဖြစ်ပေါ် လာတတ်၏။ ၎င်းသဒ္ဓါတရားကိုပင် မဂ်ဖိုလ် ထင်မှား၍ ဘေးရန်ဟုဆိုရတာပါ။

(၇) ပဂ္ဂဟ၏သဘော ဝိပဿနာ ရှု ပွါး ၍ နေစဉ်၌၊ ဝိပဿနာနှင့် ယှဉ်သော မလျော့သော အားထုတ်လွန်းသော ကောင်းစွာချီးမြှောက်အပ်သော ဝီရိယသည်ဖြစ်၏။ ဤဝီရိယကိုပင် မဂ်ဖိုလ် ထင်မှားသောကြောင့် ဘေးရန်ဟုခေါ်ရတာပါ။

(၈) ဥပဋ္ဌာနသဘော ဝိပဿနာရှုပွါးနေစဉ် ဝိပဿနာနှင့်ယှဉ်သော ကျောက်စာတိုင်နှင့်တူသော သတိသည်။ ဖြစ်လာသည်။ ရုပ်နာမ်တို့ကို နှလုံးသွင်းတိုင်းပင် ရနေ၏။ ဆင်ခြင်တိုင်းရ၏။၎င်းသတိထင်ခြင်းကိုပင် မဂ်ဖိုလ်ဟု ထင်မှားသောကြောင့် ဘေးရန်ဖြစ်ရတာပါ။

(၉) ဥပေက္ခာသဘော ဝိပဿနာရှုပွါးနေစဉ်၊ ဝိပဿနာနှင့်ယှဉ်သော ရုပ်နာမ်ကို လျစ်လျူရှုခြင်းသည် ဖြစ်လာသည်။အရာရာတိုင်း လျစ်လျူရှု၍နေတော့၏။ အလွန်အားရှိနေသော ဥပေက္ခာကိုပင်မဂ်ဖိုလ်ဟုထင်မှားသောကြောင့် ဘေးရန်ဟုခေါ်တာပါ။

(၁၀) နိကန္တိသဘော ဝိပဿနာရှု၍နေစဉ် ဩဘာသ ဉာဏ ပီတိ ပဿဒ္ဓိ သုခ အဓိမောက္ခ ပဂ္ဂဟ ဥပဋ္ဌာန

ဥပေက္ခာတို့၌ အာသာတငင်ငင် သာယာခြင်း ငင်ပြီး အလွန်ပင်သိမ်မွေ့သော (ဓမ္မာဘဏ္ဍာ) ဖြစ်ပေါ်၍ လာသည်။ ၎င်းဘဏ္ဍာကိုပင် မဂ်ဖိုလ်ဟု ထင်မှားသောကြောင့် ဘေးရန်ဟုခေါ်သည်။ ။ယခုပြသော တရားဆယ်ပါးဟာ (အဓိမာန)ဖြစ်စေတတ်သောကြောင့် (အမဂ္ဂ)ဟူသော အမည်။(ဝိပဿနုပက္ကိလေသ)ဟူသော အမည်နှင့် ကျမ်းဂန်များက ဖွင့်ပြထားကြသည်။ ။လမ်း ဖြောင့်ဖြောင့်သွားနေကြသော ယောဂီများကတော့ ငါတို့ဟာမှုလအားထုတ်စဉ်အခါက သေိ,ပုသိ,ရှုသိ,ကျင်သိနှင့် မဂ္ဂင် ၈-ပါးလမ်းစဉ် အတိုင်း လာခဲ့ကြသည်။××ယခုမှ သြဘာသ၊ စသည်ပေါ်လာသည်မှာ ငါတို့သွားသွားနေသော လမ်းစဉ်မဂ္ဂင်မှ(ဘေးသို့ထွက်လာသော အမဂ္ဂတည်း။) လူပြိန်းသိရန်မှာ (၁)သေိ ပုသိတို့ကား မဂ္ဂပင်တည်း။(၂)သြဘာသ၊ စသည် ၁၀-ပါးဟာ၊အမဂ္ဂပင်တည်းဟု။ (မဂ္ဂနှင့်အမဂ္ဂကိုခွဲပြီး သိနိုင် ပိုင်းခြား နိုင်သဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿန) ဝိသုဒ္ဓိကို အောင်မြင်စွာနှင့်လွန်မြောက်ကျော်လွှားနိုင်ကြ၍(ပဋိပဒါဉာဏဒဿန) ဝိသုဒ္ဓိ၌ရောက်နေကြသည်။ ၎င်းပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကား လမ်းတည်း။ နိဗ္ဗာန်ကား မြို့တည်း။ ရွာတည်း။ (စကားပုံမှာ) [လမ်းဆုံးတော့ ရွာရောက်] ဟူ၏ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိလမ်း ဆုံးသွားလျှင် (မဂ်ဖိုလ် နိဗ္ဗာန်လောကုတ္တရာရွာသို့ရောက်သဖြင့်(ဉာဏဒဿနဝိသုဒ္ဓိ) ဟုခေါ်ကြသည်။သေိ ပုသိ စသော မဂ္ဂင်လမ်းအတိုင်းသတိ

နှင့်သွား၍ နိဗ္ဗာန်မြို့သို့ ဝင်ကြပါလေ။ (သို့ ဝင် နိုင် မှ) (လမ်းဆုံးရွာရောက်)စကားပုံအတိုင်း ကိစ္စပြီးမြောက်ခရီး ရောက်၍ နိဗ္ဗာန်သို့ရောက်မည်။

## သညာတာ ကာရ ဆိတ်သုဉ်းတ ယ်ဆိုတာ

ဥပမာ စိတ် ၁၂၁-ပါး၌ စေတသိက် ၅၂-ပါး၌ ရုပ် ၂၈-ပါး၌ နိဗ္ဗာန်အသချေတထောင်၌ စိတ်သဘောသာရှိ စေတသိက်သဘော ရုပ်သဘောသာရှိ၊နိဗ္ဗာန်သဘောသာရှိ ၍ အပိုအမိုစိတ်ထင်မျှသာ သညာ အမှတ်မှား မျှသာဖြစ် သော အထယ် ဒြပ် ပုံစံသဏ္ဍာန် လူ နတ် ပြဟ္မာစသေါအမှား တွေ ကင်းတာရှင်းတာကိုဆိတ်တယ်သုဉ်တယ်ဟုခေါ်သည်။

တနည်း။ ။ငွေကိုကြိုကြိုပြီး ကြေးညှော်တွေကို ထုတ် တော့ ကြေးညှော်တွေကင်းတာ ရှင်းရှာကိုဆိတ်တယ်၊သုဉ်း တယ်ဟုခေါ်သည်။လိုရင်းမှာ ဘော်သာကျန်နေတာကိုပင် ဆိတ်တယ်၊ သုဉ်းတယ်ဟူ၍ရင်း ကြေးညှော်ကင်းရှင်းသွား တာကို ဆိတ်တယ် သုဉ်းတယ်ဟူ၍ရင်း၊ ခေါ်ဆိုကြသည်။

တနည်း (ဝ)သညာကိုကြည့်ပါ။ (ဝ)သညာ၌ တစ်လဲမရှိ နှစ်လဲမရှိ၊သုံးလဲမရှိ၊ဆယ်ဂဏန်းအရေအတွက်မှုမရှိပါ။ (ဝ) ရင်းသညာကို သုဉ်းတယ် ဆိတ်တယ်ဟု ခေါ်နေကြသည်။

စိတ်၌သိခြင်းသာရှိ၍ ငါ သူ လူ နတ် ဆိတ်သုဉ်းသည်၊ သညာပါဘဲ။ စေတသိက်၌ မှီခြင်းရှိ၍ ငါ သူ လူ နတ် ဆိတ် သုဉ်းသည်၊သညာခေါ်သည်။ရုပ်၌ပူသောရှိ၍ ငါ သူ လူ နတ် ဆိတ်သုဉ်းသည်၊ သညာ ခေါ်သည်။ နိဗ္ဗာန်၌ ငြိမ်းခြင်းရှိ၍

ငါသူလူနတ် ဆိတ်သုဉ်းသည်။ သုညခေါ်သည်။ သုည၌ ဘာမှမရှိ တစ်နှစ်စသည်၊ ဆိတ်သုဉ်းသည်၊သုညခေါ်သည်။ စိတ်ကထင်မှားနေသော ငါ သူ စသည်တို့ဟာ ဓါတ်ကိုတွေ့ မြင်သောအခါ၊ ဓါတ်သဘော မျှသာရှိ၍ ငါသူ စသည် ဆိတ်သုဉ်းသည်။သုညခေါ်သည်။ ဒါ့ကြောင့်မြတ်စွာဘုရား က[ ပထဝီဓါတုသုညာ အတ္တေနဝါ အတ္တနိယေနဝါ။ ] ဟု ခေါ်ခဲ့ပါသည်။ (တောင့်သဘော) ပထဝီဟာ သုညပါဘဲ။ ဘာ့ကြောင့်လဲ ငါ သူ ထင်စရာမှ ကင်းရှင်း၏။ လောဘ တွက်စရာ တဏှာဖြစ်စရာမှ ဆိတ်သုဉ်းကင်းရှင်း၏။ ထို့ ကြောင့် ပထဝီ (တောင့်သဘော)၌၊ အတ္တဒိဋ္ဌိလဲ မကပ်နိုင် ပါ။ ဤလိုသုညတာကာရ ၂-ပါးဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ခွါပြစ်တော့သည်။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံတည်း။

## ဒိဋ္ဌိကွာပုံညာဏ်တက်လာပုံပြခြင်း

တံငါတဦးဟာ ငါးကိုလိုချင်၍ ရေအိုင်၌ ဆောင်းချ၍ ဖမ်းသည်။ ဆောင်းထဲ၌သတ္တဝါတခု မိ၍နေတော့၏။ ကြီး မားလှ၏။ တံငါသည် ဆောင်း၌တိုးတိုးနေသော သတ္တဝါ ကြီးကို ငါးဘဲဟု မှားစွဲ၏။ (ဒိဋ္ဌိစွဲ) ဘဲ၊ ငါးကိုလိုချင်တဲ့ တဏှာလောဘဖြင့် ဆောင်းထဲသို့ လက်နှိုက်၍ ဖမ်းယူ၏။ (တဏှာစွဲ) ငါသာဒါလောက်ကြီးတာကိုရသည်။ အခြား တံငါတွေဟာ ငါကဲ့သို့မရဟု ဘဝင်မြင့်နေသည်။ (မာနစွဲ) တည်း။ လက်ဖြင့် ရေထဲမှ ဖေါ်ယူသောအခါ (ရေမှလွတ်

လာ၏) (အဝိဇ္ဇာကွာသုံ) တည်း။ ရေမှလွတ်တော့ အယူမှားနေတာကား ငါးကြီးဘဲဟုအယူမှားပေမဲ့[မြွေဟောက်ကြီးဖြစ်နေခြင်းကား မိတ်သဘောပါဘဲ၊ လယ်ရေး ၃-ဆင့်ပါရှိခြင်းကား လက္ခဏာရေး ၃-ပါးပါဘဲ] ငါးကြီးမဟုတ် မြွေဟောက်ကြီး ဟုတ်နေ၍ ဒိဋ္ဌိကွာသွား ပါပြီ။ လက္ခဏာရေးကဲ့သို့ လယ်ရေး ၃-ဆင့်ကိုမြင်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ (ပဋိဝေဓ) ပေါက်ရောက် သွားပါပြီ။ မြွေကြီးမို့ လိုချင်တဲ့တဏှာလဲကင်းသွားပါပြီ။ (မာနလဲ ကျသွားပါပြီ) ဤ၌ (၁) တံငါသည်မြွေဟောက်ကြီးကို ဆောင်းဖြင့် အုပ်မိသဖြင့် ငါးဘဲဟုမှတ်မှား၍ နှစ်သက်၍နေသောအခါကဲ့သို့ ယောဂီသည်ခန္ဓာကိုယ်ကြီးကိုရစဉ် နှစ်သက်နေ၍ ဒိဋ္ဌိတဏှာကပ်ထာနှင့်တူလှပါသတည်း။ (၂) တံငါသည် မြွေဟောက်ကြီးကို ဆောင်းမှထုတ်ယူ၍ ကြည့်မိသော အခါ၊ မြွေဟောက်ကြီးဖြစ်နေခြင်း၊လယ်ရေး ၃-ဆင့်ရှိနေခြင်းကို မြင်တာနှင့် ယောဂီသည်မိတ်ကိုတွေ့နေခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုတွေ့ခြင်းနှင့်တူလှပါသည်။ (၃) တံငါသည် မြွေဟောက် ကြီးမှန်းသိခြင်း၊ လယ်ရေး ၃-ဆင့်ကိုပါ မြင်သဖြင့် ဆတ်ဆတ် တုံအောင် ကြောက် လန့်သော အခါနှင့် ယောဂီသည် ဘယဉာဏ် ဆိုက်ရောက်သော အခါနှင့်တူပါသည်။ (၄) တံငါသည် မြွေဟောက်မို့ လယ်ရေး ၃-ဆင့်ပါထာမို့ သေစေတတ်သောအပြစ်နှင့်ပါတကားဟုသိတာနှင့် ယောဂီသည် အာဒီနဝဉာဏ်သို့ ရောက်ထာနှင့်တူပါ၏။

(၅) တံငါသည် မြွေကိုပြစ်ချင်ပေမဲ့ ယုတ်တရက် မပြစ်ဝံ့သေးဘဲ ငြိုးငွေ့တာနှင့် ယောဂီမှာ နိဗ္ဗိန္ဒာဉာဏ်ရောက်လာနှင့်တူလှ၏။ (၆) တံငါမှာ မြွေကို လွှတ်ချင်သော စိတ်နှင့် ယောဂီမှာ မုစ္စိတုကမျတာဉာဏ်နှင့်တူပါသည်။ (၇) မြွေကို လွှတ်ပြစ်သောအခါ မိမိအား မကိုက်မိအောင် ဘယ်လိုလုပ်၍ လွှတ်ပြစ်ရမလဲဟု ဆင်ခြင်တာကား ယောဂီ၏ပဋိသင်္ခါဉာဏ်တည်း။ (၈) မြွေ၌ချစ်ခြင်းမုန်းခြင်းကင်း၍ လျစ်လျူရှုတာကား ယောဂီ၏ သင်္ခါရုပေက္ခာဉာဏ်တည်း။ (၉) မြွေကို အမြီး၌ ကဗျာကရာ ကိုင်ပြီး ၃-ပတ်၊ ၄-ပတ် မွှေ့ရမ်းပြီးမှ အားနဲ့မှ သွားပေတော့ မြွေကြီးရေဟု စွန့်လွှတ်လာကား ယောဂီ၏ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ၄-ဉာဏ်နှင့်တူသည်။ (၁၀) လက်ထဲမှ မြွေကြီး လွှတ်၍ သွားခြင်းကား မဂ်ဉာဏ်နှင့်တူသည်။ (၁၁) မြွေကြီးဟာမြေပေါ်သို့ ဘုတ် ကနဲကျ၍ တလှိမ့်၊ ၂-လှိမ့်နှင့် ရပ်နေ သည်ကား ယောဂီ၏ဖိုလ်နှင့်သည်။ (၁၂) မြွေကြီးနှင့်မိမိလွတ်မြောက်သွားတာကိုပြန်၍ကြည့်ခြင်းကား ယောဂီ၏ ပစ္စဝေက္ခဏာဉာဏ်နှင့် တူသည်။ (ပေမာ၊ ဥပမေယျနှင့် ယှဉ်ပြပုံတည်း။)

## အနုလောမဉာဏ် ရှင်ဘုရင်ကပြုမှုပုံ

အနုလောမဉာဏ်သည် သစ္စာ လေးပါးတို့ကို ဖုံးထားသော ကိလေသာတို့ကို ပယ်လိုက်သည်နှင့်တပြိုင်နက် ဂေါ

တြဘူ ဉာဏ်ကရော၊ မဂ်ဉာဏ်ကရော၊ ဖိုလ်ဉာဏ် ကရော၊ ပစ္စဝေက္ခဏာ ဉာဏ်ကရော၊ သစ္စာ ၄-ပါးကို တိတိကြကြ၊ ပိုင့်ပိုင် နိုင်နိုင်ကြီးမြင်ရ၊ အာရုံပြုရလေသည်။ ဤတွင်မက သေးဘဲမိမိ၏အောက်ကငယ်သားဖြစ်ခဲ့သော(၁)ဥဒယဗ္ဗယ ဉာဏ်(၂)ဘင်္ဂဉာဏ်။ (၃)ဘယဉာဏ်။ (၄) အာဒီနဝဉာဏ်၊ (၅) နိဗ္ဗိန္ဒဉာဏ်။ (၆) မုစ္စိကမျတာဉာဏ်။ (၇) ပဋိသင်္ခါ ဉာဏ်။ (၈) သင်္ခါရုပေက္ခာဉာဏ်တို့ကိုလည်းခန္ဓာပူရနိုင်ငံ၌ စည်းမျဉ်းကျကျနနဖြစ်အောင် ထိမ်းသိမ်းနိုင်သော မှူးမတ် တွေကဲ့သို့ ရာထူးဖြင့် တိုးတိုးမြှပေးခြင်း၊ ပစ္စည်းဖြင့်ဆုတော် လာဘ်တော်ပေးခြင်း၊ချီးမွမ်းခြင်းကိုပြု၍ အရိယာအာဏာ မဂ်အာဏာ၊ လောကုတ္တရာ အာဏာများဖြင့် လွှဲအပ်ခန့် ထားလေသည်။ အောက်ကဉာဏ် ၈-ပါးကား မှူးကြီး မတ် ကြီးဥပမာတည်း။ အနုလောမဉာဏ်ကား ရှင်ဘုရင် ပမာ တည်း။ အထက်က ဉာဏ် ၄-ပါးကား ရှင်ဘုရင်၏ ဘေး ကင်းရှင်းသော စည်းစိမ်ပါဝါ၊ တန်ခိုးတေဇော် အာနု ဘော်တို့ပင်တည်း။ ။

## အနုလောမဉာဏ် ရှင်ဘုရင်ကြီး၏ ဘွဲ့တော်များ

(၁) အနုလောမဉာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ သောဘွဲ့တော်ကြီး။ (၂) သိခါပတ္တဝိပဿနာဘွဲ့တော်ကြီး (၃) သဠာယတန ဝိဘင်္ဂသုတ်၌ (အတမ္မယတာ) ဘွဲ့တော် ကြီး။ (၄) အလဒ္ဒသုတ်၌ နိဗ္ဗိဒါဘွဲ့တော်ကြီး။ (၅) သဂါ

ထာဝဂ္ဂသံယုတ် သုသိမသုတ်၌ (ဓမ္မဋ္ဌိတိ) ဘွဲ့တော်ကြီး။ (၆) ပေါင်္ဃပါဒသုတ်၌ (သညဂ္ဂ) ဘွဲ့တော်ကြီး။ (၇) ဒသုတ္တရသုတ်၌ (ပါရိသုဒ္ဓိပဓါနိယင်္ဂ) ဘွဲ့တော်ကြီး။ (၈) ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၌ (မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်)ဟူ၍ အမည်သုံးမျိုးဖြင့်ဘွဲ့တတ်ထားပါသည်။ (၉) ပဋ္ဌာန်းကျမ်း၌ (အနုလောမ) ဟူ၍ ဘွဲ့ဘက် ထားပါသည်။ ၎င်းပြင် ပဋ္ဌာန်းကျမ်း၌ (၁၀) ဂေါတြဘူဘွဲ့တော်။ (၁၁) ဝေါဒါန်ဘွဲ့တော်ဟု မှည့်ထားပါသည်။ (၁၂) ရထဝိနီတသုတ်၌ (ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိဉာဏ်) ဟု ဘွဲ့တော် တပ်ထားပါသည်။ (၁၂) မည်ရှိ၏။

ဉာဏာဘိဝံသ ဆရာတော်ဘုရား ရေးသားသော စာအုပ်များကို

ကူးယူပုံနှိပ်ခွင့်မပြု

# ဉာဏစာရီ မဟာထေရ်
# သာသနာ ပြုခဲ့ရာ

---

အဖွဲ့ကြီး-လတ်-ငယ်ပေါင်း(၄၁၄)

စာအုပ်ပေါင်း (၁၃၁၉၂၅၅၀)

စမ္ပဝေတီပေါင်း (၁၁၁၃၆၀၇၉၃၈၆၆)

စာရွက်ချပ်ရေ (၁၅၉၁၁၅၀)

စမ္ပဝေတီပေါင်း (၅၅၃၈၇၆၆၀၀)

ယောဂီပေါင်း(၆)သန်း ၅-သိန်းကျော်

၁၃၀၀-ပြည့်နှစ်၊ တော်သလင်း လပြည့်နေ့ကစခဲ့သည်။

(နတ်လူသာခုခေါ်စေသောဝ်)

---

(အောင်သစ္စာစာပေတိုက်)(အောင်သစ္စာပုံနှိပ်တိုက်)

အမှတ်-၁၈၊ကမာရွတ် လက်ခုပ်မင်၊မှတ်ပုံတင်(၀၁၄၈)(၀၃၅၃)

မောင်ကျော်ထ ပုံနှိပ်ထုတ်ဝေသည်၊